www.burmeseclassic.com

# သောင်းဝေဦး

# ကျွန်တော်သိသောဗိုလ်ချုပ်မှူးကြီးသန်းရွှေ



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၃၀၀၀ ကျပ် |
| မျက်နှာဖုံးကာလာခွဲ | - | မြရတနာ Colour Separation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

**ထုတ်ဝေသူ**

ဒေါ်မူမူ (ခေါ်) ဒေါ်မြရတနာ (၀၀၅၅၃ မြဲ)
သီရိမြင်သာစာပေအတွင်း
မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၀၄၀၁ မြဲ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)**

ရ၉၅ ၈၃

သောင်းဝေဦး
ကျွန်တော်သိသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ/ သောင်းဝေဦး။ – ရန်ကုန်၊
မြရတနာစာပေ၊ ၂၀၁၆။
၃၄၃ – စာ၊ ၁၄ x ၂၀ စင်တီ။
(၁) ကျွန်တော်သိသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ


BURMESE CLASSIC

## နိုင်ငံတော်ဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများ အားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊




www.burmeseclassic.com

www.burmeseclassic.com

# သောင်းဝေဦး

ကျွန်တော်သိသော

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်သိသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | |
| အခန်း (၁) | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖြတ်သန်းလာသောယဉ်သာဝများအကြောင်း | ၂၅ |
| အခန်း (၂) | ကျွန်တော်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စတင်တွေ့ဆုံခြင်း | ၃၇ |
| အခန်း (၃) | ကျွန်တော်မှတ်မိသမျှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ပြောကြားချက်များ | ၅၂ |
| အခန်း (၄) | အစိုးရအဖွဲ့အား နေပြည်တော်သို့ပြောင်းရွှေ့လိုက်သည့်ကိစ္စ | ၉၅ |
| အခန်း (၅) | အနုမြူဗုံးလုပ်သည်ဆိုသောကိစ္စ | ၁၀၅ |
| အခန်း (၆) | ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စ | ၁၀၉ |
| အခန်း (၇) | ယောက်လျှမ်းရေးအဖွဲ့ကြီးအား ဖျက်သိမ်းလိုက်သည့်အကြောင်း | ၁၁၅ |
| အခန်း (၈) | မပြီးဆုံးသေးသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြောင်း | ၁၂၁ |
| အခန်း (၉) | မရေးဖြစ်ခဲ့သောဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ပြောကြားချက်များ | ၁၄၅ |
| အခန်း (၁၀) | ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထက်က ထူးခြားဖြစ်စဉ်များ | ၁၅၉ |
| အခန်း (၁၁) | ၂၀၀၃ ခုနှစ် ဒီပဲယင်းအရေးအခင်း | ၁၆၅ |
| အခန်း (၁၂) | ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး | ၁၈၇ |
| အခန်း (၁၃) | နောက်ဆက်တွဲဓာတ်ပုံများ | ၂၀၃ |
| အခန်း (၁၄) | နိဂုံးချုပ်ဓာတ်ပုံများ | ၃၃၇ |


## စာရေးသူ၏အမှာ

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကား အောင်မြင်စွာ ငြိမ်းချမ်းစွာ ပြီးစီးခဲ့လေပြီ။

**NLD** ခေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က **Land Slide** တောင်ပြိုကမ်းပြို အနိုင်ရသွား၏။ လွှတ်လွှတ်ကျွတ်ကျွတ် အစိုးရဖွဲ့၍ ရသွားပြီ။ ၁၉၆၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ စစ်ဗိုလ်စစ်သားများ ကြီးစိုးခဲ့သော အုပ်ချုပ်ရေး နိဂုံးချုပ်သွားခဲ့ပြီ။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရချိန်မှစ၍ အစိုးရ ၆ ဆက် ရှိခဲ့သည်။

| | | |
|---|---|---|
| (က) | ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ ဦးနု၏ ဖဆပလ အစိုးရ | ၁၀ |
| (ခ) | ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ခုနှစ်ထိ ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရ | ၂ |
| (ဂ) | ၁၉၆၀ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ ဦးနု၏ ပထစ အစိုးရ | ၂ |
| (ဃ) | ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ဗိုလ်ချုပ်ကြီးနေဝင်း၏ မဆလအစိုးရ | ၂၆ |
| (င) | ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ | ၂၃ |

**မြရတနာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



နဝတ၊ နအဖ အစိုးရ

(စ) ၂၀၁၁ ခုနှစ်မှ ၂၀၁၆ နှစ်ဆန်းထိ ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဒီမိုကရေစီအစိုးရ

၁၉၆၂ ခုနှစ် နှစ်ဆန်းမှသည် ၂၀၁၆ နှစ်ဆန်းအထိ အနှစ် ၅၀ ကျော် မြန်မာနိုင်ငံအား စစ်ဗိုလ်၊ စစ်သားများက အုပ်ချုပ်ခဲ့၏။

၁၉၆၂ ခုနှစ်တွင် အဖက်ဖက်မှ ယိုယွင်းပျက်စီးနေသော မြန်မာနိုင်ငံဟုဆိုကာ ဗိုလ်ချုပ်ကြီးနေဝင်းက စစ်တပ်နှင့် အာဏာသိမ်းကာ မြန်မာနိုင်ငံကို တော်လှန်ရေးကောင်စီဖွဲ့ကာ အုပ်ချုပ်ခဲ့၏။

ထို့နောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို ဖွဲ့စည်းကာ ကောင်စီအဆင့်ဆင့်ဖြင့် ၂၆ နှစ်လုံးလုံး အုပ်ချုပ်ခဲ့သည်။

အစပိုင်းက ဟုတ်သလိုလိုရှိခဲ့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ လမ်းစဉ်ပါတီကြီးသည် အလိမ်အညာများဖြင့် တဖြည်းဖြည်း ယိုယွင်းပျက်စီးလာ၏။ ကုန်ထုတ်စွမ်းအားစုတွေ ကျဆင်းလာ၏။ လူတွေ မွဲတေလာ၏။ နလပိန်းတုံးတွေ ဖြစ်လာ၏။ ဖွတ်ကျော်ပြာစု ခရုခံကျွတ်တွေ ဖြစ်လာ၏။ ဤတွင် တစ်တိုင်းတစ်ပြည်လုံး မခံမရပ်နိုင်ဖြစ်လာပြီး ၁၉၈၈ ခုနှစ် အရေးအခင်းကြီး ဖြစ်လာခဲ့၏။

အရေးအခင်းကြီးအား စစ်တပ်က ဝင်ထိန်းပေးခဲ့သည်။ အာဏာသိမ်းပြီး နဝတအစိုးရ ဖွဲ့သည်။ နဝတက ၁၉၉၀ ခုနှစ်တွင် ရွေးကောက်ပွဲလုပ်ပေးသည်။ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါ် **NLD** က **Land Slide** အနိုင်ရသွားသည်။

ထိုအခါ ပန်းမဝင်သေးဘူး တက်ထောင်ချင်သော မြန်မာ





လူမျိုးတို့ ထုံးစံအတိုင်း **NLD** က အစိုးရမှ မဖွဲ့ရသေးဘူး အောက်ပါအတိုင်း ကြွေးကြော်လိုက်၏။

**"စစ်တပ်ကို ခေါင်းဖြတ်ပြီး ကိုယ်ယူမယ်"**

**"ဒုဗိုလ်မှူးကြီးနှင့် အထက်တပ်မတော် အရာရှိကြီးများအားလုံး အငြိမ်းစားပေး ထုတ်ပယ်ကာ ကျန်စစ်ဗိုလ်စစ်သားများကိုသာ တပ်မတော်တွင် ထားမည်။ လက်ခံမည်"**

ဟု ဆိုလိုက်တော့သည်။

စစ်တပ်က သည်းမခံပါခင်ဗျာ။ **NLD** ခေါင်းဆောင်အားလုံးကို ဖမ်းဆီးထိန်းသိမ်းပြီး နဝတ စစ်အစိုးရက နိုင်ငံအုပ်ချုပ်ရေးအား ဆက်လက် ဆောင်ရွက်တော့၏။ ၂၃ နှစ် ၂၄ နှစ်ကြာသွားသည်။

**NLD** ခေါင်းဆောင်များနှင့် **Sympathizer** များ အားလုံး ကွေးကောက်သွားကြ၏။ ရှုံ့ပိန့်သွားကြ၏။ အတော်များများ အဖမ်းခံကြရသည်။ အဖမ်းမခံချင်သူတွေက ထွက်ပြေးကြသည်။ တောခိုကြသည်။ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲကြသည်။ လက်နက်ကိုင်တော်လှန်ရေးက မအောင်မြင်ပါ။ အနှစ် ၂၀ ကြာသောအခါ အဓိက လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သော **ABSDF** သည် သူတို့အချင်းချင်း အာဏာလုကာ အကွဲအပြဲများနှင့် ဇာတ်သိမ်းသွားကြ၏။

နဝတ၊ နအဖ အစိုးရ၏ အကြီးအကဲမှာ ၂၀၁၁ ခုနှစ် အာဏာလွှဲစဉ်အထိ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖြစ်သည်။ သူသည် ၁၉၉၂ ခုနှစ် ဧပြီလမှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံကို အနှစ် ၂၀ ခန့် အုပ်ချုပ်သွားခဲ့သည်။ ဒီမိုကရေစီလမ်းကြောင်းကို သွားနိုင်ရန် **Road Map** ရေးဆွဲပြီး ၂၀၀၈ ခုနှစ်၌ ဖွဲ့စည်းပုံအခြေခံ



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေအသစ်ကို ဆန္ဒခံယူပွဲပြုလုပ်ကာ ရွေးကောက်ပွဲ ပြုလုပ်ပေးခဲ့သည်။ ရွေးကောက်ပွဲအား **NLD** က သပိတ်မှောက်၍ ကြံ့ခိုင်ဖွံ့ဖြိုးက **Land Slide** အနိုင်ရသွားသည်။ ဗိုလ်ချုပ်ကြီးသိန်းစိန်ဦးစီးသည့် ဒီမိုကရေစီအစိုးရအဖွဲ့သစ် တက်လာ၏။ အစိုးရသစ်က ပြုပြင်ပြောင်းလဲမှုများ လုပ်ပေးသည်။ ၂၀၁၂ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ထပ်လုပ်ရာ **NLD** အလန့်တကြား အိပ်ရာကနိုးပြီး ဝင်ပြိုင်သည်။ နေရာအားလုံး သူတို့အနိုင်ရသွားသည်။ **NLD** က **USDP** ပြည်ခိုင်ဖြိုးကို အပြတ်အသတ် အနိုင်ရသွားခဲ့ခြင်း ဖြစ်သည်။

အစိုးရသက်တမ်းက ငါးနှစ်ဖြစ်ရာ ၂၀၁၆ ခုနှစ် မတ်လတွင် ငါးနှစ်ပြည့်မည်။ ထို့ကြောင့် ယခု ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ရွေးကောက်ပွဲထပ်လုပ်သည်။ ဒီတစ်ခါတော့ **NLD** က လူ ၁၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင် အရွေးခံသည်။ ရှစ်ဆယ်ရာနှုန်း အနိုင်ရသွားသည်။ မကြာမီ သူတို့အစိုးရ ဖွဲ့ပေတော့မည်။ ထိုအခါ **USDP** သည် အတိုက်အခံပါတီကြီး ဖြစ်လာတော့မည်။ **USDP** ဘာလုပ်မှာလဲ။ **USDP** ၏ ဖခင်ကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေကရော ဘယ်နေရာမှာ ရှိပါ့မလဲ။ ဘာပြောမှာလဲ။

ဒါတွေကို သုံးသပ်တင်ပြလိုပါသည်။

ယခု စာအုပ်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြောင်းကို ကျွန်တော်သိသမျှ ရေးမည့်စာအုပ် ဖြစ်သည်။

ယခုစာအုပ်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ငယ်ဘဝမှသည် ၂၀၁၁ ခုနှစ် အာဏာလွှဲပြောင်းချိန်ထိ အကြောင်းသာမက ပြီးခဲ့သည့် ရွေးကောက်ပွဲကြီးနှင့် ရွေးကောက်ပွဲအပြီး နောက်ပိုင်းဖြစ်ပေါ်လာ





နိုင်သည့် အလားအလာများကိုပါ သုံးသပ်ရေးသားသွားမည် ဖြစ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် **USDP** ၏ ဖခင်ကြီးဖြစ်သည်။ သူ နောက်ဆုံးဖွဲ့စည်းပေးခဲ့သည်မှာ **USDP** ဖြစ်သည်။ **Political Might** ကို ထူထောင်ပေးခဲ့သည်။ အာဏာလွှဲတော့မှာခဲ့သည်။

"မင်းတို့သုံးယောက် တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ်လုပ်ကြ"

မင်းတို့သုံးယောက်ဆိုသည်မှာ သူ့လက်ရင်းတပည့်ကြီးများ ဖြစ်သည့် –

သမ္မတ ဗိုလ်ချုပ်ကြီး သိန်းစိန်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သူရရွှေမန်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဗိုလ်ချုပ် ခင်အောင်မြင့် တို့ဖြစ်၏။ နောက်ပိုင်းတော့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပါ ပါလိမ့်မည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နေပြည်တော်မှာနေပြီး တပည့်တွေကို ထိုင်စောင့်ကြည့်နေခဲ့သည်။

တပည့်တွေက သူထင်သလို မညီညွတ်ခဲ့။ သုံးလေးနှစ်အကြာ၌ အက်သံထွက်လာ၏။ သူတစ်မျိုး ငါတစ်ဖုံ ဖြစ်လာ၏။

ကိုရွှေမန်းက သမ္မတလုပ်ချင်သတဲ့။ ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်နှင့် ဖက်လဲတကင်းနေလာသည်။ တပ်မတော်က သွားပြီးတပ်မတော်နှင့် သဟဇာတမဖြစ်သည့် စကားတွေ ပြောလာသည်။ **USDP** ဥက္ကဋ္ဌအနေနှင့် တပ်မတော်မှ စေလွှတ်သည့် ကိုယ်စားလှယ်



www.burmeseclassic.com

www.burmeseclassic.com



များကို သိပ်လိုလားဟန်မပြခဲ့။ ဤကွင် ပါတီတွင်း **Power Struggle** ဖြစ်လာ၍ ၂၀၀၃ ခုနှစ် ဩဂုတ်လတွင် ပါတီတွင်း အာဏာသိမ်းပွဲတွေ ဖြစ်လာခဲ့၏။ ကိုရွှေမန်းကို ဥက္ကဋ္ဌမှ ဖြုတ်ချခဲ့ကြပြီး ဗိုလ်ချုပ်ရွှေဦးအား ယာယီဥက္ကဋ္ဌ တင်ခဲ့ကြ၏။ ဥက္ကဋ္ဌအစစ်ကိုကား ဗိုလ်ချုပ်ကြီးသိန်းစိန်ကိုပင် ပြန်ထားသည်။ ဒါတွေသည် ဘယ်သူ့အစီအမံပါလဲ။ ဒီကိစ္စနောက်ကွယ်မှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပါပါသလား။ ဒါတွေကို သုံးသပ်ကြည့်ပါမည်။

ဒါ့အပြင် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည်များကိုပါ သုံးသပ်ပါမည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗဟိုနိုင်ငံရေးသိပ္ပံ၌ ငယ်စဉ်က တာဝန်ထမ်းဆောင်ဖူးသည်။ ထို့ကြောင့် နိုင်ငံရေးဖြစ်စဉ် **Process** များကို နားလည်သည်။ အနာဂတ်တွင် ဘာကွေဖြစ်လာနိုင်သည် ဆိုတာကို **Fore See** ကြိုမြင်သည်။

ထိုသို့မြင်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ **Constitution** ၌

ဥပဒေပုဒ်မ ၅၉ (စ) နှင့်

ဥပဒေပုဒ်မ ၄၃၆ ကို ထည့်သွင်းထားခဲ့၏။

တပ်မတော်ကိုသမ္မတအောက်မထားဘဲ သီးခြား **Isolated** လုပ်ပေးခဲ့၏။ **NLD** အာဏာရနိုင်သည်။ **Land Slide** နိုင်သွားနိုင်သည်ကို သိပုံရသည်။ ကြိုမြင်ပုံရသည်။ ဒီပုဒ်မတွေက **NLD**ကို အခက်တွေ့စေနိုင်သည်။ တွေ့သွားအောင် လုပ်ခဲ့တာလည်း ဖြစ်နိုင်ပါသည်။ တပ်မတော်သား ၂၅ ရာခိုင်နှုန်း လွှတ်တော်အသီးသီးတွင် ပါဝင်နေသဖြင့် အစိုးရအဖွဲ့နှင့် လွှတ်တော်သည် သူတို့





သဘောနှင့်သူတို့ အားလုံးစိတ်ကြိုက်လုပ်၍ မရပါ။

**ကာကွယ်ရေး**

**ပြည်ထဲရေး**

**နယ်စပ်ဒေသလုံခြုံရေး**

တို့ကား တပ်မတော်အောက်တွင် ဆက်ထားသည်။ ဒါတွေက တပ်မတော်၏ သဘောထားမပါဘဲ **NLD** အစိုးရက ဆောင်ရွက်၍မရပါ။ ဒါတွေအားလုံး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အစီအမံများသာဟု ဆိုနိုင်ပါသည်။

၁၉၉၀ ခုနှစ်က **NLD** သည် တပ်မတော်နှင့် **In line** ဖြစ်အောင် မလုပ်ခဲ့၍ အာဏာမရခဲ့။ ယခုအချိန်တွင်တော့ **NLD** တွေ လူရည်လည်လောက်ပါပြီ။ လူရည်လည်မည်ဟု ယူဆပါသည်။ ညှိနှိုင်းဆောင်ရွက်လိမ့်မည်ဟု သဘောရပါသည်။ ငါတကောကောပြီး သိပ်ဘဝင်တွေမြင့်သွားရင် ထပ်အာဏာသိမ်းခံရနိုင်သည်။

ဤကဲ့သို့ အနေအထားဖြစ်အောင် လုပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကြောင်းကို ကျွန်တော် မြင်သလို ရေးလိုက်ပါသည်။ ဒီစာအုပ်အရင် အမှတ်တရမြို့တော်စည်ပင် အတွဲ (၄) နှင့် အတွဲ (၅) တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြောင်းကို ကျွန်တော် ရေးခဲ့ပြီးပြီ။ သိပ်မပြည့်စုံဟု ထင်ပါ၏။ ယခု ဤစာအုပ်ကား ထိုမပြည့်စုံသောအကြောင်းအရာများအား ဖြည့်စွက်ရေးသားခြင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ပတ်သက်ပြီး စာအုပ် လေးငါးအုပ် ထွက်ထားတာရှိပါသည်။

**Benedict Rogers ၏ Unmasking The Burma Tyrant's General Than Shwe**



www.burmeseclassic.com

www.burmeseclassic.com



သန်းဝင်းလှိုင်၏ ဦးသန်းရွှေ သို့မဟုတ် နေပြည်တော်မင်းသားကြီး

တင်ညွန့်၏ ဦးသန်းရွှေ၏ ယကြွာများ

NDD ၏ ကြပ်ပြေးနန်းတွင်းအရှုပ်တော်ပုံ

ထိုစာအုပ်အားလုံးမှာ မကောင်းမြင်ဘက်က ရေးပြီး ဦးသန်းရွှေအား သိက္ခာချထားသည့် စာအုပ်များ ဖြစ်ကြပါ၏။ ဦးသန်းရွှေ မကောင်းကြောင်း၊ သူ့မိသားစုမကောင်းကြောင်း၊ သူ့တပည့်များ မကောင်းကြောင်းတို့က အဓိက ဖြစ်သည်။

စာရေးသူအားလုံး ဦးသန်းရွှေကို မြင်ဖူးကြရဲ့လား မသိ။ စကားပြောဖူးကြရဲ့လား မသိ။ မသိဖူး မမြင်ဖူးဘဲ သူပြောလူပြောနှင့် ရမ်းသမ်းပြီး ရေးသည့်သဘောဟု ယူဆပါသည်။ သူတို့နှင့် သဘောထား မတိုက်ဆိုင်လို့၊ သူတို့ကို ဖမ်းပြီး ထောင်ချခဲ့ဖူးလို့၊ သူတို့ကို အရေးယူခဲ့ဖူးလို့ စသည် စသည်တို့က အဓိကဟု ထင်ပါသည်။ အဓိကမှာ ပိုလ်မှူးအောင်လင်းထွတ်လို သစ္စာဖောက် ဘက်ပြောင်းသွားသူတွေ၏ ပြောကြားချက်များကို အခြေခံခဲ့ပါသည်။

ကျွန်တော်ကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို စစ်တပ်ထဲမှာ နှစ်နှစ်၊ Y.C.D.C မှာ ရှစ်နှစ် စုစုပေါင်း ဆယ်နှစ်ခန့် နီးနီးကပ်ကပ် နေလာခဲ့သည်။ သူ့အစည်းအဝေးတွေ အကြိမ်ကြိမ်တက်ခဲ့ဖူးသည်။ သူ့ကို ထမင်းအနပ်ပေါင်းများစွာ ကျွေးခဲ့ဖူးသည်။ သူနှင့် နှစ်ယောက်တည်း တစ်ကြိမ်မက စကားပြောခဲ့ဖူးသည်။ သို့ဖြစ်၍ ကျွန်တော် ရေးသားသည့် အကြောင်းအရာများသည် အထက်ဖော်ပြပါ စာရေးသူများထက် ပို၍ပြည့်စုံပြီး ပို၍ အမှန်တရားနှင့် နီးစပ်သည်ဟု ယူဆပါသည်။





သို့ဖြစ်၍ "ကျွန်တော် သိသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ"အကြောင်းအား ကျွန်တော့်အမြင်၊ ကျွန်တော့်အတွေး၊ ကျွန်တော့်အသိဖြင့် ရေးသားတင်ဆက်လိုက်ပါသည်။

ကျွန်တော်သည် စစ်သားဖြစ်ခဲ့ဖူးခြင်း၊ ဦးသန်းရွှေနှင့် နီးစပ်မှုရှိခဲ့ခြင်းတို့ကြောင့် ကျွန်တော့်အရေး အသားများသည် Bias ဖြစ်နိုင်ပါသည်။ သို့ရာတွင် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းလို ခေါင်းသည်လည်း ဒင်္ဂါး၊ ပန်းသည်လည်း ဒင်္ဂါးဖြစ်၏။ ဟိုဘက် ဒီဘက် ကြည့်ရမည်။ ခေါင်းနှင့်ပန်းကား တစ်ဆက်တည်းဖြစ်ပါသည်။ သမာသမတ်ဖြစ်အောင် ခေါင်းကဘက်ကချည်း မကြည့်ဘဲ ပန်းဘက်ကလည်း ကြည့်ရပါမည်။ ကြည့်ကြပါရန် မေတ္တာရပ်ခံလိုသည်။

သို့ဖြစ်ပါ၍ ကျွန်တော်ရေးသော "ဗိုလ်ချုပ်မှူးကြီး သန်းရွှေ" အကြောင်းအား ဖတ်ရှုကြည့်ကြပြီး စာဖတ်ပရိသတ်ကြီးမှ ခေါင်းလား၊ ပန်းလား နှစ်သက်သလို ဆုံးဖြတ်ကြရန်ဖြစ်ကြောင်းသာမက ကျွန်တော်နှင့် လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိကြောင်းကိုပါ အလေးအနက် ဖော်ပြအပ်ပါသည် ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

**သောင်းဝေဦး**

၁၂-၁၁-၂၀၁၅



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်သိသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နိဒါန်း

ယခုစာအုပ်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြောင်းကို အတော်ပြည့်စုံအောင် ကြိုးစားရေးသားရန် စိတ်ကူးရှိပါသည်။

အခြားစာရေးဆရာများ ရေးသော စာအုပ်များကား တောင်ကို အဝေးက လှမ်းကြည့်ပြီးရေးသောသဘော ဖြစ်နေသည်။ တောင်ကို အဝေးကကြည့်ရင် ပြာနေသည်။ တဖြည်းဖြည်း အနားရောက်လာမှ တောင်မှာ တဖြည်းဖြည်း စိမ်းလာ၏။ တောင်ပေါ်မှာ ပေါက်နေသည့် သစ်ပင်များကို မြင်ရ၏။ တောင်ပေါ်ရောက်သွားလျှင်မူကား ဘာသစ်ပင်တွေလည်းဆိုတာ ရှင်းရှင်းလင်းလင်း သိသွား၏။

အထက်ပါအတိုင်းပါပင်။

နိုင်ငံခြားသား **Benedict Rogers** က ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြောင်းကို ပြည်ပသို့ရောက်နေသည့် **Anti government** များ၊ သံတမန်များ ခဏတစ်ဖြုတ်တွေ့ဖူးသူများကို မေးမြန်းခြင်း၊ အနိုင်နိုင်ငံက ထုတ်ဝေထားသည့် စာရွက်စာတမ်းများကို ဖတ်ရှုခြင်းများဖြင့်သာ ရေးခဲ့သည်။ ဘာမှ ဂဃနဏ သိသည်မဟုတ်။ အဓိကမှာ



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးမှ အမေရိကန်တွင် နိုင်ငံရေးခိုလှုံခွင့်တောင်းပြီး နေသည့် အောင်လင်းထွတ်လို လူမျိုးများကို တွေ့ဆုံမေးမြန်း ရေးသားခြင်း ဖြစ်၏။

ကျန်စာရေးဆရာများမှာလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို လူကိုယ်တိုင် ဟုတ်တိပတ်တိ မတွေ့ဖူးဘဲ ရေးသားခဲ့ကြသည်။ သူပြောလူပြောနှင့် ရေးခဲ့ကြသည်။ ယုတ္တိမရှိတာတွေ၊ သဘာဝမကျ တာတွေကို ရေးခဲ့ကြသည်။

ဥပမာတစ်ခုပြောပါမည်။

သန်းဝင်းလှိုင်စာအုပ်ထဲ၌ ဗိုလ်မှူးကြီးအောင်သောင်းသည် ဦးသန်းရွှေအိမ်သွားသည့်အခါ ကြမ်းပေါ်တွင် ထိုင်ကြောင်း၊ အဖေကြီး အမေကြီး၊ 'မယ်တော်ကြီးဟု ဦးသန်းရွှေ လင်မယားကို ခေါ်ပြီး ခေါင်းနှင့်နဖူး ဦးတိုက်ကြောင်း စသည်တို့ ပါပါသည်။ ဒါတွေ တကယ် ဟုတ်ပါသလား။ စာရေးတဲ့သူ မြင်လို့လား။ ကြားဖူးနားဝနဲ့ ရေး တာလား မေးစရာဖြစ်သည်။ ကိုအောင်သောင်းနှင့်ကျွန်တော် ၂ နှစ် တစ်တပ်ထဲ နေခဲ့ဖူးပါသည်။ သူ ဒီလိုလုပ်လိမ့်မည်' မထင်ပါ။

ကျွန်တော်တို့ ဗမာလူမျိုးများသည် အသက်ကြီးသွားသည့် အဘိုးကြီး၊ အဘွားကြီးများကို ဘိုးတော်ကြီး၊ မယ်တော်ကြီးဟု ခေါ်တတ်ကြ၏။

ကျွန်တော့်အိမ်တွင် မိသားစုများ ဝန်ထမ်းများက ကွယ်ရာ၌ ကျွန်တော့်အား ဘိုးတော်ကြီးဟုခေါ်၍ ကျွန်တော့်ဇနီးအား မယ် တော်ကြီးဟုလည်းကောင်း၊ ဘွားတော်ဟုလည်းကောင်း ခေါ်ကြပါ သည်။ ဒါက ကျွန်တော်တို့ဗမာတွေ ဓလေ့စရိုက်ဖြစ်ပါသည်။

ကျွန်တော် ကျိုင်းတုံတွင် တာဝန်ထမ်းဆောင်စဉ်က





ကျိုင်းတုံဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းဟန်၏ဇနီး ဒေါ်ခင်သော် တာအား သူ့သမက် ဗိုလ်ကြီးခင်မောင်စိုးက 'မယ်တော်ကြီး' ဟု တရားဝင် လူရှေ့သူရှေ့မှာ ခေါ်၏။ ကျွန်တော်ကတော့ ကျောင်းနေ ဖက်သူငယ်ချင်းဖြစ်ခဲ့ဖူး၍ မသော်တာဟု ခေါ်သည်။ ဘယ်လိုပဲခေါ်ခေါ် ပြဿနာ မရှိခဲ့ပါ။

ယခုလည်း ဒီအတိုင်းပဲဖြစ်ပါလိမ့်မည်။

ကျွန်တော် **YCDC** မှာ တာဝန်ထမ်းဆောင်ရတော့ ဗိုလ်ချုပ်မှူးကြီးအား 'အဘကြီး' ဟုခေါ်၍ ဒေါ်ကြိုင်ကြိုင်အား 'အမေကြိုင်' ဟု ခေါ်ခဲ့သည်။

ဒါ တကယ့်အဖြစ်မှန်တွေ။

အဖြစ်မှန်တွေ မသိဘဲ နားသံကြားနှင့် ရေးထားသည့် စာအုပ်များကို ဖတ်မိသူများက သူတို့ရေးထားတာတွေ အဟုတ် မှတ်ကြ၏။

မနေ့တစ်နေ့က ဗိုလ်ချုပ်မှူးကြီးသန်းရွှေဇနီး ဒေါ်ကြိုင် ကြိုင်က ကျောက်စိမ်းကုမ္ပဏီထောင်ပြီး စီးပွားရေးလုပ်နေကြောင်း၊ နိုင်ငံခြားသတင်းတွေ မှီငြမ်းပြီး ဂျာနယ်တစ်ခုက ရေးသားထားသည်။ တကယ်ဟုတ်ရဲ့လား။ သက်သေအထောက်အထားတွေ ပြနိုင်ပါ သလား။ ဒေါ်ကြိုင်ကြိုင်ကား ဘာစီးပွားရေးမှ လုပ်သူမဟုတ်ပါ။ မလုပ်တတ်ပါ။ လုပ်ခြင်းလုပ်ရင်တောင် နာမည်ခံသာ ဖြစ်မည် ထင်ပါသည်။ ထားပါတော့ခင်ဗျာ။ ဒါတွေ နောက်ပိုင်းလည်း ကျွန်တော် ကြုံရင်ကြုံသလို ရေးသွားပါမည်။

တင်ညွှန့်၏ "ဦးသန်းရွှေ၏ယတြာများ" စာအုပ်ကိုလည်း ကျွန်တော် ဖတ်ပြီးပြီ။ အတော်ရယ်စရာကောင်းသော မယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



နိုင်စရာတွေ ပါသည်။ ဒါတွေကိုရော ကိုတင်ညွှန့် ဘယ်လိုသိတာလဲ။ သွားကြည့်တာလား။ အဲဒီတုန်းက သူရောပါသလား။ စိတ်ကူးနှင့် ထင်ရာမြင်ရာရေးလိုက်ခြင်း ဖြစ်မည် ထင်ပါသည်။ ယုံချင်သူ တွေက အတော်ယုံကြ၏။

ရွှေးကောက်ပွဲမတိုင်မီက ကျွန်တော် စာပေကိစ္စနှင့် ပုသိမ်နှင့် ဟင်္သာတသို့ ရောက်သည်။ ဟင်္သာတ ရွှေမောင်းစာပေမှ ဒေါ်အုံး သန်းက ဗိုလ်မှူးကြီးကို တစ်ခုမေးချင်တယ်ဟု ဆိုလာ၏။ အောက်ပါ အတိုင်း မေး၏။

"ဦးသန်းရွှေကြီးက ကျောက်စိမ်းကုမ္ပဏီတွေ ထောင်ပြီးတော့ သိပ်ချမ်းသာနေပြီဆို ... ဟုတ်လား"

"ဗျာ"

သူ့မေးခွန်းကို ကျွန်တော် တော်တော်အံ့အားသင့်သွားသည်။

"ဒေါ်အုန်းသန်းရယ် ...ခင်ဗျား ဘယ်ကကြားတာလဲ။ ဂျာနယ်တွေ ဖတ်ပြီးပြောနေတာလား။ ဂျာနယ် တွေထဲပါတာတွေက အကုန်ယုံရတာမှ မဟုတ်ဘဲ။ သူတို့ရေးချင်တာရေးနေတာ။ ဦးသန်း ရွှေက ပင်စင် တစ်လ သိန်းလေးငါးဆယ်ရနေတယ်ဗျာ။ အိမ်တွေရှိ တယ်၊ ကားတွေရှိတယ်။ အနီးကပ်ပြုစုမယ့် တပည့်တပန်းတွေ ရှိတယ်။ ဘာလိုသေးလဲ။ ပြီးတော့ အဘိဓမ္မာသင်နေတယ်။ တရား ထိုင်နေတယ်။ ကျွန်တော်က နေပြည်တော်ကို ခဏခဏရောက်ပြီး သူ့တပည့် ဗိုလ်ချုပ်လှအောင်သိန်း၊ သူ့တူ ဗိုလ်မှူးကြီးမျိုးမြင့်တို့ နဲ့လည်း ခဏခဏတွေ့တယ်။ သူတို့က ကနေ့အချိန်ထိ ဦးသန်းရွှေ အိမ်ကို ဝင်ထွက်သွားလာနေကြတာ။ ကျွန်တော်နဲ့ ကြုံတိုင်းဆုံတိုင်း သူ့အကြောင်းကို ပြောဖြစ်တယ်။ အသက် ၈၀ ကျော် ဒီအဘိုးကြီးက





ဘယ်လိုလုပ်ပြီး ဒီစီးပွားရေးတွေ လုပ်မှာလဲ။ သူ့အတွက် မလိုတော့ ပါဘူး။ ပြည့်စုံနေပါပြီ။ သူက လောဘသက္ကာယလည်း နည်းပါတယ်။ ကျွန်တော် သူ့ကို ထမင်းအနပ်ပေါင်းများစွာ ကျွေးခဲ့ဖူးတယ်။ ဘာဟင်းနဲ့ကျွေးကျွေး စားတယ်။ ချေးမများဘူး။ မဝတ်အစားလည်း တော်ရုံသင့်ရုံ ဝတ်တယ်။ အမွှေးအကြိုင်တွေ ဘာတွေလည်း သုံးတာ မရှိဘူး။ ဆေးလိပ်မသောက်ဘူး။ အရက်မသောက်ဘူး။ အဲဒီလိုလူက အိုကြီးအိုမနဲ့ ဘယ်က စီးပွားရေးလုပ်ရမှာလဲဗျာ"

"ဪ"

"အဲ ... သူ့သားသမီးတွေကတော့ ရှိချင်ရှိမှာပေါ့။ သူတို့ ထဲမှာ ကိုထွန်းနိုင်တစ်ယောက်ပဲ စီးပွားရေးလုပ်တာပါ။ ကျန်တာ တွေက ဝန်ထမ်းတွေပဲ။ သူတို့တစ်တွေကိုတော့ ခရိုနီတွေ၊ လုပ်ငန်း ရှင်တွေက အထိုက် အလျောက် ပံ့ပိုးပေးတာတော့ ရှိချင်ရှိမှာပေါ့ ခင်ဗျာ။ ဒေါ်အုန်းသန်းရေ ... ကောလာဟလတွေ သိပ်မယုံ နဲ့လေ"

"မသိပါဘူး ဗိုလ်မှူးကြီးရယ်။ ကျွန်မက ကြားတာကို မေးတာပါ"

"အေးလေဗျာ။ လူတွေက ဘာမှ ဂဃနဏ မသိဘဲ ရိုပ်ဖမ်းသံဖမ်းနဲ့ ပြောနေကြတာ။ သဘာဝကျကျ ဓမ္မဓိဋ္ဌာန်ကျကျ မစဉ်းစားဘူးဗျာ။ ကြားတာနဲ့ ယုံလိုက်တော့တာပဲ။ ကဲ ... ထားပါဗျာ ဘာမေးချင်သေးလဲ"

"မမေးတော့ပါဘူး"

လူတွေက ခက်သည်။ နက်နက်နဲနဲ မစဉ်းစားဘဲ ကြားတာနဲ့ ယုံလိုက်၏။ တကယ်တော့ စစ်ဗိုလ် စစ်သားများ ဒီနိုင်ငံကို အုပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



လာတာ အနှစ် ၅၀ ကျော်ပြီ။ ယူနီဖောင်းနဲ့ ဘောင်းဘီစိမ်းများကို ကြည့်မရတော့။ ဘောင်းဘီဝတ်တွေကလည်း သိပ်ချစ်ချင်စရာ မကောင်း။ နယ်လှည့်ပါးရိုက်မယ့်လူနဲ့ ထမင်းတစ်နပ်စားနိုင်းတဲ့သူနဲ့ ဗိုက်လှန်ပြတဲ့သူနဲ့။ လူထုနဲ့ ဆက်ဆံသည့်အခါ ဆက်ဆံရေးက ကျဲလှသည်။ ကျွန်တော်တို့ ပြည်သူလူထုအများစုမှာ အလွန် ရိုးသားကြ၏။ စာမတတ်သူတွေ များသည်။ ဆင်းရဲကြရှာသည်။ **Very Ignorant** ရိုးရိုးသားသား ပြောကြသည်။ ဒါကို အကောက် အယူများပြီး ဘောင်းဘီဝတ် ဝန်ကြီး၊ ဝန်ကလေးတွေက သူတို့ကို နားလည်မပေးဘဲ မချင်မင် ပြန်ပြောခဲ့ကြသည်။ ဒါသည်ပင်လျှင် **USDP** ခေါ် ကြံ့ခိုင်ရေးပါတီကြီး၏ ကျဆုံးခန်း ဖြစ်ခဲ့ရပေသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေကား ဒေါသထွက်ခဲသည်။ **Delay action** သမားဖြစ်သည်။ **Response** မမြန်။ စကားကို အေးအေး ဆေးဆေးပြောသည်။ တစ်ဖက်သားပြောလာလျှင် အချိန်ပေး နားထောင်သည်။ နိုင်ငံတော်အဆင့် အရာရှိကြီးများ မပြောပါနှင့်။ ကျွန်တော့်လို ပါမွှားတစ်ယောက် ပြောတာကိုပင် သူ နားထောင် သည်။ မသိရင် မသိဘူးပြောသည်။ သိချင်တာရှိ မေးသည်။ သူ့တပည့်တွေနဲ့ များကွာပါ့။

ဤနေရာတွင် ကြုံကြိုက်၍ တစ်ခုပြောချင်ပါသေးသည်။ ၂၀၁၀ ခုနှစ်မှာ တပ်မတော်မှ လွှတ်တော် ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ရွေးတော့ သူကိုယ်တိုင် စိစစ်ရွေးချယ်သည်။ ဗိုလ်ကြီးနှင့် ဗိုလ်မှူးအဆင့် အရာရှိငယ်များကို ဦးစားပေး ရွေးချယ်လိုက်သည်။ ထိုအခါ သူ့ဘေးတွေဝန်းရံနေသည့် ဗိုလ်ချုပ်ကြီးများက အောက် ပါအတိုင်း မေးလာကြ၏။





"ဗိုလ်ချုပ်မှူးကြီးခင်ဗျာ . . . အရာရှိကြီးတွေကို မရွေးတော့ ဘူးလားခင်ဗျာ။ ဘာဖြစ်လို့ မရွေးတာ လဲခင်ဗျာ"

"ဟ . . . အငယ်ကောင်လေးတွေက ဖြူစင်တယ်ကွ။ ရိုးသားတယ်။ ဘာအပြစ်မှ သိပ်ပြောစရာမရှိဘူး။ မင်းတို့ကောင် တွေကျတော့ ပြောမယ်ဆို ပြောစရာတွေ အများကြီး။ မင်းတို့ ကိုယ့်အကြောင်းကိုယ်သိတယ်။ မင်းတို့ ကိုယ့်ဟာကိုယ် ပြန်ကြည့် ကြ။ ဘယ်လောက်များ အပြစ်ကင်းလို့လဲ။ အေး . . . အဲဒါကြောင့် မင်းတို့ကို မရွေးတာကွ သိပြီလား"

သူ့တပည့် ဝန်ကြီး၊ ဝန်ကလေးများ ဗိုလ်ချုပ်များမှာ ပြောစရာများလှချေ၏။ မကြာခဏ တာဝန်မှ အနားပေးခဲ့ရသည်။ အထူးသဖြင့် ဝန်ကြီးအဆင့်နှင့် တိုင်းမှူးအဆင့်များမှာ ဖြစ်၏။ မသင့်လျော်၍ နာမည်တပ်ပြီး မဖော်ပြတော့ပါခင်ဗျာ။ ဖော်ပြမယ် ဆိုရင် ဖော်ပြနိုင်ပါသည်။

ထားပါတော့။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေကား ဤလိုလူမျိုးပါ။ ကဲ . . . နိဒါန်းလည်း အတော်ရှည်သွားပါပြီ။ ဒီလောက်နဲ့ တော်လောက်ပါပြီ။ နောက်စာမျက်နှာမှစ၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ငယ်စဉ်ဘဝ စစ်သားဘဝအကြောင်းများ ကို စတင်ဖော်ပြပါမည်ခင်ဗျာ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

## ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖြတ်သန်းလာသည့် ငယ်ဘဝများအကြောင်း

**မွေးရာဇာတိနှင့် ငယ်စဉ်ဘဝ**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မွေးဖွားရာဇာတိမှာ မြန်မာနိုင်ငံ၏ လယ်တွင်းကိုးခရိုင် ကျောက်ဆည်ဒေသ ဖြစ်သည်။

ကျောက်ဆည်သည် မန္တလေးတိုင်းအတွင်းတွင် တည်ရှိပြီး မန္တလေးနှင့် ၆၆ မိုင် ကွာဝေး၏။ မန္တလေး၏ တောင်ဘက်တွင် တည်ရှိ၏။ ခရိုင်မြို့ကြီးဖြစ်ပြီး ဘုရားတန်ဆောင်း ကျောင်းကန်များနှင့် စည်ကားသိုက်မြိုက်၍ သာယာနာပျော်ဖွယ်ရာ ကောင်း၏။ အပူပိုင်းဒေသ သစ်ပင်များဖြစ်သော တမာ၊ ထနောင်း၊ ကုက္ကို၊ မန်ကျည်း စသော အပင်များနှင့် စိမ်းစိုနေသောဒေသ ဖြစ်သည်။ မြေပြန့်လွင်ပြင်ဒေသဖြစ်ပြီး သွားရလာရ လွယ်ကူ သည်။ အရှေ့ဘက်တွင် ရှမ်းရိုးမ တောင်တန်းကြီးများရှိ၍ ရှုခင်းရှုကွက်ကောင်းသည်။ တချို့သော သမိုင်းဆရာများ အဆိုအရ မြန်မာလူမျိုးများသည် ကျောက်ဆည် အရှေ့ဘက် နတ်ထိပ်တောင်ကြားမှ ကျောက်ဆည်လွင်ပြင်သို့

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာကြသည်ဟု ဆို၏။ ထို့ကြောင့် ...

"မြန်မာအစ ကျောက်ဆည်က" ဟု ဆိုခဲ့လေသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ၁၉၃၃ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက် သောကြာနေ့ မနက် ၅ နာရီတွင် ကျောက်ဆည်မြို့နယ်၊ အင်းရွာ၌ အဖ ဦးလေးမြင့်၊ အမိ ဒေါ်စိန်းရင်တို့မှ ဖွားမြင်ခဲ့၏။

ငယ်စဉ်က ကျောက်ဆည်မြို့၌ စာပေများ စတင်သင်ကြားခဲ့ပြီး ၁၉၅၁ ခုနှစ်၌ အင်္ဂလိပ်မြန်မာ ၁၀ တန်း အောင်မြင်သည်။

ဆယ်တန်းအောင်မြင်ပြီး တက္ကသိုလ် ဆက်မတက်ဘဲ မိတ္ထီလာမြို့၌ စာတိုက်စာရေး ခေတ္တဝင်လုပ်ခဲ့၏။

စာတိုက်စာရေး တစ်နှစ်ခန့် ဝင်လုပ်ခဲ့ပြီး ဗိုလ်သင်တန်း ဝင်ရောက်ဖြေဆိုရာ အောင်မြင်၍ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉) သို့ တက်ရောက်ခဲ့ရပြီး ကျောင်းဆင်းသောအခါ အမှတ် (၁) ခြေလျင်တပ်ရင်း ခေါ် ခလရ (၁) ၌ တာဝန်စတင်ထမ်းဆောင်ရသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြောင်း ရေးနိုင်အောင် ကျွန်တော် စာတွေ အတော်ဖတ်ခဲ့ရ၏။ သူနှင့် လက်ပွန်းတတီး နေခဲ့သည့် သူ့အနီးကပ်အရာရှိများနှင့် တွေ့ဆုံသည့်အခါများတွင် သူ့အကြောင်းများကို မေး၏။

ထိုသူများမှာ –

ဗိုလ်ချုပ်ကျော်ဝင်း (အငြိမ်းစား တပ်မတော်ထောက်လှမ်းရေး ဒုချုပ်)

ဗိုလ်ချုပ်လှအောင်သိန်း (သူ့ PSO အငြိမ်းစား)

ဗိုလ်မှူးကြီးမျိုးမြင့် (သူ့တူ)





ဗိုလ်မှူးကြီးမင်းဆွေ (တပ်မ ၈၈ တုန်းက သူ့ဂျီသရီး)

ဗိုလ်ချုပ်ဝင်းလှိုင် (အငြိမ်းစား ကကဝယ်ညွှန်မှူး)

ဗိုလ်ချုပ်ကက်စိန် (အငြိမ်းစား၊ ဝန်ကြီး)

ဗိုလ်မှူးကြီးဝင်းစိန် (အငြိမ်းစား၊ ဝန်ကြီး)

ဗိုလ်မှူးကြီးကိုလေး (အငြိမ်းစား၊ ဝန်ကြီး)

ထိုသို့ မေးမြန်းခဲ့ပြီး သူ့ **Characteristic** များကို မှတ်သားခဲ့၏။ သူ့ဗျူဟာမှူးများဖြစ်ခဲ့သည့် ဗိုလ်မှူးချုပ် သိန်းဟန်၊ ဗိုလ်မှူးကြီးအောင်မြင့်၊ ဗိုလ်မှူးကြီးရွှေကြူ၊ ဗိုလ်မှူးကြီးအောင်ဖုန်း စသူတို့ထံမှလည်း သူ့အကြောင်းများ တစ်စွန်းတစ်စ ကြားသိခဲ့ရ၏။

သူ့ဒုတပ်မမှူးဖြစ်ခဲ့သည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်ထံမှလည်း သူ့အကြောင်း သိခဲ့ရသည်။

၁၉၉၆ ခုနှစ်က ကျွန်တော် **Y.C.D.C** ရောက်တော့ တစ်ရက် ဗိုလ်ချုပ်ကြီးထွန်းကြည်အိမ် သွားရောက်ဂါရဝပြုသည်။

ဧည့်ခန်း၌ ဗိုလ်ချုပ်ကြီးထွန်းကြည်နှင့်အတူ အသားညိုညို လူရွယ်တစ်ယောက် စကားပြောနေကြ၏။

"ဟေ့ ... ဗိုလ်သောင်းဝေ မင်း သူ့ကိုသိလား"

"မသိပါဘူးခင်ဗျ"

"ဗိုလ်ချုပ်မှူးကြီးရဲ့သား ထွန်းနိုင်လေကွာ"

"ဩော် ... ဟုတ်ကဲ့ပါခင်ဗျ"

"ဖိုးထွန်းနိုင် ... ဒါ ဗိုလ်မှူးကြီးသောင်းဝေကွ၊ **Y.C.D.C** က ကိုယ့်တပ်မ (၈၈) တပ်မမှူးတုန်းက ကိုယ့်ဂျီတူး ပေါ့ကွာ"

"တွေ့ရတာ ဝမ်းသာပါတယ် ဗိုလ်မှူးကြီး။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ရေခဲမုန့်လုပ်နေပါတယ်ခင်ဗျာ။ လိုတာလေးတွေ သွင်းဖို့ အဘ ဗိုလ်ချုပ်ကြီးကို လာတင်ပြနေတာပါ''

''ဘယ်ကသွင်းမှာလဲ''

''စင်္ကာပူက ပါခင်ဗျ''

ကိုထွန်းနိုင်ကား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သားလတ်ဖြစ်၏။ နိုင်ငံတော် အကြီးအကဲသားဖြစ်သော်လည်း အတော်ယဉ်ကျေးသိမ်မွေ့၍ မွန်ရည်ပေသည်။

ကိုထွန်းနိုင်ကို နောင်တွင် အလှူအတန်းများ အခမ်းအနားများ၌ မကြာခဏ တွေ့ရပါသည်။ ရိုးရိုး သားသား အေးအေးချမ်းချမ်း ပါပဲ။ လူကြီးသားဆိုပြီး ပလွှားဝင့်ကြွားမှုများ မတွေ့ခဲ့ရပါ။

ဗိုလ်ချုပ်မှူးကြီးက သူ့သားသမီးများကို ထိုစဉ်က အတော်ထိန်းသိမ်းထားနိုင်သည်ဟု သုံးသပ်ရပါသည်။

ဗိုလ်ချုပ်မှူးကြီးနှင့်ပတ်သက်ပြီး တရားဝင် ထုတ်ပြန်ထားသည့် စာရွက်စာတမ်းများအရ အောက်ပါအတိုင်း တွေ့ရှိမှတ်သားရပါသည်။

လမ်းစဉ်ပါတီအစိုးရမှ ထုတ်ဝေခဲ့သည့် ဗဟိုကော်မတီဝင်များ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းတွင် အောက်ပါအတိုင်း ဖော်ပြထား၏။

| | |
|---|---|
| အမည် | ဗိုလ်မှူးချုပ်သန်းရွှေ |
| ပါတီဝင်အမှတ်နှင့်သက်တမ်း | ၁၀၀၁၄၈၉၄၊ ၂၂ နှစ် ၆လ |
| လူမျိုး | ဗမာ |
| ပညာအရည်အချင်း | အင်္ဂလိပ် မြန်မာ ၁၀ တန်းအောင် |
| မွေးနေ့သက္ကရာဇ် | ၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် |





| | |
|---|---|
| အဆင့် | ဗဟိုကော်မတီဝင် |
| လက်ရှိပါတီတာဝန်နှင့် | ဥက္ကဋ္ဌ |
| အလုပ်အကိုင် | ဧရာဝတီတိုင်းဒေသပါတီ ကော်မတီ၊ တိုင်းမှူး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် |
| ၁၉၃၈ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ။ | ကျောက်ဆည်မြို့၊ အစိုးရမူလတန်းကျောင်းတွင် တတိယတန်းထိ ပညာသင်ကြားခဲ့သည်။ |
| ၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်ထိ။ | ကျောက်ဆည်မြို့၊ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ |
| ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ။ | ၁၉၅၁ ခုနှစ်တွင် ကျောက်ဆည်မြို့ အစိုးရအထက်တန်းကျောင်းမှ အင်္ဂလိပ် မြန်မာ ၁၀ တန်း အောင်မြင်ခဲ့သည်။ ၁၉၅၂–၅၃ ခုနှစ်များတွင် မိတ္ထီလာစာတိုက်၌ စာတိုက်စာရေးအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဗိုလ်လောင်းသင်တန်း အပတ်စဉ် (၉) တက်ရောက်ခဲ့ပြီး |



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၂ ခုနှစ်မှ ယခုအထိ။

အမှတ် (၁) ခြေလျင်တပ်ရင်းတွင် ဒုတိယဗိုလ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် တပ်ခွဲမှူးတာဝန် ထမ်းဆောင်နေရာမှ အမှတ် (၁) နယ်လှည့်စိတ်ဓာတ်စစ်ဆင်ရေးတပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ဗဟိုနိုင်ငံရေးတက္ကသိုလ်နည်းပြ၊ ဌာနမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် အမှတ်(၁၀၁) ခြေမြန်တပ်ရင်း၌ ဌာနချုပ်တပ်ခွဲမှူး အဖြစ်လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) စစ်ဦးစီးဌာနတွင် စစ်ဦးစီးမှူး(ဒုတိယတန်း) အဖြစ်လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် အမှတ် (၁) ခြေလျင်တပ်ရင်း တပ်ရင်းမှူး အဖြစ်လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနစု စစ်ဦးစီးမှူး (ပထမတန်း) အဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်၌ ဒုတိယတပ်မမှူး၊ ၁၉၈၀ ပြည့်နှစ် မတ်လတွင် ယင်းတပ်မ၌ပင် တပ်မမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၈. ၈. ၈၃ နေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ တိုင်းမှူးတာဝန်တိုးမြှင့်ထမ်းဆောင်ခဲ့သည်။ ၉. ၈. ၈၃ ရက်နေ့မှစ၍ ရောဝတီတိုင်းဒေသပါတီ ကော်မတီဥက္ကဋ္ဌတာဝန် ထမ်းဆောင်လျက်ရှိသည်။



ဆက်လက်၍ မြဝင်းရေးသားသည့် တပ်မတော် ခေါင်းဆောင်များသမိုင်းအကျဉ်း၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြောင်းကို အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရှိရပါသည်။

ယနေ့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့





www.burmeseclassic.com

www.burmeseclassic.com



ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်ကြီးသန်းရွှေသည် ၁၉၃၃ ခုနှစ်တွင် ကျောက်ဆည်မြို့၌ ဖွားမြင်ခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် ကျောက်ဆည်မြို့ရှိ အစိုးရအထက်တန်းကျောင်းမှ အင်္ဂလိပ်-မြန်မာ ၁၀ တန်း အောင်မြင်ခဲ့သူဖြစ်ပါသည်။ ၁၉၅၂ ခုနှစ်တွင် မိတ္ထီလာမြို့စာတိုက်၌ စာတိုက်စာရေးအဖြစ် လုပ်ကိုင်ခဲ့ရာမှ ၁၉၅၂ ခုနှစ်တွင် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉) သို့ တက်ရောက်ခဲ့ပါသည်။ သင်တန်းမှ ဆင်းလာပြီးနောက် ၁၁. ၇. ၅၃ ရက်နေ့မှစ၍ အမှတ် (၁) ခြေလျင်တပ်ရင်း၌ ဒုတိယဗိုလ်အဆင့်ဖြင့် တပ်စုမှူးတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။ ထိုမှ ၁၁. ၇. ၅၅ ရက်နေ့တွင် စစ်ဘက် မူလဗိုလ်အဆင့်သို့လည်းကောင်း၊ ၂၁. ၂. ၅၇ ရက်နေ့တွင် ခေတ္တဗိုလ်ကြီးအဆင့်သို့လည်းကောင်း တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရပါသည်။ ယင်းတပ်ရင်း၌ပင် တပ်စုမှူး၊ တပ်ခွဲမှူးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း သံလွင်အရှေ့ခြမ်းဒေသများတွင် ပြုလုပ်ခဲ့သော စစ်ဆင်ရေးများ၌ ပါဝင်ခဲ့ပါသည်။

၂၆. ၂. ၅၈ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးနှင့် စိတ်ဓာတ်ရေးရာ ညွှန်ကြားရေးမှူးရုံးသို့ တွဲဖက်ထားခဲ့ပြီး ၉. ၅. ၅၈ ရက်နေ့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ တွဲဖက်ထားခဲ့ပါသည်။ ထိုမှ ၉. ၁၂. ၆၀ ရက်နေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ် (၁) နယ်လှည့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့သို့ တပ်ခွဲမှူးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရပါသည်။ ထိုမှတစ်ဖန် ၄. ၁၂. ၆၁ ရက်





နေ့တွင် တပ်မဟာ (၃) သို့ စိတ်ဓာတ် စစ်ဆင်ရေးအရာရှိအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၈. ၁၂. ၆၃ ရက်နေ့တွင် ဗဟိုနိုင်ငံရေးတက္ကသိုလ်ကျောင်းသို့ ပြောင်းရွှေ့၍ နည်းပြဌာနမှူးတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။ ၁၅. ၈. ၆၇ ရက်နေ့တွင် အမှတ် (၁၀၁) ခြေမြန်တပ်ရင်းသို့ ယာယီဌာနချုပ်တပ်ခွဲမှူးအဖြစ် ပြောင်းရွှေ့ခန့်အပ်ခံခဲ့ရပါသည်။

၂၇. ၁. ၆၉ ရက်နေ့တွင် ခေတ္တဗိုလ်မှူးအဆင့်သို့ တိုးမြှင့်ခန့်အပ်ပေးခဲ့ပြီး ကရင်ပြည်နယ်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမဒေသတို့တွင် အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်မှ ဦးစီး၍ ပြုလုပ်ခဲ့သော စစ်ဆင်ရေးများ၌ ပါဝင်ခဲ့ပါသည်။ ၁၆. ၁၂. ၆၉ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးဌာနစုသို့ စစ်ဦးစီးမှူး (ဒုတိယတန်း)အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၃. ၈. ၇၁ ရက်နေ့တွင် အမှတ် (၁) ခြေလျင်တပ်ရင်းသို့ ယာယီတပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၇. ၉. ၇၂ ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီး အဆင့်သို့ ခန့်အပ်ခြင်း ခံခဲ့ရပါသည်။ ယင်းသို့ အမှတ် (၁) ခြေလျင်တပ်ရင်း တပ်ရင်းမှူးအဖြစ်နှင့် ဗန်းမော်ဒေသ ရှမ်းပြည်နယ်မြောက်ပိုင်း မုံးစီး၊ နားလယ်ဒေသနှင့် ရှမ်းပြည်နယ်တောင်ပိုင်း သံလွင်အရှေ့ခြမ်း ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယောင်းဒေသတွင် အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်မှ ဦးစီး ပြုလုပ်ခဲ့သော စစ်ဆင်ရေးများ၌ ပါဝင်ခဲ့ပါသည်။ ၄. ၈. ၇၅ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) စစ်ဆင်ရေးဌာနစုသို့ စစ်ဦးစီးမှူး (ပထမတန်း)အဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါသည်။ ၂၆. ၃. ၇၇ ရက်နေ့တွင် အမှတ် (၈၈) ခြေမြန်တပ်မ



www.burmeseclassic.com

www.burmeseclassic.com



ဌာနချုပ်သို့ ယာယီ ဒုတိယတပ်မမှူးအဖြစ် ပြောင်းရွှေ့ခန့်အပ်ခြင်း ခံခဲ့ရပြီး ၂. ၅. ၇၈ ရက်နေ့ ဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရပါသည်။

၂၉. ၃. ၈၀ ရက်နေ့တွင် စတင်၍ ယင်းတပ်မဌာနချုပ်၌ပင် တပ်မမှူးတာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့သည်။

အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်မှ ဦးစီးပြုလုပ်ခဲ့သော ရဲနိုင်အောင်၊ လေးမာန်အောင်၊ နေမင်းရောင်နှင့် မင်းရန်အောင် စစ်ဆင်ရေးကြီးများတွင် ပါဝင်ခဲ့သည်။

၁၉၈၃ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော စတုတ္ထအကြိမ် ပါတီညီလာခံမှ ပါတီဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရပါသည်။

၂၂. ၇. ၈၃ ရက်နေ့တွင် အနောက်တောင်တိုင်း တိုင်းမှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

၅. ၈. ၈၃ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ဒေသပါတီဥက္ကဋ္ဌ တာဝန်များကို ပူးတွဲထမ်းဆောင်ခဲ့ပါသည်။

၁၆. ၈. ၈၄ ရက်နေ့တွင် ဗိုလ်မှူးချုပ်အဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရသည်။

၄. ၈. ၈၅ ရက်နေ့တွင် ဒုချုပ်(ကြည်း)အဖြစ် တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရပါသည်။

၄. ၁၁. ၈၆ ရက်နေ့တွင် ဗိုလ်ချုပ်အဆင့်သို့လည်းကောင်း။

၄. ၁၁. ၈၇ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်သို့ လည်းကောင်း တိုးမြှင့်ခဲ့ပြီး။

၂၇. ၈. ၈၈ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန





ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရပါသည်။

ထို့ပြင် ၂၆. ၇. ၈၈ တွင် ကျင်းပခဲ့သော လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဒသမအကြိမ် အစည်းအဝေးမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖြစ် ရွေးချယ်ခြင်း ခံခဲ့ရပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူရာတွင် ဗိုလ်ချုပ်ကြီးသန်းရွှေသည် နဝတ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပါသည်။

၁၈. ၃. ၉၀ တွင် ဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရပြီး ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)အဖြစ် ပူးတွဲတာဝန် ထမ်းဆောင်လျက်ရှိပါသည်။

အထက်ဖော်ပြပါ အချက်များကား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကိုယ်ရေးရာဇဝင်နှင့် ပတ်သက်ပြီး တရားဝင်ထုတ်ပြန်ထားချက်များ ဖြစ်ပါသည်။

စစ်သားဖြစ်သဖြင့် စစ်တပ်ထုံးစံအတိုင်း **Record** လုပ်ထားခဲ့ခြင်းသာ ဖြစ်၏။

အထက်ဖော်ပြပါများမှာ ဗိုလ်မှူးကြီးသန်းရွှေ၏ ဒုချုပ်အထိ အဆင့်ဆင့် ရာထူးတာဝန် တိုးတက်ထမ်းဆောင်ခဲ့သည့်ဖြစ်စဉ်များ ဖြစ်ပါသည်။

နောက်ပိုင်းတွင် နဝတဥက္ကဋ္ဌဖြစ်လာပုံနှင့် နောက်ပိုင်း အဖြစ်အပျက်များအား ရေးသားဖော်ပြသွားပါမည်။

ယခုဆက်လက်ပြီး ကျွန်တော်နှင့် သူ စတင်တွေ့ဆုံပုံ အကြောင်းကို စာရှုသူများသို့ တင်ပြပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ၁၉၈၁ ခုနှစ် တပ်မ (၈၈) ၌ သူ တပ်မမှူးဘဝတွင် စတင်တွေ့ဆုံခဲ့ရခြင်းဖြစ်၏။ တွေ့ဆုံပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

■



## အခန်း ( ၂ )

## ကျွန်တော်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စတင်တွေ့ဆုံခြင်း

၁၉၈၁ ခုနှစ် အောက်တိုဘာလတွင် ကျွန်တော်သည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)မှ အမှတ် (၁) ဗမာ့သေနတ်ကိုင်တပ်ရင်း မကွေးသို့ ယာယီ တပ်ခွဲမှူး ဗိုလ်မှူး အဆင့် **Major Officiating** နှင့် ပြောင်းရွှေ့ရ၏။

ဩဂုတ်တွင် ဗိုလ်ကြီးမှ ဗိုလ်မှူးသို့ အဆင့်တိုး တပ်ပြောင်း မိန့် ထွက်ခဲ့သော်လည်း လူရည်မလည်သော ကျွန်တော်သည် ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးတန်ကာဒို့ချ်နှင့် **Inline** ဖြစ်အောင် မနေတတ်ခဲ့သောကြောင့် **Promotion Date** နှစ်လ နောက်ကျခဲ့ရ၏။ ဩဂုတ်လက ထွက်ခဲ့တဲ့ **Promotion** အောက်တိုဘာမှ ပြောင်းခဲ့ရသည်။

အောက်တိုဘာလကုန်တွင် မိသားစုတစ်ခုလုံး မကွေးသို့ ရောက်ရှိသည်။

တပ်ရင်းက ရေ့တန်းမှာ စစ်ဆင်ရေးတာဝန် ထမ်း ဆောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူးက ဗိုလ်မှူးကိုလေး (ယခု–အငြိမ်းစား ရန်ကုန်မြို့တော်ဝန်)

ဌာနချုပ်တပ်ခွဲမှူးက ဗိုလ်မှူးခင်မောင်သန်း (ယခု–အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး)

တပ်ရောက်၍ သတင်းပို့သည်နှင့် ဌာနချုပ်တပ်ခွဲမှူးက . . .

"ကဲ . . . ဗိုလ်ကြီးသောင်းဝေရေ ခင်ဗျားရောက်လာတာနဲ့ အတော်ပဲဗျာ။ လဆန်းသုံးလေးရက်မှာ လစာပေးအဖွဲ့ ခေါင်းဆောင်ပြီး ရှေ့တန်းလိုက်သွားလိုက်ပါ။ တပ်က ကျိုင်းတုံ ပြန်ရောက်နေတယ်။ ဟိုမှာ တပ်ရင်းမှူးကြီး ရှိနေပါတယ်"

ဟုဆိုလေ၏။

သွားဆိုတော့လည်း သွားပေါ့လေ။ ကိုယ်မှ ဘာမှ မသိသေးတာ။ ကျိုင်းတုံလည်း တစ်ခါမှ မရောက်ဖူးသေးဘူး။

သို့ဖြင့် ၁၉၈၁ ခုနှစ် နိုဝင်ဘာလဆန်းတွင် ရှေ့တန်းလစာများကို လစာကြပ်တစ်ဦးနှင့်အတူ သယ်ယူကာ မကွေးမှ တောင်ကြီးသို့ အရပ်ကားဖြင့်လာခဲ့၏။

နောက်နေ့တွင် တောင်ကြီး ရပခ ခေါ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စီစဉ်ပေးမှုဖြင့် ဟဲပဟိုး ကျိုင်းတုံ လေယာဉ်စီးကာ ကျိုင်းတုံသို့ နေ့လယ်တွင်ရောက်သွား၏။

အရှေ့မြောက်ဒေသတွင် ဗကပနှင့် ပွဲကြီးပွဲကောင်းနွှဲခဲ့သူ ကျွန်တော်သည် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံဒေသသို့ လုံးဝမရောက်ဘူးသေးပါ။

ထို့ကြောင့် လေဆိပ်ရောက်တော့ ယောင်ချာချာဖြစ်နေ၏။ ဘယ်မှမသွားတတ် မလာတတ်သေး။ အတူပါလာသူ ချင်း (၃)





ဒုတပ်ရင်းမှူး ဗိုလ်မှူးဝင်းလှိုင် (ယခု–အငြိမ်းစားဗိုလ်ချုပ်ဝင်းလှိုင်၊ ယခင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ) အား အကျိုးအကြောင်းပြောကာ အကူအညီတောင်းရတော့၏။

သူက ကျွန်တော်ပြောတာ နားထောင်ပြီး . . .

"မောင်ရင် ရှေ့တန်းတပ်မဌာနချုပ်မှာ အသိမရှိဘူးလား"

ကျိုင်းတုံဒေသသည် ရပခ ကွပ်ကဲမှုအောက်က ဖြစ်သည်။ ကျိုင်းတုံ၌ ရပခ ကျိုင်းတုံဗျူဟာ အခြေချထားသည်။ ဗျူဟာနှင့်အတူ ရှေ့တန်းအမှတ် (၈၈) ခြေမြန်တပ်မ ရှိသည်။ တပ်မမှူးမှာ ဗိုလ်မှူးကြီး သန်းရွှေ (ယခု–အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေ) ဖြစ်သည်။

"ဟုတ်ကဲ့။ ဂျီသရီး ဗိုလ်ကြီးကျော်ဝင်းတစ်ယောက်တော့ ရှိပါတယ်ခင်ဗျ"

"ကိုကျော်ဝင်းဆီ ဖုန်းဆက်ပေးပါ့မယ်"

ဗိုလ်မှူးဝင်းလှိုင်က လေဆိပ် V.I.P ခန်းမှ ဖုန်းဖြင့် ရှေ့တန်းတပ်မ (၈၈) ရုံးကို လှမ်းဆက်သည်။

"ဟေ့ . . . ကိုကျော်ဝင်း၊ လေဆိပ်မှာ မောင်ရင့်အသိ ဗိုလ်ကြီးသောင်းဝေဆိုတာ ခွဲမှူး ဗိုလ်မှူးနဲ့ ရောက်နေတယ်။ ကျိုင်းတုံ တစ်ခါမှ မရောက်ဖူးသေးဘူးတဲ့။ အဲဒါ စကားပြောလိုက်ပါဦး"

"ရော့ . . . ကိုယ့်လူဟာ ကိုယ့်လူပြောတော့"

ဗိုလ်မှူးဝင်းလှိုင်က ကျွန်တော့်ဆီ ဖုန်းထိုးပေးလိုက်သည်။

"ကိုကျော်ဝင်း ကျွန်တော် ဗထူးကနေ မကွေး သနက (၁) ကို ပြောင်းရတယ်ဗျာ။ အခု လစာပေးအဖွဲ့နဲ့ ရှေ့တန်းလိုက်လာတာ။ ရှေ့တန်းတပ်မကို မလာတတ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ခဏစောင့်ဗျာ။ ကျွန်တော် လာခေါ်မယ်"

ဗိုလ်ကြီးကျော်ဝင်း (ယခု–အငြိမ်းစားဗိုလ်ချုပ်ကျော်ဝင်း။ ယခင် တပ်မတော်ထောက်လှမ်းရေး ဒုတိယ ညွှန်မှူး) မှာ ကျွန်တော်နှင့် ငယ်ပေါင်းကြီးဖော်များ ဖြစ်သည်။ ရတခ မော်လမြိုင်ထွက်များ ဖြစ်၏။ သူက ခလရ (၉၇) ကော့ကရိတ်။ ကျွန်တော်က ခလရ (၁၉) ဖါပွန်။ ၁၉၆၉ ခုနှစ်က မော်လမြိုင် ကန်သုံးဆင့်၌ သူနှင့် ကျွန်တော် သဘောတရားသင်တန်း အတူတက်ရင်း အထူးရင်းနှီးခဲ့ကြ၏။ ၁၉၈၀ တွင် သူ ခွဲမှူးသင်တန်း ဗထူးသို့လာတက်စဉ်က အိမ်သို့ မကြာခဏဝင်ထွက်နေပြီး ထမင်းဝင်စား၊ ကြက်တောင်လာရိုက်နှင့် မိသားစုနှင့်ပါ ရင်းနှီးခဲ့ကြသူများဖြစ်သည်။ ခွဲမှူးသင်တန်းကအပြန် ကျွန်တော့်ကလေးတွေ အလွန်စီးချင်သည့် အစိမ်းရောင် ဖီးဆင့်စက်ဘီးတစ်စီး ဝယ်ပို့ပေးခဲ့ဖူးသည်။ ကျွန်တော့်ကလေးတွေက သူ့ကို အားလုံး အမှတ်ရနေကြ၏။

ကိုကျော်ဝင်းက လေဆိပ်သို့ နီဆန်းကယ်ရီယာကားလေးဖြင့် ကိုယ်တိုင်မောင်းကာ ကျွန်တော့်ကို လာကြိုသည်။ ကျိုင်းတုံ ရှေ့တန်းတပ်မသို့ ခေါ်သွားသည်။

"ခင်ဗျားတပ်ရင်းမှူးကြီး တပ်မရုံးမှာရှိတယ်ဗျ။ တပ်မမှူးနဲ့ ဗျူဟာမှူးတွေ မိုင်းယောင်းကို နေ့ချင်းပြန် သွားနေကြတယ်။ ခင်ဗျားတပ်ရင်းမှူးကြီးကို ရုံးစောင့်ထားခဲ့တာ"

"ဩော် ..."

ဤသို့ဖြင့် ကျွန်တော်သည် တပ်မ (၈၈) ရှေ့တန်းရုံးသို့ ရောက်သွားတော့၏။

"ဟောဒီမှာ တပ်ရင်းမှူးကြီးခင်ဗျာ၊ တပ်ရင်းမှူးကြီးရဲ့





တပ်ခွဲမှူး ဗိုလ်မှူးအသစ်ကလေး ရောက်လာပါပြီခင်ဗျ"

ရုံးရောက်လျှင်ရောက်ခြင်း ကိုကျော်ဝင်းက အော်ပြောလိုက်သည်။

ထိုအခါ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ပြုံးရွှင်ချို သာသော မျက်နှာရှိသည့် တပ်ရင်းမှူးကြီးနှင့် စတွေ့ရတော့၏။

တပ်ရင်းမှူးကြီးက စစ်စိမ်းရောင် **Jacob** အကျီဝတ်ပြီး မှတ်စုစာအုပ်တစ်အုပ်ဖြင့် ရုံး **Corrider** ၌ မတ်တတ်ရပ်နေသည်။ ကျွန်တော်က အလေးပြုလိုက်၏။

"ခင်ဗျားဗျာ၊ တပ်ကပြန်ဆင်းတော့မှာ။ မကွေးက စောင့်နေလည်း ရပါတယ်"

ဟု တပ်ရင်းမှူးကြီးကဆီး၍ မုဒိတာစကား ပြောပါသည်။ ထိုစကားကြောင့် အတော်ပင် စိတ်ချမ်းသာသွား ပါသည်။ ပြီးတော့ တစ်ဆက်တည်း တွေးလိုက်မိ၏။

"ဩော် ... တပ်ရင်းမှူးအသစ်ကြီးက အတော် စိတ်ကောင်း သဘောကောင်း ရှိပါလား"

"တိုက်ခိုက်ရေးက ကုလားကြီး တန်ကာဒို့ချိန့်များ ကွာပ့်ထားပါတော့လေ"

သနက (၁) သည် မိုင်းယောင်းက ပြန်လာပြီး ကျိုင်းတုံတွင် အရန်နေရ၏။ ဒီဇင်ဘာတွင် တပ်ပြန်ဆင်းရမည်ဖြစ်သည်။ ယခု နိုဝင်ဘာလဆန်း၌ တပ်ရင်းမှူးနှင့် လူချင်းတွေ့ပြီးနောက် ...

"ကျွန်တော်နဲ့ စစ်ကြောင်းရုံးမှာနေဗျာ"

ဟု တပ်ရင်းမှူးကြီးက ပြောပါလေသည်။

ညနေ ရှေ့တန်းတပ်မရုံးမှအပြန်တွင် ကျွန်တော့်ကို သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါတည်း ခေါ်သွားတော့၏။ ဤတွင် ကျွန်တော်သည် ကျိုင်းတုံအရန် သစ်တစ်ပင်တောင်ကုန်း၌ အခြေပြုနေထိုင်ရင်း တပ်မမှူး ဗိုလ်မှူးကြီးသန်းရွှေနှင့် ပထမဆုံးအကြိမ် စတင်ကြုံဆုံရပါတော့သည်ခင်ဗျား။

## ဗိုလ်မှူးကြီးသန်းရွှေဆိုသည်မှာ

ကျိုင်းတုံအရန် သစ်တစ်ပင်တောင်ကုန်းတွင် တစ်လခွဲ နှစ်လခန့်နေရစဉ် နေ့စဉ်နံနက်တိုင်း တပ်မမှူးဗိုလ်မှူးကြီးသန်းရွှေ၏ **Briefing** ခေါ် စစ်ဆင်ရေးအစည်းအဝေးသို့ ပုံမှန်တက်ရပါသည်။

တပ်ရင်းမှူးနှင့်အတူ စစ်ဆင်ရေးအစည်းအဝေးသို့ လိုက်ပါရခြင်းဖြစ်၏။

ထိုစဉ်က ရှေ့တန်းတပ်မ (၈၈) ရှိ အရာရှိကြီးများမှာ
ဗိုလ်မှူးကြီးသန်းရွှေ တပ်မမှူး
ဗိုလ်မှူးကြီးထွန်းကြည် ဒုတပ်မမှူး
ဗိုလ်မှူးကြီးအောင်မြင့် နည်းဗျူဟာမှူး
ဗိုလ်မှူးကြီးရွှေကြူး နည်းဗျူဟာမှူး
ဗိုလ်မှူးကြီးသူရထွန်းကြည် နည်းဗျူဟာမှူး
တို့ဖြစ်ကြ၏။

ရပခ ကျိုင်းတုံ ဗျူဟာမှူးမှာ ဗိုလ်မှူးကြီးသိန်းဟန် ဖြစ်၏။ ရှေ့တန်းတပ်မ (၈၈) သည် ကျိုင်းတုံတွင် အခြေပြုထားရှိပြီး မိုင်းယောင်းတွင် ဗျူဟာတစ်ခု၊ မိုင်းခတ်တွင် ဗျူဟာတစ်ခု ထားရှိ၏။

၁၉၈၀ ခုနှစ် ဗကပများလက်ထဲ မိုင်းယောင်း ကျသွားဖူးသဖြင့် မိုင်းယောင်းနှင့်တစ်ဆက်တစ်စပ်တည်းဖြစ်သည့် မိုင်းဖြတ်





၌ တပ်မ (၆၆) မှ နည်းဗျူဟာတစ်ခု အငှားချထားပါသည်။ ထို့ကြောင့် ရှေ့တန်း တပ်မ (၈၈) လက်အောက်၌ ဗျူဟာ လေးငါးခု ရှိနေ၏။

နေ့စဉ် စစ်ဆင်ရေး အစည်းအဝေး၌ ကျိုင်းတုံရှိ တပ်ရင်း၊ တပ်ဖွဲ့အားလုံးမှ တပ်မှူးများအားလုံး တက်ရ၏။

ကျိုင်းတုံ အခြေချဗျူဟာအောက်၌ တပ်ပေါင်းစုံ အကုန်ရှိ၏။

| | |
|---|---|
| ခြေ | ခြေလျင်တပ်များ (ကျိုင်းတုံမြို့ ပေါ်၌ ချင်း ၄ ရှိသည်။) |
| မြောက် | အမြောက်တပ် |
| ယာ | အင်ဂျင်နီယာတပ် |
| ဆက် | ဆက်သွယ်ရေးတပ် |
| သံ | သံချပ်ကာတပ် |
| ထောက် | ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ် |
| ဆေး | ဆေးတပ် |
| နက် | စစ်လက်နက်ပစ္စည်းတပ် |
| လျှပ် | လျှပ်စစ်နှင့် စက်မှုလက်မှုတပ် |
| ထိန်း | တပ်ထိန်း |
| ထလရ | ကျိုင်းတုံ ထောက်လှမ်းရေးတပ်ဆွယ် |

ထိုတပ်ပေါင်းစုံနှင့် တပ်မှူးများအားလုံး အစည်းအဝေး လာကြရာ သတင်းပေါင်းစုံအကုန်သိရ၏။

ဗကပကလည်း ထိုစဉ်က မိုင်းယောင်းတိုက်ပြီးခါစကာလ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ စစ်ရှိန်အလွန်တက်နေပြီး ကျိုင်းတုံတစ်ဝိုက်မှာပင် ဗကပ များသည် ထန်းလျက်ခဲနံ့ရသည့် ပုရွက်ဆိတ်များလို တရှုရှုနှင့် ဝိုင်းအုံနေကြ၏။

ကျိုင်းတုံတစ်ဝိုက်မှာပင် သေနတ်သံများ နေ့စဉ်ကြားရ၏။

သံလွင်အရှေ့ခြမ်း ကျိုင်းတုံဒေသ၌ ဗကပ တပ်မဟာ သုံးခုရှိနေ၏။

| | |
|---|---|
| ကော်တပ်မဟာ ခေါ် | ကော် (၈၁၅) |
| ဝမ်ဆောဝမ်ဖိုင် | |
| ရှမ်းတပ်မဟာ ခေါ် | တပ်မဟာ (၇၆၈) |
| ဆီလူးနှင့် မိုင်းပေါက် | |
| ဗဟိုအရန်တပ်မဟာ | တပ်မဟာ (၈) |
| မိုင်းမ မိုင်းလား | |

ထိုတပ်မဟာများသည် ဖိုခနောက်ဆိုင် ကျိုင်းတုံ၊ မိုင်းယောင်းနှင့် မိုင်းယန်းမြို့များကို ဝန်းရံထား၏။ တိုက်ကွက်များ ဖေါ်လျက်ရှိ၏။

ထို့ကြောင့် သံလွင်အရှေ့ခြမ်း ကျိုင်းတုံဒေသကို တာဝန်ယူထားရသည့် တပ်မှူးများမှာ အလွန်ခေါင်းခဲနေရ၏။

ထိုသူတို့အထဲမှ တာဝန်အရှိဆုံးသူကား ရှေ့တန်း တပ်မ (၈၈) တပ်မမှူး ဗိုလ်မှူးကြီးသန်းရွှေပင်တည်း။

စစ်ဆင်ရေးအစည်းအဝေး စတက်သည့်နေ့မှာပင် တပ်မမှူး ဗိုလ်မှူးကြီးသန်းရွှေကို စတင်မြင်ဖူးသည်။ အသက်က ၄၀ ကျော် ငါးဆယ်နီးပါး။ လူက အသားညိုညို ကိုယ်လုံးပြည့်ပြည့်။ အရပ်က





ငါးပေခွဲခန့်။ စကားပြောလျှင် အေးအေးဆေးဆေး ပြောတတ်သည်။ အသံလုံးသေးသေးနှင့် ဖြစ်၏။

စစ်ဆင်ရေးအစည်းအဝေးတွင် ဗိုလ်ကြီးကျော်ဝင်းတို့ ဂျီသရီးများက တုတ်ထောက်ကြသည်။ ကျိုင်းတုံ စစ်နယ်ဝန်း၏ ရန်သူ့သတင်းနှင့် ထူးခြားဖြစ်စဉ်များ ဖြစ်လေသည်။

မြေပုံ၏ တုတ်ထောက်ရှင်း ကိစ္စပြီးသောအခါ တက်ရောက်လာသူ တပ်မှူးအသီးသီးက သူတို့တင်ပြစရာများကို အလှည့်ကျ တင်ပြကြသည်။ တပ်မမှူးက နားထောင်သည်။

အားလုံးပြီးမှ တပ်မမှူးက ဆောင်ရွက်ရန်များကို ညွှန်ကြားတော့၏။ သိပ်ရှည်ရှည်ဝေးဝေး မပြောပါ။ ခပ်အေးအေး ခပ်တိုတိုသာပြောလေ့ရှိ၏။ သူ့မှတ်စုစာအုပ်မှာလည်း လက်တစ်ဝါးစာ ခပ်သေးသေးသာဖြစ်၏။

ထိုစဉ်က တပ်မမှူးသည် စီးကရက်သောက်သည်။ ကွမ်းစားသည်။ အရက်လုံးဝမသောက်ပါ။

အားကစားအဖြစ် ဂေါက်သီးကစားသည်။ နေ့စဉ် ညနေမိုးချုပ်သည်ထိဖြစ်၏။

ဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းဟန်တို့နှင့် ကစားခြင်းဖြစ်၏။

ဤပုံစံမှာ **Briefing** ကာလတွင် ကျွန်တော် နေ့စဉ်မြင်တွေ့နေရသည့် ဗိုလ်မှူးကြီးသန်းရွှေ၏ နိစ္စဓူဝ ဆောင်ရွက်ချက် **Daily Routine** ဖြစ်ပါ၏။

ဤသို့ဖြင့် နေလာသည်မှာ နိုဝင်ဘာလကုန်ခါနီးထိ ရောက်ယွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



**တပ်မမှူး၏ပထမအကြိမ်တာဝန်ပေးမှုခံရခြင်း**

နိုဝင်ဘာလကုန်ခါနီးနေ့တစ်နေ့။

ကျိုင်းတုံမြောက်ဘက် မြေပြန့်မှ တဒိန်းဒိန်း တဒိုင်းဒိုင်းဖြင့် သေနတ်သံများကြားရ၏။ အချိန်က မနက် ငါးနာရီခွဲ ၆ နာရီခန့်။

''ဗိုလ်ကြီးသောင်းဝေရေ ... ကျိုင်းတုံပြန့်ထဲမှာ ကျွန်တော်တို့တပ်ရင်းက တပ်ခွဲတစ်ခွဲရှိတယ်ဗျာ။ ရှေ့တန်းတပ်မကို သတင်းပို့မှ ရမယ်ထင်တယ်။ လာသွားရအောင်''

ဟု တပ်ရင်းမှူးကြီးမှ ပြောပါတော့သည်။

ထို့နောက် တပ်ရင်းမှူးဦးစီးသော ရုံးအဖွဲ့နှင့်အတူ ကျွန်တော်လည်း ရှေ့တန်းတပ်မသို့သွားသည့် ကားဖြင့် လိုက်လာခဲ့သည်။

ဗျူဟာကုန်းရောက်သောအခါ တပ်မမှူး ဗိုလ်မှူးကြီး သန်းရွှေနှင့် နည်းဗျူဟာမှူး ဗိုလ်မှူးကြီးရွှေကြူးတို့ နှစ်ဦးအား အိမ်နီးကြီးမှ ရုံးသို့အလာ သွားတွေ့ရ၏။ နှစ်ဦးလုံး အရပ်ဝတ် ကိုယ်စီနှင့်ဖြစ်သည်။

တပ်မမှူးကဖလန်ထည် အင်္ကျီပေါ်တွင် စစ်ဆွယ်တာစိမ်း ထပ်ဝတ်ထား၏။ ပခုံးပေါ်တွင် စစ်ရောင် ခွေးသုတ်ပဝါလေး တစ်ထည် တင်ထားသည်။ လုံချည်ကမူ အညာသဲတောဝမ်းတွင်း ဖြစ်ဟုထင်ရသည့် ချည်လုံချည် ခပ်ဟောင်းဟောင်းတစ်ထည် ဝတ်ထားသည်။

ဗိုလ်မှူးကြီးရွှေကြူးမှာမူကား ဖလန်ထည်အင်္ကျီကြားနှင့် ပုဆိုးမှာ ယိုးဒယားဖြစ် တက်ထရွန်လုံချည် ကချင်ကွက်နှင့်ဖြစ်၏။

''ပြန့်ထဲက အသံတွေဆိုတော့ သနက (၁) နဲ့ တိုက်ပွဲ ဖြစ်တာ ဖြစ်မယ်။ သနက (၁) က တိုက်ရည်ခိုက်ရည် ရှိပါတယ်။





သိပ်တော့မစိုးရိမ်ရလောက်ပါဘူး''

ဗိုလ်မှူးကြီးရွှေကြူးက အထက်ပါအတိုင်းပြောရာ တပ်မမှူး ဗိုလ်မှူးကြီးသန်းရွှေက တည်ငြိမ်အေးချမ်းစွာနှင့် ခေါင်းညိတ်ပြီး ကျွန်တော့်တပ်ရင်းမှူးဘက်လှည့်၍ ...

''ကဲ ... တပ်ရင်းမှူး မင်းဆီက တပ်စုတစ်စုလောက်နဲ့ ပြန့်ထဲကို အရာရှိတစ်ဦး ဦးစီးပြီး အခြေအနေ သွားကြည့်ခိုင်းလိုက်ပါ''

''ဟုတ်ကဲ့ပါ ခင်ဗျ''

''အရာရှိကတော့ လုပ်ရည်ကိုင်ရည်ရှိတဲ့လူ လွှတ်ပါ။ လူငယ်တွေ မလွှတ်လိုက်နဲ့''

''အခုပါလာတဲ့ ဗိုလ်ကြီးသောင်းဝေနဲ့ လွှတ်လိုက်ပါမယ် ခင်ဗျ။ သူကတပ်ခွဲမှူး ဗိုလ်မှူးပါ။ လဆန်းက ရောက်လာတာပါ''

တပ်မမှူး ဗိုလ်မှူးကြီးသန်းရွှေက ကျွန်တော့်ကို ခြေဆုံး ခေါင်းဆုံး အသေအချာကြည့်ပြီး ...

''အင်း ... အင်း ... လွှတ်လိုက်လေ။ ဒီက ကိုသိန်း ဟန်ကို ထပ်လွှတ်မယ်''

ဟုပြောပါတော့သည်။

ဤသို့ဖြင့် ကျွန်တော်သည် တပ်မမှူး ဗိုလ်မှူးကြီးသန်းရွှေ ၏နှုတ်မိန့်ဖြင့် ကျိုင်းတုံပြန့်အတွင်းသို့ ဆင်းရပါတော့သည်။

တပ်စုတစ်စု T.E ကား ၂စီးနှင့်ဖြစ်၏။

ပြန့်အတွင်း ကဖရွာကြီး၌ သနက (၁) ခွဲ (၃) တပ်ခွဲရှိသည်။ ခွဲရုံးမှာ ရွာထိပ်က ဘန်ကာမှာနေသည်။ ကျန်တပ်စုတွေက ရွာထဲ မှာ။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ မနက်လင်းအားကြီးချိန်တွင် ဗကပ ကော် (၈၁၅) မှ လက်ရွေးစင် လူ ၁၀၀ ခန့်သည် ရွာကို ဖြန့်ဝိုင်းပြီး ခွဲရုံး ဘန်ကာအား **RPG** များနှင့် ဝိုင်းပစ်ရာ ခွဲမှူး လက်လွတ် ထွက်ပြေးရသည်။ ခွဲရုံးရဲဘော်များက သနက (၁) မို့ မဆုတ်ဘဲ အသေခံ ခံချရာ ခံချသူ ၄ ဦးကျ၍ ကျသူများ၏သေနတ်လေးလက် ကော် (၈၁၅) နောက်ပါသွားသည်။

ကျွန်တော်ရောက်ပြီးမကြာမီ ကျိုင်းတုံဗျူဟာမှူး ဗိုလ်မှူးကြီး သိန်းဟန် ရောက်လာသည်။ ဖြစ်စဉ် ဖြစ်ပွားသည့်မြေနေရာ အခင်းအကျင်းကိုကြည့်သည်။

"မင်းက သိပ် **Prominent** ဖြစ်တဲ့ ရွာထိပ်မှာ လာနေတော့ ခံရမှာပေါ့"

ဟု တပ်ခွဲမှူးကို ပြောတော့သည်။

ပြီးတော့ ကျွန်တော်နှင့် တပ်ခွဲတစ်ခွဲအား ဆုတ်ခွာသွားသည့် ရန်သူနောက် လိုက်ရှင်းခိုင်းသည်။ နှစ်ညအိပ် သုံးရက် လိုက်ရှင်းရာ နမ့်မလွေချောင်း ဝမ်တာပင်း ကြိုးတံတားထိ ရောက်ခဲ့သည်။ ၈၁၅ ကွန်မန်ဒိုအဖွဲ့က ကြိုးတံတားမြောက်ဘက် တစ်မိုင်ခန့်အကွာမှ နမ့်မလွေချောင်းအား ဝါးဖေါင်များနှင့် ဖြတ်ကူးကာ မိုင်းမပိုင်းလားသို့ ဆုတ်ခွာသွားကြတော့၏။

ကဖ ပြန်ရောက်တော့ ကျိုင်းတုံဗျူဟာက ဗိုလ်ကြီး ဌေးလွင်အား ကျိုင်းတုံပြန်ခိုင်းပြီး ကျွန်တော်က တပ်ခွဲမှူးတာဝန်ဖြင့် ကျန်ရစ်ခဲ့သည်။

ပြန့်ထဲ၌ နေ့တစ်နေရာ ညတစ်နေရာ နေသည်။

ရွာမှာမအိပ်။ လယ်ကွင်းစပ်က မဲဇလီတောများမှာ အိပ်ခဲ့





သည်။

ရွာထဲအိပ်၍ မသာပေါ်သွားတာ ကိုယ်တွေ့မျက်မြင်။

ဗကပကို အထင်သေး၍မရ။ နောင်လိုင်ပါဖန်တိုက်ပွဲကြီးမှာ နှစ်ရက်ကြီးများတောင် ပြေးခဲ့ရပြီးပြီ။

ဤသို့ဖြင့် တပ်မမှူး၏ တာဝန်ပေးချက်အရ ကျိုင်းတုံ ပြန့်ထဲ၌ ရက်သတ္တနှစ်ပတ်ကြာမှ ပြန်ခဲ့ရ၏။

မကြာမီ တပ်ရင်းတစ်ရင်းလုံး မကွေး ပြန်ရတော့မည်။

**တပ်မမှူးနှင့် တွေ့ဆုံခြင်း**

မကွေးပြန်ရက် သိပ်ကပ်နေပြီ။

တပ်မသို့ အရာရှိအသစ်စရောက်လာလျှင် တပ်မမှူးက ခေါ်တွေ့စမြဲဟု ကြားသိထားသည်။

ကျွန်တော့်ကိုတော့ တပ်မမှူး ဗိုလ်မှူးကြီးသန်းရွှေက ခေါ်မတွေ့ပါ။ မတွေ့တော့ဘူးများလား မသိ။

လူချင်းတွေ့ဆုံမှုကို စီစဉ်ရသူများမှာ ရေးထောက်ဌာနကဖြစ်၏။ တာဝန်ရှိသူများမှာ ...

ဒီကြူ ဗိုလ်မှူးပန်းအောင် (နောင် ဝန်ကြီး၊ ယခု ကွယ်လွန်)

ဦးစီး (တ) များမှာ ...

ဗိုလ်ကြီးလွန်းမောင် (နောင် စစ်ဆေးရေးအရာရှိချုပ်၊ ယခု အငြိမ်းစားဗိုလ်ချုပ်)

ဗိုလ်ကြီး သန်းထွန်း (ယခု အငြိမ်းစား သံအမတ်ကြီးနှင့် ဗိုလ်မှူးချုပ် အငြိမ်းစား)

ဗိုလ်ကြီး စန်းအောင် (ယခု အငြိမ်းစားဗိုလ်မှူး) တို့ဖြစ်

www.burmeseclassic.com



ကြ၏။

ဗိုလ်မှူး ပန်းအောင်မှာ D.Q ဖြစ်ရာ ထိုဌာန၏ အကြီးအကဲဖြစ်၏။ သူသည် စိတ်သဘောကောင်းလှ၍ သူ့အား အဘပန်း၊ အဘပန်းနှင့် တပ်မတစ်ခုလုံးက ချစ် ကြ၏။

သူ့ကိုတွေ့ဖူးသော်လည်း လူချင်း မရင်းနှီးသေးပါ။

ဗိုလ်ကြီးစန်းအောင်ကိုမူကား ခလရ (၆၁) တွင် တစ်တပ်တည်း အတူနေခဲ့ဖူး၍ အလွန်ရင်းနှီးပါသည်။ သူ့ကို တပ်မှူးနှင့်တွေ့ဆုံရန် ရောက်စကပြောထားခဲ့ဖူးပါသည်။

တပ်ပြန်ဆင်းရန် သုံးရက်ခန့်အလိုတွင်ဖြစ်၏။

ကျွန်တော်သည် သနက (၁) မှ အကြေ ဗိုလ်မြတ်သာ၊ အိုင်အို ဗိုလ်စိုးညွှန့်တို့နှင့်အတူ သစ်တစ်ပင်တောင်ကုန်းမှ အသာလစ်ထွက်ကြပြီး ကျိုင်းတုံမြို့တွင်းက လူထုထမင်းဆိုင်၌ ကလော်စတာ ဘီယာလေးမော့ရင်း နေ့လယ်စာစားနေ၏။

အချိန်က နေ့လယ် ၁ နာရီခန့်။

ဗိုလ်စိုးညွှန့်၏ ICOM စကားပြောစက်သို့ တပ်မက လှမ်းပြောသည်။ ပြောသူက ဗိုလ်ကြီး စန်းအောင်။

"ဗိုလ်ကြီးသောင်းဝေကို တပ်မှူးက အခုတွေ့မယ်တဲ့၊ အဲဒါ လွှတ်ပေးလိုက်ပါ။"

"ဟိုက် ... ဒီမှာက ဘီယာသောက်ကောင်းတုန်း"

ထမင်းအမြန်အဆုံးသတ်ပြီး သစ်တစ်ပင်တောင်ကုန်း အမြန်ပြန်တက်ရ၏။ ရေတစ်ခွက် နှစ်ခွက်ချိုး ပါးစပ်ဆေး၊ သွားတိုက်ပြီး ယူနီဖောင်းလဲ၍ နစ်ဆန်းကယ်ရီယာပေါ် အမြန်တက်ကာ ဗျူဟာကုန်းအား ဆင်းခိုင်းရ၏။





ရှေ့တန်းတပ်မရုံး၌ ဗိုလ်ကြီးစန်းအောင် စောင့်ကြိုနေသည်။

"ကဲ ... အစ်ကိုကြီး အစ်ကိုကြီးရဲ့ ကိုယ်ရေးဖိုင်ကို တပ်မမှူးကြီးဆီ ပို့ထားပြီးပြီ။ အဘပန်း မကွေး ခဏပြန်နေလို့ ကျွန်တော်ပဲ တပ်မမှူးကို တင်ပြထားတယ်။ အခု ကျွန်တော်ဝင်သတင်းပို့လိုက်မယ်။ လာခဲ့ဆိုရင် အစ်ကိုကြီး ဝင်သွားတော့"

ဗိုလ်ကြီးစန်းအောင်က တပ်မမှူးကြီးအား ဝင်သတင်းပို့ရာ ခွင့်ပြုချက်ရသဖြင့် ရုံးခန်းအတွင်းသို့ ကျွန်တော် ဝင်ပြီး အလေးပြုလိုက်ပါသည်။ တပ်မမှူးရုံးခန်း လေးမှာ ဘာအပြင်အဆင်မှ မရှိပါ။ ရိုးရှင်းလှပါသည်။ စားပွဲပေါ်တွင်လည်း ဘာစာရွက်စာတမ်းမှ မရှိပါ။ ကျွန်တော့်ကိုယ်ရေးဖိုင်သာ ရှိပါသည်။

ကျွန်တော်ဝင်သွား၍ အလေးပြုလိုက်သည့်အခါ တပ်မမှူးကြီးမှ ကျွန်တော့်ကို အေးဆေးစွာကြည့်ပြီး ညင်သာသော အသံဖြင့် ...

"အေး ... ထိုင်ကွ။ မင်းကအရှေ့မြောက်မှာ နေလာတော့ ဗကပအတွေ့အကြုံရှိမှာပေါ့ကွာ။ ဒီမှာလည်း အဓိကရန်သူက ဗကပပဲကွ။ ဗကပအတွေ့အကြုံရှိထားတော့ သိပ်ပြောစရာမရှိပါဘူး။ မင်းတပ်ကလည်း တပ်ကောင်းပါ သနက (၁) ပဲ။ တပ်ရဲ့အစဉ်အလာ ဝိုင်းထိန်းပေးပေါ့ကွာ"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"အင်း ... မင်းက တက္ကသိုလ်မှာ နိုင်ငံရေးသိပ္ပံတို့၊ သမိုင်းတို့လည်း ယူလာတာဆိုတော့ ကောင်းတယ်ကွ။ ငါ သဘောကျတယ်၊ ကြိုးစားနော် ကြားလား"

"ဟုတ်ကဲ့ပါ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာပြောစရာရှိသေးလဲ"

"မရှိပါဘူး ခင်ဗျ"

"အေး ... အေး ... မရှိရင် သွားတော့ သွားတော့"

တပ်မမှူးကြီးသည် ကျွန်တော့်အား စေ့စေ့စပ်စပ်ကြည့်ပြီး စကားကို ညင်သာစွာပြော၍ အေးအေးဆေးဆေးနှင့် တွေ့ဆုံမှုအား အဆုံးသတ်၏။ ကျွန်တော်လည်း အလေးပြုကာ တပ်မမှူးရုံးခန်းလေးမှ ပြန်ထွက်ခဲ့ပါသည်။

တပ်မမှူးဖြစ်သော်လည်း သိပ်ကြီးကြီးကျယ်ကျယ်တွေ ပြောမလွှတ်ဘဲ စကားကို ရိုးရှင်းစွာနှင့် ကောင်းကောင်းမွန်မွန် အေးအေးဆေးဆေး ပြောလွှတ်လိုက်သဖြင့် ကျွန်တော် အတော်ကျေနပ်သွားပါသည်။

အင်း ... တပ်မမှူးကြီးလည်း အတော်အေးချမ်းပါလားဟု အပြန်တွင် တွေးမိပါတော့သည်။

ဤသည်ကား ဗိုလ်မှူးကြီးသန်းရွှေနှင့် ကျွန်တော် ပထမဆုံးအကြိမ် တရားဝင်တွေ့ဆုံခြင်းပါခင်ဗျား။

■





www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူး ဇော်ဖြိုးဝင်း ဇနီး မသန္တာရွှေ မိသားစု

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး နေဝင်း

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၁ ခုအစ ကာလက ဗိုလ်ချုပ်မှူးကြီး ခင်ညွန့်
နှင့် နိုင်ငံတော် အကြီးအကဲများ

www.burmeseclassic.com

## အခန်း ( ၃ )

## ကျွန်တော် မှတ်မိသမျှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပြောကြားချက်များ

Y.C.D.C တွင် တာဝန်ထမ်းဆောင်စဉ်က UDO စိုက်ကွင်းတာဝန်ခံ ငါးနှစ်လုပ်ခဲ့ရပါသည်။ ၁၉၉၈ မှ ၂၀၀၃ အထိ။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကျွန်တော်၏ UDO စိုက်ပျိုးစခန်းကြီးသို့ ၁၉၉၉ မှ ၂၀၀၁ ခုနှစ်အထိ ငါးကြိမ်တိုင်တိုင် လာရောက်ခဲ့၏။

ပထမအကြိမ်နှင့် ဒုတိယအကြိမ်များတွင် တင်ပြသည်များကို ကြားနာ၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပါသည်။ ထို့နောက် မှာစရာရှိသည်များကို မှာကြားပြီး ပြန်လည်ထွက်ခွာသွားပါသည်။ နွေချင်းပြန် ဖြစ်၏။ ကျွန် သုံးကြိမ်မှာ ဥတိုင်၌ ညအိပ်ရပ်နားပါသည်။ သူတစ်ဦးတည်း မဟုတ်ပါ။ ဝန်ကြီး ၄၊ ၅ ဦး ပါလာတတ်၏။ သူနှင့် ဗိုလ်ချုပ်ကြီးမောင်အေးတို့က Resort Hotel ကြီးမှာ ညအိပ်ကြပါသည်။ အနည်းငယ် သောက်တတ်၊ စားတတ်သူများက လုံးချင်းအိမ်လေးများတွင် သွားနေကြပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ညအိပ်ညနေ ရောက်လာသည့်အခါများ၌ ဥတိုမှာ အစည်းအဝေး လုပ်တတ်ပါသည်။ ဝန်ကြီးဌာနများကို သူ မေးလို သည်များအား မေးလေ့ ပြောလေ့ ရှိပါသည်။ ၎င်းတို့အထဲမှ ကျွန်တော် မှတ်မိသမျှများကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါ သည်ခင်ဗျား။

**မော်လမြိုင်၊ မုတ္တမတံတားကြီးအကြောင်း**

ကျွန်တော် ငယ်ငယ်က အရာရှိဘဝနှင့် အရှေ့တောင် တိုင်းတွင် ၁၀ နှစ်ခန့် နေခဲ့ရသည်။ ဖာပွန်မှ ဆင်းလာရင် မော်လမြိုင်မှာ ညအိပ်ရပါသည်။ မော်လမြိုင်–မုတ္တမ ဇက် **(Z-craft)** ဖြင့် ကူးရပါသည်။ အတော်ဒုက္ခရောက်၍ ကြန့်ကြာ၏။ မုတ္တမရောက်မှ ရထားစီးပြီး သွားလိုရာ သွားရပါသည်။ ခလရ (၆၁) ကျောက်တစ်လုံးတွင် ကျွန်တော် အရာရှိဘဝနှင့် လေးနှစ် နေထိုင်ခဲ့ပါသည်။ ၁၉၇၆ ခုနှစ် ကျောက်တစ်လုံးမှ မိုင်းရယ်ကို ပြောင်းတော့ ကားတစ်တန်၊ ရထားတစ်တန်နှင့် အတော်လေးကို ဒုက္ခရောက်ခဲ့ပါသည်။ ရထားတန်ဆာနှင့် ပို့လိုက်သောပစ္စည်း တချို့ ပျောက်သော ဒုက္ခများလည်း ရှိခဲ့ပါသည်။ ဤသို့သော ဒုက္ခများ ကင်းဝေးရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ တံတားထိုးရန် ကြိုးစား ခဲ့သည်။ လူပျင်း လူဖျင်းတွေက ဘာမှမလုပ်သေးဘူး။ တံတား ဆောက်မည်ဟု ကြားတာနဲ့ မဖြစ်နိုင်ပါဘူး။ ဖြစ်နိုင်ရင် အင်္ဂလိပ်တွေ အရင်လူတွေ ဆောက်သွားတာ ကြာပေါ့ပဲဟု ပြောဆိုကြပါသည်။ အင်္ဂလိပ်တွေက မဆောက်ချင်လို့ မဆောက်တာ။ အရင်အစိုးရ အဆက်ဆက်က မလုပ်ချင်လို့ မလုပ်ခဲ့တာ။ မဖြစ်နိုင်တာ ဘာမှ





မရှိပါ။ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ပါသည်။

၂၀၀၅ ခုနှစ်က ကျွန်တော် မလေးရှားရောက်တော့ ကွာလာလမ်ပူမှ ပီနန်သို့ ညအိပ်ရောက်သွားခဲ့ပါသည်။

လိုက်ပို့သူ ကိုကျော်မြင့်ထွန်းမှ သူ့ကားလေးနှင့် လိုက်ပို့ သည်။

"ကိုကျော်မြင့်ထွန်းရေ ... ကျွန်းမကြီးကနေ ပီနန်ကို ဘယ်လိုသွားကြမလဲ။ ကူးတို့သင်္ဘော စီးကြမှာလား"

"မဟုတ်ဘူး **Uncle** ဒီကားနဲ့က တောက်လျှောက်သွား မှာပါ"

"ဩော် ... ကားသွားရလို့လား"

"ရပါတယ်။ ကျွန်းမကြီးနဲ့ ပီနန်ကို တံတားကြီး ထိုးထား ပါတယ်"

"ဩော် ... အဝေးကြီး တံတားထိုးထားသလား"

"တံတားထိုးထားပါတယ်။ အန်ကယ် ဟိုရောက်ရင် တွေ့ ပါလိမ့်မယ်"

ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်းမကြီးနဲ့ ပီနန်ကျွန်း ၆ မိုင်ခန့်ကို ပင်လယ်ပြင်ကို ဖြတ်၍ မလေးရှားတို့က တံတားကြီး ထိုးထားပါ သည်ခင်ဗျာ။

တံတားမှာ ရှည်သော်လည်း အတော်လေးကို ကောင်းပါ သည်။ **Four Lane** အပြည့် တံတားကြီး ဖြစ်ပါသည်။ မလေး တွေကို အတော်လေး လေးစားအားကျမိပါသည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဒီလိုတံတားအရှည်မျိုးတွေ တွေ့ခဲ့ဖူးပါလိမ့်မည်။ ထို့ကြောင့် မော်လမြိုင်–မုတ္တမ တံတားကြီးကို သူထိုးဖို့ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကားရော၊ ရထားပါ ဖြတ်၍ရအောင် တည်ဆောက်
ပါသည်။ ၂၀၀၀ ပြည့်နှစ် ဉတို အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သော
အစည်းအဝေးတွင် သူက ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်ရင်ကို
အောက်ပါအတိုင်း မေးလိုက်ပါသည်။

''ကိုခင်မောင်ရင် . . . ခင်ဗျား မော်လမြိုင်တံတားကြီးက
ဘယ်နနှစ်စီမံကိန်းလဲ''

''ငါးနှစ်စီမံကိန်းပါ ခင်ဗျာ''

''အခု ဘယ်နနှစ်ရှိသွားပြီလဲ''

''တစ်နှစ်ကျော်၊ နှစ်နှစ်လောက် ရှိပါပြီခင်ဗျာ''

''ခင်ဗျားတို့ ငါးနှစ်စီမံကိန်းက ကြာပါတယ်ဗျာ။ နှစ်နှစ်
သုံးနှစ်နဲ့ မပြီးဘူးလား။ နည်းလမ်းရှိသလား''

''ရှိပါတယ်ခင်ဗျာ''

''ရှိရင် ပြောပါဦး။ ဘယ်လိုလုပ်မလဲလို့''

''တံတားဟိုဘက်ထိပ် ဒီဘက်ထိပ် နှစ်ဖက် တစ်ပြိုင်နက်
လုပ်ပြီး အလယ်မှာ ဆက်လိုက်ရင် အချိန်တစ်ဝက်လောက် သက်
သာသွားပါမယ်။ ဒါပေမဲ့ ပစ္စည်းတော့ လိုပါတယ်ခင်ဗျာ''

''ဘာပစ္စည်းလဲ''

''ဟိုဘက် ဒီဘက် ချိန်ညှိတဲ့ **Compass** ပါ။ အဲဒါနဲ့ချိန်ညှိ
လုပ်ရင် ထိပ်နှစ်ခုဆုံတဲ့အခါ အများဆုံး တစ်လက်မထက် ပိုမလွဲ
ပါခင်ဗျာ''

''ဟာ . . . အဲဒါဆိုရင်အဲဒီတိုင်းလုပ်ပါ။ အဲဒီ **Compass**
ကို ဝယ်ပါ။ ဘယ်နိုင်ငံမှာ ဝယ်လို့ရမလဲ''

''ဂျာမနီနဲ့ အီတလီကို မှာရင်ရပါတယ်''







ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတစ်ခုတွင်
မိန့်ခွန်းပြောနေသည့် ဗိုလ်ချုပ်မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com






# ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မြန်မာလောကစွမ်းနှင့်
# ဆရာတော်တိုင်း ဝေဘာဒ

www.burmeseclassic.com

www.burmeseclassic.com



“ဒါဆိုလည်း မှာပါ”

“ဗိုလ်ချုပ်မှူးကြီးခင်ဗျား ဘက်ဂျက်မရှိပါဘူး ခင်ဗျာ”

“ကိစ္စမရှိပါဘူး ကျွန်တော် အရန်ငွေထဲက ထုတ်ပေးပါ့မယ်။ ဘယ်လောက်ကျမလဲ။ ကျွန်တော် ထုတ်ခွင့်ပြုပါ့မယ်။ ဒေါ်လာတစ်သိန်းလား။ ပိုလည်း ထုတ်ပေးပါ့မယ်။ တံတားတော့ မြန်မြန်ပြီးစေချင်တယ်”

ဤသို့ဖြင့် အပေးအယူတည့်သွားပြီး ဗိုလ်ချုပ်မှူးကြီး ဝယ်ပေးသော Compass ကြောင့် မော်လမြိုင်–မုတ္တမ တံတားကြီးမှာ နှစ်နှစ်ခန့်စော၍ ပြီးစီးခဲ့ပါသည်။ ယခုအခါ ထိုတံတားကြီး ပြီးခဲ့သည်မှာ ၁၀ နှစ်ပင် ကျော်ခဲ့ပါပြီ။ လူသာမန်တို့က မဖြစ်နိုင်ဘူး ဆိုသော တံတားကြီးကို တည်ဆောက်ခဲ့သဖြင့် ယနေ့ ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ်–မြိတ် ကားများ သွားလာကြပါပြီ။ အလားတူပင် ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ် မီးရထားများ တောက်လျှောက် ပြေးဆွဲနေပါပြီ။ မနေ့တစ်နေ့ကပင် ကျွန်တော် ရန်ကုန်မှ ထားဝယ်သို့ ကားဖြင့် ထိုတံတားကြီးကို ဖြတ်၍ ခရီးသွားခဲ့ပါသေးသည်ခင်ဗျား။

ဤသည်မှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဆောင်ရွက်ချက်များအနက်မှ တစ်ခုဖြစ်ပါသည်။ တံတားကြီးဖွင့်တော့ ဝမ်းသာအားရပင် သူကိုယ်တိုင် သွားရောက်ဖွင့်လှစ်ခဲ့ပါတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတစ်ဝန်းကွန်ကရစ်လမ်းများအကြောင်း

ယနေ့ ကျွန်တော်တို့နိုင်ငံတွင် ကွန်ကရစ်လမ်းများ အမြ ပေါ်ထွန်းလာပြီး ပထမ ရန်ကုန်–မန္တလေး အမြန် လမ်းမကြီး၊ နောက် ရန်ကုန်မြို့ထဲမှ လမ်းများ၊ နောက် နေပြည်တော်မြို့တွင် လမ်းများ၊ နောက် တိုင်းနှင့် ပြည်နယ် မြို့တော်ကြီးများမှ လမ်းများ အားလုံးလိုလို ကွန်ကရစ်လမ်းများ ဖြစ်ကုန်ကြပါပြီ။ ဤသည် မှာလည်း ဗိုလ်ချုပ်မှူး ကြီးသန်းရွှေ ဥတိုအစည်းအဝေးမှာ ပြော သည်ဆိုက မှားမည် မထင်ပါ။

ထို ၂၀၀၀ ပြည့်နှစ် **Briefing** တစ်ခုမှာပင် ဗိုလ်ချုပ်မှူး ကြီးက အောက်ပါအတိုင်းပြောသည်ကို မှတ်မိ ခဲ့ပါသည်။

''ဟေ့ ... ဝန်ကြီးတွေ၊ မြို့တော်ဝန်ရောပေါ့ကွာ မင်းတို့ အခု လမ်းတွေလုပ်နေကြတယ် မဟုတ်လား။ အဲဒါ ဘိလပ်မြေသုံးပြီး ကွန်ကရစ်လမ်းပဲ လုပ်တော့ကွာ။ ကွန်ကရစ် လမ်းက မိုးများတဲ့အရပ်မှာ ကြာရှည်ခံတယ်။ ရေစိမ့်တဲ့ဒဏ် ခံနိုင်တယ်၊ ပျက်ရင်လည်း ပြင်ရတာ လွယ်တယ်။ ဘိလပ်မြေ အကြောင်း နားလည်တဲ့လူကို ပြင်ခိုင်းလိုက်ရင် ရတယ်။ ကတ္တရာ ကျတော့ကွာ **FEC** နဲ့ ဝယ်ရတာ။ နိုင်ငံခြားငွေ ကုန်တာပေါ့ကွာ။ ဝယ်ချင်တိုင်းလည်း ဝယ်လို့မရဘူး။ ပြီးတော့ ကိုလွန်းသီရဲ့ စွမ်းအင် ကလည်း သူ့ဟာသူသုံးဖို့တောင် ကတ္တရာ ထုတ်ဖို့ အနိုင်နိုင်ပါ။ အေး ... အဲဒါကြောင့် ကတ္တရာလမ်းအစား ကွန်ကရစ်လမ်းတွေ ကို လုပ်စေချင်တယ်။ ကတ္တရာက ပျက်သွားရင် ပြင်ရတာ နည်း နည်းခက်တယ်။ တကယ့် ပညာရှင်လိုတာပေါ့ကွာ။ ဘိလပ်မြေ ကတော့ ဒို့နိုင်ငံမှာ စက်ရုံဆောက်ပြီး အခက်ခဲမရှိ ထုတ်နိုင်ပါ





တယ်။ ဌာနအလိုက်၊ အဖွဲ့အစည်းအလိုက် စက်ရုံတွေ ဆောက် ခိုင်းထားပါတယ်။ ဘိလပ်မြေလုပ်တဲ့ **Substance** နဲ့ **Material** တွေလည်း ဒို့ဆီမှာ လိုသလောက်ရတာပဲ။ အဲဒါကြောင့် မင်းတို့ကို တစ်နိုင်ငံလုံး ကွန်ကရစ်လမ်းလုပ်ဖို့ စဉ်းစားကြပါ။ လုပ်လည်း လုပ်ပြပါ။ အေး ... ဒီနေ့တော့ ဒါကို အဓိကထားပြီး မှာချင် ပါတယ်''

ဤမှာကြားချက်ကြောင့် တစ်နိုင်ငံလုံး ဘိလိပ်မြေလမ်းတွေ ပေါ်လာပြီး ဘိလပ်မြေစက်ရုံတွေ အလျှိုလျှိုတည်ထောင်ကြသည်။ ဘိလပ်မြေလုပ်ဖို့ ပစ္စည်းတွေ ပြည်တွင်းမှာ ရှိပါသည်။ ဆယ်စုနှစ် တစ်ခုတွင်း ရန်ကုန်တစ်မြို့လုံး ဘိလပ်မြေလမ်းတွေ ဖုံးသွား၏။ ရပ်ကွက်ကြို ရပ်ကွက်ကြားအထိ ဘိလပ်မြေလမ်းတွေ ဖြစ်ကုန်ပါပြီ။ ထိုဘိလပ်မြေလမ်းတွေကြောင့် ကားတွေ သွား၍ကောင်းပါသည်။ အနှေးယာဉ်လည်း သွားလို့ကောင်းပါသည်။ လူတွေ ဗွက်တောထဲ မသွားရတော့ပါ။ ရန်ကုန်မှာသာမက တိုင်းနှင့်ပြည်နယ်မြို့တွေမှာ ဘိလိပ်မြေလမ်းတွေ ဖြစ်ကုန်ပါပြီ။ မနေ့တစ်နေ့က ကျွန်တော် ပုသိမ်က ပြန်လာခဲ့ပါသည်။ ပုသိမ်တစ်မြို့လုံး ဘိလပ်မြေလမ်းတွေ ဖြစ်ကုန်ပါပြီ။ ချောင်ကြို ချောင်ကြားပါမကျန် သွား၍လာ၍ ကောင်းသွားပါပြီ။ အမှိုက်ရှင်းရတာလည်း သက်သာသွားပါသည်။ ပုသိမ်တိုင်း အစိုးရအဖွဲ့နှင့် ပုသိမ်သူ ပုသိမ်သားများကို ချီးကျူး လိုက်ပါသည်။

ပုသိမ်တွင် ဟုတ်ပါရိုးလား။ မြောက်ဘက်က ဟင်္သာတ လည်း ဒီအတိုင်းပါပဲခင်ဗျား။ ကွန်ကရစ်လမ်းတွေ လုပ်နေတဲ့ မြို့လုံးပတ်လည်ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကွန်ကရစ်လမ်းများသည် မြန်ကောင်း သက်သာ ဖြစ်၏။ ကတ္တရာ **A.C Asphalt Concrete** လောက် လည်း ကရိကထမများ။ ပြင်ရဆင်ရတာလည်း လွယ်ကူလေသည်။ ပြောစရာတစ်ခုတော့ ရှိပါသည်။ ကားဘီးတွေ အပွန်းမြန်သည်၊ စလစ် ဖြစ်တတ်သည်။ ဒါကလည်း သိပ်မခက်ပါ။ အပေါ်က ကတ္တရာ တစ်ထပ်လောက် ထပ်ပိုးလွှာတင်လိုက်ရင် ပြီးတာပါပဲ။

၂၀၀၅ ခုနှစ်က ကျွန်တော် အိန္ဒိယ ဘုရားဖူးသွားတော့ အိန္ဒိယတစ်နိုင်ငံလုံး ကွန်ကရစ်လမ်း **High way** ကြီးတွေ ၃၀ ကျော်တွေ့၏။ ဆယ်ဘီးကားကြီးတွေ ပြေးနေကြသည်။ သူတို့ဟာနဲ့ သူတို့ အဆင်ပြေနေပါသည်။

ကျွန်တော်တို့လည်း တစ်နိုင်ငံလုံး ငွေကုန်သက်သာပြီး မြန်ကောင်းသက်သာ ကွန်ကရစ်လမ်းများ ဖောက်လုပ်ကာ လမ်းပန်း ဆက်သွယ်ရေး လုံခြုံချောမွေ့မှုကို အကျိုးပြုကြရန် တိုက်တွန်း လိုပါသည်။

ဤတစ်နိုင်ငံလုံး ကွန်ကရစ်လမ်းများ ဖြစ်လာရခြင်း အကြောင်း။ ဖြစ်လာရခြင်းအစမှာ **UDO** က ဗိုလ်ချုပ်မှူးကြီး သန်းရွှေ စလိုက်ခြင်းဖြစ်သည်ဟု ဆိုလိုက်ပါရစေ ခင်ဗျား။

❖ ❖ ❖





## နီရေး ချွန်ရေး နှင့် သူရွေးထားသော သူလူများအကြောင်း

နီရေးနှင့် ချွန်ရေးမှာ ကျွန်တော်တို့သုံးသော စကား မဟုတ်ပါ။

ဗကပတွေ သုံးသောစကား ဖြစ်၏။ ဗကပတွေလည်း သူတို့ကိုယ်ပိုင် စကားမဟုတ်။ တရုတ်ကွန်မြူနစ် ခေါင်းဆောင်ကြီး မော်စီတုန်း အသုံးပြုခဲ့သည့်စကား ဖြစ်သည်။

မော်စီတုန်းသည် ၁၉၆၆ ခုနှစ် မဟာပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီးကာလ၌ အတတ်ပညာဆိုင်ရာနယ်ပယ်တွင် မဟာဩဝါဒကြီးတစ်ရပ်ကို ပေးခဲ့၏။ ယင်းမှာ ...

**ယှဉ်တုန် ယှဉ်ကျွမ်း** ဟူ၍ ဖြစ်၏။ အဓိပ္ပာယ်မှာ နီလည်း နီရမယ်၊ ချွန်လည်း ချွန်ရမယ်။

နီရေးဆိုတာက ပစ္စည်းမဲ့နိုင်ငံရေး သို့မဟုတ် မော်စီတုန်း အတွေးအခေါ်ကို ရဲရဲတောက် ခံယူရေး။

ချွန်ရေးဆိုတာက အတတ်ပညာဆိုင်ရာ တတ်ကျွမ်းထူးချွန် ရေးကို ဆိုလိုသည်။

နီရေးချွန်ရေးနှင့် ပတ်သက်ပြီး ဗကပဗဟို ကော်မတီဝင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက မိန့်ခွန်းတစ်ခုကို အောက်ပါအတိုင်းပြောခဲ့သည်။

"ရဲဘော်တို့ဟာ ဥက္ကဋ္ဌကြီးမော်ရဲ့ အတွေးအခေါ်တွေကိုသာ ဦးထိပ်ထားပြီး အသည်းလှိုက် အူလှိုက် လေ့လာပြီး လက်တွေ့ပွ ပူးပေါင်းလုပ်ဆောင်ကြပါ။ အတတ် ပညာဆိုတာ မုချတစ်ဖက် ကမ်းခတ် တတ်ကျွမ်းလာမှာ သေချာတယ်"

"ဒါကြောင့်မို့ ရဲဘော်တို့က နီရေးကို အဓိကထားရမယ်။ နောက်မှ ချွန်ရေးနဲ့ ပေါင်းစပ်ကြရမယ်"

"ဒီမှာ အရေးအကြီးဆုံးနဲ့ အလေးနက်ဆုံးထားရမှာကတော့ နီရေးဖြစ်တယ်"

"မချွန် ချွန်ချွန် နီရင် ချွန်လာလိမ့်မယ်။ ဒါကြောင့် နီရေး ဟာ အဓိကနဲ့ ပထမဖြစ်တယ်"

"ဒါကတော့ မဟာမော်စီတုန်းရဲ့ အတွေးအခေါ်နဲ့ လမ်း ညွှန်ပဲဖြစ်တယ်"

ဤသည်မှာ ၁၉၆၇ ခုနှစ်က ပဲခူးရိုးမ၌ ရဲဘော်ထွန်းရှိန်၏ ဗဟိုဆေးကျောင်းဖွင့်ပွဲမှ ပြောကြားချက်အား ကောက်နုတ်ဖော်ပြ ခြင်း ဖြစ်ပါသည်။

ဗဟိုဆေးကျောင်းဖွင့်ပွဲ အဆုံး၌ ရဲဘော်ထွန်းရှိန်သည် လက်သီးလက်မောင်းတန်းကာ အောက်ပါအတိုင်း တရုတ်လို အော် လိုက်၏။

**ပုကျွမ်းယေ့ခဲယီ ယို့ဟုန်ကျူရှင်းလော့။**
**မချွန် ချွန်ချွန် နီရင် ပြီးတာပဲ။**

နီရေး ချွန်ရေးနှင့်ပတ်သက်ပြီး ကျွန်တော့်တွင် ပြောစရာ ရှိပါသည်။





စတုတ္ထအကြိမ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဝန်ကြီးများ UDO လာ ညအိပ်စဉ်က ဖြစ်၏။ ကျွန်တော်၏တပ်မမှူး ဗိုလ်ချုပ် တင်ထွတ် ပါလာသည်။ သူသည် ထိုစဉ်က လျှပ်စစ်စွမ်းအားဝန် ကြီးဖြစ်၏။ သူသည် ဆေးလိပ်နှင့် ယမကာကို ကြိုက်နှစ်သက်သူ ဖြစ်၏။

သူ့အကြောင်းသိ၍ ကျွန်တော်က သူတည်းခိုသည့် လုံးချင်း ဆောင်လေးသို့ **Chivas Whisky** တစ်ပုလင်း ပိုက်ကာ ရောက် သွားသည်။

သူက သူ့ **PSO** လေးအား ဗျစ်တောက် ဗျစ်တောက်နဲ့ ပြောနေ၏။

"ဗိုလ်ချုပ် ဘာတွေဖြစ်နေတာလဲ"

"ဟာ ... ဒီကောင်ဗျာ မှိုဝဲနေကျလေး အလိုက်တသိ ယူခဲ့တာမဟုတ်ဘူး။ ပါမလာလို့ ဆူနေတာ"

"ကျွန်တော် ယူလာခဲ့ပါတယ် ဗိုလ်ချုပ်"

"ဟာ ... အတော်ပဲဗျာ။ ခင်ဗျား အလိုက်သိပေလို့ ပေါ့ဗျာ"

ဗိုလ်ချုပ်တင်ထွတ်နှင့် ကျွန်တော်တို့ ဝိုင်းစနေစဉ် အခြား ယမကာကြိုက်သည့် ဝန်ကြီးတစ်ပါး၊ နှစ်ပါး ရောက်လာပြီး လာ ဝိုင်းကြ၏။

ဝိုင်းအရှိန်ရလာတော့ စကားစပ်မိစပ်ရာ သူတို့ နဝတ ဝန်ကြီးများအကြောင်းကို ပြောဖြစ်ကြသည်။

ရန်ကုန်တက္ကသိုလ်တွင် ထင်ရှားမြင်ရာ လျှောက်ပြောသည့် ဝန်ကြီးတစ်ဦးအကြောင်း၊ နိုင်ငံခြားတွင် ပြောချင်ရာ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



သဘောနှင့် ပြောခဲ့သည့် ဝန်ကြီးတစ်ဦး အကြောင်း စသည်တို့ ဖြစ်ပါ၏။

“အဲဒါပြောတာပေါ့။ နီရေးနဲ့ ချွန်ရေးဆိုတာ”

သူတို့ပြောသည့် နီရေးနှင့်ချွန်ရေးအား အဓိပ္ပာယ်ဖွင့် ဆိုရာတွင် နီရေးက **Higher Formation** အား သစ္စာရှိမှု၊ ချွန်ရေး က သက်ဆိုင်ရာဘာသာရပ်တွင် ထူးချွန်စွာတတ်မြောက်မှုဖြစ်၏။

အဓိပ္ပာယ်မှာ ဗကပများနှင့်အတူတူပင်။

နဝတ ဝန်ကြီးအားလုံးနီးပါး သစ္စာရှိမှုကြောင့် သို့မဟုတ် နီသောကြောင့် ဝန်ကြီးဖြစ်လာသူများသာ ဖြစ်ကြ၏။ ပညာတတ် လို့၊ ချွန်လို့ကား မဟုတ်။ သူတို့တာဝန်ယူထားသည့် ဝန်ကြီး ဌာနလုပ်ငန်းများကို အလုံးစုံ အကုန်တတ်ရန်ကား မဖြစ်နိုင်ပါချေ။ ခိုင်းတာလုပ်ဖို့၊ သစ္စာရှိဖို့ကသာ အဓိကဖြစ်၏။ ဗိုလ်ချုပ်တင်ထွတ် မှာ **Higher Formation** အပေါ် အလွန်သစ္စာရှိသူဖြစ်၏။ ရိုးသား ၏။ ကြိုးစား၏။ သူဝန်ကြီးဖြစ်ပြီး ကျွန်တော်နဲ့ ပြန်တွေ့တော့ ...

“ကိုသောင်းဝေရေ **EPC** ဝန်ကြီးတဲ့ဗျာ။ ကျုပ်ကတော့ လက်နှိပ်ဓာတ်မီးတောင် ပြင်တတ်တဲ့ကောင် မဟုတ်ဘူး။ လုပ်ဆို တော့လည်း စစ်သား လုပ်တတ်တတ် မလုပ်တတ်တတ် လုပ် ရတော့တာပေါ့ဗျာ”

“ဗိုလ်ချုပ် ရိုးသားကြိုးစားမှန်းသိလို့ ပေးတာပါ။ လျှပ်စစ် အကြောင်းက သိစရာမလိုပါဘူး။ တပည့်တွေ သူ့ဟာသူ လုပ်ပါ လိမ့်မယ်။ ဗိုလ်ချုပ်က **Policy Holder** ပဲ ဥစ္စာ။ သူတို့တင်ပြတာ နားထောင်ပြီး သင့်မြတ်တဲ့ အဆုံးအဖြတ်ပေးနိုင်ရင် ပြီးတာပါပဲ”

ဟု ကျွန်တော်က အဆင်ပြေအောင် ပြောလိုက်သည်။





ဤသို့သော ဝန်ကြီးများမှာ နဝတခေတ်တွင် များလှစွာ၏။

အားလုံးလိုလိုပင် ဤနည်းနှင်နှင်ပင်။

ကျွန်တော်သည်ပင်လျှင် မြူနီစီပါယ်အကြောင်း ဘာတစ်ခု မှ ကောင်းကောင်းမသိဘဲ **Y.C.D.C** ရောက်လာသည်။ နောက်မှ အလုပ်ကိစ္စတွေကို လေ့လာယူရသည်။ နောက်တော့လည်း ဖြစ် သွားတာပါပဲလေ။

အဲဒီတော့ ချုပ်လိုက်ရင် နီရေးက ပထမ။

ချွန်ရေးက ဒုတိယ ဖြစ်ခဲ့၏။

တကယ်တော့ နယကမှာလည်း နီရေးနှင့် ချွန်ရေးတွင် ချွန်ရေးက ဒုတိယ နီရေးက ပထမဆိုသည်ကို ထိုနေ့က ဗိုလ်ချုပ် တင်ထွတ်နဲ့ စကားလက်ဆုံကျရင်း သိခဲ့ရပါသည်ခင်ဗျား။

ဒါနဲ့ပတ်သက်ပြီး နည်းနည်းဆက်လိုက်ချင်ပါသေးသည်။

အဲဒါကတော့ နီရေးဟုခေါ်သည့် သစ္စာရှိမှု၊ သစ္စာခံမှု ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် သူ တပည့်ဖြစ်သည့်အချိန်၊ နောက်လိုက်ဖြစ်သည့်အချိန်တွင် လုံးဝ **Obedient** ဖြစ်သည်။ အထက်က ခိုင်းတာကို တစ်လုံးမှ ပြန်မပြောဘဲ လုပ်သည်။ ဘာ **Complaint** မှ မရှိ။ တစ်ခါတစ်ရံ ကြည့်ရသည်မှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ထိုစဉ်က ဗိုလ်မှူးကြီး သန်းရွှေ)တွင် **Initiative** ခေါ် ထိုးထွင်းဉာဏ်မှ ရှိပါရဲ့လားဟု အောက်မေ့ရ၏။

သို့ရာတွင် ထိုသို့မဟုတ်ပါခင်ဗျာ။ သူသည် မသိလိုက် မသိဘာသာ အားလုံးကို **Neglect** လုပ်ထားခြင်း ဖြစ်၏။ သူ မသိတာ မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းဆောင်ကြီးဖြစ်လာသည့်အခါ သူ၏ အစွမ်း အစတွေကို ထုတ်ပြတော့သည်။ ဒါသာမက သူ ငယ်ငယ်တုန်းကလ သစ္စာရှိသူ ဗကပအပြောနဲ့ဆိုက နီသူများကို သူ အလိုရှိသည် ဒါက လူ့သဘာဝ။

၁၉၉၇ ခုနှစ်က သူ ဖြုတ်ထုတ်ရှင်းလုပ်လိုက်သည့် ဒုတိယ ဗိုလ်ချုပ်ကြီးများ ၁၃ ယောက်၌ **Bright** ဖြစ်ပြီး တပ်မတော်မှာ နာမည်ကြီးသူများ ပါသွား၏။

ထိုသူများမှာ –

(က) တစ်ချိန်က သူ့ဒုတပ်မမှူးဖြစ်ခဲ့သည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်၊

(ခ) တပ်မတော်တွင် ဘကျော်ဘဟု နာမည်ကြီးခဲ့သည့် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဘ၊

(ဂ) တပ်မတော်တွင် ပွဲစားကြီးဟု နာမည်ကြီးခဲ့သည့် ဒုတိယ ဗိုလ်ချုပ်ကြီး အေးသောင်၊

(ဃ) မိုင်းယောင်းတိုက်ပွဲကာလက သူ့ဒုတပ်မမှူးဖြစ်ခဲ့ဖူးသည့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်အောင်

တို့ဖြစ်ကြ၏။

ထိုဗိုလ်ချုပ်ကြီးများသည် တိုင်းမှူးဘဝက မြန်မာနိုင်ငံ၏ အရေးကြီးသော စစ်တိုင်းကြီးများဖြစ်သည့် မြောက်ပိုင်းတိုင်း၊ အလယ် ပိုင်းတိုင်း၊ တောင်ပိုင်းတိုင်း၊ အနောက်တောင်တိုင်းတို့ကို အုပ်ချုပ် ထားကြ၏။ လူတွေကလည်း အရည်အချင်း အလွန်ရှိသည့် လူတော် တွေဖြစ်ကြ၏။ တစ်ခါက စစ်ရုံးတွင် ထိုပုဂ္ဂိုလ်ကြီးများက စစ်ရုံးက ဦးစီးအရာရှိများနှင့် တွေ့ဆုံရာ၌ •••





“ဟောကောင်တွေ ••• ရှုတ်ရှုတ် ရှုတ်ရှုတ် သိပ် မလုပ်နဲ့ နော်။ ငါတို့သုံးလေးယောက် ပေါင်းလိုက်ရင် ဗမာနိုင်ငံကို နှစ်ပိုင်း၊ သုံးပိုင်း ခွဲပစ်လို့ရတယ်”

ဟု နောက်သလိုလို အတည်လိုလို ပြောခဲ့ဖူးသည် ဆို၏။ ထိုစကားသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နားသို့ ပေါက်သွားသည် ဆို၏။

ဒီလူတွေက လူတော်တွေပဲ။ ဒါပေမဲ့ သစ္စာရှိမှုကတော့ စိတ်မချရဘူး။ ချွန်တော့ ချွန်တယ်။ နီတော့ သိပ်မနီဘူးဟု ဗိုလ်ချုပ် မှူးကြီးသန်းရွှေ စဉ်းစားခဲ့ပုံရ၏။ ဒါသာမကပါ သူနှင့် တစ်ပတ် တည်းဆင်း ဗိုလ်ချုပ်ကြီး မြသင်း၊ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်တို့ကိုလည်း **Comtemporary** မို့ စိတ်ချပုံမရ။ ဒ့ါအပြင် သူ့ကို အမြဲနှိမ့်ချဆက်ဆံ သည့် ဗိုလ်ချုပ်ကြီး စိန်အောင်ကိုလည်း သိပ်မကြိုက်ခဲ့။ သူ၏သစ္စာ ရှိမှုကိုလည်း မယုံကြည်ခဲ့။ ဤသို့ဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၉၇ ခုနှစ် နိုဝင်ဘာလ၌ နဝတအစိုးရအဖွဲ့မှ ဝန်ကြီးဗိုလ်ချုပ်ကြီး ၁၃ ဦးအား တာဝန်မှအနားပေးပြီး ချွန်သူတွေဖယ်၍ နီသူတွေနှင့် အစားထိုးလဲလှယ်ခဲ့သည်ဟု ထင်မြင်ယူဆမိပါသည်ခင်ဗျား။

## ကြက်သွန်နီနှင့် အာလူးစိုက်ပျိုးခြင်းကိစ္စ

**UDO** တွင် ငါးနှစ်တာ တာဝန်ခံလုပ်ခဲ့ပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် တွေ့ဆုံ၍ သူပြောတာများကို မှတ်သားထားခဲ့၏။

ထိုသို့ မှတ်သားထားခဲ့သည်များ အနက်မှ ၅၊ ၅၊ ၂၀၀၀ ဒုတိယအကြိမ် လာရောက်စဉ်က ပြောဆိုခဲ့သည်များကို ကျွန်တော် ရေးခဲ့သည့် “ကျွန်တော် လယ်သမားကြီး” စာအုပ်မှ ကောက်နုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြသွားပါမည်။

ဗိုလ်ချုပ်မှူးကြီးလာသည့် ၅-၅-၂၀၀၀ နေ့က ပထာ
ရှင်းလင်းတင်ပြခြင်းအား ဥတိုအလယ်ဗဟိုစခန်းရှိ စပါး၊ ဟင်းသ
ဟင်းရွက်နှင့် သုတေသနအဆောက်အအုံ တည်ဆောက်ရေးလုပ်
ခွင်သို့ ရောက်ရှိလာကြရာ မြို့တော်ဝန်က သုတေသနအဆော
အအုံအား ပုံစံငယ်များဖြင့် ရှင်းလင်းတင်ပြ၏။

ဗိုလ်ချုပ်မှူးကြီးက မြို့တော်စိုက်ကွင်းထွက် စပါးများ
အထွက်တိုး တစ်ကေနှုန်းထားများနှင့် ဆန် အရည်အသွေးများ
စစ်ဆေးပါသည်။

ကျွန်တော်နှင့် ဗိုလ်မှူးချစ်ဆွေတို့က ...

စိုက်ပျိုးထားသည့် စပါးအမျိုးအစားများ။

စပါးနှံများ

ခြွေလှေ့ပြီး စပါးများ

ကြိတ်ခွဲပြီး ဆန်များ

နမူနာချက်ထားသည့် ထမင်းများကို ပြသပါသည်။

ဆန်နမူနာနှင့် ချက်ပြီးသား ထမင်းကို ကြည့်၍ ဗိုလ်ချု
မှူးကြီးက ...

"ဟော့ ... ဒါ မင်းတို့ဆန်စက်က ကြိတ်ခွဲထားတဲ့ ဆန်
ထမင်းလားကွ"

"ဟုတ်ပါတယ်ခင်ဗျ"

၂၅ တန်ကျ ဆန်စက် ၂ လုံး နှစ်စကတည်းက တည
ထားခဲ့ပြီးပါပြီ။

"အေး ... တော်တော်ဖြူသားကွ။ အကျိုးအကျေလည်





စာရေးသူကိုယ်တိုင်တွေ့မြင်ခဲ့သည့် ကော့မှူးဒေသမှ NLD ထောက်ခံသူများ

www.burmeseclassic.com

www.burmeseclassic.com



ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးနေသည့် ကြံ့ခိုင်ရေးပါတီ ထောက်ခံသူများ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ထောက်ခံသူများ

www.burmeseclassic.com

www.burmeseclassic.com



သိပ်မပါဘူး။ ၁၅ မှတ်လောက်တော့ ရှိမယ်ထင်တယ်။ တိုင်းမှူးတွေနဲ့ ဝန်ကြီးတွေ ကြည့်ကြဦး''

''အေး ... အေး ... မင်းတို့ဆန်တွေ ကောင်းပါတယ်ကွာ''

ကျွန်တော်တို့ ဝမ်းသာသွားကြ၏။

ထိုအခါက ဗိုလ်ချုပ်မှူးကြီးနှင့်အတူ တိုင်းမှူး သုံးဦးလည်း လိုက်ပါလာ၏။ ဝန်ကြီးကတော့ သုံးလေး ငါးပါး ပါသည်ထင်ပါသည်။

သုတေသနဗိမာန်မှ **Resort Hotel** ရောက်တော့ မြို့တော်ဝန်ကြီးက **UDO** စခန်းကြီးတစ်ခုလုံး၏ နောက်ဆုံးအခြေအနေများကို မြေပုံကားချပ်များဖြင့် အသေးစိတ် ရှင်းလင်းတင်ပြပါသည်။

ဗိုလ်ချုပ်မှူးကြီးက ကြားနာသည်။

''ကဲ ... တိုင်းမှူးတွေ မင်းတို့လည်း အားလုံးကြားရအောင် မင်းတို့တိုင်းအခြေအနေတွေ ရှင်းပြကြ။ ရန်ကုန်တိုင်းက စပြော''

ပထမဦးစွာ ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်သန်းက ယခုနှစ် ရန်ကုန်တိုင်းအတွင်း စပါးများတိုး၍စိုက်ပျိုးရန် စီမံဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပါသည်။

အလားတူပင် အနောက်တောင်တိုင်း တိုင်းမှူး ဗိုလ်ချုပ်သူရရွှေမန်းက ဧရာဝတီတိုင်းအတွက် ယခုနှစ် စပါးစိုက်ပျိုးမှု ငါး၊ ပုစွန် မွေးမြူရေးကိစ္စများကို တင်ပြ ပါသည်။

တတိယမြောက်အဖြစ် တောင်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်ခင်အေးက ပဲခူးတိုင်းအတွင်း စပါးနှင့် ပဲအမျိုးမျိုး တိုး၍စိုက်ပျိုးမှု



www.burmeseclassic.com

www.burmeseclassic.com



နှင့် စိုက်ပျိုးရေးရရှိမှု အခြေအနေများကို တင်ပြပါသည်။

၎င်းနောက် လယ်ဆည်ဝန်ကြီး ဗိုလ်ချုပ် ညွန့်တင်က မြန်မာ နိုင်ငံတစ်ဝန်းလုံး စပါးနှင့် သီးနှံမျိုးစုံ ထွက်ရှိမှုကို ရှင်းလင်း တင်ပြပါသည်။

နောက်ဆုံးတင်ပြသူမှာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး ဗိုလ်ချုပ် လှမြင့်ဆွေ ဖြစ်၏။ ဗိုလ်ချုပ်လှမြင့်ဆွေက မြစ်မခမြစ် ရေကြောင်း ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေ အနေများကို တင်ပြကြ၏။

အားလုံးပြီးတော့ ဗိုလ်ချုပ်မှူးကြီးက နိဂုံးချုပ်စကားကို ရှည်ရှည်လျားလျား ပြောသည်။ အဓိကမှာ ကျွန်တော်တို့ UDC စိုက်ကွင်းကို ရည်ညွှန်းခြင်းဖြစ်၏။

"အခုလို မြို့တော်စိုက်ကွင်းလို ကေတစ်သောင်းလောက် တစ်ဆက်တစ်စပ်တည်းရှိတဲ့ လယ်မြေကို ဖော်ထုတ်နိုင်ဖို့ဆိုတာ ခက်တယ်။ မင်းတို့လုပ်ထားတာ ကောင်းပါတယ်။ ဒါကြောင့် မင်း တို့ မြို့တော်စိုက်ကွင်းကို နိုင်ငံတကာက ဧည့်သည်တွေ၊ စိုက်ပျိုး ရေးလုပ်ငန်း စိတ်ဝင်စားတဲ့သူတွေ၊ ကျောင်းသူ ကျောင်းသား တွေအတွက် နိုင်ငံတော်အဆင့် သရုပ်ပြစိုက်ပျိုးရေးကွင်း၊ State **Demonstration Farm** အဆင့်ရောက်အောင် ဆောင်ရွက်ပါ။ သုတေသနလုပ်ငန်းတွေလည်း လုပ်ကြရမယ်။ အဖိုးတန် သုတေ သနပြုချက်တွေကို တစ်နိုင်ငံလုံးက သုတေသနစခန်းတွေကို ဖြန့်ဖြူးပေးဖို့လိုတယ်။ ဆက်ပြီး ကျန်သေးတဲ့ မြေလွတ်မြေရိုင်း တွေကိုလည်း ဖော်ထုတ်ပြီး စိုက်ပျိုးကြကွာ။ နောက်တစ်ခု ကြက် သွန်နဲ့ အာလူးက ဒီနိုင်ငံမှာ နယ်ကျဉ်းတယ်။ အာလူးဆိုရင် ပင်





ရှမ်းပြည်နယ်ဘက်က ကလောတို့၊ အောင်ပန်းတို့ဆိုတာတွေကို အဓိက မှီခိုရတယ်။ ကြက်သွန်နီဆိုရင်လည်း မင်းတို့ မိတ္ထီလာ၊ မြင်းခြံ၊ မြစ်သား၊ ဆိတ်ဖြူတို့ အဲဒီနေရာတွေကိုပဲ မှီခိုရတယ်။ ဗိုစားတဲ့ ဟင်းတွေမှာ ကြက်သွန်မပါတဲ့ဟင်း မရှိသလောက်ပဲ။ ကြက်သွန်တို့၊ အာလူးတို့ နယ်ကျဉ်းနေတာ ဒီနိုင်ငံအနှံ့ စိုက်နိုင်တဲ့ နေရာတွေမှာ ရှာဖွေပြီး တစ်ဆက်တည်း စိုက်ခင်းကြီးတွေ စီမံ ချက်ချပြီး စိုက်ကြကွာ"

ဟု လမ်းညွှန်မိန့်ကြားပါသည်။

ဤနေရာတွင် ကြားညှပ်၍ ကျွန်တော်၏ စိုက်ပျိုးရေး အတွေ့အကြုံလေးကို ဖြတ်၍ တင်ပြလိုပါသည်။

၂၀၀၀ ပြည့်နှစ် နှစ်စက ဗိုလ်ချုပ်မှူးကြီးက ကြက် သွန်နီနှင့် အာလူးစိုက်ရန် မှာသွား၏။

ကျွန်တော်လည်း မဆိုင်းမတွ ကြက်သွန်နီနှင့် အာလူး စိုက်ပျိုးရေးများကို စာအုပ်စာတမ်းများ ရှာဖတ်သည်။ ထို့နောက် စိုက်မည့်သူများကို လူလွှတ်ပြီး အခေါ်လွှတ်သည်။ ကြက်သွန်နီ အတွက် မိတ္ထီလာ၊ မြင်းခြံနှင့် ပခုက္ကူဘက်က ကြက်သွန်နီ ကျွမ်းကျင်သူများကို အခေါ်ခိုင်း၏။ လူလေးငါးဆယ်ခေါ်လာပြီး တမင်းကျွေး၊ လစာပေးကာ နေရာချထားပြီး ကြက်သွန်နီ စိုက် ခိုင်းပါသည်။

အလားတူပင် အာလူးစိုက်ပျိုးရေးအတွက် မကွေးက လူ တွေ သွားခေါ်ခိုင်းသည်။ ပါလာသည်။ သဲအာလူး စိုက်စေသည်။

ဖြစ်ပါသလား။ ဖြစ်တော့ ဖြစ်လာပါသည်။ သို့ရာတွင် အားလုံးကတော့ အလုံးသေးသေးသာ ဖြစ်လာ၏။ အကြောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အောက်ပါအကြောင်းများကြောင့် ဖြစ်၏။

(က) မြေအမျိုးအစား မတူခြင်း၊

(ခ) သုတေသနမလုပ်နိုင်ဘဲ အလေ့သုံးဆယ် စိုက်ပျိုးလိုက်မိခြင်း၊

(ဂ) ကြက်သွန်နှင့်အာလူး ဖျက်သည့်ပိုးများ မသတ်နိုင်ခြင်း၊

(ဃ) ကျွန်တော်တို့ကိုယ်တိုင် ထိုသီးနှံများ စိုက်ပျိုးမှုကို နား မလည်ကြခြင်း

စသည်တို့ ဖြစ်ကြပါ၏။

တစ်ခုချင်း ပြောရမည်ဆိုက ...

ကြက်သွန်နီသည် မြေပွတာကို ကြိုက်၏။ ကျွန်တော်တို့ ဥတိုမှာ မြေပွတာ မရှိပါ။ ကြက်သွန်နီစိုက်ဖို့အရေး မြေပြင်နေတာနဲ့ မပြီးတော့ပါ။ စိုက်ပြန်တော့လည်း သီးနှံနှင့်မြေ သဟဇာတမဖြစ်ပါ။ နည်းမျိုးစုံ ကြိုးစားလိုက်မှ လောက်စာလုံးသာသာ ကြက်သွန်နီများ ထွက်လာတော့၏။ ဥသေးသေးလေးတွေ ဖြစ်၏။ တကယ်တော့ သူ့မြေ၊ သူ့ရေနှင့် သူ့နည်းနာရှိပါသည်။ ဒါကို အချိန်ယူလေ့လာပြီး သေချာမှစိုက်ရပါသည်။ ကျွန်တော်တို့က လူကြီးပြောတာနဲ့ လုပ်ဟ ... လုပ်ဟာနှင့် ထလုပ်လိုက်ရာ ရလဒ်မကောင်း ဖြစ်သွား၏။

အလားတူပင် အာလူးလည်း ဒီအတိုင်းပါပင်။ သဲတော ထဲစိုက်ရခဲ့ သဲအာလူးအား မြေနက်တွင် သွားစိုက်ရာ သဲတော့ ရောတော့ရောပါသည်။ အမျိုးအဆ မမှန်းနိုင်ပါ။ အာလူးလေးတွေ သီးလာ ဥလာတော့ သူလည်း ဖန်ဂေါ်လီသာသာ အာလူးများ ဖြစ်ကုန်တော့သည်။ သိပ်ထွား မလာခဲ့ပါ။ ဒါလည်း သုတေသန နှစ်နှစ်၊ သုံးနှစ်ခန့် လုပ်ပြီးမှ စိုက်ရပါမည်၊ မြေအမျိုးမျိုးတွင်





စမ်းသပ်ကြည့်ရမည်။ အချိန်မပေးနိုင်ပါ။ ကမန်းကတန်း ထလုပ်မိကြရာ မှန်းချက်နှင့် နှမ်းထွက် မကိုက်ဖြစ်ခဲ့ရပါသည်။

နောက်တစ်ကြိမ် ဗိုလ်ချုပ်မှူးကြီးလာကြည့်တော့ UDO ထွက် ကြက်သွန်နီနဲ့ အာလူးများ ပြခိုင်းသည်။

ကျွန်တော်က ဗန်းများဖြင့် နမူနာပြင်ဆင်ပြီး မြို့တော်ဝန်ကြီးအား တစ်ရက် နှစ်ရက် ကြိုပြသည်။

မြို့တော်ဝန်ကြီးက ...

"ခင်ဗျားအာလူးနဲ့ ကြက်သွန်က အလုံးသေးတယ်ဗျာ။ ပြလို့ ကောင်းပါ့မလား"

"ကောင်းပါတယ်ခင်ဗျာ။ နည်းနည်းကြီးအောင် လုပ်လို့ ရပါတယ်ခင်ဗျ"

"ဗျာ"

"ဟုတ်ကဲ့။ ပြတဲ့အခါ ကြီးလာအောင် ကျွန်တော် လုပ်လိုက်ပါ့မယ်"

မြို့တော်ဝန်ကြီးက ဘာမှမပြောဘဲ ငြိမ်သွား၏။

ဤသို့ဖြင့် နောက်တစ်ရက် နှစ်ရက်အကြာတွင် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ ရောက်လာသောအခါ ကျွန်တော့် စိုက်ကွင်းထွက် ကြက်သွန်နှင့် အာလူးများမှာ ဘိုးဘိုးအောင် တန်ခိုးနှင့် နှစ်ဆ တိုးပြီး အလုံးများ ကြီးသွားကြပါသည် ခင်ဗျာ။ နည်းနည်းမျက်နှာ ပန်းလှသွားသဖြင့် အပြောအဆိုတော့ လွတ်သွားခဲ့ပါသည်။

ကဲ ... စာရှုသူများခင်ဗျား ကျွန်တော့်ရဲ့ နှစ်ဆ တိုးတဲ့နည်း၊ ကြီးသွားတဲ့နည်းကို သိချင်ရင်တော့ လူ ကိုယ်တိုင် တွေ့တဲ့အခါများမှာ မေးပါခင်ဗျာ။ လုပ်နည်းကို ပြောပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဂါထာမန်းလိုက်ခြင်းပါ။ ကျွန်တော့်ဂါထာကို စာထဲတော့ ထည့်မရေးတော့ပါ။

ထည့်ရေးလိုက်ရင် ဂါထာ လူတိုင်းပေးရင် တေး မြို့ သွားမှာပေါ့ခင်ဗျာ။

❖ ❖ ❖





## ဗိုလ်ချုပ်မှူးကြီး နှင့် အမှတ်တရလေးတစ်ခု

၂၀၀၁ ခုနှစ်ကဟု ထင်ပါသည်။ ကျွန်တော် မြို့တော်ခန်းမမှာ ရုံးတက်နေစဉ် တစ်ခုသော နေ့လယ် ထမင်းစားပြီး ချိန်ဖြစ်၏။

"ဗိုလ်မှူးသောင်းဝေ ... ခဏ လာခဲ့ဦးဗျာ"

မြို့တော်ဝန် ဗိုလ်မှူးကြီးကိုလေးက ဖုန်းဆက်ခေါ်သဖြင့် မြို့တော်ဝန်ရုံးသို့ အပြေးအလွှားသွားခဲ့သည်။

ရုံးခန်း၌

တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြည်ဝင်း၊

ကော်မတီဝင် (၃) ဗိုလ်မှူးကြီးအောင်စိုးတို့ ရောက်နှင့်နေ၏။

ကျွန်တော် ရောက်သွားတော့ အားလုံးသုံးယောက် ဖြစ်သွားသည်။

"ကဲ ... ဗိုလ်ချုပ်မှူးကြီးက အခုလာခဲ့ကြလို့ ခေါ်နေတယ်။ ဗိုလ်မှူးကြီးမြင့်အောင်က လုပ်ငန်းစစ် သွားနေတယ်။ ကျွန်တော်တို့လေးယောက်ပဲ သွားကြရအောင်။ ဗိုလ်မှူးကြီး တင်စိုး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း တွဲတေးငါးကန်တွေဘက် ရောက်နေတယ်ဗျာ''

ကျွန်တော်တို့လေးဦး စစ်ရုံးသို့ မြို့တော်ဝန်ကြီး၏ Lan Rover Discovery ကားစိမ်းလေးနှင့် ထွက်ခဲ့ကြ၏။

စစ်ရုံးရောက်တော့ အောက်ထပ်အဝ၌ ဗိုလ်မှူးကြ လုအောင်သိန်းက စောင့်ကြိုနေ၏။

''မြို့တော်ဝန်ကြီးခင်ဗျား အဘကြီး အောက်ထပ် ခန်းမမှာ တစ်ယောက်တည်း ရှိနေပါတယ်ခင်ဗျ''

''ဟေ''

ကျွန်တော်တို့လေးယောက် ခပ်သုတ်သုတ် ဝင်သွားကြ သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရုံးအောက်ထပ် စည် ဝေးခန်းမထဲ၌ တစ်ယောက်တည်း ငူငူကြီးထိုင်နေ၏။

ကျွန်တော်တို့ကို တွေ့သည်နှင့် ...

''အေး ... ထိုင်ကြကွ''

''ဟေ့ ... မြို့ကတော်ဝန် ငါ အခု တောင်ဒဂုံက ပြ လာတာကွ။ မင်းဟာကွာ လမ်းတွေက လုံးဝမကောင်းပါလားကွ ငါ့ကားလေး မောင်းတာတောင် တဒုံးဒုံး တဒိုင်းဒိုင်းနဲ့ အသည်းတွေ အူတွေတောင် တုန်နေလား မသိဘူး။ အဲဒါ မင်းသွားကြည့်။ သွာ ပြီး အမြန်ပြင်ကွာ။ ပြင်ပြီးရင် ငါ့ပြော။ ငါ သွားကြည့်ဦးမယ်''

''ဟုတ်ကဲ့ပါခင်ဗျာ။ ဟုတ်ကဲ့ပါခင်ဗျ။ အခု သွားပါ့မယ် ခင်ဗျ။ ကျွန်တော်တို့လေးယောက်လုံး အခု သွားကြည့်ပါမယ်ခင်ဗျ''

မြို့တော်ဝန် ဦးကိုလေးသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အဖေလို ဆရာလို လေးစားချစ်ခင်သူဖြစ်၏။ ဗိုလ်ချုပ်မှူးကြ





သန်းရွှေ၏ ပါးစပ်မှ ထွက်လာသမျှ သူ့အတွက် Mandate သာ ဖြစ်၏။

သူသည် တကယ့် ရဲရဲနီသူသာတည်း။

ကျွန်တော်တို့လေးဦးသား အပြေးအလွှား စစ်ရုံးက ထွက် ကြသည်။ အလေးပြုပြီးထွက်လာကြတော့ ဗိုလ်ချုပ်မှူးကြီးကား အလာတုန်းကလို ငူငူကြီး တစ်ယောက်တည်း ထိုင်ကျန်ခဲ့၏။

ထွက်ခါနီးမှာ ဗိုလ်ချုပ်ဝင်းလှိုင်ရောက်လာပြီး ...

''ဦးကိုလေး ... ကြည့်လုပ် ကြည့်လုပ်။ ဘိုးတော်ကြီး ရာသီဥတု သိပ်မကောင်းဘူး''ဟု ပြောလာသည်။

ကျွန်တော်တို့ ထွက်သွားမှ ...

''စည်ပင်သာယာက တရားခံတွေသွားပြီ''

ဟု နောက်သလိုလို ပြောင်သလိုလိုဖြင့် ဗိုလ်ချုပ်မှူးကြီး ကြားအောင် ပြောလိုက်ပါသေးသည်။ ထိုအခါ၌ ဗိုလ်ချုပ်မှူးကြီးက ရယ်နည်းပြုံးသွားသည်ဟု နောင်အခါတွင် ကြားသိရပါသည်။

ကျွန်တော်တို့လေးယောက် တောင်ဒဂုံနဲ့ မြောက်ဒဂုံကြား လမ်းတွေ ရောက်တော့ ဟုတ်တာပေါ့ခင်ဗျာ။ လမ်းတွေက ကောင်း မှမကောင်းဘဲ။ အပေါက်အပြဲတွေက အများကြီး။ တချို့ ကျင်းချိုင့် တွေဆို လူတစ်ယောက်ဝင်ပြီး အိပ်၍ရလောက်နိုင်၏။ အတော် ဆိုးပါသည်။

''ပြောလောက်စရာပဲဗျာ။ လမ်းတွေက ကောင်းမှ မကောင်း ပဲ။ လမ်းတံတားဌာနကလည်း ကျွန်တော့်ကို မပြောဘူးဗျ''

''ဟိုရောက်ရင်တော့ ဗိုလ်မှူးကြီးမြင့်အောင်နဲ့ ဗိုလ်ကြီး ဟိုငွေး ခေါ်ဗျာ။ ချက်ချင်းပြင်ရမယ်''



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ရန်ကုန်မှာ လမ်းတွေပြင်မည်ဆိုက ပြင်စရာ တွေက တစ်မြို့လုံးနီးပါး ဖြစ်ပါ၏။ ဒါအပြင် မြို့တော်စည်ပင်၏ ဝင်ငွေတစ်ဝက်ကို လမ်းတံတားဌာနမှ သုံးနေခြင်း ဖြစ်ပါသည်။ ပြင်လို့ကို မနိုင်နိုင်ပါ။ ပျက်အစဉ် ပြင်ခဏဆိုသလို လမ်းတွေ ကလည်း **Quality** မမီတာ များပါသည်။ ပျက်ရင် အမြဲပျက်နေ တော့၏။ ပြင်ရင်တော့ ခဏသာ။ ထို့ကြောင့် **Y.C.D.C** မှ အခြား ဌာနဆိုင်ရာ ဝန်ထမ်းများက လမ်းတံတားဌာနမှ ဝန်ထမ်းများအား မထိတထိ စကြသည်။

"မင်းတို့လမ်းတံတားဌာနကတော့ ပျက်အစဉ် ပြင်ခဏ ပါပဲကွာ"

ဟုဆိုလေသည်။

ဤသို့ဖြင့် ပြူးတူးပျာတာနှင့် လမ်းတံတားဌာနမှူး ဗိုလ်မှူး ကြီးဘိုဌေး၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်တို့ ဦးဆောင်ပြီး တောင်ဒဂုံနှင့် မြောက်ဒဂုံကြားလမ်းများကို နေ့မီး ညမီးဖြင့် ပြင်ကြ လေတော့သည်။ တစ်ပတ်ခန့်အတွင်း အားလုံးပြီးသွားတော့၏။

ထိုအခါကျမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ခေါ်ပြကြသည်။

ဗိုလ်ချုပ်မှူးကြီးက ...

"အင်း ... အင်း ... မင်းတို့ တခြားလမ်းတွေလည်း အခုလို ကောင်းအောင်လုပ်ကြဦးကွာ"

"မကောင်းရင် ပြောစရာဖြစ်မယ်ကွ။ ငါ တိုင်းမှူးတုန်းက ဧရာဝတီတိုင်းက စက်လှေတွေ၊ မော်တော်တွေနဲ့ပဲ သွားနေရတာ အခု ငါ လူကြီးဖြစ်တော့ ဧရာဝတီတိုင်း တစ်တိုင်းလုံး ကားသွား ရအောင် လုပ်ပေးနေတယ်။ အဓိကတော့ ရန်ကုန်နဲ့ ပုသိမ်လေကွာ"





"မင်းတို့ **Y.C.D.C** က ငါ့ကွပ်ကဲမှုအောက်မှာ တိုက်ရိုက် ရှိတယ်ကွ။ ငါဖြစ်ချင်တာ ဖြစ်အောင် လုပ်ပေး။ ငါ့နာမည် မဖျက် ကြနဲ့ကွ။ ဒါတွေက ဒီလောက်နဲ့ ပြီးမှာမဟုတ်ဘူး။ ကောင်းတာ ရော မကောင်းတာရော နောက်ကျရင် သမိုင်းမှာ ကျန်ရစ်ခဲ့မှာ ဟကောင်ရေ"

ဗိုလ်ချုပ်မှူးကြီးက တောင်ဒဂုံနဲ့ မြောက်ဒဂုံလမ်းများကို ပြင်အပြီး သူ လာစစ်သည်။ လာကြည့်သည်။

လာကြည့်အပြီး၌ အထက်ပါအတိုင်း ပြောခဲ့သည်။

ဒါနဲ့တစ်ဆက်တည်း ပါရမီလမ်းပြင်တဲ့ကိစ္စလေးကို ကျွန်တော် သိသလို ပြောဆိုပါမည်။

ရန်ကုန်တွင်မြောက်ဘက် ငမိုးရိပ်ချောင်းမှ တောင်ဘက် လှိုင်မြစ်အထိပေါက်သော တစ်ခုတည်းသောလမ်းမှာ ပါရမီလမ်း ဖြစ်ပါ၏။

ပါရမီလမ်း၏ မြောက်ဘက်အစသည် တောင်ဒဂုံနှင့် တောင်ဥက္ကလာအစပ် ဘေလီတံတားမှ စသည်။ ဘေလီတံတား အောက်တွင် ငမိုးရိပ်ချောင်းကြီး ရှိသည်။

ထိုနေရာမှ တောင်ဘက်သို့သွားသော် ကမ္ဘာအေးစေတီ လမ်းသို့ ရောက်သွားသည်။ ကမ္ဘာအေးစေတီဘက်မှ ဒီအိုင်ဝင်းနှင့် အဒီလမ်းများကို ဖြတ်၍ ပြည်လမ်းကို ရောက်သည်။ ပြည်လမ်းမှ လှိုင်ကောလိပ် **Estate** ကို ဖြတ်၍ အင်းစိန်လမ်းကို ရောက်သည်။ အင်းစိန်လမ်းမှ တောင်ဘက်အစွန်ဆုံး ဘုရင့်နောင်လမ်းမကြီးကို ရောက်သည်။ ဘုရင့်နောင်လမ်းမကြီး၏ ဟိုမှာဘက်တွင်ကား လှိုင်မြစ်ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤလမ်းတစ်ခုတည်းသာ ငမိုးရိပ်ချောင်းမှ လှိုင်မြစ်အထ ပေါက်သည့်လမ်း ဖြစ်၏။

ကျန်တဲ့နေရာတွေကတော့ ပြဿနာမရှိ။

ပြည်လမ်းနှင့် ကမ္ဘာအေးစေတီလမ်းကြား လမ်းချဲ့တော ပြဿနာဖြစ်သည်။ ထိုနေရာက ယခင်နိုင်ငံတော် အကြီးအက ဦးနေဝင်း၏အိမ်နှင့် ကပ်နေသည်။ နေတဲ့သူတွေက သူနဲ့ မကင်းရ မကင်းကြောင်းတွေ။ မြန်မာ့အသံ **BBS Burma Brodcasti** **Service** မှ ဒေါ်နီနီနေဝင်းတို့လည်း နေနေကြသည်။ ထို့ကြေ မြို့တော်ဝန် ဗိုလ်မှူးကြီး ကိုလေးက အားနာပါးနာနှင့် ထိုနေရာ ဗိုလ်ချုပ်မှူးကြီး မှာသည့် **Four Lane** အစား **Two Lane** သ လုပ်ခဲ့၏။

ဒါကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သိတော့ ...

“ဟေ့ ... မြို့တော်ဝန် မင်းက ဘုရားဖြစ်မယ့်ကော ကရုဏာရှင်ကြီး မေတ္တာရှင်ကြီး။ သိပ်သနားနေတာပေါ့လေ ဟေ့ကောင်ရဲ့ ... လိုအပ်လို့လုပ်တာကွ။ ဘာမှ သနားစရာ အားနာစရာမရှိဘူး။ ကဲ ... ငါပါ မင်းနဲ့လိုက်မယ်။ သွားမယ် လာ”

ပြည်လမ်းနှင့် ကမ္ဘာအေးစေတီလမ်းကြားသည် ယခင် **One Lane** သာရှိ၏။ သုံးဘီးကားလေးသာ သွား၍ ရသည်။ ယ **Four Lane** လုပ်ရမည်ဆိုတော့ အိမ်အတော်များများ အဖျက်ခံ လျော်ကြေးတော့ ပေးပါသည်။ မြေလိုချင်က မြေ၊ ငွေလိုချင် ငွေပေးသည်။ ကာလပေါက်ဈေး ဟုတ်,မဟုတ်တော့ မသိ ခင်ဗျာ။





ဤသို့ဖြင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် သူ့ ကားပေါ်တွင် မြို့တော်ဝန်ဦးကိုလေးအား တင်ခေါ်သွားပြီး ဒါဖျက်၊ ဒါဖျက်၊ ဒါဖျက် ဟု လက်ညှိုးထိုးကာ အမိန့်ပေးတော့သည်။ ပြီးတော့မှ စော်ဘွား ကြီးကုန်းအနီးရှိ မင်းဓမ္မကုန်းဘက်သို့ ဖောက်ထွက်သွားတော့၏။

ဤသို့ဖြင့် ပါရမီလမ်းသည် မင်းအာဏာဖြင့် လေးလမ်းသွား ကတ္တရာလမ်းကြီး ဖြစ်ခဲ့ရပါသည်။ အတော်များများ မကျေနပ် သူတွေကတော့ ရှိကြ၏။ သို့ရာတွင် ယခုလို ကားတွေ အလွန်ကြပ် နေသည့်ကာလ၌ ငမိုးရိပ်ချောင်းမှ လှိုင်မြစ်အထိ တောက်လျှောက် ပေါက်သည့် လမ်းမကြီးသည် အလွန်အရေးပါသည့်လမ်းဖြစ်၏။ ထိုလမ်းအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဖောက်လုပ်ခဲ့ သည့်လမ်းဖြစ်ကြောင်း သိသူတွေရှိချင်မှ ရှိပါလိမ့်မည်။

မသိသူတွေအတွက် သိအောင် ဤနောက်ဆက်တွဲ ကလေးကို ရေးလိုက်ရခြင်း ဖြစ်ကြောင်းပါခင်ဗျား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော်သိသော အခွန်လွတ်ဈေးများအကြောင်း

ကျွန်တော် တာဝန်မှ အနားမယူမီ တစ်နှစ်၊ နှစ်နှစ် အခွန်လွတ်ဈေးတွေ ပေါ်လာ၏။

ဈေးကောက် မကောက်ရ၊
ဆိုင်ခန်းတွေ အပိုင်မပေးရ၊
ဦးရာလူ ရောင်းနိုင်တဲ့စနစ်၊
ဈေးက ဈေးကောက် မကောက်တဲ့ အခွန်လွတ်ဈေး
ရောင်းရမှာက အဓိက ဟင်းသီးဟင်းရွက်တွေ။

တစ်စည်း တစ်ရာကျပ်တန်။ အဓိကမှာ အောက်ခြေ လူတန်းစားများ အလွယ်တကူ ပေါပေါလောလော ဝယ် စားသုံးနိုင်ရေးဖြစ်၏။

**Y.C.D.C** မှာ ရန်ကုန်အနှံ့ အခွန်လွတ်ဈေးများ ဖွင့် သည်။ ရောင်းချင်သူတွေကို လာပြီး ရောင်းနိုင်းသည်။ အစကတော့ ဟုတ်သလိုလိုပါ။ သို့ရာတွင် လအနည်းငယ်အတွင်းမှာပင် အခွ လွတ်ဈေးမှာ လာသူမရှိ၊ ဝယ်သူမရှိနှင့် ခြောက်ကပ်သွားရာ နောက် တော့ အလိုလို ပိတ်သိမ်းသွားရတော့၏။





ဤကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော် ငယ်စဉ်က အတွေ့ အကြုံကို ပြောချင်သည်။

လမ်းစဉ်ပါတီခေတ်က ဖြစ်သည်။ ဆိုရှယ်လစ် စီးပွားရေး မအောင်မြင်ဘဲ ကုန်ထုတ်စွမ်းအားစုတွေ ကျဆင်းသဖြင့် တစ်နိုင်ငံ လုံး ချွတ်ခြုံကျသွားတော့၏။ မှောင်ခိုစီးပွားရေးက ကြီးစိုးနေသည်။ ဤဒဏ်ကို ဝန်ထမ်းတွေ ခံကြရ၏။ ကျွန်တော်တို့စစ်တပ်လည်း ပါသည်။

ဒီတော့ ဘာလုပ်တယ်ထင်ပါသလဲ။

"စားလို့ရတာ အကုန်စိုက်၊ စားလို့ရတာ အကုန်မွေး" ဆိုပြီး ဆောင်ပုဒ်တွေနဲ့ တပ်ထဲမှာ စိုက်ပျိုးရေး၊ မွေးမြူရေးတွေ လုပ် နိုင်းသည်။ မိသားစုတိုင်း တစ်ပိုင်တစ်နိုင် စိုက်ကြ မွေးကြရသည်။

အဓိက စီးပွားရေးစနစ်ကိုမပြင်ဘဲ ဖာထေးသည့်စနစ်ကို ကျင့်သုံးခဲ့ရာ အပေါက် အပေါက်ပါပဲ။ ထင်သာမြင်သာအောင် တိုးတက်မှု မရှိခဲ့ပါ။ ကုလားပဲ စားနေကြ ရဲဘော်တွေကို ကုလားပဲ ကောင်းကောင်း မကျွေးနိုင်ခဲ့။ နို့ဆီတောင် မလိုင်မပါတဲ့ နို့ဆီ ကျွေးရသည်။ ဒါက ဈေးပေါပေသကိုး။ အဓိကကျသည့် ရိက္ခာ ဆန်များမှာလည်း ခပ်ညံ့ညံ့ဆန်ကြမ်းများသာ **Issue** ထုတ်ပေး နိုင်ခဲ့၏။

ဒါ့အပြင် နိုင်ငံခြားဝင်ငွေရအောင် ကော်ဖီပင်တွေ စိုက်ကြ ဆို၍ ကော်ဖီပင်တွေ စိုက်ရပြန်သည်။ ကော်ဖီပင်တွေ သီးတော့ အရည်အသွေးမမီသဖြင့် ဝယ်ယူမရှိ။ စိုက်ရတာသာ အဖတ်တင် ၏။ တကယ်တော့ စိုက်မှ မစိုက်တတ်တာ။

တစ်ခါ ကြက် မွေးနိုင်းပြန်သည်။ တပ်တွေက မလုပ်တတ်

www.burmeseclassic.com



မကိုင်တတ်နှင့် ကြက်တွေ အုပ်လိုက် ကြက်နာကျပြီး ပြုတ်ကုန်၏။ ဤသို့ဖြင့် ကျွန်တော်ဆိုလျှင် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဖြစ်ပြီး ကြက်မွေးမြူရေး အရှုံးပေါ်သဖြင့် တိုင်းမှူးရုံး တက်ခဲ့ရသည်။ ရှုံးမှာပေါ့ဗျာ။ ရှေ့တန်းထွက်ပြီး စစ်ချည်းပဲ တိုက်နေရတာ။ ဘယ်မှာလာ တပ်ကို ကြည့်ချိန်ရှိလို့လဲ။ အောက်ကလူတွေနဲ့ ထပ်ကို လွှတ်ပေးထားရတာ။ ရှုံးရတာကလည်း ခေတ်အဆက်ဆက်က လူတွေမွေးထားတာကို ကိုယ်က လက်ခံရတာ။ ကိုယ်က စမွေးရတာ မဟုတ်။ တပ်ပိုင် အများပိုင် ဖြစ်၏။ ပုဂ္ဂလိကပိုင်ဆိုက အောင်မြင်ပါမည်။ အောင်မြင်ပါသည်။

ကျွန်တော် တိုက်ခိုက်ရေးကျောင်းမှာရှိစဉ်က ၂ နှစ်ခန့် ကြက်မွေးခဲ့ရာ အကောင် ၁၀၀ တစ်ပိုင်တစ်နိုင်ဖြစ်၍ အောင်မြင်ခဲ့ပါသည်။ နေ့စဉ် မိသားစု ဈေးဖိုးရခဲ့၏။

နောက် လမ်းစဉ်ပါတီ အစိုးရပြုတ်ကျသွားမှ ဤ ကိစ္စ ရပ်တန်းက ရပ်သွားတော့သည်။

ယခုလည်း အခွန်လွတ်ဈေးမှာ အောက်ခြေလူတန်းစား အတွက် တစ်ရာတန် ဟင်းသီးဟင်းရွက် လွယ်လွယ်ကူကူ ဝယ်၍ရအောင်ဆိုပြီး ဗိုလ်ချုပ်မှူးကြီးမှ စီမံခဲ့တာ ဖြစ်သည်။

သို့ရာတွင် တစ်ရာတန် ဘာမှမရှိပါ။ ယနေ့ ကလေးတွေ မုန့်ဖိုးပေးလျှင်ပင် ၅၀၀ ကျပ်၊ ၁၀၀၀ ကျပ် ပေးနေရသည်။ ကော်ဖီ တစ်ခွက် ၂၀၀၊ ၃၀၀။ မုန့် ဟင်းခါးတစ်ပွဲ ၃၀၀၊ ၄၀၀။ ထမင်းတစ်ပွဲ ၁၀၀၀၊ ၂၀၀၀။ ဘယ်ကလာ တစ်ရာတန် ဈေးဖွင့်လို့ ရမှာလဲ။ အဲဒီဈေးကို ဘယ်သူက စိတ်ဝင်စားမှာလဲ။ ဘယ်သူကလာမှာလဲ။ အဲဒီဈေးတွေသာ မအောင်မြင်တာ။ မြို့နယ်အလိုက် ဖွင့်လိုက်တဲ့





**Shopping Mall** ကြီးတွေ၊ **Super Market** ကြီးတွေ၊ **Hyper Market** ကြီးတွေကတော့ အောင်မြင်နေတာ လူကြိတ်ကြိတ်တိုးနေတာ အများအမြင်ပါပဲ ခင်ဗျာ။

တစ်လက်စတည်းနှင့် ဆက်ပြောပါဦးမည်။

ကြက်ဆူပင် စိုက်ပျိုးရေးပါ။ ဗိုလ်ချုပ်မှူးကြီးက ကြက်ဆူပင် စိုက်ခိုင်းသည်။ အဲဒီက ဆီရရင် ကြိတ်ပြီး ဆီထုတ်မည်။ ပြီးတော့ **Trailer** လေးတွေ ရိပ်သိမ်းခြွေ လှေစက်ကလေးတွေ အဲဒီဆီနဲ့ မောင်းမည်ဆို၏။

အဲဒါနဲ့ ကြက်ဆူပင် စိုက်ကြဟ ...စိုက်ကြဟ ဆိုပြီး အမိန့်နှင့် အတင်းစိုက်ခိုင်းသည်။ ကြက်ဆူပင်တွေ စိုက်ခင်းတွေ မနေရာအနှံ့ပေါ်လာ၏။ ဒါပေမဲ့ ဆီကောင်းကောင်း မထွက်ပါ။ ကြက်ဆူဆီနဲ့မောင်းတဲ့ ယာဉ်ရထားတော့ ကျွန်တော် ယခုထိ မတွေ့ပါ။ ဒီဇယ်၊ ဓာတ်ဆီ၊ အော့တိန်းများနဲ့ မောင်းတဲ့ကား၊ ရထားများသာ တွေ့မိပါသည်။

အပြင်ဗွာနတွေ မလုပ်နိုင်တော့ စစ်တပ်လုပ်ခိုင်းသည်။ ဟုတ်တိ ပတ်တိ မဖြစ်လာပါခင်ဗျာ။ စစ်တပ်မှ မလုပ်နိုင်ရင် ကျန်တဲ့ဌာနတွေဆို ဝေးရောပါပဲ။

တကယ်က **High Technology** အဆင့်မြင့်နည်းပညာ လိုသည် ထင်ပါသည်။ ဒါတွေ မတတ်ဘဲ ကြက်ဆူဆီနဲ့ စက်တွေ မောင်းနိုင်မယ် မထင်ပါခင်ဗျာ။ မောင်းလို့ရရင်ဖြင့် တရုတ်၊ ကုလား၊ ယိုးဒယားတို့ ကြက်ဆူဆီနဲ့ ဒီကား၊ ရထားတွေ မောင်းနေတာ ကြာပေရော့မည်။ မောင်းရရင်လည်း တစ်စီး၊ နှစ်စီး **Demonstration** ပြရုံသာ ရပါလိမ့်မည်။ **Mass** ဒုနဲ့ဒေးနဲ့ **Public** တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



သုံးနိုင်အောင်တော့ ရနိုင်မယ်မထင်ပါ ခင်ဗျား။

ကြက်ဆူပင်စိုက်ပျိုးရေးက ကျွန်တော် Y.C.D.C က အနားယူခါနီးမှာ ဖြစ်သည်။

ကျွန်တော် အနားယူတော့ ကြက်ဆူပင်စိုက်ရသည့် တပည့်များ အိမ်လာလည်ကြ၏။

"ဘယ်လိုလဲ ဟေ့ မင်းတို့ ကြက်ဆူ။ အဆင်ပြေလား"

"အဘရေ ကြက်တွေက ဆူနေပါပြီ။ အဆင်ပြေနေပါပြီ"

"ဟုတ်လား။ ဘယ်စိုက်ခင်းတွေလဲ"

"စိုက်ခင်းတွေမှာ မဟုတ်ဘူး အဘရဲ့။ ညဘက် သိမ်ကြီးဈေးတစ်ဝိုက်မှာခင်ဗျ"

"ခွေးမသားတွေ တိုးတိုးပြော။ အရေးယူခံနေရဦးမယ်"

ဤသို့ဖြင့် ဗိုလ်ချုပ်မှူးကြီး အနားယူသွားပြီးနောက် ကြက်ဆူပင်များမှာလည်း ညှိုးချုံးကာ ဇာတ်လမ်းက တစ်ခန်းရပ်သွားခဲ့ပြန်ပါသည်ခင်ဗျား။

ဤကိစ္စနှင့် ပတ်သက်ပြီး ကွယ်လွန်သူ ဗိုလ်ချုပ်ကြီး စိုးဝင်းက သူ၏ **'မမျှော်လင့်သော ခရီးရှည်'** စာအုပ်၌ အောက်ပါအတိုင်း ရေးသားထားခဲ့သည်ကို တွေ့ရပါသည် ခင်ဗျား။

စာရှုသူများ ဆက်စပ်ဖတ်ရှုနိုင်ပါရန် သူ့စာအုပ်ပါအတိုင်း ကူးယူဖော်ပြအပ်ပါသည်။

❖ ❖ ❖





## ကြက်ဆူပင်ဇာတ်လမ်း

နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ငန်းတစ်ခုခု စီမံကိန်းတစ်ခုခုကို မိမိကိုယ်တိုင် လုပ်ရသည်လည်း ရှိသည်။ လူထုပါဝင်ဖြစ်သော တစ်နိုင်ငံလုံးက ပါဝင်ဆောင်ရွက်ရသည်လည်း ရှိသည်။ စီမံကိန်းချမှတ်ပြီ ဆိုကတည်းက အခြေခံအချက်အလက်များ စုဆောင်းပြီး ဖြစ်သည်။ ပြီးတော့မှ ကိုယ့်လက်ရှိအင်အား လုပ်နိုင်စွမ်းတို့နှင့်ချိန်ကာ စီမံကိန်း ရည်မှန်းချက်တွေ ချရသည်။ များသောအားဖြင့် စီမံကိန်းများမှာ နှစ်တိုစီမံကိန်းများဖြစ်၍ အောင်မြင်မှု၊ မအောင်မြင်မှုကို ချက်ချင်း မြင်တွေ့ကြရသည်။ နှစ်ရှည် စီမံကိန်းများမှာမူ အချိန်လည်း စောင့်ရ၏။ အရာရာကို အခြေခံကနေစ၍ တည်ဆောက်ရသည်။ ကျွန်တော်တို့နိုင်ငံတွင် အောင်မြင်သော စီမံကိန်း များစွာရှိသကဲ့သို့ မအောင်မြင်သော စီမံကိန်းများလည်း တော်တော်များများ ရှိပါသည်။ မအောင်မြင်သော စီမံကိန်းများ အနက် ပြောစရာဖြစ်ခဲ့သော စီမံကိန်းမှာ ကြက်ဆူပင်စိုက်ပျိုးရေး စီမံကိန်းဖြစ်သည်။

၂၀၀၃ ခုနှစ်လောက်ကစ၍ ကမ္ဘာ့ရေနံစိမ်းဈေးသည်



www.burmeseclassic.com

www.burmeseclassic.com



တရိပ်ရိပ် တက်လာခဲ့သည်။ ၂၀၀၃ ခုနှစ် မတ်လဆန်းက တစ်စည်လျှင် ဒေါ်လာ ၂၀ သာသာ ရှိသော ရေနံစိမ်းဈေးသည် ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် ဈေးက နှစ်ဆဖြစ်လာခဲ့သည်။ နောက်နှစ် ၂၀၀၅ ခုနှစ်တွင် စက်တင်ဘာလတွင် တစ်စည်ကို ဒေါ်လာ ၆၀ ဖြစ်လာသည်။ ရှေ့လျှောက်တွင်လည်း တောက်လျှောက်တက်မည့်သဘောရှိနေသည့် ကမ္ဘာ့ရေနံကျွမ်းကျင်သူတို့က ဤနှုန်းအတိုင်း ဆက်သွားလျှင် ၂၀၀၇ ခုနှစ်တွင် တစ်စည်ကို ဒေါ်လာ ၁၀၀ နှုန်းထိ အများဆုံး ဒေါ်လာ ၁၅၀ အထိ ဆက်လက်ဈေးတက်သွားနိုင်သည်ဟု ခန့်မှန်းကြသည်။

ကျွန်တော်တို့ နိုင်ငံအနေနှင့် လောင်စာဆီ လုံလောက်မှုမရှိသောကြောင့် ပြင်ပနိုင်ငံများမှ ဝယ်သုံးရသည့် အခြေအနေတွင်ပင်ရှိသေးရာ လက်ရှိ ကမ္ဘာ့ရေနံ အကျပ်အတည်းကြောင့် ပြည်တွင်း၌ အစားထိုးလောင်စာ အသုံးချနိုင်ရေးအတွက် စဉ်းစားရတော့သည်။ ကျွမ်းကျင်သူတို့၏ ခန့်မှန်းချက်အတိုင်း ဖြစ်လာခဲ့မည်ဆိုပါက ကျွန်တော်တို့အနေဖြင့် ရင်ဆိုင်ရန် ရွေးစရာလမ်းများကို ကြိုတင် စဉ်းစားကြရတော့သည်။ တစ်ကမ္ဘာလုံးကလည်း ရေနံစွမ်းအင်အစား အခြားအစားထိုးလောင်စာ စွမ်းအင်ကို တစ်ချိန်တည်းမှာ သုတေသနပြုနေကြသည်။ ပြဿနာက အစားထိုးလောင်စာဆိုသည်မှာလည်း ချက်ချင်း လက်ငင်း ထုတ်ယူလို့ရသည့်ကိစ္စ မဟုတ်သောကြောင့် အချိန်စောင့်ရသည်။ ကျွန်တော်တို့မှာ စက်သုံးဆီအခက်အခဲအတွက် စီအင်န်ဂျီ၊ ဘိုင်အိုဒီဇယ်၊ အီသနော စသည်များ၏ ဖြစ်နိုင်ချေ ဆန်းစစ်ရသည်။

အဖြစ်နိုင်ဆုံး လောလောဆယ်ဆယ် အကောင်အထည်





ဖော်နိုင်သောလုပ်ငန်းမှာ စီအင်န်ဂျီ အသုံးပြုနိုင်ရေးဖြစ်သည်။ ခရီးသွားလာရေးအတွက် မော်တော်ယာဉ်များတွင် အသုံးပြုနိုင်ရန် စီအင်န်ဂျီအလုံလောက် ရနိုင်သည်။ ပြီးတော့ ကုန်ကျစရိတ်ကလည်း အတော်လေး သက်သာသည်။ ကမ်းလွန်သဘာဝဓာတ်ငွေ့လုပ်ငန်းက ရရှိသော ဓာတ်ငွေ့များကို တစ်ဖက်တစ်လမ်းက ကျွန်တော်တို့ အသုံးချနိုင်မည်ဖြစ်သည်။ စီအင်န်ဂျီကို ရန်ကုန်မြို့ရှိ အငှားယာဉ်များ ခရီးသည်တင်ယာဉ်များတွင် အသုံးပြုနိုင်ရေးအတွက် တွက်ချက်လုပ်ဆောင်ပေးနိုင်ခဲ့သည့် စီအင်န်ဂျီ အသုံးပြုနိုင်ရန်အတွက် ပြည်သူလူထုအားလုံး ပါဝင်လုပ်ဆောင်စရာမလိုဘဲ နိုင်ငံတော်ကပင် ဦးဆောင်ပြီး လုပ်ခဲ့သောကြောင့် အပေါ်ယံကြည့်ခြင်းအားဖြင့် အောင်မြင်ခဲ့သည်။

နောင်တွင်လည်း ထိုအရှိန်ကို ထိန်းသိမ်းသွားနိုင်ပါလိမ့်မည်။ သို့သော် ကျွန်တော်တို့သည် စီအင်န်ဂျီနည်းပညာကို ယခုထက် ပိုမိုကောင်းမွန်သည့်စနစ်များ အထူးသဖြင့် ဖြန့်ချိရောင်းချရေးစနစ်ကို တိုးချဲ့ခြင်း မပြုနိုင်ဘဲ ရန်ကုန်မြို့ကတော်တွင်သာ အဆင်ပြေအောင် လုပ်နိုင်ခဲ့သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆက်လက် အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပါ။ အကြောင်းရင်းကတော့ အမျိုးမျိုးရှိပါသည်။ အဓိကအကြောင်းရင်းကတော့ လိုအပ်သလောက် စီအင်န်ဂျီကို ထုတ်လုပ်ရာဒေသမှ ရန်ကုန်ရောက်အောင် ပေးပို့ရာတွင် ဖြစ်ပေါ်နေသော အခက်အခဲများနှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကြောင့်ဆိုသော အချက်လည်း အကြောင်းရင်းအဖြစ် ပါဝင်ပါသည်။

အဆိုပါ ရေနံဈေးနှုန်း တက်ရိပ်ရှိသော အခြေအနေများ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင် ကြက်ဆူခံစီမံကိန်းကို အကောင်အထည်ဖော်ဖြစ်ခဲ့ခြ ဖြစ်သည်။ ကျွန်တော်တို့တွေသည် ကမ္ဘာ့ရေနံကျွမ်းကျင်သူတွေ သုံးသပ်ချက်အမျိုးမျိုးကို လေ့လာကြည့်ကြသည်။ ရေနံပြဿန သည့် ရှေးကလည်း တွေ့ခဲ့ဖူး ကြုံခဲ့ဖူး၊ ယခုလည်း ကြုံနေ ဆုံနေ နောင်လည်း ယခုလို ပြဿနာမျိုး ဆုံရမည့်အနေအထားများကြော တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ရေနံစွမ်းအင်အပေါ် မှီခိုနေရခြင် လျှော့ချရန် အစားထိုးလောင်စာများ ကြံဆလာကြသည်က တွေ့ရသည်။ အစားထိုးလောင်စာ စွမ်းအင်ဖြင့် အောင်မြင်နေသေ နိုင်ငံများတွင် တစ်နိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံအနေအထား ကြည့်ပြီး ကျွန်တော်တို့နိုင်ငံတွင်လည်း ကြက်ဆူကို အစားထိ လောင်စာအဖြစ် အသုံးပြုရန် စဉ်းစားခဲ့ကြသည်။ ကြက်ဆူဆိုတ အခြေခံအားဖြင့် သုဘာဝသာသူကို အလေ့ကျပေါက်သည့်အပ မျိုးဖြစ်ပြီး စိုက်ပျိုးရတာလည်းလွယ်ကူပြီး သိပ်ပြီး ဂရုစိုက်စရ လည်း မလိုပါ။ ထို့ကြောင့် ကြက်ဆူစိုက်ပြီး ကြက်ဆူဆီမှတစ်ဆ ဘိုင်အိုဒီဇယ်ထုတ်ရန် စီမံချက်ချ လုပ်ဆောင်ခဲ့ကြသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြက်ဆူပင် မစိုက်ခ ကြက်ဆူဆီမှတစ်ဆင့် ဘိုင်အိုဒီဇယ်ထုတ်ခြင်းကို ရန်ကုန် စက် ဖုန်များတွင်ရော အမှတ် (၂)၊ (၁) စက်မှုဝန်ကြီးဌာနများတွင် စမ်းသပ်ခဲ့ကြသည်။ အမှန်တော့ ကျွန်တော်တို့ စက်မှုလုပ် များတွင် ကြက်ဆူသည် မစိမ်းပါ။ စီးပွားဖြစ် စိုက်ပျိုးရေးကိုသ သတ်သတ်မှတ်မှတ် မလုပ်ခဲ့ကြသော်လည်း စက်မှုသုံးကုန်ကြ တစ်မျိုးဖြစ် သည်။ အဓိကအားဖြင့် ဆေးဝါးထုတ်လုပ်ရေးလုပ် နှင့် ဆပ်ပြာချက်လုပ်ငန်းများတွင် အသုံးပြုသည်။ မြန်မာနိုင်ငံတွ





ကြက်ဆူပင် စိုက်ပျိုးရေး စီမံကိန်းတွေကို ပါလီမန်အစိုးရ လက်ထက်ကတည်းက စခဲ့သည်။ မော်ဘီတွင် ဂျပန်နှင့်တွဲ၍ ကြက်ဆူဆီ ထုတ်လုပ်ရေးစက်ရုံပင် တည်ခဲ့ဖူးသည်။ သို့သော် ထိုအချိန်က တောင်သူတို့မှာ ကြက်ဆူထက် ပို၍တွက်ချေကိုက်သော ပါ၊ကိုသာ ဖိစိုက်ခဲ့ကြသဖြင့် ကြက်ဆူဇာတ်လမ်းသည် ၁၉၆၀၊ ၇၀ ကာလမှာကတည်းက နိဂုံးတံသွားခဲ့လေသည်။

ယခုတစ်ခါတွင်တော့ ခေတ်အခြေအနေအရ ကျွန်တော် တို့က စက်သုံးဆီအဖြစ် ပြောင်းလဲအသုံးပြုရန် ကြိုးပမ်းကြသည်။ ကြက်ဆူဆီမှ ထုတ်လုပ်သော လောင်စာဆီသည် တစ်လုံးထိုး အင်ဂျင်များအတွက် အတော်ကလေး အသုံးတည့်သည်။ တကယ် တော့ ကြက်ဆူဆီကို တိုက်ရိုက် ဘိုင်အိုဒီဇယ်ဆီတွင် ကတ္တရာပါ နေသေးသည့်အတွက် လက်ရှိအသုံးပြုနေသော ဒီဇယ်အဆင့် တန်းကို ရောက်အောင် ပြုတ်ရသေးသည်။ ကတ္တရာ ပါဝင်မှု လျှော့ချရန် အီသနောကို သုံးရသည်။ အီသနောရရန်အတွက်လည်း ကြံစိုက်ရသေးသည်။ တကယ်တော့ ကြက်ဆူဆီကနေ ဘိုင်အို ဒီဇယ်လုပ်ဖို့ အဆင့် **Process** တွေက များသည်။

ဤနေရာတွင် ပြဿနာတစ်ခုရှိလာရန်မှာ တစ်နိုင်ငံလုံး ဒီဇယ်အသုံးပမာဏအတွက် စိုက်ပျိုးရမည့် ကြက်ဆူစိုက်ပျိုးမှုပမာဏ ဖြစ်သည်။ အတော်ကလေး ကြီးမားသော ပမာဏဖြစ်သည်။ တိုင်း၊တစ်တိုင်းကို ဧက ပျမ်းမျှ ငါးသိန်းအထိ စိုက်ပျိုးရန်အတွက် ကြက်ဆူပင်မျိုး လောလောဆယ်တွင် မရှိ။ ကြက်ဆူကို အဲဒီ လောက်အထိ စီးပွားရေးအဖြစ် စိုက်ပျိုးရန် မစိုက်ခဲ့ကြဖူးသောကြောင့် ကြက်ဆူမျိုးက မရှိ။ အချိန်တိုကာလအတွင်း ကြက်ဆူမျိုးရှာနိ



www.burmeseclassic.com

www.burmeseclassic.com



လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနတစ်ခုတည်းသာ မဟု လူထုပါဝင်သော လုပ်ငန်းစဉ်တစ်ခုအဖြစ် အကောင်အထည်ဖေ ကြိုးပမ်းရသည်။ ဝန်ကြီးဌာန အစီအစဉ်ဖြင့်ရော တယက အစီအစဉ်ဖြင့်ပါ ကြက်ဆူပင်စိုက်ပျိုးရေးကို စီမံချက်ချ ဆောင်ခဲ့ကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းက အကွက် ပြီး စိုက်သည်။ တပ်မတော်နှင့် အစိုးရဌာနတွေက မိမိတို့ အစိုးရမြေကွက်တွေများ စိုက်ရသည်။ စိုက်ကြသည်။ တယ အစီအစဉ်ဖြင့်လည်း ရပ်ကွက်များနှင့် လမ်းဘေးပါမကျန် ကြ ဆူပင် စိုက်ကြရသည်။

လောင်စာဆီပြဿနာအတွက် ကြက်ဆူ ပေါပေါများ ရမှဖြစ်မည်ဆိုသည့်အချက်ကို အာရုံစား လုပ်ကိုင်ရသောကြေ စီမံချက် အောင်မြင်ရေးအတွက် တွန်းတွန်းတိုက်တိုက် လု သည့်အခါ ပြဿနာများ ရှိလာသည်။ ပြည်သူပါဝင်သော လုပ် များတွင် သတိထားရမည့်အချက်မှာ ထိုအချက်ဖြစ်သည်။ အ ၏လုပ်ငန်းများ အောင်မြင်ရေးအတွက် ပြည်သူက တစ်သားတ ပါလာအောင် လုပ်ကိုင်နည်းများ များစွာရှိသည့်အနက် ကျွန်ေ တို့က အမိန့်အာဏာသုံး၍ လုပ်ခဲ့ကြသည်။ ထိုသို့လုပ်ကြ သည့်အခါတိုင်း ကြုံတွေ့ရမည့် ပြဿနာများကိုလည်း မျှော်မှ ထားပြီး ဖြစ်သည်။ ကြက်ဆူပင် စိုက်ပျိုးရေးနှင့် ပတ်သက် မကျေနပ်ကြ။ အရပ်စကားနှင့် ပြောရလျှင် အတင်းပြောကြသ အောက်ခြေဝန်ထမ်းများသာ မဟုတ်။ ဝန်ထမ်းအရာရှိကြီးမျ ပါပါသည်။ တချို့ကလည်း ကြက်ဆူပင်စီမံကိန်းမှာ အစိုးရအာဏ တည်မြဲအောင် ယတြာချေခြင်း ဖြစ်သည်ဟုပင် ပြောသူတွေ





ပြာကြသည်။

မြို့ကြီးများတွင် ပြဿနာမပေါ်သော်လည်း နယ်တချို့တွင် သဆိုင်ရာ အာဏာပိုင်တွေနှင့် ရပ်ရွာလူထု ပြဿနာတွေ လာသည်။ ပြည်ပရောက် ဆန့်ကျင်ဘက် အင်အားစုများကလည်း က်ဆူပင်စီမံကိန်းမှာ ဦးနှောက်မရှိသော လုပ်ရပ်တစ်ခုအဖြစ် ပန်ကြသည်။ အစိုးရအနေနှင့်ကတော့ အခြေအနေအရပ်ရပ်ကို မြင်သော်လည်း တကယ်တမ်း လောင်စာဆီရှားပါးလာလျှင် ကြုံတွေ့ရမည့် အခက်အခဲများကို ရင်ဆိုင်နိုင်ရန် အစီအစဉ်ကို က်ပြီး အကောင်အထည်ဖော်ခဲ့သည်။ ထိုအချိန် ထိုအခါ၌ ခြေအနေများအရ တစ်နိုင်ငံလုံးအတိုင်းအတာအရ ချိုကြည့်၍ ဖြစ်မနေလုပ်ရန်ကိုသာ တွန်းအားပေးလုပ်ဆောင်ခဲ့ခြင်း ဖြစ်လေ ည်။

ထိုကဲ့သို့ တွန်းအားပေးနေသည့်ကြားထဲမှပင် ပျိုးပင် က်အခဲကြောင့် ပထမတစ်နှစ်မှာပင် စိုက်ရန် ရည်မှန်းထားသော က်ဧက ၁၀ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးနိုင်ခဲ့သည်။ အောက်ခြေ ထုက ကြောက်၍ စိုက်ပျိုးကြသည်။ အပင်ရှင်လျှင်ပြီးရော ဘာထားကြသည်။ ကြက်ဆူပင်ဆိုတာလည်း နေရာတိုင်းတွင် စ်နိုင်။ စိုက်သမျှ နေရာတော်တော်များများတွင် ကြီးလည်း မကြီး၊ သလည်းမသေ၊ သီးလည်း မသီးဆိုသည့် အခြေအနေတွင်လည်း သေး၏။ သည်ကြားထဲ အစိုးရ၏ ရည်ရွယ်ချက်လည်း ထင်ထင် ရှား မသိသာ မမြင်နိုင်သော အနေအထားဖြစ်သည့်အတွက် ပ်ရသည့် လူတွေက အလေးမထားကြတာကြောင့် ထင်သလို က်ထူစေမျိုး မရခဲ့ လူထုကို ခိုင်းချင်တာ ဖွတ်ခိုင်းဖို့ပဲရှိပြီး နားလည်



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်အောင် အကျိုးသင့်အကြောင်းသင့် ရှင်းမပြ
တာလည်းတစ်ကြောင်း ဖြစ်ပါသည်။ နောက်နှစ်ကျတော့လည
မျိုးကိုသာ အဓိကထား၍ ဆက်လက်လုပ်ဆောင်ခဲ့ရသည်။

ကြက်ဆူဆီ စီမံကိန်းက အောင်မြင်အောင် တွန်းရသည
အခြေအနေနှင့် ရုန်းကန်နေရချိန်တွင် ကမ္ဘာ့ ရေနံဈေးနှုန်းကလည
တဖြည်းဖြည်း တက်လာပါသည်။ ၂၀၀၈ ခုနှစ် စက်တင်ဘာလတွ
ရေနံတစ်စည်ကို ဒေါ်လာ ၇၀ နားကပ်နေပြီး ကျွန်တော်တို့ ကြက်
ဆီ စီမံကိန်း စခဲ့စဉ် အခြေအနေထက် နှစ်ဆနီးပါးရှိနေပြီး တစ်နိုင်
လုံးအတွက် ခေါင်ခိုက်အောင် မြင့်နေသည့်ဈေးဖြင့် ဆီ တ
သွင်းခဲ့ရပါသည်။

ဤသည်မှာ ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖော်ပြချက်များပါခင်များ



## အခန်း ( ၄ )

## ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ အစိုးရအဖွဲ့ရုံးများအား နေပြည်တော်သို့ပြောင်းရွှေ့လိုက်သည့်ကိစ္စ

၂၀၀၅ ခုနှစ်တွင် အစိုးရအဖွဲ့ရုံးအားလုံးအား ရန်ကုန်မှ နေပြည်တော်သို့ ရုတ်ခြည်းပြောင်းရွှေ့လိုက်သည်။

ထိုကိစ္စကို အားလုံးက အံ့ဩသွားကြ၏။

ဟ ... ဘယ်လိုဖြစ်တာပါလိမ့်။

ဘယ်လိုဖြစ်ရမှာလဲဗျာ။ အစိုးရအဖွဲ့ကြီးတစ်ခုလုံး နေပြည်တော်ကို ပြောင်းလိုက်တာပေါ့။

ဘာဖြစ်လို့ ပြောင်းတာလဲ။

ပြောင်းသင့်တယ်ထင်လို့ ပြောင်းတာပေါ့။

သူတွေက အမျိုးမျိုးပြောကြသည်။

အမေရိကန်နဲ့ အပေါင်းပါတွေကို ကြောက်လို့တဲ့။

ယတြာချေတာတဲ့။

နောက်တစ်ခါ ရှစ်လေးလုံးလို ကိစ္စကြီးဖြစ်လာရင် လူထုရဲ့



www.burmeseclassic.com

www.burmeseclassic.com



ညှပ်ပူးညှပ်ပိတ်လုပ်တာ မခံရအောင်လို့တို့ အမျိုးစုံဖြစ်ပါ၏။

နေပြည်တော်မြို့တော်သစ်သည် ပျဉ်းမနားမြို့၏ အနောက် တောင်ဘက် ၁၂ မိုင်ခန့်အကွာ ပျဉ်းမနား တောင်တွင်းကြီး လယ်ဝေ လမ်းဆုံအနီးမှာ တည်ရှိ၏။

တောင် မြောက် ၁၁ မိုင်ကျော်၊ အရှေ့ အနောက် ၈ မိုင် ရှိသည့် စတုရန်းမိုင် ၁၀၀ ခန့်ရှိသည့် မြေကွက်ပေါ်တွင် တည် ဆောက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်နှင့် ပျဉ်းမနားသည် ယခင် လမ်းဟောင်းအရ ၂၄၇ မိုင်ကွာဝေး၍ ယခုဖောက်လုပ်ထားသည့် ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးအရမူ မိုင် ၂၂၀ သာ ရှိလေသည်။

ပျဉ်းမနားမြို့သည် ပထဝီအနေအထားအရ သမားရိုးကျ စစ်ပွဲများအတွက် လုံခြုံစိတ်ချရသောဒေသ ဖြစ်သည်။

နေပြည်တော် တည်ဆောက်မှုအား ၂၀၀၁ ခုနှစ် လောက် ကပင် စတင်ခဲ့၏။ ၂၀၀၀ ခုနှစ်လောက်တွင် ရန်ကုန်မြို့သည် လူဦးရေ ထူထပ်သိပ်သည်းလာသည်။ အစိုးရရုံးတွေအတွက် သွား ရလာရတာ ခက်ခဲလာသည်။ **Traffic Jam** ဖြစ်လာသည်။ ထို့ကြောင့် မြို့သစ်တည်ရန် နိုင်ငံတော်အကြီးအကဲများက စိုင်း စဉ်းစားကြ၏။

ထိုအခါ တည်ဆောက်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ခင်ညွန့်က စီမံချက်တင်ပြသည်။ ရန်ကုန် အရှေ့ခြမ်း ပဲခူးမြစ်ရိုး တွင် မြို့သစ်အကွက်ဖော်၍ **New Yangon** ရန်ကုန်မြို့သစ် တည် မည်။ ထိုစီမံကိန်းအတွက် နိုင်ငံတော်အစိုးရမှ သိန်းတစ်သောင်း။





ယုဇနကုမ္ပဏီမှ သိန်းတစ်သောင်း။ **Y.C.D.C** မှ သိန်းတစ်သောင်းစီ ထည့်ဝင်ရန် ခွဲတမ်းချပြီး လုပ်ငန်းစရန်ပြင်ဆင်ခဲ့၏။

သို့ရာတွင် ထိုစီမံကိန်းအား ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သဘောမတူခဲ့ပေ။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အောက်ပါအတိုင်းပြောခဲ့၏။

"လုံခြုံရေးအင်္ဂါရပ်နဲ့အညီ သဟဇာတဖြစ်ပြီး ထိခိုက်မှု နည်းတဲ့နေရာ၊ သွားလာဆက်ဆံရေး ကောင်းတဲ့နေရာ ဒါတွေ ကိုရွေးချယ်ပြီး နေပြည်တယ်ကို ရွှေ့ဖို့ ရွေးခဲ့တာဖြစ်တယ်။ **Historical Point of view** က ကြည့်ကြည့်၊ **Background History** အရပဲ ကြည့်ကြည့် **Heart Land theory** နဲ့ပဲ ကြည့်ကြည့် ညီညွတ်အောင် တည်ဆောက်ထားတာ ဖြစ်တယ်"

"တိုင်းနဲ့ပြည်နယ် ၁၄ ခုနဲ့ အလွယ်တကူ ဆက်သွယ် နိုင်တဲ့နေရာ တစ်နိုင်ငံလုံးရှိတဲ့ စစ်တိုင်းကြီးတွေနဲ့ အလွယ်တကူ ဆက်သွယ်အုပ်ချုပ်နိုင်တဲ့နေရာမှာ တည်ဆောက်ထားတာ။ **Logistics Value, Tactical Value Economic Value, Social Value** တွေနဲ့ ကိုက်ညီတဲ့ **Strong Background** နယ်မြေဖြစ်တယ်။ ဒါက သိပ်အရေးကြီးတယ်။ **Political Problem, Logical Problem, Logistical Problem** တွေ မရှိတဲ့နေရာကို ရွေးချယ် ထားတာ ဖြစ်တယ်"

ဟု သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင်များကို ရှင်းလင်းပြခဲ့၏။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ရှင်းလင်းချက်မှာ သဘာဝ ကျသည်၊ ယုတ္တိယုတ္တာရှိသည်။

အဘယ်ကြောင့်ဆိုသော် နေပြည်တော်ဒေသသည် အရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဘက်၌ အရှေ့ရိုးမ ခေါ် ရှမ်းရိုးမတောင်ကြီးများနှင့် တစ်ဆက် တစ်စပ်တည်း ဖြစ်သည်။ အနောက်ဘက်တွင်ကား အလယ်ရိုး ခေါ် ပဲခူးရိုးမနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည်။

အရှေ့ရိုးမ၌ **KNU** တပ်မဟာ (၂)၊ (၃)၊ **KNPP, KNLP, ABSDF, SNPLO** တိုင်းရင်းသားလက်နက်ကိုင်များ ရှိသည်။ အစိုးရအဖွဲ့ နေပြည်တော် ရောက်သွားသည်နှင့် တပ်တွေပါ ပါ သွားကြသည်။ တပ်သစ်များ ပတ်ဝန်းကျင်၌ ထပ်ဖွင့်သည်။ ထို့ကြောင့် သောင်းကျန်းသူများ နယ်မြေကျုံ့သွားပြီး အနေ အထိုင်ရခက်လာသည်။ ကျဉ်းကြပ်လာသည်။ နောက်ဆုံးတော့ မဖြစ်မနေ အစိုးရနှင့် ငြိမ်းချမ်းရေးယူရသည့် အနေအထားသို့ ကျရောက်သွားရတော့၏။

ကျွန်တော် တောင်ပိုင်းတိုင်း ဂျီဝမ်းဘ၀က အထက် ဖော်ပြပါ သောင်းကျန်းသူများနှင့် ရင်ဆိုင်ရရာ တပ်အင်အားနည်း ပါးမှုကြောင့် မကြာခဏ သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ထိပ်ပြု၊ ခေါင်းကွဲနှင့် ဒုက္ခရောက်ရသည်။ တပ်တွေ ထပ်တောင်း သော်လည်း မရခဲ့ပါ။

မနက်မိုးလင်းလို့ စစ်ရုံးကို ဖုန်းနဲ့သတင်းပို့ရရင် ဘယ်တော့ မှ မျက်နှာကောင်း မရပါ။ စစ်ရုံးမှ ဦးစီးအရာရှိများ၏ လှော် ပြောင်သရော်ခြင်းကို အမြဲခံရသည်။

"ဂျီဝမ်းကြီး ဘယ်နလက်ပါသွားပြန်ပြီလဲ"

ဟု ခနဲ့တဲ့တဲ့ မေးတာ ခံရသည်။ ပြောလည်း ပြောစရာ ဖြစ်၏။

ရိုးမအရှေ့ခြမ်းမှ သောင်းကျန်းသူများ တိုက်ခိုက်မှုဒဏ်ကို





တောင်ပိုင်းတိုင်းက အလူးအလဲခံရ၏။ စခန်းကြီးတွေ ကျသည်။ ဥပမာ ဗျူဂေါ်မူ၊ ထီးမူခီး၊ မောင်ကျော်၊ မောင်ပလော။ ဒါ့အပြင် တပ်ပေါင်းစုံမှ စစ်ကြောင်းကြီးတွေ ခဏခဏ အတိုက်ခံရသည်။

ရထားလမ်းတွေ မိုင်းထောင်ခံရသည်။ တာဝါတိုင်တွေ အမှုံးခံရသည်။ တံတားတွေ မိုင်းခွဲခံရသည်။ စက်ရုံ၊ အလုပ်ရုံကြီး တွေ လက်နက်ကြီးနဲ့ ပစ်ခံရသည်။ အဖျက်အမှောင့် အမျိုးစုံ အကုန်နှင့် ရင်ဆိုင်ရ၏။

အစိုးရအဖွဲ့ နေပြည်တော်ရောက်သွားတော့ ဒါတွေမရှိ တော့။ သောင်းကျန်းသူတွေ ပြေးသူ ပြေး၊ လက်နက်ချသူတွေ ချ၊ အလင်းဝင်သူတွေ ဝင်၊ လက်နက်နဲ့ ငြိမ်းချမ်းရေး လဲသူလဲနှင့် မဲရာမှ ညို၊ ညိုရာမှ ဖြူသွားကြတော့၏။ **Might is Right** ဖြစ် ၏။

ရန်ကုန်တွင် မြို့သစ်တည်ရန်၊ မြို့ချဲ့ရန် ကန့်သတ်ချက် များရှိ၏။ စိတ်ကြိုက်ပုံထုတ်၍ မရတော့။ ရန်ကုန်မှ တောင်ဘက် ဒလကို တိုးချဲ့ရန် တံတားကြီးထိုးမှ ရမည်။ တံတားထိုးဖို့က ကန့် သတ်ချက်ရှိသည်။ အဟောင်းကို လုပ်ရမှာဖြစ်၍ လူတွေ အခြေ ပျက်သွားမည်။ ဒလက လူတွေ ဟိုရွှေ့ ဒီရွှေ့ ရွှေ့ရမည်။ အကျိုးနှင့် အပြစ် နှိုင်းယှဉ်သော် တွက်ချေမကိုက်။

နောက်ဆုံးတော့ စိတ်ကြိုက် **Site Plan** ချ၍ ရသည့် နေပြည်တော်နေရာကို ရွေးခဲ့သည်။ ထိုနေရာသည် တစ်ရံအခါက ဗကပ တိုက်တိုင်းအောင်တွေ ကျက်စားခဲ့သည့်နေရာ ဖြစ်သည်။ ဗကပ ဗဟိုခိုခဲ့သော နေရာတွေ ဖြစ်သည်။

ထို့ကြောင့် နေပြည်တော် ထိုနေရာရွှေ့လိုက်တော့ ပိုးဝ



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင် ဖြစ်သွားသည်။ လမ်းသစ်ကြီးတွေ အလျှိုအလျ
ပေါ်လာသည်။

ပျဉ်းမနားမှ တောင်တွင်းကြီးသွား ကတ္တရာလမ်းကြ
ပေါ်လာသည်။ တောင်ငူ အုတ်တွင်းမှ ပြည်ကို သွားသည့် ကတ္တရ
လမ်းကြီး ပေါ်လာသည်။ ဒါက ပဲခူးရိုးမဖြစ်၏။

အရှေ့ရိုးမဘက်တွင်မူ ပျဉ်းမနား လွိုင်ကော်လမ်း ပေါ်လာ
သည်။ ရမည်းသင်း၊ ငါးဆူတောင်၊ ပျဉ်ညောင်လမ်း ပေါ်လာသည်
ကျေးရွာချင်းဆက်လမ်းများကား မရေမတွက်နိုင်အောင်ပင်
တောင်ငူ လွိုင်ကော် ကားတွေ သွား၍ ရပြီ။ တာဝါတိုင်တွေ
ချိုးခံရတာ သက်သာသွားပြီ။ ကားလမ်း၊ ရထားလမ်းတွေ လုံခြုံပြီ
အစိုးရအဖွဲ့ကြီး နေပြည်တော် ရွှေ့လိုက်ခြင်းအားဖြင့် ရရှိသော အကျိ
ကျေးဇူးများမှာ –

(က) တစ်နိုင်ငံလုံးအား ဗဟိုမှ ကွပ်ကဲရတာ လွယ်ကူသည်။
(ခ) ပျဉ်းမနားဒေသ လုံးဝဖွံ့ဖြိုးသွားသည်။ စည်ကားသိုက်မြိုက်သွားသည်။
(ဂ) ရန်ကုန်လူနေကျပ်တည်းမှု လျော့ကျသွားသည်။ အလုပ်လက်မဲ့လူတွေ တိုးလာတာ သိပ်မရှိတော့။
(ဃ) လမ်းပန်းဆက်သွယ်မှုများ အထူးဖွံ့ဖြိုးသွားသည်။ အရှေ့ရိုးမမှ အလယ်ရိုးမနှင့် အနောက်ရိုးမတို့သို့ တစ်ရက်တည်းနှင့် အရောက်သွားနိုင်သည်။
(င) လေကြောင်းလိုင်းသစ်တွေ တိုးလာသည်။ နေပြည်တော်မှာ **International** လေယာဉ်ကွင်းသစ်ကြီး ရှိလာသည်။
(စ) အလုပ်ရုံ၊ စက်ရုံတွေ တိုးချဲ့နိုင်သည်။





(ဆ) တည်ဆောက်ရေးလုပ်ငန်းများတွင် ဒေသခံလူထုအတွက် အလုပ်များရစေသည်။ စားဝတ်နေရေး အဆင်ပြေသည်။ ဒါတွေက ကောင်းတာတွေပါ။ အမနာပ ပြောသူတွေ

အတွက်ကတော့ ပြောစရာ အများကြီးပါပဲ။

ပိုက်ဆံတွေ သိပ်ကုန်တယ်။

ရန်ကုန်က သွားရတာ ဝေးတယ်။

ဝန်ထမ်းတွေ ဒုက္ခရောက်တယ်။

ဒေသခံတွေ မြေယာတွေ ဆုံးကုန်တယ်။

နေရာတာ ပျင်းစရာကြီး။

ရုံးတစ်ခုနဲ့တစ်ခုက သွားရတာ မလွယ်ဘူး စသည် စသည်
အားဖြင့် ပြောရင် ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်၏။ ဒါတွေက
မြင်လို့ သိပ်မခက်သည့်ကိစ္စများသာ ဖြစ်ပါသည်။ ပြောချင်လို့
ပြောနေကြတာများသာ ဖြစ်ပါ၏။

သို့ရာတွင် ယခု ၂၀၁၅ တွင် အစိုးရရုံးကြီးများ ရန်ကုန်မှာ
ရှိမနေကြည့်စမ်းပါ။ ကားကြပ်တာတစ်ခုတည်းနှင့်ပင် နေပြည်တော်
သွားရတဲ့ ဒုက္ခထက် ပိုဆိုးပါလိမ့်မည်။

နေပြည်တော်မှာ ကားကြပ်တာ မရှိပါ။ လမ်းတွေက
အနည်းဆုံး ရှစ်လမ်းသွား၊ အချို့ဆို ဆယ်လမ်းသွား၊ ၁၂ လမ်း
သွားများပင် ရှိပါ၏။ နောက်ထပ် ဆယ်နှစ် အေးအေးဆေးဆေး
နေလို့ရပါသေးသည်။ ရန်ကုန်လို ဒုက္ခမခံစားရနိုင်ပါ။ ရန်ကုန်မှာလို
ကျူးကျော်တွေလည်း မရှိပါ။ ရန်ကုန်မှာက ကျူးကျော်တွေ
နေရာတကာ ရှိပါသည်။ ဖျက်လို့ကို မဆုံးနိုင်ပါ။ ပြောလို့လည်း
မရပါ။ ခုဖျက်ပြီး ခဏနေ ပြန်ဆောက်ကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနေနဲ့ကတော့ ဗိုလ်ချုပ်မှူးကြီး ရန်ကုန်မှ အစိုးရအဖွဲ့အား နေပြည်တော်သို့ မြို့သစ်ကြီးတည်၍ ရွှေ့ပြောင်းသွားသည်ကို သဘောကျနှစ်ကြိုက်မိပါသည်။

ကမ္ဘာ့သမိုင်းမှာရော မြန်မာ့သမိုင်းမှာပါ မင်းနေပြည်တော်အား ရွှေ့ခဲ့သည့် သာဓကများ ရှိပါ၏။

အင်္ဂလိပ်တွေက အိန္ဒိယကို သူတို့အုပ်စိုးခဲ့စဉ်က မြို့တော်ကို ကာလကတ္တားမှ နယူးဒေလီကို ရွှေ့ခဲ့သည်။ ကာလကတ္တားက စုတ်ပြတ်နေသည်။ နယူးဒေလီက အများကြီး သားနားသပ်ရပ်သန့်ရှင်းပါသည်။ ဒါကို ကျွန်တော် အိန္ဒိယမှာ တစ်လခန့်နေဖူး၍ သိခဲ့ရသည်။ အင်္ဂလိပ်က အစိုးရရုံးစိုက်တာမရွှေ့မီ နယူးဒေလီကို အသေအချာ **Site Plan** ချ၍ ရွှေ့ခဲ့တာဖြစ်သည်။

အမေရိကန်မှာလည်း အစိုးရအဖွဲ့က နယူးယောက်အစား ဝါရှင်တန်မှာ ရှိသည်။ အမေရိကား မရောက်ဖူး၍ ကျွန်တော် ဂုဃနဏ မသိပါ။ သိသူတွေ ဝါရှင်တန်၏ အလှအပနှင့် နယူးယောက်၏ မျက်စိနောက်စရာများကို ပြောပြကြဖူးပါသည်။ အမျိုးတွေ အမေရိကန်မှာ ရှိသည်။ သူတို့ကလည်း ပြောကြပါသည်။

တရုတ်ပြည်မှာလည်း အစိုးရအဖွဲ့က ဘေဂျင်း၊ စီးပွားရေးမြို့တော်က ရှန်ဟဲ၊ အတော်ကွာခြား၏။ ၂ မြို့လုံး ကျွန်တော်ရောက်ခဲ့ဖူးပါသည်။ ရှေးယခင်ကမူ တရုတ်တို့သည် မြို့တော်အား ဘီဂျင်းမှ နန့်ကျင်း၊ နန့်ကျင်းမှ ချုံကင်းသို့ ရွှေ့ဖူးပါသည်။

မြန်မာနိုင်ငံမှာပင် စစ်အတွင်းက မြို့တော်အား ရန်ကုန်မှ ပြင်ဦးလွင် ခေါ် မေမြို့ နောက်တော့ ဆင်းမလား သို့ပင် ရွှေ့သွားခဲ့သည် မဟုတ်ပါလော။ **Security point of view** အမြင်ဖြစ်





ပါသည်။ မင်းတုန်းမင်းကြီးပင် မန္တလေးမြို့ကြီးကို အတွင်းရွှေ့၍ နန်းတော်ကို တည်ဆောက်ခဲ့သည့် သာဓက ရှိခဲ့ဖူးပါသည်ခင်ဗျာ။ စာရှုသူများ စဉ်းစားသုံးသပ်နိုင်ကြပါရန်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## အနုမြူဗုံးလုပ်သည်ဆိုသောကိစ္စ

လွန်ခဲ့သည့် သုံး၊ လေး၊ ငါးနှစ်က မြန်မာနိုင်ငံတွင် အနုမြူလုပ်နေပြီဆိုသည့် သတင်းထွက်ခဲ့သည်။ နေပြည်တော်၌ ဥမင်လိုဏ်ခေါင်းတွေ တူးထားသည်။ အနုမြူဓာတ်ပေါင်းဖိုတွေ လုပ်နေသည်။ မြောက်ကိုရီးယားနဲ့ ရုရှားက ပါရဂူတွေ ခေါ်ထားသည် စသည်သည် ပြောကြ၏။ ရောဝတီ ကိုအောင်ဇော်တို့က ဒါတွေကို ဓာတ်ပုံတွေ ဘာသာတွေနှင့် DVB က လွှင့်ပြသွားသည်။ ကျွန်တော် ပြောချင်ပါသည်။

အနုမြူရှိတာ မကောင်းဘူးလားဗျာ။

ကျွန်တော်တို့နိုင်ငံသည် အရှေ့ဘက်တွင် လူ သန်းထောင်ကျော်သည့် တရုတ်ကြီး၊ အနောက်ဘက်တွင်လည်း လူသန်းထောင်ကျော်သည့် ကုလားကြီး၊ ပေါက်ဖော်ကြီးနဲ့ အရာကြီးကြားမှာ နေရသည်။ သူတို့က အနုမြူ ကိုယ်စီနဲ့၊ ဒါကြောင့် မကြာခဏ ကျွန်တော်တို့နိုင်ငံကို ထိပ်ပုတ် ခေါင်းပုတ်လုပ်သည်။ အနုမြူမရှိတော့



www.burmeseclassic.com

www.burmeseclassic.com



သည်းခံနေရသည်။ ခုပဲကြည့်ပါ။ ဇီလောက်ကိုင် အရေးအခင်းတ
ဖုန်ကြားရှင်ကို ဘယ်သူမြှောက်ပေးတာလဲ။ တရုတ် မဟုတ်ရ
ဘယ်သူလဲ။ သူတို့ ဘယ်ကလူတွေရတာလဲ။ ဘယ်က သေနတ်
တွေလဲ။ သူတို့မှာ ၁၀၅ မီလီမီတာ အမြောက်ကြီးတွေ ပါသည်
ဒါ ဘယ်ကရတာလဲ။ တရုတ်ဆီက ရတာမဟုတ်ရင် အမေရိကန်
ပေးထားတာလား။ စဉ်းစားကြပါခင်ဗျာ။

အနုမြူသာရှိရင် တရုတ်တွေ ဒါလောက် လူပါးဝမ
မထင်ပါ။

မြောက်ကိုရီးယား ကြည့်ပါ။ နိုင်ငံသေးသေးလေး။ ဒါပေ
အနုမြူရှိသည်။ ဘယ်သူမှ အရမ်းသွားမစရဲ။ ကမ္ဘာမှာ အင်အာ
အကြီးဆုံးပါဆိုသည့် အမေရိကန်ပင် မြောက်ကိုရီးယားကို သွာ
မစရဲပါ။ အလားတူပင် အီရန်ကိုပင် မစရဲပါ။

ဒါက ထင်ရှားသည့်သာဓကများ ဖြစ်ပါသည်။

သို့ရာတွင် အနုမြူကိစ္စ အားလုံးက ကန့်ကွက်ကြ၍ အဝိ
ကမဟုတ်ကြောင်း ဖြေရှင်းရသည်။ မဟုတ်ပါဘူးဟု ပြောခဲ့ရသည်

တကယ်တော့ **Self Defence** အတွက် အနုမြူကား ယ
ခေတ်တွင် လိုအပ်သည်ဟု ထင်မြင်ပါသည်။ ငွေကုန်ကြေးကျတော
များတာပေါ့ခင်ဗျာ။ ပိုက်ဆံရှိရင်တော့ အနုမြူလက်နက်
ပိုင်ဆိုင်ထားရင်တော့ အကောင်းဆုံးဟု ထင်မြင်ယူပါသည်ခင်ဗျာ

ဤကိစ္စနှင့်ပတ်သက်၍ စာစောင်တစ်စောင်၌ ရယ်စ
လိုလို ဟာသလိုလို ဖော်ပြခဲ့ဖူး၏။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သိပ္ပံနှင့်နည်းပညာဝန်ကြ
ဦးသောင်းအား အောက်ပါအတိုင်းပြောခဲ့သည်ဆို၏။





"ကိုသောင်းရ ... ဖြစ်နိုင်ရင် ဥသျှစ်သီးလောက်ဖြစ်ဖြစ် အနုမြူဗုံးလေး တစ်လုံးလောက်တော့ ဖြစ်အောင် လုပ်ပေးစမ်းပါဗျာ"

ဟူသတည်း။

ကျွန်တော်ဆိုရင်တော့ တရုတ်နဲ့ ကုလားကြား ဒီကမ္ဘာကြီး မပျက်သမျှကာလပတ်လုံး နေသွားရမှာဖြစ်သဖြင့် ...

"ဦးသောင်းရေ မီဂါတန်တစ်ရာလောက်ရှိတဲ့ အနုမြူဗုံး အလုံးကြီးကြီး ၁၀၀ လောက်ဖြစ်အောင် လုပ်စမ်းပါဗျာဟု ပြောဖြစ်မည်လား မသိပါခင်ဗျာ"

နိုင်ငံကာကွယ်ရေးအတွက် စာရှုသူများ စဉ်းစားနိုင်ကြပါရန်။
အနုမြူဗုံးပိုင်တာ မကောင်းဘူးလားဗျာ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

## ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စ

၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ထွက်လာသည်။ ၉၀ ရာနှုန်းကျော်ဖြင့် အတည်ပြုသည်။

**Constitution** တစ်ခုရှိတာ ကောင်းတာပေါ့ဗျာ။**Military Junta** ထက်စာရင် ပြည်သူအတွက် **Constitution** တစ်ခုရှိတော့ ပြစရာ အားကိုးစရာတစ်ခု ရတာပေါ့။ ဒါပေမဲ့ မကြိုက်သူတွေက မကြိုက်ကြပါ။ **NLD** နဲ့ အချို့ ပါတီများက မကြိုက်ကြ။ ပုဒ်မ ၅၉(စ)နဲ့ ၄၃၆ ဖြစ်သည်။

ဒါကလည်း ပြင်လို့ရပါသည်။ ပြင်တာတော့ ခု ရေတွင်းတူး အခု ရေကြည်သောက်လို့တော့ မရပါ။ ဖြည်းဖြည်း ပြင်ရပါမည်။ ပြင်တာကို ကျွန်တော်လည်း ကြိုက်ပါသည်။ ဒါပေမဲ့ အဲဒီ ၂ ချက် မပါရင် ပြဿနာတွေ ဒါထက် ကြီးလာမည်။

၅၉(စ) ကြောင့် ဒေါ်အောင်ဆန်းစုကြည် ချက်ချင်း သမ္မတ မဖြစ်နိုင်ခဲ့။ တကယ်တော့လည်း အဲဒီလိုမဖြစ်အောင် လုပ်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်နိုင်ပါသည်။ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာ အရင်လူကြီးတွေကို အငြိုးမပြေဘဲ ဖမ်းဟာ၊ ဆီးဟာ၊ အရေး ဟာဆိုက မခက်ပါလားဗျာ။ ကမ္ဘာ့အနိုင်နိုင်ငံမှာ ဒါမျိုးတွေ ရှိသည် ဖိလစ်ပိုင်မှာ သမ္မတဟောင်း မားကို့စ် အရေးယူခံရသည်။ အာယို အရေးယူခံရသည်။ ပါကစ္စတန်မှာ ဗိုလ်ချုပ်ကြီး မူရှာရက်ဖ် အ ယူခံရသည်။ ဘနာဇီယာဘူတို အရေးယူခံရသည်။ အင်ဒိုနီးရှား ဆူဟာတို အရေးယူခံရသည်။ ထိုင်းမှာ သက်ဆင် အရေးယူ သည်။ သူ့ညီမ ယင်လတ် အရေးယူခံရသည်။ အီဂျစ်မှာ မူဘာရ အရေးယူခံရသည်။ အီရတ်မှာ ဆက်ဒမ်ဟူစိန် ကြိုးပေးခံရသည် လစ်ဗျားမှာ ကဒါဖီ အရေးယူခံရသည်။ အာရှ၊ အာဖရိက၊ လက်တင်အမေရိကလို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကလဲ့စားချေ လွှမ်းမိုးကြီးစိုးနေဆဲ ဖြစ်သည်။ အခု ဘင်္ဂလားဒေ့ရှ်မှာတော ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာကို အရေးယူဖို့ လုပ်နေသည် ဒါကြောင့် ဒီပုဒ်မကို ထည့်ထားတာဖြစ်သည်။ ဖြည်ရင် ရပါသည် ဒါပေမဲ့ ကြာချင်တော့ ကြာသွားမည်။

ကျွန်တော်တို့နိုင်ငံမှာက မင်းမဲ့ဝါဒလွှမ်းမိုးနေဆဲ ဖြစ်သည် လူတိုင်း အနိုင်ကျင့်ချင်ကြသည်။ ၈၈ အရေးအခင်းကြီး ကြည့် လူရမ်းကားတွေ လူမိုက်တွေက ကြီးစိုးခဲ့သည်။ ဒါတွေကြော ဒီမိုကရေစီခေါင်းဆောင်ဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ကို တင် ထင်ရာမြင်ရာ လုပ်ကြမှာ စိုးရသည်။ ထိုသို့ဖြစ်လာပါက ဒေါ်အော ဆန်းစုကြည်ရော ထိန်းသိမ်းနိုင်ပါမည်လား။ စဉ်းစားကြပါ လက်ပံတောင်းတောင် အရေးအခင်းမှာတောင် **Anti** တွေ ပေါ် သည်။ လူထုက ဒေါ်စုကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်





ကြသည်။

သို့ရာတွင် အဲဒီ ပုဒ်မ ၅၉(စ) ကို ပထမဆုံးခံစားရတာက ဒေါ်အောင်ဆန်းစုကြည် မဟုတ်ပါ။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဒုသမ္မတ ဗိုလ်ချုပ်ကြီး မှာ အောင်မြင့်ဦး နုတ်ထွက်သွားတော့ သားတပည့် ဗိုလ်ချုပ်ကြီး မြင့်ဆွေကို ဒုသမ္မတပေးရန် ဆန္ဒပေးသည် ဆို၏။ သို့ရာတွင် ထို ပုဒ်မ ၅၉(စ) က တားထားသည်။ ဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒုသမ္မတ မဖြစ်လိုက်ရရှာပါ။ ရန်ကုန်တိုင်းမှာသာ ဝန်ကြီးချုပ် ဆက်လုပ် ရရှာပါသည်။

နောက်တစ်ခုက စစ်တပ်က ၂၅ ရာခိုင်နှုန်း လွှတ်တော်မှာ ပါနေတဲ့ကိစ္စ ဖြစ်သည်။ ဒါက ပုဒ်မ ၄၃၆။ ဒီပုဒ်မကလည်း ယာယီအားဖြင့် လိုအပ်သည်ဟု ကျွန်တော် ထင်မြင်ပါသည်။ ဒါထည့်မထားက တပ်မတော်ကို မကောင်းမြင်သူတွေ ခေါင်းဖြတ်ပြီး ကိုယ်ယူချင်တာတွေ အာဏာရသွားရင်ဖြင့် တပ်မတော် ခေါင်း ဆောင်များနှင့် ထိပ်တိုက်တွေ့သွားမည်။ အာဏာသိမ်းမှုတွေ ထပ်ပေါ်လာနိုင်မည်။ ၁၉၆၂ ခုနှစ်က အာဏာသိမ်းခဲ့တာ အဲဒါ ကြောင့်ဖြစ်သည်။ အဲဒီလိုမဖြစ်ရအောင် ထည့်ထားတာ ဖြစ်သည်။ ငြိမ်အစွမ်းထက်ကြရင်ဖြင့် အဲဒီ တပ်မတော်သား ၂၅ ရာနှုန်းကို ရအောင်စည်းရုံးကြပေါ့ဗျာ။ သူတို့လည်း လူတွေပဲ။ ကောင်းတာ၊ ဆိုးတာ သိတာပေါ့။ စည်းရုံးတဲ့သူ တော်ရင်၊ ကောင်းရင်၊ တကယ့်မျိုးချစ်တွေဖြစ်ရင် အဲဒီ ၂၅ ရာနှုန်း စည်းရုံးတဲ့သူတွေ နောက် ပါလာပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ တပ်မတော်က အမြဲတမ်း လွှတ်တော်မှာ



www.burmeseclassic.com

www.burmeseclassic.com



နေမှာမဟုတ်ပါ။ သူတို့နေလည်း မနေချင်ကြပါ။ ကိုယ့်ဟာကိုယ် စစ်တန်းလျားမှာ အေးအေးဆေးဆေး နေချင်ကြသူတွေပါ။ ကျွန်တော် သည် စစ်သား ဖြစ်၏။ စစ်တပ်ထဲမှာ သေတပန် သက်တစ်ဆုံး နေချင်၏။ စစ်တပ်မှာ ပျော်၏။ စစ်တပ်က နယ်ဘက် ပြောင်း မယ်ဆိုတော့ ရင်ထဲမှာ ဆို့နင့်ပြီး မပျော်ခဲ့နိုင်ပါ။ နိုင်ငံရေးလည်း မလုပ်ချင်ပါ။ စစ်ပဲ တိုက်ချင်သည်။ စစ်တိုက်ရတာ ပျော်သည်။ ကျန်တဲ့ စစ်သားတွေအားလုံး ဤနည်းနှင်နှင်သာ ဖြစ်မည်ဟု ကျွန်တော် ထင်ပါသည်။ ထို့ကြောင့် အားလုံး ဆန္ဒရှိရင်ဖြင့် ဒီပုဒ်မ လည်း တဖြည်းဖြည်း ပြင်သွားလို့ရပါမည်။ ချက်ချင်းကြီးကတော့ လုပ်လို့ရဦးမည် မထင်ပါ။

ခုပဲကြည့်ဗျာ။ လောကကိုင်အရေးအခင်းဖြစ်တော့ ရှေ့ဆုံးက သေသွားကြတာ စစ်သားတွေပဲ မဟုတ်ပါလားဗျာ။ ဘယ်မှာ ဘယ်ပါတီဝင်တွေ ပါပါသလဲ။ ဘယ်မှာ ဆန္ဒပြနေတဲ့ ကျောင်းသား တွေပါသလဲ။ တပ်မတော်သားတွေဆိုတာ အမိန့်နဲ့ တာဝန်ကို ဦးထိပ်ပန်ဆင်ကြရသူတွေ ဖြစ်ပါတယ်။ စာရှုသူများကို စစ်သား ခဏလောက် လုပ်ကြည့်ကြစမ်းပါဟု တိုက်တွန်းလိုပါသည်။ ဒါမှ စစ်တပ်အကြောင်း သဘောပေါက်သွားမည်။ ကျွန်တော်တို့တတွေ နိုင်ငံရေး မလုပ်ချင်ကြပါ။ မတတ်သာ၍သာ လုပ်နေကြရပါသည်။ စစ်တိုက်တာလည်း မတတ်သာ၍သာ တိုက်နေရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် တစ်ချိန်ချိန်တွင် စစ်တပ်က နိုင်ငံရေးမှ ထွက် ခွာသွားပါလိမ့်မည်။ လောလောဆယ်ကတော့ စစ်သားတွေ လွှတ်တော်ထဲမှာရှိနေကြပါလိမ့်ဦးမည်။ အစိုးရ နှစ်ဆက်လောက် ပြောင်းပြီး ဒီမိုကရေစီ ပီပြင်လာရင် စစ်တပ်က **Withdraw**





လုပ်သွားပါလိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ပြည်တွင်း သောင်းကျန်းမှုတွေ ရှိနေသေးသဖြင့်သာ ဒီပုဒ်မက အသက်ဝင် နေခြင်းသာ ဖြစ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးရရင် ဒီပုဒ်မ အလို လိုငြိမ်းမည်ထင်ပါသည်။

ထို့ကြောင့် ဖွဲ့စည်းပုံ၌ ပုဒ်မ ၄၃၆ ကား လိုအပ်ချက် ရှိနေသေးသဖြင့်သာ ထည့်သွင်းထားသည်ဟု ထင်မြင်ပါသည်။

မကြာမီ **NLD** အစိုးရတက်တော့မည်ဖြစ်၍ ဒီပုဒ်မတွေကို **NLD** အစိုးရက ပြင်ပါလိမ့်မည်။ ဘယ်လိုပြင်မယ်ဆိုတာ စောင့် ကြည့်ကြပါစို့ခင်ဗျာ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

## ထောက်လှမ်းရေးအဖွဲ့ကြီးအား ဖျက်သိမ်းခဲ့ခြင်းအကြောင်း

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် MI အမ်အိုင် ခေါ် တပ်မတော် ထောက်လှမ်းရေးက ၁၉၆၂ ခုနှစ်မှစပြီး တန်ခိုးကြီးခဲ့ပါ၏။ ၁၉၆၂ ခုနှစ်မှသည် ၁၉၈၈ ခုနှစ်။ ၎င်းမှသည် ၂၀၀၄ ခုနှစ်အထိ တန်ခိုးကြီးခဲ့သည်။

ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များသည် ရဲဘော် အဆင့်၊ ရဲတပ်ကြပ်၊ တပ်ကြပ်အဆင့်က မတန်မရာတွေ လုပ်လာသည်။ ခြေလျင်တပ်မှူးကြီးများကို ဂရုမစိုက်ကြ။ လက်မလောက်၊ လက်သည်းခွံလောက် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်က ခြေလျင်တပ်ရင်းမှူးအဆင့်ကိုတောင် ...

"တပ်ရင်းမှူး ပြုတ်သွားချင်လား"

ဟု ခြိမ်းခြောက်ခဲ့ကြသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း **MI Chief** ဗိုလ်ချုပ်ကြီးခင်ညွန့် လက်ထက်တွင် အခြေအနေမှာ ပိုဆိုးလာခဲ့၏။ ဗိုလ်ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ခင်ညွန့်နှင့် ဗိုလ်ချုပ်ကြီးမောင်အေးတို့ ၁၉၉၃ ခုနှစ်နောက်ပို
အားပြိုင်လာခဲ့ကြသည်။ ထို့နောက်ပိုင်း၌ ဝန်ကြီးချုပ်နှင့် တပ်မတေ
ဒုကာကွယ်ရေးဦးစီးချုပ်တို့ အားပြိုင်မှု ပိုကြီးလာ၏။ တပ်မတေ
ထောက်လှမ်းရေးတပ်ဖွဲ့သည် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွ
အရှိန်အဝါကြောင့် ပို၍ ပို၍ ဆိုးဝါးလာသည်။ နေရာတကာတွ
ပို၍စွက်ဖက် မောက်မာလာကြသည်။

၂၀၀၀ ပြည့်နှစ်လောက်ကစပြီး ဗိုလ်ချုပ်ကြီးခင်ညွန့်သ
နိုင်ငံတကာတွင် ဝန်ကြီးချုပ်တာဝန်ဖြင့် သွားလာခဲ့ရာတွင် အ
နိုင်ငံသို့ ရောက်ရှိခဲ့၏။ အနိုင်နိုင်ငံသို့ ရောက်ရှိခဲ့ခြင်းကြော
ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သူ၏မြင်တွေ့မှုများ၊ အကြံဉာဏ်မှ
ပေးခဲ့၏၊ တင်ပြခဲ့၏။ သို့ရာတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
ထိုအကြံပြုချက်များကို ကြိုက်နှစ်သက်ခြင်း မရှိခဲ့ပါ။ ထိုအချိန်မှ
ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ သဘောထ
မတိုက်ဆိုင်မှုများစလာခဲ့သည်ဟု ကြားသိရပါသည်။

ထောက်လှမ်းရေးတပ်ဖွဲ့များသည် ထိုအချိန်ထိ အရှိန်အဟ
မသတ်နိုင်ဘဲ ၎င်းတို့၏တပ်ဖွဲ့ကြီး ထလရ **Corp** ကြီး၏ အက
ကိုသာ ပို၍ဦးစားပေးဆောင်ရွက်ခဲ့ကြရာ နောက်ဆုံး၌ ဗိုလ်ချုပ်မှ
ကြီးသန်းရွှေမှ ...

"ကိုခင်ညွန့်ရေ ... ခင်ဗျားတပ်ဖွဲ့ကို ဗိုလ်ကျော်ဝ
လွှဲပေးပြီး ဝန်ကြီးချုပ်သာ လုပ်ပါတော့ဗျာ"

ဟု ပြောခဲ့ရသည်အထိ ဖြစ်ခဲ့၏။

ထိုပြောကြားချက်ကို ဗိုလ်ချုပ်ကြီးခင်ညွန့်က သဘေ
မတူခဲ့ပါ။ ထို့ကြောင့် ပဋိပက္ခမှာ ပိုမိုပြင်းထန်ခဲ့ပါသည်။





နောက်ဆုံး၌ ၂၀၀၄ ခုနှစ်တွင် မူဆယ် ၁၀၅ မိုင် အရေး
ခင်းနှင့်ပတ်သက်၍ ထောက်လှမ်းရေးတပ်ဖွဲ့နှင့် အရှေ့မြောက်
ိုင်း တိုင်းမှူးတို့ ထိပ်တိုက်တိုးခဲ့ကြရာ အရှေ့မြောက်တိုင်း တိုင်း
မှူး၏ သတင်းပို့ချက်အရ မူဆယ်ထောက်လှမ်းရေးတပ်ဖွဲ့များကို
ဖရေးယူခဲ့ရပါသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးခင်ညွန့်မှ ထောက်
လှမ်းရေးမှ ထိပ်ပိုင်း တပ်မှူးကြီးများအား ခေါ်ယူ အစည်းအဝေး
လုပ်ခဲ့ရာ၌ ...

"မင်းတို့ စဉ်းစားကြ။ ပြဿနာတော့ ကြီးနေပြီ။ ဘာ
လုပ်ကြမှာလဲ။ တစ်ခုခုတော့ လုပ်မှဖြစ်မယ်"

ဟု ပြောကြားခဲ့သည်ဆိုသည်။

ဤကိစ္စအား ဗိုလ်မှူးကြီးလှအောင်နှင့် ဗိုလ်ချုပ် ကျော်ဝင်း
တို့က ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဗိုလ်ချုပ်မှူးကြီး
သန်းရွှေတို့အား သတင်းပို့ရာမှ ထောက်လှမ်းရေးတပ်ဖွဲ့ကြီး
တစ်ခုလုံးအား ဖျက်သိမ်းရန် ဖြစ်ပေါ်ခဲ့ရပါသည်။ နှစ်ပေါင်း ၄၀
ကျော် မြန်မာနိုင်ငံတွင် လွှမ်းမိုးကြီးကျယ်ခဲ့သည့် ထောက်လှမ်း
ရေးတပ်ဖွဲ့ကြီး နိဂုံးချုပ်သွားခဲ့ပါသည်ခင်ဗျား။

ဤနေရာတွင် ကွယ်လွန်သူ ဗိုလ်ချုပ်ကြီးစိုးဝင်း ပြော
ကြားခဲ့သည့် စကားလေးကို နိဂုံးချုပ်ပြောကြားလိုပါသည်။

**"ထောက်လှမ်းရေးတပ်ဖွဲ့ဆိုတာ အကောင်သေးပြီး**
**ဆိပ်ပြင်းတဲ့အဖွဲ့ဖြစ်တယ်။ အဲဒီ အကောင်သေးတဲ့အဖွဲ့က**
**ကောင်ကြီးလာပြီး အဆိပ်ကလည်း သိပ်ပြင်းလာတဲ့ အခါ**
**ကျတော့ သဘာဝတရားအရ လောကနိယာမအရ အဲဒီအဖွဲ့**



www.burmeseclassic.com

www.burmeseclassic.com



ကြီး အလိုလိုကျဆုံးဖို့ ဖြစ်လာတယ်။ သူက သိပ်ပြီး အ ထက်လာတော့ ဘယ်သူကိုမှ လူမထင်တော့ဘဲနဲ့ လုပ်ချင် တွေ လုပ်တော့တာပဲ။ ဒါကြောင့် ကျဆုံးသွားရတာ''

ဟူ၏။

ဟုတ်ပါလိမ့်မည်။

ကမ္ဘာပေါ်တွင် နာမည်ကြီး ထောက်လှမ်းရေးအဖွဲ့မျ ရှိခဲ့၏။

| | |
|---|---|
| အမေရိကန်က | **FBI နဲ့ CIA** |
| အင်္ဂလန်က | **MI 5 နဲ့ 6** |
| ရုရှားက | **KGB** |
| အစ္စရေးက | မော့ဆက် |

ဒုတိယကမ္ဘာစစ်ကာလ

| | |
|---|---|
| ဂျပန်က | ကင်ပေတိုင် |
| ဂျာမန်က | ဂက်စတာပို |

အားလုံးအစွမ်းထက်သည့် ကြောက်စရာအဖွဲ့များ ဖြစ်

အမေရိကန်သမ္မတကြီး ကနေဒီ လုပ်ကြံခံခဲ့ရ၏။ သို့ရာ ယနေ့အချိန်ထိ လက်သည်မပေါ်ပါ။ ဘယ်ပေါ်မှာလဲဗျာ လက်သ ဖော်ပေးရတဲ့အဖွဲ့က သတ်သွားတာ။ ဘယ်ဖော်လို့ရမှာလဲ။ သိ တွေက **CIA** လက်ချက်ဟု ပြောကြသည်။

**KGB** ကလည်း ဟို စတာလင်လက်ထက်ကတည် ဖွဲ့ခဲ့တာ။ အဲဒီအဖွဲ့ကြီးက စတာလင်ရဲ့ပြိုင်ဘက် ထရော့စကီး လက်တင်အမေရိကအထိလိုက်ပြီး သတ်ခဲ့သည်။ ထောက်လှ ရေးဆိုတာ အတော်ကြောက်စရာကောင်းတဲ့လူတွေ။





အောင်ဆန်းစုကြည် နှင့် NLD ဝပို ယကဦးတင်ဦး

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနည်းနဲ့ မြန်မာ့တပ်မတော် ထောက်လှမ်းရေးအဖွဲ့ကြီးနဲ့ NIB ခေါ် အမျိုးသားထောက်လှမ်းရေးအဖွဲ့အား ဖျက်သိမ်းခဲ့ရပြီး ထိပ်တန်းထောက်လှမ်းရေးတပ်မှူးကြီးများအား အရေးယူခဲ့ရကြောင်းပါခင်ဗျား။

ဒါထက် အသေးစိတ် ရေးမယ်ဆိုရင်လည်း ကျွန်တော် ရေးနိုင်ပါသည်။

သို့ရာတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျွန်တော့်ဆရာသမား၊ အခြားထောက်လှမ်းရေး တပ်မှူးကြီးများမှာလည်း ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များ ဖြစ်ကြပါသည်။ ရင်းပြင် ထိုသူအားလုံး အသက်ထင်ရှားရှိနေကြသဖြင့် လူမှုရေးအရ စောင့်စည်းရမည့် တာဝန်ဝတ္တရားများရှိပါသဖြင့် ဤမျှဖြင့်ပင် အဆုံးသတ်ပါရစေ။

စာရှုသူများ နားလည်ပေးကြပါခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၈ )

## မပြီးဆုံးသေးသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြောင်း

ကျွန်တော် တာဝန်မှ နုတ်ထွက်ပြီး အငြိမ်းစားရယူသည့်ကာလမှ ဒီမိုကရေစီအစိုးရတက်လာသည့်ကာလအထိ ဆယ်စုနှစ်တစ်ခေတ်ခန့် ကြာသွားသည်။ ထိုကာလများတွင် ကျွန်တော်သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ **Movement** နှင့် **Activity** များကို စောင့်ကြည့်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် **Road Map** အရ နိုင်ငံတာဝန်လွှဲရန် အားထုတ်ခဲ့၏။ တာဝန်လွှဲခဲ့ရာတွင် နောင်ရေးစိတ်အေးရအောင် သူ မကြာခဏ ပြောလေ့ပြောထရှိသည့် အားသုံးပါးကိုအရတည်ဆောက်ပြီးမှ လွှဲခဲ့သည်။

ထိုအားသုံးပါးကား ...

(က) **Military Might**

(ခ) **Economic Might**

(ဂ) **Political Might** တို့ဖြစ်၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## Military Might စစ်ရေးတည်ဆောက်မှုများ

Might is Right. အားကြီးသူက နိုင်စမြဲဆိုသော စကာ ရှိသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒါကို နားလည်သည်။ ကျိုင်း တွင် တပ်မ (၈၈) တပ်မမှူးတာဝန်ယူစဉ်က ကျိုင်းတုံပတ်လည် ရန်သူတွေ ပိုင်းပိုင်းလည်နေသည်။

ကော်တပ်မဟာ ခေါ် ကော် (၈၁၅)

ရှမ်းတပ်မဟာ ခေါ် တပ်မဟာ (၇၆၈)

အဲဗွီနှင့်လားဟူသောင်းကျန်းသူများ

ခွန်ဆာ၏လွယ်မော်သောင်းကျန်းသူများ

မြောက်ဘက်မှ ဆင်းချလာသည့် WNA-ဝများ

SSA ခေါ် ရှမ်းသောင်းကျန်းသူများ

အမျိုးစုံလှပါသည်။

ဒုက္ခအပေးဆုံးကား ဗကပ၏ တပ်မဟာများ ဖြစ်သည် ကော် (၈၁၅) နှင့် ရှမ်းတပ်မဟာ (၇၆၈) တို့ ဖြစ်၏။ စုပေါင်းစစ်ပေါ် သောင်းကျန်းသူအမျိုးစုံအင်အား ၅၀၀၀ ခန့်ရှိသည်။ ဒါတော မိုင်းမမိုင်းလားမှ ဗကပ တပ်မဟာ (၈) နှင့် (၁၂) မပါသေးပေ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထိုရန်သူ လေး ငါးထောင်က ကျိုင်းတုံမှ ကြံ့ကြံ့ခံနေသည်။ ရန်သူကလည်း ကျိုင်းတုံမြို့တွင် တောင် မကြာခဏ ဝင်ပစ်သည်။ Convoy တွေကို ချုံခိုတိုက်သည် တံတားတွေ ချိုးဖျက်သည်။ မီးရှို့သည်။ မိုင်းယောင်းလို မိုင်းယန်း အစွန်အဖျား မြို့တွေကို ဝင်ရောက်စီးနင်းတိုက်ခိုက်သည်။

ထိုရောအခါ စစ်ရုံးက အမိန့်တွေ အမျိုးမျိုးပေးသည်။ ဟိုလိုလုပ်လိုက်ပါလား၊ ဒီလိုလုပ်လိုက်ပါလား၊ ဟိုလ





တိုက်ပါလား၊ ဒီလိုတိုက်ပါလားနှင့် ခိုင်းသည်။

တပ်မမှူးက ခိုင်းတိုင်းမလုပ်။ တစ်ခုသော စစ်ဆင်ရေး အစည်းအဝေး၌ –

"စစ်ရုံးက အခြေအနေမှန်ကို မသိဘဲ ခိုင်းနေတာကွ။ သူတို့ခိုင်းတိုင်းသာ လျှောက်လုပ်ရရင် အားလုံး သေကုန်မယ်။ အဓိကက ရန်သူကို ထိန်းရုံထိန်းထားနိုင်တာ။ တပ်တွေပေး ရင်တော့ ရတာပေါ့။ တပ်တွေတောင်းတော့လည်း မပေးဘူးလေ ကွာ"

ဟု ပြောလေသည်။

ထိုစဉ်က သံလွင်အရှေ့ခြမ်းဒေသ၌ အောက်ပါအတိုင်း စစ်တပ်များရှိသည်။

(က) ကျိုင်းတုံ

ရပခဗျူဟာနှင့် ရှေ့တန်းတပ်မ (၈၈) ဌာနချုပ်

(ခ) မိုင်းယောင်း

တပ်မ (၈၈) တစ်ဗျူဟာ

(ဂ) မိုင်းခတ်

တပ်မ (၈၈) တစ်ဗျူဟာ

(ဃ) မိုင်းဖြတ်

တပ်မ (၆၆) တစ်ဗျူဟာ

တကယ်တော့ စစ်ဆင်ရေးဝင်နေသည်မှာ ဗျူဟာလေးခု သာ ရှိသည်။ လူအင်အား ၅၀၀၀ ကျော်ခန့်သာ ဖြစ်၏။

ထို့ကြောင့် ရန်သူနှင့် သူမသာ ကိုယ်မသာ။

တစ်နေရာကို တိုက်မည်ဆိုက အရန်တပ်ရှိမှ တိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မဟုတ်က တိုက်၍မရပါ။ ဒါကို စစ်ရုံးက အတင်းတိုက် နိုင်းနေသည်။ အထူးသဖြင့် အရှေ့ဘက်က ဝမ်ကျင်းဆန်တောက်က တိုက်နိုင်းသည်။ အဲဒီမှာက (၈၁၅) က တပ်ရင်းကြီးတစ်ရင် ထိုင်ထားသည်။ လူလေးငါးရာ ရှိသည်။ တိုက်စစ်တွင် သုံးဆ ဆိုတော့ အနည်းဆုံး ၁၅၀၀ နှင့် တိုက်ရမည်။ တစ်ဗျူဟာနှ တိုက်ရမည်။ တိုက်ရန် အရန်တပ်မရှိ။ တပ်တောင်းသည်။ ထိုအ စစ်ရုံးက စစ်ဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးစိန်အောင် (ကွယ်လွ သူ ဒုဗိုလ်ချုပ်ကြီးစိန်အောင်) က ...

"ကိုသန်းရွှေ ... ကိုသန်းရွှေ တပ်မမှူးဖြစ်ပြီး မလုပ် တတ်မကိုင်တတ်နဲ့"


ဟု အမနာပပြောလေသည်။

နောက်ဆုံး၌ ဦးစီးချုပ်က တပ်မ(၅၅)မှ တစ်ဗျူဟာ ပေးသဖြင့် ၁၉၈၃ ခုနှစ် နွေတွင်မှ ဝမ်ကျင်းဆန်တောက်ကို တိုက် လိုက်နိုင်၏။

တပ်မ (၅၅) တစ်ဗျူဟာနှင့် တပ်မ (၈၈) မှ တပ်ရင် လေးရင်းခန့် ဝန်းရံပြီးတိုက်သောအခါ ကော်တွေ ဝမ်ကျင်းဆ တောက်မှ ဆင်းပြေးကြတော့၏။ အင်အား လေးငါးဆနှင့် တိုက် ခြင်းဖြစ်သည်။

ဝမ်ကျင်းဆန်တောက်ဒေသက မိုင်းယန်း၊ ကျိုင်းတုံ မိုင်းယောင်း မြို့သုံးမြို့ ဖိုခနောက်ဆိုင်အလယ်မှာ ဖြစ်၏။ ဟိုဘက်မှာ ဒုက္ခပေးလိုက်၊ ဒီဘက်မှာ ဒုက္ခပေးလိုက်နှင့် အတော်ဒုက္ခပေးသည်။ မြေအခြေအနေက **Very mountainous Terrain** ဖြစ်၏။ တောင် ပေါ်စစ်ပွဲဖြစ်သည်။ အုပ်ချုပ်မှု အလွန်ခက်၏။ သူတို့က ဒေသခံ





မ္မတကြီး ဦးသိန်းစိန် နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံနေပုံ

www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီး ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com





ဗိုက ညှဉ့်သည်။ သူတို့က သူတို့ဗဟိုနှင့် အလွန်နီး၏။ ဒီက အဝေးကြီး။

မည်သို့ပင်ဖြစ်စေ ဝမ်ကျင်းဆန်တောက် ရလိုက်သဖြင့် ဗကပ၏ အသည်းနှလုံးကို ထိုးခွဲသလိုဖြစ်သွားပြီး ထိုကာလမှစ၍ (၈၁၅) နလံမထူတော့ပါ။ ကျွန်တော်တို့တပ်တွေက ဝမ်ကျင်းဆန် တောက် တက်ထိုင်ထားသည်။ လုံးဝ ဖယ်မပေးတော့ပါ။

ဤသည်မှာ **Might is Right** အရ အားကြီးသူက အနိုင် ရသွားခြင်းပါပေ။

ထိုစဉ်က မြန်မာ့တပ်မတော်တွင် တပ်မ လေး၊ ငါး၊ ခြောက်ခုသာ ရှိသေးသည်။ ၁၀ ခုပင် မပြည့်သေးပါ။

တပ်မ ၆၆

တပ်မ ၇၇

တပ်မ ၈၈

တပ်မ ၉၉

တပ်မ ၅၅

တပ်မ ၄၄

တပ်မ ၃၃

တပ်မ ၂၂ တို့ ဖြစ်၏။

ကျန်တပ်မ သုံး၊ လေး၊ ငါးခုကို နဝတ၊ နယက ခေတ်ရလက်ထက်ကျမှ အသစ်ထပ်ဖွဲ့ခြင်းဖြစ်လေသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



**Military Might စစ်အင်အားတူထောင်ခြင်း**

ဤသည်ကို နားလည်သဘောပေါက်သော ဗိုလ်ချုပ်မှူး သန်းရွှေက သူ့လက်ထက်၌ စစ်တိုင်းအသစ်များနှင့်

ဒကစ ခေါ် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်များ

စကခ ခေါ် စစ်ဆင်ရေးကွပ်ကဲမှု စစ်ဌာနချုပ်များ ထပ် သည်။

ထို့ကြောင့် တပ်တွေ ဝေးဝေးလံလံ မသွားရတော့ ပတ်ဝန်းကျင်က ရန်သူတွေကို ထိန်းထားနိုင်သည်။ လိုအပ် အရန်တပ်တွေ လှမ်းခေါ်ပြီး စစ်ဆင်ရေးတွေ လုပ်လာနိုင်သည်

ဤနည်းအားဖြင့် ရန်သူ အင်အားကြီးအဖွဲ့များဖြစ်သော

ဗကပ

**KNU**

**KIA** တို့ကို ထိန်းလိုက်နိုင်သည်။ ၎င်းတို့၏ ဗဟိုများ တိုက်ချလိုက်နိုင်သည်။

**Military Might** ကို တည်ထောင်ခြင်းအားဖြင့် အ အနေကို ထိန်းလိုက်နိုင်၏။

ဤနေရာတွင် ကျွန်တော် ကြားဖူးတာလေး တစ်ခု ကြုံတုန်း ပြောချင်ပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင်ဖြစ်ခါစက နိုင်ငံခြား သွားသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟု သိရပါသည်။

"**Senoir General Than Shwe** ဗိုလ်ချုပ်မှူးကြီး သန် ခင်ဗျား၊ ဗိုလ်ချုပ်မှူးကြီးဟာ **Field Marshall** စစ်သူကြီးဖြစ်ပါတယ် ဗိုလ်ချုပ်မှူးကြီးရဲ့ တပ်အင်အားက ဘယ်နှသန်းရှိပါသလဲ"





ဟု မေးခဲ့သည်ဆို၏။

**Field Marshall** တစ်ဦး အုပ်ချုပ်သော တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် **Group Army** ၁၀ ခုခန့်ရှိသည်ဟု ဆိုပါသည်။

ထိုစဉ်က **Group Army** ကို ကွပ်ကဲသည့် ကစထမှူးကို နှစ်ယောက်လား၊ သုံးယောက်လားသာ ရှိပါ သည်။

သို့နှင့် နိုင်ငံခြားမှပြန်အရောက်တွင် နောက်ထပ် ဒကစတွေ ကစတွေကို အလျင်အမြန် တိုးချဲ့ဖွဲ့စည်းခဲ့သည်ဟုဆိုပါ၏။

ဒါသာမကပါ။

ရေတပ်အတွက် **Frigate** စစ်သင်္ဘောများနှင့် ဟိုင်နမ် အမျိုးအစား ကမ်းထိုးရေယာဉ်များ ဝယ်ပေးခဲ့၏။ မြန်မာ့ပင်လယ် ပြင်ကို စောင့်ကြပ်ထိန်းသိမ်းရန် ဖြစ်သည်။

လေတပ်အတွက် **F.7** တိုက်လေယာဉ်များ၊

**MIG** တိုက်လေယာဉ်များလည်း ဝယ်ပေးခဲ့သည်။

လေတပ်စခန်းအသစ်များ ဖွင့်သည်။ အစွန်အဖျားကျသည့် နယ်စပ်လေတပ်စခန်းများကို အားဖြည့်သည်။

တောင်ငူနှင့် မကွေးတွင် လေတပ်စခန်းများ ထပ်ဖွင့်သည်။

အကူပစ်လက်နက်ကြီးများအတွက် အမြောက်ကြီးများ ယ်ပြီး အမြောက်တပ်မများ စတင်ဖွဲ့စည်းသည်။ သင်တန်းကျောင်း ား မုန်တိုင်ဆည်အနီးတွင် ဖွင့်ပေးသည်။

သင်တန်းကျောင်းများကို **Upgrade** လုပ်သည်။

**Mobility** ကောင်းအောင် တပ်တွေ ရွှေ့ပြောင်းရလွယ် ာင် တံတားကြီးတွေ ဆောက်သည်။ လမ်းတွေ ဖောက်သည်။

၂၀၁၄ ခုနှစ်က ကျွန်တော် မြစ်ဝကျွန်းပေါ်ဘက် သို



www.burmeseclassic.com

www.burmeseclassic.com



ထွက်သည်။ တွဲတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမှသည် ဒေသ
ဖျာပုံ၊ ဘိုကလေးအထိ ရောက်သည်။ ဘိုကလေး တံတားသစ်
ကို မြင်တော့ အနောက်တောင်ဘက်သွားသည့် ကတ္တရာလ
သစ်ကြီး တွေ့ရ၏။

"ဒါက ဘယ်သွားတာလဲ" ဟု မေးတော့ ဒေသခံများ

ကဒုံကနီသွားတာတဲ့။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ စီမံချက်မှာပါသည့် တံတ
နှင့်လမ်း ဖြစ်၏။ မြစ်ဝကျွန်းပေါ်ကို ရန်သူတွေ မဝင်နိုင်အော
ကဒုံကနီမှ တောင်ဘက် ဝင်ပေါက်ကို ပိတ်နိုင်အောင် လုပ်ထ
တာဖြစ်သည်။

၈၈ အရေးအခင်းတုန်းက အမေရိကန် အမှတ် (
ရေတပ်က ကဒုံကနီတစ်ဝိုက် ရောက်လာသည်။ ဒါတွေ ကာကွယ
ဖို့အတွက် ကြိုကြည့် ကြိုမြင်ပြီး လုပ်ခဲ့တာဖြစ်သည်။ ဒါသာမ
ရေဘေး၊ လေဘေး သဘာဝအန္တရာယ်များအတွက်လည်း အထော
အကူပြု လမ်းမကြီးဖြစ်တာ ပေါ့ခင်ဗျာ။

ဒါကြောင့် နိုင်ငံတော်သမ္မတသည် နိုင်ငံကာကွယ်
အတွက် စစ်ရေးအမြင်ရှိရမည်ဟု ဆိုထားတာပေါ့ ခင်ဗျာ။

## Economic Might စီးပွားရေးပြုပြင်ပြောင်းလဲမှုများ

နဝတ နယကခေတ်တွင် **Open Door Policy** ကို စ
ကျင့်သုံးခဲ့သည်။ ယခင်ပါတီကောင်စီခေတ်က ပိတ်ထားသ
ကုန်သွယ်မှုများကို ဖွင့်ခဲ့သည်။ **Market Economy** ကို ကျင့်
သည်။





သို့ရာတွင် **Military Junta** မှ အမေရိကန်ဦးဆောင်သော
ကမ္ဘာ့အင်အားကြီးနိုင်ငံများက မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ခဲ့၏။

"ဒီစစ်အစိုးရခံလှ လေးငါးလပေါ့" ဟုလည်း ကြုံးဝါးကြ
သည်။

**Military Junta** က လူကြီးတွေ မ,အပါခင်ဗျာ။

လက်ထဲတွင် ဒေါ်လာ သန်း ၁၀၀ ခန့်သာ ကျန်သည်။
ကယ်လည်း သူတို့ပြောသလို အဲဒီငွေက သုံးလေးလကြာရင်
ကုန်သွားမည်။ ဒါကို သိသည့် အစိုးရက ငွေရှာ၏ ဂျပန်နိုင်ငံ
မြန်မာသံရုံးမှမြေကို ဈေးကြီး ပေးဝယ်မည့်သူတစ်ဦး ပေါ်လာသည်။
ဂျပန်လုပ်ငန်းရှင်တစ်ဦး ဖြစ်၏။ မြေတစ်ဝက် ကေတစ်မတ်ခန့်အား
ဒေါ်လာ သန်း ၄၀၀ နှင့် ဝယ်သွားသည်။ အစိုးရအသက်ဆက်
သွား၏။

ဒီနောက်တော့ အစိုးရက ငွေရှာသည်။

လောလောဆယ် ပြည်သူတွေ စားဖို့သောက်ဖို့ အရေး
ကြီးသည်။ ထို့ကြောင့် စပါးစိုက်တာ တိုးချဲ့သည်။ မြေလွတ်
မြေရိုင်းတွေကို ခုတ်ထွင်ရှင်းလင်းပြီး **Mass production** လုပ်သည်။

၎င်းကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေက
အောက်ပါအတိုင်းပြောသည်။

"ဒို့ပြည်သူတွေ စားဖို့ ဆန်က အရေးကြီးတယ်။ ဆန်ထွက်
တိုးအောင် စပါးတွေ တိုးချဲ့စိုက်ရမယ်။ ရေနက်ကွင်း ရေကြီး
ကွင်းတွေကို ထပ်ဖော်ပြီး စပါးစိုက်ကြရမယ်။ ဒေသခံတောင်သူ
တွေက နေအင်အား မရှိဘူး။ ဒါကြောင့် ဝန်ကြီးဌာနတွေ တာဝန်
ယူစိုက်ကြရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လိုအပ်ရင်လုပ်နိုင်တဲ့ ကုမ္ပဏီကြီးတွေ လုပ်ငန်းရှင်တွေ Joint Venture လုပ်ရမယ်"

အထက်ပါလမ်းညွှန်ချက်အရ YCDC အပါအဝင် ဝန်ကြ ဌာနတွေ စပါးစိုက်ကြရ၏။ ဆန်စားစရာရှိရင် ကျန်တာ သိပ် စရာမလိုပါ။

စားစရာရှိအောင် လုပ်နိုင်ခဲ့သော်လည်း ကျန်သုံးစွဲ အတွက် ငွေလိုပြန်သည်။ ထို့ကြောင့် ရောင်းလို့ရတာတွေ ထု ရောင်းခဲ့သည်။ သစ်၊ သတ္တု၊ ကျောက်သံ ပတ္တမြား၊ ဆန် လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံ မြေထွက်ပစ္စည်းများ၊ ရေထွ ကုန်ပစ္စည်းများဖြစ်၏။

အမေရိကန်နှင့် အနောက်နိုင်ငံများက ကုန်သွယ်ရေ ပိတ်ဆို့၊ စီးပွားရေးပိတ်ဆို့ထားသဖြင့် ဘေးနားက တရုတ်ကြီး ဆက်သွယ်ရသည်။ အာဆီယံနိုင်ငံများနှင့် ဆက်သွယ်ရသည်။

မြန်မာနိုင်ငံထွက်ပစ္စည်းများကို တရုတ်ကြီးက ဒိုင်ခံဝ သည်။ ဒီကလိုတာတွေလည်း သူ့ဆီက သွင်းရသည်။ တရုတ်ကြီး ၁၉၈၉ ခုနှစ် ထိန်အန်မင်အရေးအခင်းကြောင့် မြန်မာကို လိုတာ အကူအညီပေးသည်။ မြန်မာနှင့်ပတ်သက်သည့် ပိတ်ဆို့ရေးအ များ၊ ရှုတ်ချသည့်အဆိုများ၊ ကုလသမဂ္ဂတွင် တင်သွင်းသည့်အ တရုတ်ကြီးက Veto အာဏာသုံးပြီး ပယ်ချပေးခဲ့သည်။

**A friend in need, is friend indeed.** တဲ့။

ဒါကြောင့် တရုတ်ကြီးကို ကျေးဇူးတင်ရသည်။ ဒါ တချို့က နားမလည်၍ တရုတ်အားကိုး အလကား ခွေးမျိုးတွေ ကလော်ဆဲခဲ့ကြသည်။ အရေးပေါ်အခြေအနေမှာ ဒီလိုလုပ်ဖို့ကလွဲ





www.burmeseclassic.com

www.burmeseclassic.com



သာမညတောင်ဆရာတော်နှင့်
ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



အခြားနည်းမရှိသဖြင့် ဒီလိုပဲလုပ်ခဲ့ရပါသည်။

စာဖတ်ပရိသတ်ကြီး နားလည်ပေးနိုင်မည်ဟု ထင်ပါသည်။

စီးပွားရေးတိုးတက်လာအောင် ယခင် အစိုးရက ချုပ်ကိုင်ထားသည့် စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိက လွှဲပေးသည်။ စက်ရုံတွေ ပြန်ပေးသည်။ ရုပ်ရှင်ရုံတွေ ပြန်ပေးသည်။ သိမ်းထားတဲ့ အဆောက်အဦတွေ ပြန်ပေးသည်။ ပုဂ္ဂလိက ကုမ္ပဏီတွေတည်ထောင်ခွင့်ပြုသည်။

လမ်းတွေကို ကုမ္ပဏီတွေ ပေးလိုက်သည်။

စက်မှုဇုန်တွေ ထောင်ခွင့်ပြုသည်။

ကားတွေ ဝယ်မရတော့ ပြည်တွင်းမှာ ကားထုတ်နိုင်အောင် ခွင့်ပြုခဲ့သည်။ အရင်ပါတီကောင်စီအစိုးရက ပိတ်ထားသည့် နိုင်ငံခြားထွက်ခွင့်လည်း ပြုခဲ့သည်။ **Passport** တွေ ထုတ်ပေးသည်။

ပြည်တွင်းစက်မှုဇုန်များမှ ပွဲပြီဟော့ဆိုကာ ဇုန်ထုတ်ကားများ ထုတ်ကြ၏။ သို့ရာတွင် နည်းပညာ ချွတ်ယွင်းမှု၊ အားနည်းမှုများကြောင့် ဇုန်ထုတ်ကားများ အရည်အသွေး မပြည့်မီပါ။ လူကြိုက်နည်းသည်။ အင်ဂျင်အလုံးလိုက် ပြုတ်ကျသွားရတာနဲ့၊ ဘော်ဒီအိမ်ကွာကျရတာနဲ့၊ ခဏလေးနဲ့ သံချေးတက်ရတာနဲ့ အလုပ်မဖြစ်ခဲ့ပါခင်ဗျာ။

ဒီတော့ ဇုန်ကားတွေက ဘာလုပ်တယ်ထင်ပါသလဲ။ မြဝတီနဲ့ ဘုရားသုံးဆူဘက်က ဂျပန်ကားဟောင်းတွေ ခိုးသွင်းပြီး ဖင်ဖြတ်ခေါင်းဖြတ်နဲ့ ဗမာကားတွေ လုပ်ကြကုန်၏။

**Super Custom** လိုကားမျိုးကို အလုံးလိုက်ဝယ်ပြီး နံပါတ်ပြောင်းပြီး ဇုန်ထုတ်လုပ်သည်။ ဒါကို ကညနကလည်း ခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ အတော်ရယ်စရာကောင်းလှပါ၏။ အလိမ်အညာတွေ

ပြောရမယ်ဆိုရင် ဖုန်ထုတ်ကားလုပ်ငန်း မအောင်မြင် ခင်ဗျာ။

တရုတ်ပြည်ကို မော်စီတုန်းတို့သိမ်းပြီး မကြာသောကာလ တွင် မော်စီတုန်းက စက်မှုတော်လှန်ရေးဟုဆိုကာ **Great Le** **Forward** ခေါ် မဟာခုန်ပျံကျော်လွှား တိုးတက်ရေးဟုဆိုက အိမ်တိုင်း အိမ်တိုင်း ပန်းပဲဖိုများလုပ်ပြီး စက်မှုပစ္စည်းတွေ ထုတ် နည်းပညာချို့ယွင်းမှုကြောင့် မော်၏ **Great Leap Forward** မ မအောင်မြင်ခဲ့ပါ။ မော် အဝေဖန်ခံရသည်။ ဒါကို မကျေနပ်၍

ဝေဖန်ခဲ့သည့်ပါတီတွင်း ပညာတတ်များကို မှတ်ထာ တေးထားသည်။ ၁၉၆၇ ခုနှစ် မဟာပစ္စည်းမဲ့ ယဉ်ကျေးမှုတော် လှန်ရေးတွင် ထိုပါတီတွင်း ပညာတတ်များအား မော်က ဖြုတ်ထုတ် သတ် လုပ်ခဲ့သည်။ သမ္မတ လူရှောက်ချီနှင့် ထိပ်ပိုင်းခေါင်းဆောင်မျာ ဖယ်ရှားခံခဲ့ရသည်။

ထိုကာလမှ ဆယ်စုနှစ်တစ်ခေတ်ကျော် မော် သေပြီးနောက် တိန့်ရှောင်ဖိန် တက်လာသည်။ တိန့်ရှောင်ဖိန်က ပညာတတ် ပြင်သစ်တွင် ကျောင်းနေလာသူ။ သူက **Four Modernizatio** လုပ်သည်။

**လေးမျိုးခေတ်မီရေး**

စီးပွားရေး

စစ်ရေး

သိပ္ပံနှင့်နည်းပညာ

စက်မှုလက်မှု





ဤကိစ္စအတွက် တိန့်ရှောင်ဖိန်က ဆန့်ကျင်ဘက် အမေရိကန်တွေကို အောက်ကျနောက်ကျခံပြီး ပညာသင်ပေးရန် မေတ္တာရပ်ခံခဲ့သည်။

၁၉၈၀ ခုနှစ်လောက်က စပြီး တရုတ် ပညာတော်သင်တွေ အမေရိကန်သို့ သောင်းနှင့်ချီ လွှတ်သည်။ အဆင့်မြင့်နည်းပညာများ သင်ယူစေသည်။ ၁၉၉၀ ခုနှစ်လောက်တွင် ထိုအမေရိကန်ပြန် ပညာတတ်များက တရုတ်ပြည်ကြီးကို ဆွဲတင်ကြသည်။ ၂၀၀၀ ခုနှစ်လောက်တွင်ကား တရုတ်တွေ အလွန်တိုးတက်သွားပါပြီ။ အထပ် ၁၀၀ တိုက်တွေတောင် လုပ်တတ်သွားပြီ။ မြေအောက် မြစ်ကူး ဥမင်လိုဏ်ခေါင်း ကောင်းကောင်းလုပ်တတ်သွားပြီ။ သံချပ်ကာ ကားတွေ၊ အမြောက်တွေ၊ ဒုံးပျံတွေ၊ လုပ်တတ်သွားပြီ။

ဤသို့ဖြင့် တရုတ်ပြည်ကြီးသည် အလွန်လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်သွား၏။ စီးပွားရေး **Boom** ဖြစ်သွားသည်။

နိုင်ငံတကာနှင့် တံခါးဖွင့်ကာ စက်ရုံတွေတည်သည်။ **Joint Venture** တွေ လုပ်သည်။

– အာရှတိုက်မှ

ဂျပန်နှင့်တောင်ကိုရီးယား

– အမေရိကတိုက်မှ

အမေရိကန်နှင့်ကနေဒါ

– ဥရောပတိုက်မှ

အင်္ဂလိပ်

ပြင်သစ်

ဂျာမန် တို့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနိုင်ငံများမှလည်း တရုတ်ပြည်တွင် **Labour** ခ အလွ ဈေးချို၍ စက်ရုံကြီးတွေ လာဖွင့်ကြ၊ အလုပ်ရုံကြီးတွေ လာဖွင့်ကြ ၏။ တရုတ်တွေ အလွန်အောင်မြင်သွားပါပြီ။

မြန်မာ့တပ်မတော်ကို အမေရိကန်နှင့် အင်အားကြီးနိုင် များက စစ်ပစ္စည်းများ မရောင်းပါ။

သို့နှင့် ကားတွေကို တရုတ်ကြီးဆီက ဝယ်ရသည်။ **Eve** မြို့တော်စည်ပင်ကိုပင် ကားမရောင်းပါ။ ဂျပန်ကားတွေ ဝယ်မရ ဂျပန်ကိုလည်း ကားမရောင်းအောင် အမေရိကန်က တားထားသည် ဟိုတုန်းက မြန်မာ့တပ်မတော်တွင် အမေရိကန် ကာဂို၊ ဖို့ဒ် အင်္ဂလန်မှ လင့်ရိုဗာကားများ တင်သွင်းနိုင်ခဲ့၏။ ဝီလီဂျစ်လည် ပါသည်။ နောက်တော့ ဂျပန်မှ ဟီနိုးကားတွေ သွင်းခဲ့သည်။ မာဇ ဂျစ်တွေ သွင်းခဲ့သည်။ နီဆန်းကားလတ်တွေ ဝယ်ခဲ့သည်။

ယခု ထိုကားတွေ ဝယ်မရတော့။ တရုတ်ကားတွေ ဝယ် ရသည်။

**Aeolus** ကားကြီးများ

**Faw** ကားကြီးများ

**Lanjian** ကားလတ်များ

**Grand Tiger** ဂျစ်ကားများဖြစ်သည်။

သုံး၍ ကောင်းပါသည်။ ကျွန်တော် ဗျူဟာမှူးဘဝ **Aeolus** ကားများနှင့် ရိက္ခာပို့ သုံးလေးနှစ် လုပ်ခဲ့ဖူးသည်။ ကောင်း ပါသည်။

ကားတွေသွင်းသည့်အခါ ပထမ ရေကြောင်းက သွင်းတော့ အမေရိကန်ရေတပ်က ဟိုရှာဒီရှာ အရှာခံရသည်။ အမေရိကန်





ရေတပ်က ရှာ၍ တရုတ်–မြန်မာ လမ်းမကြီးက မောင်း၍ သွင်းခဲ့ရ သည်။ **YCDC** က ပထမသွင်းသည့် **Faw** ကားနှင့် ဒေါင်ဖန်းကား စီး ၅၀၀ ကို ကူမင်းမှမောင်း၍ သွင်းခဲ့ရပါသည်။

တပ်ကသွင်းတဲ့ကားတွေလည်း ဒီလိုပါပဲ။ ပထမ ရန်ကုန် ကူမင်းကားလမ်း (တရုတ်မြန်မာလမ်းမကြီး) က သွင်းခဲ့ရပါသည်။ နောက်မှ သင်္ဘောများဖြင့် သွင်းသည်။ ဒါတောင် အမေရိကန် ပါတ် (၇) ရေတပ်ကို အတော် ရှောင်တိမ်းပြီး လာရပါသည်။

တပ်အတွက် ကားကတော့ လိုနေဆဲဖြစ်၏။

နိုင်ငံတော်အတွက်လည်း ကားတွေက လိုနေသည်။ ပြည်သူတွေကတော့ ထိုင်းနယ်စပ်မှ **Without** ကားတွေ ခိုးသွင်းပြီး ကြသည်။ **Without** ကားတွေက **Used car** တွေ။ ဈေးကလည်း အလွန်ချိုသည်။ တစ်စီးမှ သိန်း နှစ်ဆယ်၊ အစိတ်၊ သုံးဆယ်သာ။ ထို့ကြောင့် **Without** ကားများ ဝယ်စီးကြသည်။

ကျွန်တော်တောင် မော်လမြိုင်ထောက်လှမ်းရေးက ပို့ပေး၍ **Cherokee** ကားလေးတစ်စီး သိန်း ၃၀ နှင့် ဝယ်၍ နှစ်နှစ် သုံးနှစ်စီးလိုက်သည်။ အလွန်ကောင်းပါသည်ခင်ဗျာ။

တရားဝင်သာ ဝယ်ရပါက သိန်း ၂၀၀၊ ၃၀၀ ပေးရမည်။ **Tax** က ဈေးကြီးလွန်းသည်။ သိန်း ၂၀ တန်ကားကို **Tax** နဲ့ လိုင်စင်နဲ့ ပေါင်းလိုက်တော့ ၂၀၀၊ ၃၀၀ ဖြစ်သွားသည်။ ကုန်သွယ် ရေးနဲ့ ကညနပေါင်းပြီး ပြည်သူတွေ ကားကောင်းကောင်း မစီး နိုင်အောင် ပေါင်းပြီး လုပ်ထားပုံရ၏။

ဒါပေမဲ့ ပြည်သူတွေက ဆိုခဲ့သည့်အတိုင်း ခိုးကားတွေ ဈေးပေါပေါနှင့် ဝယ်စီးကြ၏။



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇–၂၀၀၈ ခုနှစ်လောက်တွင် ထိုလိုင်စင်မဲ့ကားများ
အစိုးရက အပ်နိုင်းသည်။ အတော်များများက အပ်ကြသည်
မအပ်သူတွေလည်း ရှိသည်။ ကားအစီး နှစ်သောင်းခန့် ရလိုက်
အားလုံးပြည်သူပိုင်သိမ်းကာ ဌာနဆိုင်ရာများသို့ ဈေးပေါပေါ
ပြန်ရောင်းပေးသည်ဟု သိရသည်။ တော်တော်များများကတော
တပ်က ရလိုက်သည်ဟု ကြားရသည်။

ကားကိစ္စက ၂၀၁၂ နောက်ပိုင်း ဒီမိုကရေစီ အစိုး
လက်ထက်၌ ဖြေလျှော့ပေးခဲ့ရာ မြန်မာတစ်နိုင်ငံလုံး ဂျပန်ကားတွေ
ဖုံးသွားသည်။ ကားဈေးတွေလည်း ထိုးကျ သွား၏။ ယခင်ကသိန်
၂၀၀၀၊ ၃၀၀၀ **Land Crusier Cygnus** ကားမျိုးတွေ သိန်းသုံ
လေးရာဖြစ်ကုန်တော့သည်။ ကားလောက အတော်ကမောက်က
ဖြစ်သွား၏။ ကားထုတ်သည့် ဖုန်တွေလည်း ပျက်ကုန်တော့၏
အရည်ကျိုရန် ထိုးအပ်ရတော့၏။

မည်သို့ပင်ဖြစ်စေ **Open Door Policy** ကျင့်သုံးပြ
**Market Economy** လုပ်လိုက်သဖြင့် ပါတီကောင်စီခေတ်ထက်
ပစ္စည်းကောင်းများ သုံးလာရသည်မှာ မငြင်းနိုင်ပါခင်ဗျာ။

## Political Might နိုင်ငံရေးအင်အားထူထောင်ခြင်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အရာရှိငယ်ဘဝက ဗဟို
နိုင်ငံရေးသိပ္ပံတွင် တာဝန်ထမ်းဆောင်ခဲ့၏။

နိုင်ငံတစ်နိုင်ငံတွင် **Political thoughts** အခရေးကြီ
ကြောင်းကို ထိုစဉ်ကပင် သဘောပေါက်ခဲ့၏။ **Ideology change**
မဖြစ်သမျှကာလပတ်လုံး တစ်မျိုးသားလုံး တိုးတက်ဖွယ်ရာမမြင်





ကြောင်းကိုလည်း သုံးသပ်နိုင်ခဲ့၏။

ဒုတိယကမ္ဘာစစ်ပြီးစက မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးအတွက် အုံးအုံးကျွက်ကျွက် တောင်းဆိုခဲ့ကြ၏။

လွတ်လပ်ရေးသည် ပထမ
လွတ်လပ်ရေးသည် ဒုတိယ
လွတ်လပ်ရေးသည် တတိယဟု ကြွေးကြော်ခဲ့ကြသည်။

လွတ်လပ်ရေးရခဲ့သည်။ သို့ရာတွင် နိုင်ငံရေးပါတီ အကွဲအပြဲများကြောင့် ပြည်တွင်းစစ်ဖြစ်ခဲ့ရသည်။ ဖဆပလအဖွဲ့ချုပ်ကို မကျေနပ်၍ အလံနီ၊ အလံဖြူတို့ တောခိုကြသည်။ ရဲဘော်ဖြူလည်း တောခိုသည်။ ကရင်တိုင်းရင်းသား **KNDO** လည်း တောခိုသည်။

တစ်နိုင်ငံလုံး စစ်ဘေးစစ်ဒဏ်သင့်သည်။

၁၉၅၈ ခုနှစ်၌ အိမ်စောင့်အစိုးရတက်သည်။

၁၉၆၂ ခုနှစ်၌ စစ်တပ်က အာဏာသိမ်း၍ တော်လှန်ရေးကောင်စီ တက်လာသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ခေါ်ပါတီထောင်သည်။ ပြည်သူပိုင်တွေ သိမ်းသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ထောင်သည်။

မအောင်မြင်ပါခင်ဗျာ။

၂၆ နှစ်ကျော် ကြာသောအခါ ဆိုရှယ်လစ်စီးပွားရေးစနစ်ကြီး ဘုန်းဘုန်းလဲကျဆုံးကာ ပါတီကောင်စီ အစိုးရလည်း ပြုတ်ကျလေတော့သည်။ ပြောတာနဲ့လုပ်တာ တခြားစီဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံး ဖွတ်ကျောပြာစု ခရှုံးကျွတ် ဖြစ်သွားတော့၏။

ဤနေရာတွင် ရယ်စရာပုံပြင်လေးတစ်ခုကို ကျွန်တော်ကြားဖူးသလို ပြောဆိုပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ပါတီကောင်စီအစိုးရတက်ပြီး အတော်ကြာသောအခါ ဆိုရှယ်လစ်စီးပွားရေးစနစ်ကြီးက မအောင်မြင်ဘဲ ယိုင်နဲ့လာ၏။

ထိုအခါ လူတွေက ရယ်စရာလုပ်ပြီးပြောကြ၊ မေးကြ၊ တာဝန်ရှိသူ ပါတီဝင်တွေ ကောင်စီဝင်တွေက ဖြေကြသည် ပါသည်။

မေး။ ။ မင်းတို့ဆိုရှယ်လစ်စနစ်ကြီး ဘယ်တော့ အောင်မြ လဲကွ။ အတော်ကြာနေပြီ။ ပြည်သူတွေ ဘယ်တော့ လောက် ဆိုရှယ်လစ်လောကသစ်ကြီးကို ရောက်မှာ လဲ။

ဖြေ။ ။ ဖြေသူက လက်လေးချောင်းထောင်ပြသည်။

မေး။ ။ လေးနှစ်လား

ဖြေ။ ။ ဖြေသူက ခေါင်းယမ်းပြသည်။

မေး။ ။ ဒါဆို အနှစ်လေးဆယ်လား။

ဖြေ။ ။ ခေါင်းယမ်းပြပြန်သည်။

မေးသူ။ ။ ဒါဆို ဘယ်လောက်တောင်များကြာဦးမှာလဲ။

ဖြေသူ။ ။ လေးသချေ်နဲ့ ကမ္ဘာတစ်သိန်း

"ဟိုက်"

"အောင်မယ်လေးဗျာ"

အဲဒါနဲ့ ၁၉၈၈ ခုနှစ်မှာ တိုင်းပြည်ပျက်တော့တာပါပဲခင်ဗျာ။ နောက်ထပ် ပုံပြင်တစ်ပုဒ်လည်း ရှိပါသေးသည်။

တော်လှန်ရေးကောင်စီတက်ပြီး ပါတီကောင်စီ အစိုး ကာလတွင် ဖြစ်၏။

တစ်ချိန်တွင် မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ကမ်းရိုးတန်း





အမျိုးအမည်မသိ ကမ္ဘာဦးအစက ဒိုင်နိုဆောကြီးလိုလို၊ ရောမဝေလ ငါးကြီးလိုလို၊ ကင်းကောင်လိုလို၊ ဂေါ်ဇီလာလိုလို၊ အကောင် ကြီးတစ်ကောင် ပေါ်ပေါက်လာပြီး ကမ်းခြေ၌ သောင်းကျန်းနေလေ သည်။ အဆောက်အဦများကို ဖျက်ဆီး၊ လူတွေကို သတ်ဖြတ်၏။ ရေတပ်၊ လေတပ်၊ ကြည်းတပ်တွေနှင့် နှိမ်နင်းသော်လည်း မနိုင် သောအောင် ဖြစ်နေသည်။ တာဝန်ရှိသူတွေ ခေါင်းချင်းရိုက် တိုင်ပင် ကြရ၏။

နောက်ဆုံးတော့ ကျွမ်းကျင်သူတွေက အနုမြူထိပ်ဖူးတပ် ဒုံးကျည်ဖြင့် ပစ်မှရမည်ဟု ဆုံးဖြတ်၏။

ဘယ်မှာလဲ အနုမြူဒုံးကျည်။ ရှိမှမရှိဘဲ။ ဘယ်သူက လာပြီးပစ်ပေးမှာလဲ။

ထို့နောက် နာဂစ်မုန်တိုင်းတမျှ ဆိုးဝါးနေသော အကောင် ကြီးကို နှိမ်နင်းရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားနေကြစဉ် ထို သတင်းသည် ဥက္ကဋ္ဌကြီးဦးနေဝင်းနားသို့ ပေါက်ကြားသွားသည်ဟု ဆိုပါ၏။

"ငါ နှိမ်နင်းနိုင်ပါတယ်ကွာ။ အဲဒီကို ငါသွားလိုက်မယ်"

ဟု ဆိုကာ ...

ဥက္ကဋ္ဌကြီးက ရခိုင်ကိုချီတက်သွား၏။ ရခိုင်ရောက်တော့

"ကိုင်း ... ကိုင်း ... မင်းတို့ပြောတဲ့အကောင်ကြီး ဘယ်မှာလဲ။ ငါ့ပြကြစမ်း။ ငါ နှိမ်နင်းမယ်"

ဟု မိန့်ကြားလေတော့သည်။

တာဝန်ရှိသူတွေက စစ်တွေနှင့်မနီးမဝေး ပင်လယ်ကမ်း ခြေသို့ ဥက္ကဋ္ဌကြီးကို လုံလောက်သော ကြည်း၊ ရေ၊ လေ



www.burmeseclassic.com

www.burmeseclassic.com



အစောင့်အကြပ်များနှင့် လိုက်ပို့ကြသည်ဆို၏။

"မင်းတို့တပ်တွေ မလိုပါဘူးကွာ။ ဒီကောင်ကြီးကို ငါတ

ယောက်တည်း နိုင်ပါတယ်။ မင်းတို့အားလုံး ပြန် ကြ ... ပြန်ကြ

"ငါ့အတွက် ငါထိုင်နေကျ ကုလားထိုင်သာ ချပေးထား

ကမ်းနားတွင် ဥက္ကဋ္ဌကြီးက သူထိုင်နေကျကုလားထိုင်

ထိုင်၍ကျန်ခဲ့၏။ အချိန်က ညနေစောင်း နေဝင်ဖျိုးဖျအချိ

ဒီအချိန်မျိုးတွင် ဒီကောင်ကြီးပေါ်လာတတ်၏။

များမကြာမီမှာပင် အကောင်ကြီး ရေထဲမှ ဘွားခနဲ

လာ၏။ ကုန်းပေါ်သို့ တရွေ့ရွေ့တက်လာသည်။ ဥက္ကဋ္ဌကြီးကလည်

အကောင်ကြီးကို မမှိတ်မသုန်ကြည့်နေသည်။

အကောင်ကြီးက ဥက္ကဋ္ဌကြီးနားအရောက်၌ ခေါင်းကို

ဖမ်းစားမည်ပြုလိုက်သည်။

ဥက္ကဋ္ဌကြီးက အလွန်တည်ငြိမ်စွာဖြင့် အကောင်ကြီး

နားကပ်၍ တစ်စုံတစ်ရာကို ပြောလိုက်၏။

ထိုအခါ လုံးဝမယုံကြည်နိုင်စရာအဖြစ်အပျက်သည် ရှ

ခြည်းဖြစ်ပွားသွားတော့သည်။

ကြောက်မက်ဖွယ်ရာ အကောင်ကြီးသည် ဥက္ကဋ္ဌကြီး

စကားကို ကြားသွားသောအခါ ...

"အောင်မယ်လေးဗျ"

ဟု ထိတ်လန့်ဖွယ်ရာ အသံနက်ကြီးနှင့် ကျိုးအော်

ရေထဲသို့ တစ်ခါတည်း ငုပ်လျှိုးပျောက်ကွယ်သွားလေတော့သည်

စောင့်ကြည့်နေသော ပရိသတ်ကြီးမှာ ...

"ဟာ"ခနဲ ဖြစ်သွားလေတော့၏။





"ဩော် ... တို့ခေါင်းဆောင်ကြီးက အလွန်ဘုန်းကြီး

တာပဲ။ ဘာဂါထာများ မန်းမှုတ်လိုက်ပါလိမ့်။ ကမ္ဘာဖျက်မယ့်

အကောင်ကြီး တစ်ခါတည်း အော်ပြီး ရေငုပ်သွားတော့တာပဲ။ ပြန်ကို

ပေါ်မလာတော့ဘူး"

ဟု တီးတိုးပြောကြားကြကုန်၏။

ကိစ္စပြီးသွားသောအခါ ဥက္ကဋ္ဌကြီးကို တာဝန်ရှိသူတွေက

နားရောက်ခေါ်ဆောင်ခဲ့ကြ၏။

"ဥက္ကဋ္ဌကြီး သိပ်ဘုန်းကြီးလှပါပေတယ် ခင်ဗျ။ အကောင်

ကြီး တစ်ချိုးတည်း လစ်တော့တာပဲ"

"ဥက္ကဋ္ဌကြီး ဘာဂါထာတွေများ ရွတ်လိုက်တာလဲခင်ဗျ"

"ဟေ ... ငါလား ဘာဂါထာမှ မရွတ်ပါဘူးကွာ။

တစ်ခွန်းပဲပြောလိုက်တာပါ"

"ဘာများလဲ ခင်ဗျာ"

"မင်း လမ်းစဉ်ပါတီဝင်မလားလို့ မေးလိုက်ရုံလေးပါ"

"ခင်ဗျာ"

ပုံပြင်လေးကတော့ ဒါပါပဲခင်ဗျာ။

မကြာပါဘူး။ တိုင်းပြည်ပျက်တော့တာပါပဲ။

တကယ်တော့ ဒီပုံပြင်နှစ်ခုလုံးက လမ်းစဉ်ပါတီကို သရော်

သောပုံပြင်ဖြစ်ပါ၏။ လမ်းစဉ်ပါတီကို ပြည်သူတွေက မယုံကြည်ပါ။

ဤသည်ကိုသိသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်

မထုံး လူစုသည့်အနေဖြင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး

အသင်းကြီးကို ထူထောင်သည်။ အသင်းကြီးအား လိုလေသေး

ပံ့ပိုးသည်။ ငွေအား လူအားနှင့် **Political thoughts** များ



www.burmeseclassic.com

www.burmeseclassic.com



ပို့ချသည်။

အခြေခံနိုင်မာအောင် လုပ်ပြီး အတော်ကြာမှ **Road M**
အရ ရွေးကောက်ပွဲနီးချိန်တွင် အသင်းကြီးအား ပါတီအ
ပြောင်းလဲခဲ့၏။

ထို့နောက် ၂၀၁၂ ရွေးကောက်ပွဲကို ဝင်ရောက် ယှဉ်
စေရာ **Land Slide** အနိုင်ရခဲ့၏။

ပုံစံမှာ –

အင်ဒိုနီးရှားမှ ဂိုလ်ကာပါတီ

အိန္ဒိယမှ ကွန်ဂရက်ပါတီတို့ ပုံစံမျိုးဖြစ်၏။

ရွေးကောက်ပွဲပြီး၍ ဒီမိုကရေစီအစိုးရသစ် တက်
သောအခါ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သူ တာဝန်လွှဲခဲ့သူ
အား "မင်းတို့သုံးယောက် ညီညီညွတ်ညွတ် လုပ်ကြ" ဟု မှာခဲ့သ
ဆိုပါသည်။

မညီညွတ်၍လည်း မရပါ။ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကို အ
ကြမည့် နိုင်ငံရေးပါတီများ ၁၀၀ ခန့် ရှိနေပါသည်။ ထိပ်ပိုင်းက
**NLD** ပေါ့ခင်ဗျာ။

ဗိုလ်ချုပ်မှူးကြီးမှ လေး၊ ငါး၊ နှစ် စောင့်ကြည့်နေခဲ့

ဘာအသံမှ စောစောက မထွက်ခဲ့။

ဟော ... အခုတော့ ၂၀၁၅ ရွေးကောက်ပွဲနီးလာ
အခါတွင်မူ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကြီးတွင် အသံဗလံများ ထွက်
၏။ ဩဂုတ်လ ၁၂ ရက်ည အရေးအခင်း ဖြစ်လာ၏။ အုပ်စုကွဲ
အားပြိုင်မှုတွေ ရှိလာ၏။

ဒီအရေးအခင်းကို ဗိုလ်ချုပ်ကြီးသန်းရွှေ ကြည့်နေမှာလ





ဝင်ပါဦးမှာလား။ ထိန်းပေးဦးမှာလား။

ကျွန်တော် မသိပါ။ မပြောနိုင်ပါ။

သို့ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကြီး
ကား သူ နောက်ဆုံးထောင်ခဲ့သည့် အဖွဲ့အစည်း။ သူ နောက်ဆုံး
မွေးပေးခဲ့သည့် သားသမီး။ သူ၏ နောက်ဆုံးအမွေဖြစ်၏။

ဒါကိုတော့ အပျက်ခံလိမ့်မည်မဟုတ်ကြောင်း ကျွန်တော်
ပြောရဲပါသည်ခင်ဗျား။

**Political Might** မရှိဘဲ နိုင်ငံတစ်နိုင်ငံနှင့် အမျိုးသား
တစ်ရပ် ရေရှည်ရပ်တည်နိုင်မည် မထင်ကြောင်းပါခင်ဗျာ။

နိဂုံးချုပ်လေးထပ်ဖြည့်ပါမည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲတွင် ဗိုလ်ချုပ်
မှူးကြီး၏ **USDP** သည် ခွက်ခွက်လန် ရှုံးခဲ့၏။ **NLD** က ၈၀
ရာခိုင်နှုန်း။ **USDP** က ရှစ်ရာခိုင်နှုန်း။ ဆယ်ဆကွာသွားပြီ။ ကဲ
... ဘာလုပ်ကြမှာလဲ။ နောက်ထပ် ငါးနှစ်စောင့်ရပေဦးတော့မည်။
အမိုင်အမာပါတီကြီးဖြစ်၍ ပြိုင်တာတော့ ဆက်ပြိုင်ရမည်။ ပြိုင်ဘက်
ကောင်းမရှိစဉ်က ပထမရခဲ့သည်။ ယခု ရှိလာတော့ ဒုတိယဖြစ်
သွားပြီ။ ရှုံးနိမ့်ခြင်း၏ ခါးသီးသော အရသာကို **USDP** တွေ
မြည်းစမ်းကြရပြီ။


ဗိုလ်ချုပ်မှူးကြီးထံမှ ဩဝါဒခံယူပြီး အားမွေးကာ နောက်
တစ်ပွဲယှဉ်ပြိုင်ပါရန် **USDP** ပါတီကြီးအား တိုက်တွန်းအပ်ပါ
သည်ခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com




ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည် ထပ်မံတွေ့ဆုံစဉ်

www.burmeseclassic.com



ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည် ပထမအကြိမ် တွေ့ဆုံစဉ်က
ဒုဗိုလ်ချုပ်ကြီး ခင်ညွန့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစု

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

## မရေးဖြစ်သေးသည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပြောကြားချက်များ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် စစ်တပ်တွင်နှစ်နှစ် နယ်ဘက်တွင် ရှစ်နှစ်ထိတွေ့ ဆက်ဆံခဲ့ရရာ သူ၏ **Briefing** များကို မမှတ်မိလောက်အောင် တက်ခဲ့ဖူးပါသည်။

ထို့ကြောင့် ယခင် စည်ပင်စာအုပ်များတွင် မရေးဖြစ်ဘဲ ကျန်ခဲ့သည့် သူ၏ပြောကြားချက်များကို စာရှုသူများအား ထပ်မံမျှဝေလိုက်ပါသည်။

ဖတ်ရှုသုံးသပ်နိုင်ကြပါရန်။

### လျှပ်စစ်စွမ်းအားချို့တဲ့မှုအကြောင်း

မြန်မာနိုင်ငံတွင် လျှပ်စစ်စွမ်းအားက ယခုအချိန်ထိ မကောင်းသေးပါ။ **Supply** နှင့် **Demand** က မမျှ။ လိုအပ်ချက်က အမြဲရှိနေသည်သာ။ နဝတ၊ နယက ခေတ်၌ ဆည်တွေ ထပ်ဆောက်သည်။ ရေအား လျှပ်စစ် **Hydro Electric Power** တွေ ထုတ်သည်။ ဒါပေမဲ့လည်း လိုနေမြဲပါပင်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လျှပ်စစ်စွမ်းအားက **High Technology** လိုသည်။ နိုင်ငံတကာ အကူအညီလိုသည်။ **Military Junta** မို့ ဘယ်ကမှ အကူအညီမပေးကြပါ။ တရုတ်ကြီးကသာ ကူနေသည်။ သို့ရာတွင် နေရာတကာ တရားအားထုတ် တရုတ်အားထား၍ မရ။ တရုတ်ကြီးကလည်း သူ့အကျိုးအမြတ်မရရင် ဘာမှလုပ်ပေးသည် မဟုတ်။

ဥပမာ ရောဝတီမြစ်ဆုံစီမံကိန်းကြည့်ပါ။ သစ်တွေထုတ်သည့်ကိစ္စ၊ လက်ပံတောင်းတောင်ကိစ္စတွေကို ကြည့်ပါ။

လျှပ်စစ်စွမ်းအား မလုံလောက်သည့်အခါ ဗိုလ်ချုပ်မှူးကြီးက ...

"မင်းတို့ နေ့ခင်း မီးတွေပိတ်ထားကွာ။ အခန်းတွေ အကုန်လုံး တံခါးတွေဖွင့် ပြတင်းပေါက်တွေ ဖွင့်ပြီး အပြင်က အလင်းရောင်နဲ့ အလုပ်လုပ်ကြ"

ဟု ယာယီ ဖြေရှင်းနည်းကိုပြောပြ၏။

"ငါ့အိမ်မှာတောင် **Own Geneator** လုပ်ထားရတယ်"

ဟုလည်း ပြောသေးသည်။ ကိုယ်ပိုင်မီးစက်ထားပြီး မီးပျက်သည့်အခါ ထွန်းရအောင် လုပ်ထားခြင်း ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးအိမ်မှာလိုပင် EPC ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်အိမ်မှာလည်း မီးစက်ရှိပါသည်။

တစ်ရက်တွင် ထမင်းခေါ်ကျွေး၍ ညစာထမင်း အတူ သွားစားဖြစ်သည်။ ထုံးစံအတိုင်း ယမကာလေးလည်း ပါသေးခင်ဗျာ။

အာသွက်လျှာသွက်ဖြင့် စကားပြောကောင်းနေစဉ် မီးပျက်





သွား၏။

"ဟော့ကောင် ... ကိုတိုးကြီး မေးစမ်းပါဦးကွာ။ ဘာဖြစ်တာလဲလို့"

သူ့သားအကြီးအား EPC လှမ်းမေးခိုင်းသည်။

သူ့သားကြီးကလှမ်းမေးသည်။

"အဖေရေ ... ကြေးနန်းကြိုးတွေကို ငှက်ဝင်တိုးလို့တဲ့"

"ဟေ ... ဟုတ်လား။ မီးစက်နှိုးကွာ။ ညည်းသည် ရောက်နေတုန်း မီးပျက်တော့ အရသာဆိုးတယ်ဟေ့"

"အဲဒါပဲ ကိုသောင်းဝေရေ။ EPC ဝန်ကြီးအိမ်လည်း မီးပျက်တာပဲဗျို့"

ဟု မချိုမချဉ်မျက်နှာနှင့် ဆိုလေသည်။

နာရီဝက်ခန့်ကြာမှ မီးပြန်လင်းလာ၏။

တကယ်တော့ မီးစက်တွေက မကောင်း။ မီးကြိုးတွေက မကောင်း။ တိုင်တွေက မကောင်းနှင့်။ ဒါတွေ အားလုံး လဲပစ်မှရမည်။ ဒါတွေလဲပစ်ဖို့ ဒေါ်လာသန်းချီ လိုသည်။ ကိုယ့်နိုင်ငံကလည်း ဒါတွေ ဖြစ်တာမဟုတ်။ နိုင်ငံကြီးတွေမှာတော့ လျှပ်စစ်မီးကို အနုမြူဓာတ်ပေါင်းဖိုများနှင့် ပေးနေကြသည်။

၁၉၉၆ ခုနှစ်က ကျွန်တော် ကူမင်းရောက်တော့ မြို့တောင်ဘက်ရှိ တောင်ကုန်းကြီးများပေါ်၌ ဖရဲသီးလုံးပုံသဏ္ဌာန် အလုံးစိမ်းစိမ်းကြီး လေးငါးလုံးတွေ့ရ၏။

"အဲဒါတွေက ဘာတွေလဲဗျာ"

"အဲဒါတွေက အနုမြူဓာတ်ပေါင်းဖိုတွေ"

"ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ကူမင်းမြို့ကြီးကို လျှပ်စစ်မီးပေးတာလေ''

တရုတ်စကားပြန်များက ဖြေကြသည်။

''ဪ''

ကူမင်းတစ်မြို့လုံး မီးတွေထိန်ထိန်လင်းနေ၏။ ကျွန်တော် နေခဲ့သည့် လေးငါးဆယ်ရက် မီးပျက်သည်ဆိုတာ လုံးဝမရှိပါ။ လျှပ်စစ်မီးက အလျှံအပယ်ပါပဲ။

ကျွန်တော်တို့နိုင်ငံက လျှပ်စစ်မီး မလုံလောက်။ မြို့ကြီးတွေတောင် မီးကို နာရီပိုင်းနှင့် ပေးနေရသည်။

ထို့ကြောင့် ဒီမှာလည်း ရယ်စရာပုံပြင်တစ်ပုဒ် ပြောစရာ ရှိပါသည်။

ကမ္ဘာကိုပတ်နေသည့် ဂြိုဟ်တုပေါ်မှ အာကာသ သူရဲကောင်းများက ကမ္ဘာကို ပြန်ကြည့်သည့်အခါ မြန်မာနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံကို အလွယ်တကူ သိကြသည်ဆို၏။

တခြားနိုင်ငံတွေ သူတို့ မသိရင်နေမည်။ မြန်မာနိုင်ငံနှင့် မြောက်ကိုရီးယားကိုမူ ချက်ချင်းသိကြသည်ဆို၏။

''ဘာဖြစ်လို့လဲ'' ဟု မေးတော့ ...

''ညမှာ မီးမလင်းတဲ့ နေရာကွက်ကွက်လေးနှစ်ခုက မြန်မာနဲ့ မြောက်ကိုရီးယားလေ''

ဟု ဖြေကြသည်ဆို၏။

ရယ်စရာပါခင်ဗျာ။

ဒါပေမဲ့ ဟုတ်တာဆိုတော့ နာလိုခံခက်ပေါ့။

ဗိုလ်ချုပ်မှူးကြီး ဩဝါဒအတိုင်း ကျွန်တော် **YCDC** မှာ တာဝန်ထမ်းစဉ်က စစ်ရုံးအစည်းအဝေးများ၊ ဝန်ကြီးရုံးအစည်း





အဝေး တော်တော်များများ၌ မီးတွေပိတ်ပြီး ပြတင်းပေါက်တွေဖွင့်ကာ အစည်းအဝေးလုပ်ခဲ့ ကြသည်ကို အကြိမ်ပေါင်းများစွာ ကြုံဆုံခဲ့ရပါသည်ခင်ဗျား။

## နိုင်ငံခြားထွက်သွားကြသူများအကြောင်း

၁၉၈၈ ခုနှစ် အရေးအခင်းတွင် လူတွေ ထောင်နှင့် သောင်းနှင့် ချီ၍ နိုင်ငံက တရားမဝင်ထွက်သွားကြ၏။ အချို့က လက်နက်ကိုင် တောခိုကြ၏။

နဝတ၊ နယက အစိုးရလက်ထက်တွင်လည်း နိုင်ငံသူ၊ နိုင်ငံသားတွေ နည်းမျိုးစုံဖြင့် နိုင်ငံက ထွက်ခွာကြကုန်၏။ တရားဝင်ရော တရားမဝင်ရော။

အလုပ်မရှိလို့၊

အစိုးရကို မကျေနပ်လို့၊

ထိုက်တန်တဲ့ရာထူးမရလို့ စသည် စသည်ဖြစ်၏။

ထွက်ခွာသူများတွင် တရားဝင်ထက် တရားမဝင်တွေက ပိုများသည်။ ထွက်သည့်လူဦးရေက လျော့သွားသည် မရှိ။ တိုးတိုးလာနေ၏။

တစ်ညသ၌ စစ်ရုံးညကျောင်းတွင် တာဝန်ရှိသူ့တစ်ယောက်မှ ထိုကိစ္စကို သူ့အလှည့်၌ ထတင်ပြ၏။ လူတွေ နိုင်ငံပြင်ပ အမြောက်အမြားထွက်ခွာနေကြကြောင်း၊ တားမရကြောင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးက ဘာပြောတယ် ထင်ပါသလဲ။

''တားမရတော့လည်း မတားနဲ့ပေါ့ကွာ။ သွားပါစေ။



www.burmeseclassic.com

www.burmeseclassic.com



ဒို့အုပ်ချုပ်ရတာ လူနည်းသွားတော့ ပိုကောင်းတာပေါ့ကွာ''

ဟုဆိုလေတော့၏။

သူ့အယူအဆက ယခင် ပါတီကောင်စီအစိုးရနှင့် အတော်ကွာခြား၏။

ပါတီကောင်စီအစိုးရက လူတွေ နိုင်ငံအပြင် မထွက်ရ၊ နိုင်ငံခြားမရောက်ဖူး၍ လူတွေ ဗဟုသုတ မရှိလေ အူလေ အလေ အုပ်ချုပ်ရပိုကောင်းလေဟု ထင်ထားပုံရ၏။

နိုင်ငံခြားတရားဝင်သွားရသူအတော်နည်းသည်။ Passport လွယ်လွယ်နဲ့ မပေး။ နည်းမျိုးစုံနှင့် ကန့်သတ်ထားသည်။

နဝတ၊ နယက ခေတ်၌ Passport ရုံးကား လူတွေ တရုံးရုံးနှင့် အလွန်စည်ကားပြီး ပြည်သူတွေ နေ့စဉ် ကြည်းကြောင်း၊ ရေကြောင်း၊ လေကြောင်းမှ ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ထွက်ခွာနေကြသည်ကို တွေ့ရပါသည်ခင်ဗျား။

ဒါက ဗိုလ်ချုပ်မှူးကြီး ဖြေလျှော့ပေးလိုက်၍ ဖြစ်မည် ထင်ပါ၏။

**အလုပ်မဖြစ်သည့် သကြားစက်များအကြောင်း**

မြေလွတ် မြေရိုင်းတွေကို နဝတ၊ နယက ခေတ်၌ လယ်ဖော်ပြီး စိုက်စေ၏။

ထိုအခါ လယ်ဆည်ဝန်ကြီး ဒုဗိုလ်ချုပ်ကြီးမြင့်အောင်က ကုန်းကျသည့် နေရာများတွင် မြေရှင်း၍ ကြံစိုက်ပျိုးချင်ကြောင်း၊ ထွက်လာသည့် ကြံများကို သကြားစက်များတည်၍ သကြားတွေ ထုတ်လုပ်မည်ဖြစ်ကြောင်း၊ သကြားတွေကို တရုတ်ပြည်သို့ ပို့နိုင်ကြောင်း ဗိုလ်ချုပ်မှူးကြီးအား တင်ပြလေသည်။





ဗိုလ်ချုပ်မှူးကြီးက ခွင့်ပြုလိုက်၏။

ထိုအခါ ရန်ကုန်နှင့်ပြည်ကြား၊ ရန်ကုန်နှင့် ပျဉ်းမနားကြား၌ သကြားစက်များ အလျှိုလျှို ပေါ်လာ၏။ တရုတ်အကူအညီနှင့် သကြားစက်များ တည်ခြင်းဖြစ်သည်။

ဤတွင် ပြဿနာများကြုံတော့၏။

ပထမပြဿနာက တရုတ်က သကြားတွေ မဝယ်ပါခင်ဗျာ။ Quality မမီလို့တဲ့။ ဘယ်မီမှာလဲ။ ဟိုက ပေးကတည်းက သကြားစက်အသစ်မပေးဘဲ Overhaul လုပ်ထားတဲ့ သကြားစက်အဟောင်းတွေတဲ့၊ လျှော့စျေးနဲ့ ရောင်းတာတဲ့။

နောက်တစ်ခုက ကုန်ကြမ်းကြံ မလုံလောက်ခြင်း ဖြစ်၏။ ကြံက လိုသလောက်မရ။ တစ်နှစ်ပတ်လုံး စိုက်မရ။ ထို့ကြောင့် သကြားစက်များ တစ်နှစ်တွင် ၆ လခန့် ပိတ်ထားရ၏။ ထို့ကြောင့် အရှုံးပေါ်လေသည်။

၁၉၉၇ ခုနှစ် နောက်ပိုင်း ဗိုလ်ချုပ်ကြီးမြင့်အောင်တို့အား အနားပေးပြီးသည့်နောက်၌ ဗိုလ်ချုပ်မှူးကြီးက တစ်ခုသော Cabinet ၌ အောက်ပါအတိုင်းပြောသည်ဆို၏။

''ငါ့ကွာ ကိုမြင့်အောင်က ကြံတွေစိုက်ပြီး သကြားထုတ်ရအောင် တင်ပြတယ်။ Export Quality ရအောင် သူလုပ်မယ်ဆိုပြီး သကြားစက်တွေတည်တာ ခွက်ခွက်လန်ရှုံးတော့တာပဲ''

''မရောင်းရဘူးကွ''

''အေး ... မင်းတို့ နောင်ဆိုရင် မသေချာတာ မတင်ပြကြနဲ့ကွ။ အလကား ပြောစရာဖြစ်မယ်။ နိုင်ငံတော်ဘဏ္ဍာငွေတွေ



www.burmeseclassic.com

www.burmeseclassic.com



လေလွင့်ကုန်တာပေါ့ကွာ''

ဟုဆိုလေတော့သည်။

ဗိုလ်ချုပ်ကြီးမြင့်အောင်က သူ့ တပ်မ (၈၈) တပ်မမှူးဘ... သူ၏ ဒုတပ်မမှူးဖြစ်ခဲ့ရာ အတော်ယုံကြည်ပုံရ၏။ သို့ရာ... သကြားစက်များကိစ္စနှင့်ပတ်သက်၍ သူ၏ခံစားချက်နှင့် ... အမြင်၊ သူ့အတွေးအား အထက်ပါအတိုင်း ပြောခဲ့သည်ဆိုပါသ... ခင်ဗျား။

**ကျောင်းတွေ ခဏ ခဏ ပိတ်ရခြင်းအကြောင်း**

၂၀၀၀ ပြည့်နှစ်လောက်က ဖြစ်သည်။

ကျောင်းသားကိစ္စတစ်ခုပေါ်လာရာ ကျောင်းသား... လှုပ်လှုပ်ရွရွ ဖြစ်လာ၏။ ဆူစ ပူစပြုလာ၏။

''ကျောင်းတွေ ခဏ ပိတ်လိုက်ကွာ''

ဗိုလ်ချုပ်မှူးကြီးက ပြောသည်ဆို၏။

ထိုအခါ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက... ကလေးတွေ စာသင်ပျက်သွားမည် စိုးရိမ်သည်ဟု တင်ပြသည်... ဦးသန်းအောင် ဖြစ်မည်ထင်ပါ၏။

''ကလေးတွေ စာသင်ပျက်တာ အရေးမကြီးဘူး တိုင်... ပြည်ပျက်သွားမှာက ပိုအရေးကြီးတယ်''

ဟု ဗိုလ်ချုပ်မှူးကြီးက ပြောသည်ဆိုပါသည်။

ကျောင်းတွေကတော့ ကျွန်တော် တက္ကသိုလ်ကျောင်းသား... ဘဝ ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်ကစပြီး ခဏ ခဏ ပိတ်လိုက်တာ... ယခုအချိန်ထိ မကြာခဏ ကျောင်းပိတ်တာတွေ တွေ့နေရပါသည်။





ပညာရေးအား **Upgrade** လုပ်ပြီး အဆင့်မြင့်ပညာရေး ဖြစ်အောင် ကြိုးစားသင့်ပါသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး လူထုကြား၌ အောက်ပါစကားများ ပျံ့နှံ့နေသည်ကို ကျွန်တော် ကြားဖူးပါသည်။

ဘာတဲ့ ...

- **ဘွဲ့နှင်းသဘင် နေ့တိုင်းဝင်**
- **နေရာတိုင်းကို တက္ကသိုလ်**
- **လူမြင်သမျှ ပါမောက္ခ**
- **အကျင့်ယုတ်ကြီး ဒုဝန်ကြီး**

စသည်တို့ဖြစ်ပါ၏။

**YCDC** တွင် ကျွန်တော် တာဝန်ထမ်းဆောင်စဉ်က ကျွန်တော့်ကွပ်ကဲမှုအောက်က **Staff** ၂ ယောက် (အားလုံး မိန်းကလေးများ)သည် တစ်ယောက်က ပထဝီနှင့် ဘွဲ့ရသတဲ့။ တစ်ယောက်က မြန်မာစာနဲ့ ဘွဲ့ရသတဲ့။ အဝေးသင်ဘွဲ့တွေ ထင်ပါ၏။

ပထဝီနဲ့ဘွဲ့ရသူက မိုး ဘာကြောင့်ရွာမှန်းမသိရှာပါ။ မေးတော့ မသိဟုဖြေ၏။ ပင်လယ်လေတိုက်၍ ထိုလေ ကုန်းပေါ်ရောက်သည့်အခါ အအေးဓာတ်နှင့် တွေ့ပြီး မိုးရွာသည့်အကြောင်း သူ မသိပါ။

မြန်မာစာနှင့်ဘွဲ့ရသူက မြန်မာအက္ခရာဗျည်း ၃၃ လုံးရှိမှန်း မသိ။ **ဍ ဎ ဋ ဌ** တတလင်းချိတ်၊ ထဝမ်းဘဲ၊ ဒရင်ကောက်၊ လကြီးတို့ကို မရေးတတ်ပါခင်ဗျာ။ အဲဒါ ကျွန်တော့်ကိုယ်တွေ့ပါ။

အဲဒီတော့ ပညာရေးက အတော်နိမ့်ကျသွား၏။ ဘွဲ့ရပြီး အခြေခံတတ်သင့် တတ်ထိုက်တာတွေ မတတ်တော့။ ဆရာ၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာမတွေနှင့် တာဝန်ရှိသူတွေက ကလေးတွေကို နိုင်အောင် မထိန်းနိုင်၊ တတ်အောင် မသင်နိုင်။ ကျောင်းမှာ ဆရာအထီး[ကျန်] မရှိ။ ဆရာမတွေသာ ရှိ၏။

ယခုအချိန်တော့ ဒါတွေကို ပြင်နိုင်လိမ့်မည်ဟု မျှော်လင့်[ပါ] သည်ခင်ဗျား။

## မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများအကြောင်း

ဗိုလ်မှူးချုပ်အေးမြင့် အားကစားဝန်ကြီးဘဝက ဖြစ်၏။

လက်ရွေးစင် မြန်မာဘောလုံးသင်းနှစ်သင်း အမျိုးသား[နှင့်] အမျိုးသမီး အာရှပွဲများတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ပြို[င်] ကြသည်။

ယောက်ျားသင်းက အုပ်စုတွင်းမှ ထွက်ရ၏။

မိန်းကလေးအသင်းက ဗိုင်နယ်ရောက်သွားသည်။

ထိုအခါ ဗိုလ်ချုပ်မှူးကြီးက ...

"ဟော့ကောင် အေးမြင့် ... မင်းဘောလုံးသမား အယ[ောက်ျား] ကောင်တွေ ထဘီဝတ်ပေးလိုက်။ ကောင်မလေးတွေက ဗိုင်နယ် ရောက်ပြီး အကောင်တွေက အုပ်စုကတောင် မတက်ဘူး။ ဖွတ် ကြား။ မင်းလည်း ဖွတ်မကြားတကြား ဖြစ်နေပြီ။ အားကစား ဝန်ကြီးနေရာကို မင်းကို ငါကိုယ်တိုင် ရွေးထားတာ။ ဖွတ်ကြား ဖြစ်မသွားစေနဲ့ ... ကြားလား"

ဟု ညကျောင်းတွင် ဝန်ကြီးကိုအေးမြင့်ကို ဆူလေ၏။

ဒါသာမက မြို့တော်ဝန်ဦးကိုလေးကိုလည်း...

"မြို့တော်ဝန် ... တခြားဟာ မအောင်မြင်ရင်နေကွာ။





[ဘ]ောလုံးက တစ်ပြည်လုံးရဲ့ **Favourite** ကွ။ ဘောလုံးတော့ [အ]ောင်မြင်မှုရမယ်။ ကျန်တဲ့နေရာထား။ မင်း ရန်ကုန်မှာ ဘောလုံး ကွင်းတစ်ရာပြည့်အောင် မြေရှာပြီး ဖောက်ကွ။ ကလေးတွေ ကစား [န]ိုင်။ ဘောလုံးက ကစားမှ တိုးတက်တာကွ။ အဲဒါလုပ်စမ်းပါ"

ဤသို့နှင့် ရန်ကုန်တစ်မြို့လုံးတွင် ဘောလုံးကစားကွင်း တစ်ရာပြည့်အောင် အကြီး၊ အသေး၊ အလတ် ကွင်းများ ဖောက်ခဲ့ရာ ၂၀၀၂၊ ၂၀၀၃ ခုနှစ်တွင် ဘောလုံးကစားကွင်းများ ရန်ကုန်အနှံ့ [ပေ]ါ်ပေါက်လာခဲ့ပါသည် ခင်ဗျား။

ဒါသာမက ဘောလုံးဥက္ကဋ္ဌကိုလည်း **Max Myanmar** ကိုဇော်ဇော်အား တာဝန်ပေးခဲ့ရာ ကိုဇော်ဇော်က ငွေကို ရေလိုသုံးပြီး မြန်မာ့ဘောလုံးလောကကို မြှင့်တင်ခဲ့ရာ ယခုအခါတွင် အတော် [အ]ပ် ထူထူထောင်ထောင် ဖြစ်လာသည်ကို တွေ့မြင်ရပါသည်ခင်ဗျား။

ဒါလည်း ဗိုလ်ချုပ်မှူးကြီးရဲ့ တွန်းအားပါမည် ထင်ပါ သည်ခင်ဗျား။

## [ခ]ေါင်းဆောင်လုပ်ရတာ ရဲကြီးသည့်အကြောင်း

**UDO** သို့ ဗိုလ်ချုပ်မှူးကြီး စတုတ္ထမြောက် ရောက်လာ [စ]ဉ်က ဖြစ်သည်။

မြို့တော်ဝန်အား ငါးကန်များ, ပုစွန်ကန်များ တိုးချဲ့ရန်၊ [ဝ]က်, ကြက်, ဘဲ, ဆိတ်, နွားများ အကောင်ရေ ထောင်ချီမွေးမြူရန် [မှ]ာကြား၏။ ထွက်လာသမျှ ရန်ကုန်လူထု စားသုံးရန် **Supply** [လ]ုပ်ရန် ညွှန်ကြား၏။

မြို့တော်ဝန်က အာမဘာန္တေခံသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အောက်ပါအတိုင်းပြော၏။

"ဗိုလ်ချုပ်မှူးကြီး ညွှန်ကြားတာတွေ ဖြစ်အောင်လုပ်ပါ့မယ် ဒါပေမဲ့ ကျွန်တော်ကတော့ အတော် ငရဲကြီးနေပြီ။ မြို့ထဲမှာ ခွေး ကြွက်၊ ကျီး၊ နို နေတိုင်းသတ်ရတယ်။ မြို့နေပြည်သူစားဖို့ ဝက် ကျွဲ၊ နွား၊ ဆိတ်၊ သိုး နေ့တိုင်း သတ်မိန့်ပေးရတယ်။ ဒီမှာလည်း အကောင်ပလောင်တွေ မွေးရတယ်။ ပြီးတော့ သတ်မယ့်နေ့ ပို့ရတယ်"

ထိုအခါ ဗိုလ်ချုပ်မှူးကြီးက ...

"ဟော့ ... မြို့တော်ဝန်ရဲ့ ငါလည်း ဘာထူးလဲကွ တိုင်းပြည်ခေါင်းဆောင်လုပ်ရတာ ဖမ်းရ၊ ဆီးရ၊ ထောင်ချရ၊ လိုရ သေဒဏ်ချနိုင်းရနဲ့။ ခေါင်းဆောင်လုပ်ရတာ ငရဲကြီးတာပါပဲကွာ"

ဟု ခပ်အေးအေးပြန်ပြောလေသည်။

စကားဝိုင်းဆက်ကြပြန်၏။

"ဗိုလ်ချုပ်မှူးကြီးက တိုင်းပြည်တာဝန်ယူထားတဲ့ ကာလ အတွင်း လမ်းတွေဖောက်၊ တံတားတွေ ဆောက်၊ ဆည်တွေ ဆောက်၊ ရေအားလျှပ်စစ်တွေ ဆောက်၊ ကုန်ထုတ်စွမ်းအားစုတွေ တိုးတက်အောင် လုပ်၊ လူတွေ အလုပ်ရအောင်လုပ်၊ စက် အလုပ်ရုံတွေ တိုးချဲ့၊ နိုင်ငံခြား သွားချင်သူတွေလည်း ခွင့်ပြု ဆိုတော့ အရင်ပါတီကောင်စီအစိုးရထက် အများကြီးသာပါတယ် ပြည်သူရဲ့ချစ်ခင်တဲ့ တုံ့ပြန်မှုရမှာပါခင်ဗျာ"

မြို့တော်ဝန်က ပြေရာပြေကြောင်း ပြော၏။

ထိုအခါ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ခေါင်းကို ယမ်း လေသည်။





"မထင်ပါနဲ့ မြို့တော်ဝန်ရာ ငါ ဘာလုပ်လုပ် လူတွေက အကောင်းထင်တဲ့သူ သိပ်မရှိပါဘူး။ ဘာလုပ်ပေးပေး အကောင်း မမြင်ကြပါဘူးကွာ"

ဟု ပြန်ပြောလေသည်။

ဤသည်မှာ စည်ပင်သာယာစာအုပ်များတွင် ကျွန်တော် ရေးရန် ကျန်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားချက်များပါ ခင်ဗျား။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ပတ်သက်ပြီး ပြောစရာတစ်ခု ရှိပါသေးသည်။

နယ်စာပေဟောပြောပွဲသွားခဲ့စဉ်က ဖြစ်၏။ နဝတ၊ နယက အစိုးရ မလိုသူတွေက ကျွန်တော်နှင့်တွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူး ကြီးသန်းရွှေအကြောင်း မကောင်း ပြောကြ၏။ သူဘာလုပ်လုပ် အကောင်းမမြင်။ အကောင်း မထင်ကြ။ အားလုံးမကောင်းဘူးဟု ဆိုကြ၏။ တံတားတွေဖောက်လည်း အကောင်းမမြင်၊ လမ်း တွေဖောက်တာလည်း အကောင်းမမြင်။ ဒါတွေဖောက်တာ အောက် ကပြည်သူတွေအတွက် မဟုတ်။ တပ်တွေရွှေ့ပြောင်းရလွယ်အောင် စစ်တပ်အာဏာတည်မြဲအောင်လုပ်နေသည်ဟု ဆိုကြ၏။

"ဒါဆို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဘာမှမကောင်းဘူးပေါ့"

"ဟုတ်တယ်။ အာလုံး ဘာမှမကောင်းဘူး။ သူ့မှာ ကောင်းတာ ဘာတစ်ခုမှမရှိဘူး"

"ဩ ... ဟုတ်လား။ ကောင်းတာတစ်ခုတော့ ရှိပါတယ်"

"ဘာလဲ ... ပြော"

www.burmeseclassic.com



"ကဲ လေဗျာ။ ဟဲ ... ဟဲ ကံကောင်းလို့ တိုင်းပြည်အုပ်ချု
မင်းလုပ်ရတာပေါ့။ အနှစ် ၂၀ ကြီးများတောင်လေ။ ခင်ဗျားတို့
တိုင်းပြည်အုပ်ချုပ်ဖို့မပြောနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး လုပ်ကြည့်ပါဦး
ဟိုလူက ဟိုဟာ ပြော၊ ဒီလူက ဒီဟာပြောနဲ့ ရက်ပိုင်းအတွင်
စိတ်ညစ်သွား ရမှာ။ ကဲ ... ဘာပြောကြဦးမလဲ"

အားလုံး ငြင်းမရ၍ ငြိမ်သွားကြ၏။

စာရှုသူများ ဖတ်ရှုပြီး စဉ်းစားသုံးသပ်နိုင်ကြပါရန်။

■



## အခန်း ( ၁၀ )

## ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထက်က ထူးခြားဖြစ်စဉ်များ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အုပ်ချုပ်ခဲ့သည့် နဝတ၊ နအဖ
…ဖိုးရလက်ထက်တွင် ထူးခြားဖြစ်စဉ် အတော်များများ ရှိခဲ့
…သော်လည်း အများသိဖြစ်စဉ်များမှာ နှစ်ခု၊ သုံးခုခန့်သာ ရှိခဲ့၏။
…မ်ကမှာ **Political movement** များ ဖြစ်ပါသည်။

(က) ၂၀၀၇ ခုနှစ် ရွှေဝါရောင်အရေးအခင်း

(ခ) ၂၀၀၃ ခုနှစ် ဒီပဲရင်းအရေးခင်း

(ဂ) နောက်တစ်ခုကတော့ နာဂစ်မုန်တိုင်းကြီး တိုက်
…ားတဲ့ကိစ္စဖြစ်ပါသည်။

ငင်းနှစ်ခု သုံးခုအနက် ရွှေဝါရောင်အရေးအခင်းအား
…ထိုက်အလျောက် ကျွန်တော် ရေးခဲ့ပြီးဖြစ်၏။ ထိုအရေးအခင်း၏
…ိုင်းလောင်းထိုးသံကြောင့် ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ
…ခြေခံဥပဒေကို ရေးဆွဲအတည်ပြုခဲ့ပြီး **Road Map** အရ
…ွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပေးခဲ့သည်။ ကြံ့ခိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖြိုးက ပြိုင်ဘက်မရှိ အနိုင်ရပြီး အစိုးရဖွဲ့နိုင်ခဲ့၏။ **NLD** ရွေးကောက်ပွဲကို သပိတ်မှောက်ပြီး ဝင်ပြိုင်ခြင်း မပြုခဲ့ပါ။

သို့ရာတွင် ၂၀၁၂ ခုနှစ်၌မူ ဝင်ပြိုင်ခဲ့ရာ **Land Sl** အနိုင်ရသွားခဲ့ပါသည်။

ယခု ဒီပဲရင်းအရေးအခင်းကို ကျွန်တော် မြင်သလို သိသ ရေးသားဖော်ပြသွားပါမည်။

❖ ❖ ❖





## ၂၀၀၃ ခုနှစ် ဒီပဲရင်းအရေးအခင်း

ဒီပဲရင်းအရေးအခင်းမှာ ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံဝန်းရံသူများနှင့် နိုင်တော်အစိုးရ သို့မဟုတ် ကြံ့ခိုင် ဖွံ့ဖြိုးအားပေးထောက်ခံသူများ ထိပ်တိုက်တိုးပြီး ပဋိပက္ခဖြစ်ပွား ခြင်း ဖြစ်၏။

ထိုအရေးအခင်းတွင် လူ ၄ ဦး သေဆုံး၍ ၅၀ ခန့် ဒဏ်ရာရခဲ့သည်ဟု အစိုးရမှ တရားဝင် သတင်းထုတ်ပြန်ပါသည်။

**NLD Sympathizer** များကတော့ ဒါ့ထက်မကပါ။ သေဆုံး သူ ၂၈၂ ယောက်ရှိခဲ့ကြောင်း ပြောဆိုကြသည်။ ဘယ်ဟာမှန်သလဲ ဆိုတာတော့ ကျွန်တော် မသိပါ။ သို့ရာတွင် ယခုကိစ္စအား ဒီပဲရင်း **Massacre** ဟု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (အဝေး ရောက် ပြည်ပြေးအစိုးရ၊ ယခုဖျက်သိမ်းပြီး)က သတင်းထုတ်ပြန် ပြီး၊ အစီရင်ခံစာများ ရေးသားဖြန့်ဝေခဲ့ပါသည်။ ထိုအစီရင်ခံစာ များအား မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် တင်သွင်းပြီး ဖောက်သိပ်ထိုးဖြန့်ဝေခဲ့လေသည်။

ဖြစ်စဉ်အကြမ်းဖျင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၀ ခုနှစ် မေလတွင် ဒေါ်အောင်ဆန်းစုကြည် အကျ ချုပ်မှ လွတ်မြောက်ခဲ့၏။ ၂၀၀၂ ခုနှစ် ဖွန်လမှစ၍ ဒေါ်အောင် စုကြည်သည် သူ၏ဝန်းရံသူများနှင့်အတူ နိုင်ငံတစ်ဝန်းလုံး လှ လည်ဟောပြောစည်းရုံးမှုများ ပြုလုပ်ခဲ့၏။

၂၀၀၃ ခုနှစ် မေလ ၆ ရက်နေ့မှစ၍ ဒေါ်အောင် စုကြည်သည် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ် ရှမ်းပြည်နယ်များသို့ ခရီးလှည့်လည်ခဲ့၏။ **NLD** ရုံးများ ဖွင့် **NLD** ပါတီဝင်များနှင့် တွေ့ဆုံဟောပြောခြင်းများ ပြုလုပ်ခဲ့၏

မေလ ၂၉ ရက်တွင် မန္တလေးမှ စစ်ကိုင်းသို့ ရောက်

စစ်ကိုင်းမှ မြင်းမူကိုဖြတ်၍ မုံရွာသို့ ညနေ ၆ နာရီ ရောက်ရှိသည်။ မုံရွာတွင် ညအိပ်ရပ်နားခဲ့သည်။

မေ ၃၀ ရက်တွင် မုံရွာမှ ထပ်မံထွက်ခွာလာရာ ဘုတလင် သို့ ရောက်ရှိခဲ့၏။ ညနေတွင် ဘုတလင်ရောက်ပြီး ဘုတလင် ဒီပဲယင်းသို့ ဆက်လက်ထွက်ခွာခဲ့၏။ ဒီပဲယင်းသို့မရောက်မီ ကြည့် သို့ ည ၈ နာရီ တွင် ရောက်ရှိခဲ့၏။

ကြည့်ရွာမှ ဒီပဲယင်းအဝင်တွင် စောင့်ကြိုနေသည့် လူ ကြီးရှိသည်။ လူအုပ်ကြီးမှ "**ဒေါ်စု အလိုမရှိ**" ဟု ဝိုင်း ကြသည်။ ဒေါ်အောင်ဆန်းစုကြည်အား အလိုမရှိ ဝိုင်းအော်သ လူအုပ်ကြီးနှင့် **NLD** မှ ဝန်းရံလိုက်ပါလာသူများ အချင်းများ ရှန်းရင်းဆန်ခတ်ရိုက်ပွဲများ ဖြစ်ပွားခဲ့လေ၏။

ဒေါ်အောင်ဆန်းစုကြည်သည် ရှေ့ဆုံးကားတွင် လိုက် လာသဖြင့် ရေဦးသို့ မောင်းနှင်လွတ်မြောက်သွားခဲ့၏။

ဤကိစ္စတွင် လူအုပ်ကြီးမှာ ထောင်ဂဏန်းရှိပြီး အစိုး





ကြိုတင်စီစဉ်စုဆောင်းထားသူများဖြစ်ကြောင်း **NLD** ဘက်မှ ပြောဆိုခဲ့၏။

ဤကိစ္စနှင့်ပတ်သက်ပြီး ဖြစ်စဉ်တွင် သွေးထွက်သံယိုဖြစ်ပြီး တော်ကြီးကျယ်သွားသဖြင့် အစိုးရမှ သတင်းစာရှင်းလင်းပွဲများ လုပ်ပြီး ရှင်းလင်းခဲ့ရ၏။

မည်သို့ဆိုစေ သွေးထွက်သံယိုဖြစ်ပွားသွားသဖြင့် ကောင်း သော ဖြစ်စဉ်မဟုတ်ဘဲ ကမ္ဘာသိ ကြီးကျယ်သည့်ကိစ္စ ဖြစ်ခဲ့ရ သည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ထိုစဉ်က တာဝန်ရှိပုဂ္ဂိုလ်များ သည့် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗိုလ်ချုပ်ကြီး စိုးဝင်းတို့မှ သူတို့ သားခဲ့သည့် စာအုပ်များ၌ အောက်ပါအတိုင်း ရှင်းလင်းဖော်ပြ ပါသည်။

စာဖတ်ပရိသတ်များ ဖတ်ရှုပြီး သုံးသပ်ဆင်ခြင်နိုင်ကြပါ ၏။

ကျွန်တော့်အနေဖြင့်ကား ဘာမှ မှတ်ချက်မပေးလိုပါ။

သူတို့ရေးသောစာများကိုသာ ဖတ်ရှုကြပါရန် မေတ္တာရပ်ခံ ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး ခင်ညွန့်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

## ၂၀၀၃ ခုနှစ် ဒီပဲယင်းအရေးအခင်း

### ဒီပဲယင်းအဖြစ်အပျက်နှင့် ကျွန်တော်

ရေးသူ–ဗိုလ်ချုပ်ကြီးခင်ညွန့်

ဒီအဖြစ်အပျက်နှင့် ပတ်သက်၍ ကျွန်တော်မသိပါဟုပြောရင် ကျွန်တော် လိမ်ညာရာရောက်ပါမည်။ ကျွန်တော်က အတွင်းရေးမှူး (၁) ဆိုတော့ ဒီကိစ္စကလည်း နိုင်ငံရေးဖြစ်စဉ်ဖြစ်တာကြောင့် ကျွန်တော်မသိ၍မဖြစ် သိပါသည်။ အဲဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကလည်း ယာဉ်တန်းရှည်ကြီးဖြင့် ရှေ့ပြေးမော်တော်ဆိုင်ကယ်အုပ်စုကြီးဖြင့် လှည့်လည်ကာ စည်းရုံးရေးတရားဟောနေသည့်အချိန်ဖြစ်ပါသည်။ ဒီလို အုတ်အော်သောင်းနင်းဖြစ်ပေါ်နေသည့် အချိန်ဆိုတော့ အစိုးရအဖွဲ့အတွက် စိုးရိမ်စိတ်ဖြစ်ပေါ်နေတာကတော့ အမှန်ဖြစ်ပါသည်။

အဲဒီလိုနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ယာဉ်တန်းရှည်ကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမှ ထွက်ခွာပြီး လမ်းတစ်လျှောက် စည်းရုံးရေးတရား
ဟောရင်းနှင့် မုံရွာမြို့လည်းရောက်ရော ဥက္ကဋ္ဌက ကျွန်
တို့လူကြီးပိုင်း ငါးယောက်၊ ခြောက်ယောက်ကို သူ့အခန်းသို့
လိုက်ပါသည်။ ကျွန်တော်တို့လူလည်းစုံရော တို့ဒေါ်အောင်
စုကြည်ရဲ့ ယာဉ်တန်းကိုတားဆီးရမယ်၊ ဖြစ်တဲ့နည်းနဲ့တားဆီးရ
လို့ ပြောပါသည်။ ထိုအချိန်တွင် အကြမ်းဖက်တားဆီးတာ
မလုပ်သင့်ကြောင်း ပြောသောအခါ ကျွန်တော့်တင်ပြမှုကို လူ
က သဘောမတူပါ။ အဲဒါကလည်း ကျွန်တော့်အတွက်
သည်ဟုမြင်ပါသည်။ အဲဒီမှာတင်ပဲ ဒီကိစ္စနှင့်ပတ်သက်၍ ကျွန်
ကို လုံးဝတာဝန်မပေးတော့ပဲ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကို ဦးဆော
စေကာ အဖွဲ့ဝင်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကို လိုက်ပါစေ
ရဟတ်ယာဉ်ဖြင့် မုံရွာသို့စေလွှတ်လိုက်ပါသည်။

## ကျွန်တော့်မှာလည်း တာဝန်ရှိပါသည်

ထိုအချိန်တိုင်းမှူးကတော့ ဗိုလ်ချုပ်စိုးနိုင် ဖြစ်ပါခဲ့
အသေးစိတ် စီစဉ်ညွှန်ကြားမှုတွေတော့ မသိတော့ပါ။ သို့
ထောက်လှမ်းရေးတပ်ဖွဲ့တွေက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း
တိုင်းမှူး၏ ကွပ်ကဲမှုအောက်မှာ ရှိတာကြောင့် တချို့ဖြစ်စဉ်တွေ
ကျွန်တော်သိနေရတာအမှန်ပဲဖြစ်ပါသည်။ ထို့ကြောင့် ဒီဖြစ်
ကြီးတစ်ခုလုံးမှာ ကျွန်တော် ဦးဆောင်ပါဝင်ဆောင်ရွက်ရ
မဟုတ်သော်ငြားလည်း ကျွန်တော့်မှာလည်း တာဝန်ရှိသည်ဟု
ပါသည်။ အစိုးရအဖွဲ့ဆိုတာ အဖွဲ့ဝင်အားလုံးတိုင်ပင်ခြင်း၊ အ
ပေးခြင်းဖြင့် လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ရ





ဖြစ်တာကြောင့် ဘယ်လိုကိစ္စရပ်မျိုးပဲဖြစ်ဖြစ်၊ ဖြစ်ပေါ်လာသည့်အကြောင်းတရားနှင့် အကျိုးဆက်များအပေါ်မှာ အစိုးရအဖွဲ့ဝင်အားလုံးမှာ တာဝန်ရှိကြတာပါပဲ။ အားလုံးက တာဝန်ခံကြရမှာဖြစ်ပါတယ်ဟူ၍ ပြောလိုပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## ဒီပဲယင်း ရှုန်းရင်းဆန်ခတ်မှု

**ရေးသူ- ဗိုလ်ချုပ်ကြီးစိုးဝင်း**

ဒီပဲယင်းပြဿနာသည် အင်န်အယ်လ်ဒီနှင့် ပြည်ခိုင်ဖြိုး အကြား နိုင်ငံရေးအရ အားပြိုင်မှုဖြစ်စဉ်များထဲမှ မမျှော်လင့်ဘဲ ဖြစ်ပွားခဲ့ရသော သာမန်ထက်ပိုသည့် ရုန်းရင်းဆန်ခတ်မှုတစ်ရပ် ဖြစ်သည်။ သာမန်ထက်ပိုသောဟုဆိုရခြင်းမှာ ထိုဖြစ်စဉ်တွင် အင်န်အယ်လ်ဒီခေါင်းဆောင် ဦးတင်ဦးနှင့် ဒေါ်စုကြည်တို့ ပါဝင် ပတ်သတ်နေသောကြောင့် ဖြစ်သည်။

ဒီပဲယင်းဖြစ်စဉ်သည် ဒေါ်စုကြည် အကျယ်ချုပ်မှ လွတ်မြောက်အပြီး အထက်မြန်မာပြည် ၂၅ ရက်ကြာ ပါတီစည်းရုံးရေးခရီးစဉ် အဆုံးသတ်ခရီးလည်း ဖြစ်သည်။ ဒေါ်စုကြည် ခရီးမထွက်ခင်ကတည်းကပင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီးမှ သွားရန်နှင့် မလိုလားအပ်သည့် ပြဿနာများ မပေါ်ပေါက်စေရန်အတွက် လူစုလူဝေးနှင့် မသွားရန်တို့ကို ကြိုတင်သဘောတူခဲ့ကြသည်။ သို့သော်လည်း တကယ်တမ်း ဒေါ်စုကြည် ခရီးထွက်သည့်အခါ ထိုကြိုတင်သဘောတူညီချက်များကို မရည်





ဗိုလ်ချုပ်ကြီး စိုးဝင်း

www.burmeseclassic.com

www.burmeseclassic.com



ရွယ်ဘဲ ဖောက်ဖျက်မိသလို ဖြစ်နေသည်။ ဒေါ်စုကြည်သည် ဗိုလ်ချုပ်သမီး ဖြစ်နေခြင်းကပင် လူအများ၏အာရုံစိုက်မှုကို အလို အလျောက်ရခဲ့ရာ သူသွားရာ လမ်းတစ်လျှောက် ပရိသတ် အုံနှင့် ကျင်းနှင့်ရှိနေသည်မှာ ထူးဆန်းသောကိစ္စတော့ မဟုတ်ပါချေ။

တိုင်းပြည် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင် ရာတွင် ကျွန်တော်တို့တွေ စေတနာမှန်ဖြင့် လုပ်ဆောင်သော်လည်း အကောင်းမမြင်နိုင်သောသူများနှင့် အဆိုးမြင် ပြည်ပမီဒီယာများ ကြောင့် လုပ်သမျှ အရာမထင် ဖြစ်ရသည်။ တာဝန်ယူ လုပ် ဆောင်ကြသော အဖွဲ့အစည်းအချို့နှင့် တာဝန်ရှိသူအချို့၏လုပ်ပုံ ကိုင်ပုံ အဆင်မပြေတာတွေ ရှိနေခဲ့သောကြောင့်လည်း ပြောစရာ တွေ ဖြစ်နေသည်။ ကျွန်တော်တို့ဘက်မှ အဆင်မပြေတာတွေ ရှိနေခဲ့သောကြောင့်လည်း ပြောစရာတွေ ဖြစ်နေသည်။ ကျွန်တော် တို့ဘက်မှ မပွင့်လင်းနိုင်သူများ၊ ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင် ရမှုများကလည်း အရှုပ်အထွေးများကို တမင်ဖန်တီးသလိုဖြစ်နေ ပြန်သည်။ ဒါကို ကောင်းသတင်းထက် ဆိုးသတင်းများကို အလေး ပေးဝေဖန်သောကြောင့် အစိုးရ၏ ကောင်းမွန်သော ရည်မှန်း ချက်များကို များစွာ အဟန့်အတား ဖြစ်စေသည်။

ကျွန်တော်တို့သည် ဒေါ်စုကြည်၏ နိုင်ငံရေးသရုပ်ကို လက်မခံနိုင်စရာမရှိသော်လည်း အခက်အခဲပေါင်း များစွာကြားထဲမှ လုပ်ကိုင်နေရသော နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို မျက်မြင် သိစေလိုသောကြောင့် သူ့ကို နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများသို့ သွားရောက်လေ့လာရန် စီစဉ်ပေးခဲ့သည်။ နိုင်ငံတော်၏ အရှေ့အနာဂတ်လမ်းစဉ် အကောင်အထည်ဖော်နေမှု



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှန်များ တွေ့မြင်သွားလျှင် သူ၏အမြင်များ ပြောင်းလဲသွားပြီး တိုင်းပြည် ပြန်လည်တည်ဆောက်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထောက်အကူပြုနိုင်မည်ဟု ကျွန်တော်တိုပ ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့်ပင် နိုင်ငံတော်စီမံကိန်း လေ့လာရေးခရီးစဉ်များကို အရေးကြီး ပုဂ္ဂိုလ်တစ်ယောက်ကဲ့သို့ အလေးထား ဆောင်ရွက်ပေးခဲ့သည်။ သို့သော် ကျွန်တော်တို့၏ ရည်ရွယ်ချက် မအောင်မြင်ခဲ့ပါ။ ဒေါ်စုကြည်အနားတွင် သဘောထားပျော့ပျောင်းသူများ ရှိနေသကဲ့သို့ သဘောထားတင်းမာပြီး အဆိုးမြင်နေကြသူများကလည်း ရှိနေသေးသည်။ ထို့ကြောင့် ဒေါ်စုကြည်အနေဖြင့် အစိုးရဘက်က ရည်ရွယ်ချက် ကောင်းကောင်းဖြင့် အပြုသဘောဆောင်သောလုပ်ရပ်များ မည်မျှပင် ပြသလုပ်ဆောင်နေသည်ဖြစ်စေ အကောင်းမြင်လာရန် အတော်ကြာခဲယဉ်းနေသည်။

ဒီကြားထဲတွင်ပင် သူ့အနေဖြင့် ဒီမိုကရေစီအရေးကို အခြေခံပြီး အစိုးရ၏ လုပ်ဆောင်ချက်များကို ဝေဖန်မှု၊ ဟောပြောမှုများ ဆက်လက်လုပ်လာခဲ့ရာ အစိုးရနှင့်သာမက ပြည်ခိုင်ဖြိုးအဖွဲ့အစည်းများနှင့်ပါ ထိပ်တိုက်တွေ့ဆုံမှုများ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာခဲ့သည်။ ဒေါ်စုကြည်၏ မန္တလေး၊ စစ်ကိုင်းနှင့် ကချင်ပြည်နယ် ခရီးစဉ်အတွင်း မြို့နယ် ၂၂ မြို့နယ် သွားခဲ့ရာ ၁၄ မြို့နယ်တွင် ပဋိပက္ခများ ဖြစ်ခဲ့သည်။ အထူးသဖြင့် မန္တလေးနှင့် စစ်ကိုင်းတိုင်း အတွင်း ဖြစ်သည်။

ဒေါ်စုကြည် ထိုခရီးစဉ်ထွက်မည်ဆိုသောအခါ နိုင်ငံရေးအရ အားပြိုင်မှုများ၊ ပဋိပက္ခများ ဖြစ်နိုင်သည်ကို လူကြီးများက ကြိုတင်





တွက်ဆခဲ့ကြသည်။ တစ်ဖက်က ပြည်ခိုင်ဖြိုးအနေဖြင့် နိုင်ငံရေးအရ အင်န်အယ်လ်ဒီကို အသာဆီးမရစေရန် လုံးပန်းရသကဲ့သို့ တစ်ဖက်ကလည်း ပဋိပက္ခမဖြစ်စေရန် ထိန်းကျောင်းဖို့လည်း တာဝန်ယူနေသော တိုင်းမှူးများ၏ သက်တမ်းက တစ်နှစ်ကျော်စီပဲ ရှိသေးသည်။ ထို့ကြောင့် သူတို့ကို ကူညီရန်အတွက် အခိုပါဒေသများတွင် တိုင်းမှူးတာဝန် ထမ်းဆောင်ခဲ့ဖူးသူများကို လူကြီးများက စေလွှတ်ခဲ့သည်။ ကျွန်တော်လည်း ကိုယ်ရေးအရာရှိပင်မခေါ်ဘဲ နမ်ခ်တိုင်းစစ်ဌာနချုပ်တွင် ရောက်နေခဲ့သည်။

ကျွန်တော် မုံရွာရောက်သည့်အချိန်တွင် ဒေသတွင်းအခြေအနေမှာ အတော်ကလေးတော့ တင်းမာနေသည့်သဘောရှိသည်။ ဒီနယ်မြေတွင် တောက်လျှောက် စည်းရုံးရေးဆင်းခဲ့ကြသော ပြည်ခိုင်ဖြိုးနယ်မြေတာဝန်ခံများ၏ သာမန်ထက်ပိုသော စည်းရုံးလှုံ့ဆော်ထားမှုများသည် တစ်ဖက်စွန်းရောက်စေခဲ့သည်။ တစ်ချိန်မဟုတ်တစ်ချိန် ပြဿနာဖြစ်စေရန် အစပျိုးနေသည့် အခြေအနေမျိုးဖြစ်နေသည်။ ထိုအကျိုးဆက်သည် အင်န်အယ်လ်ဒီ ထောက်ခံသူနှင့် မထောက်ခံသူတွေအကြား တစ်ဖက်နှင့်တစ်ဖက် တစ်ဆုံးတစ်စအတွေးများကို ဖြစ်ပေါ်စေခဲ့သည်။

မထင်မှတ်သော အနေအထားမျိုး များစွာကလည်း တစ်မျိုးပြီးတစ်မျိုး ဖြစ်လာသလို ကောလာဟလတွေကလည်း အမျိုးစုံထွက်လာသည်။ အဖြစ်အပျက် အကြောင်းအရာစုံကို တာဝန်ရှိသူအားလုံး နားလည်အောင် တော်တော်လေး ရှင်းပြရသည်။ မဖြစ်သင့်မလုပ်သင့်တာ မှန်သမျှ မလုပ်ကောင်းသော ကိစ္စမှန်သမျှ အထင်ထပ် မှာရသည်။ လုံခြုံရေးတာဝန် ယူထားရသူများ အပါအဝင်



www.burmeseclassic.com

www.burmeseclassic.com



အခြားသူများကိုလည်း အဆင့်ဆင့် မှာရသည်။ အထပ်ထပ်ပြောရသည်။

တစ်ဖက်ကလည်း အင်န်အယ်လ်ဒီ၏ အစီအစဉ်များသည် သာမန်အားဖြင့် ပါတီရုံးများ ဖွင့်သည်။ ဟောပြောပွဲများလုပ်သည် ဖြစ်သော်လည်း လူထုက အစည်းအဝေးဖြင့် လမ်းမပေါ်ရောက်သောကြောင့် တရားဥပဒေစိုးမိုးရေးနှင့် အစိုးရ အုပ်ချုပ်ရေးယန္တရားကို ယိုင်နဲ့စေမည့် အနေအထားများဖြစ်လာခဲ့သည်။ ထိုနည်းလမ်းသည် တရုတ်ပြည် ကွန်မြူနစ်ပါတီ၏ ပြည်သူ့တော်လှန်ရေးကာလက ကျယ်ကျယ်ပြန့်ပြန့် အသုံးချခဲ့သော လမ်းစဉ်နှင့်ဆင်တူပြီး ဒီဘက်ခေတ် ဒီမိုကရေစီပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ထိရောက်သော နိုင်ငံရေးနည်းလမ်း တစ်ခုအဖြစ် တစ်ကမ္ဘာလုံးက နိုင်ငံများတွင် သုံးခဲ့ကြပြီးဖြစ်သည်။

တစ်ဖက်ကလည်း လမ်းပေါ်ရောက် လူထုကို အစိုးရ ဆန့်ကျင်ရေး အင်အားစုကြီး တစ်ခုအသွင် အလုံးအရင်းဖြင့် အသွင်ပြောင်းမသွားစေရန် ထိန်းထိန်းသိမ်းသိမ်း လုပ်ကြရသည်။ ထိုအခြေအနေမျိုးတွင် အကြီးဆုံးပြဿနာမှာ ဘယ်ကနေ ဘယ်လို ပေါ်လာနိုင်မှန်းမသိသော တတိယအင်အားစု၏အန္တရာယ်ဖြစ်သည်။ အင်န်အယ်လ်ဒီ လုပ်မည့်မှန်သမျှကိုလည်း တိတိကျကျ မဟုတ်တောင် ခန့်မှန်းလို့ရသည်။ အင်န်အယ်လ်ဒီတွင် ကြိုးကိုင်ထားသော လူတစ်ဦးချင်းစီ၏ သဘာဝနှင့် စိတ်ဓာတ်ကို ကျွန်တော်တို့ လေ့လာမှုများအရ သူတို့၏ ခြေလှမ်းကို ကြိုမြင်နေသည်။

လူထုကို လမ်းပေါ်သို့ ရောက်လာစေသည့် အနေအထားမျိုးရောက်အောင် ရည်ရွယ်ချက်ရှိရှိ ဖန်တီးခြင်း ဟုတ်မဟုတ်





အတိအကျပြောရန် ခက်သော်လည်း ထိုအခြေအနေသည် ကျွန်တော်တို့အတွက် အတော်လေး ခက်ခက်ခဲခဲ ကိုင်တွယ်ရမည်မှန်း သိသည်။ နိုင်ငံရေးအရရော၊ အုပ်ချုပ်ရေးအရပါ အခက်အခဲများစွာရှိမည်ကို သိသည်။ ဒေါ်စုကြည်၏ ခရီးစဉ်တွင် တစ်နေရာမဟုတ် တစ်နေရာတွင် တစ်ဖက်နှင့်တစ်ဖက် ငြိနိုင်သည်ကို မျှော်လင့်ထားပြီးဖြစ်သည်။ ဘယ်အချက်တွင် မီးပွားလေးလွင့်နိုင်သည်။ ဘယ်သို့လောင်နိုင်သည်ကိုလည်း အမျိုးမျိုး တွက်ဆထားကြရသည်။ အဘယ့်ကြောင့်ဆိုသော် သူရွေးချယ်ခဲ့သည့် ခရီးစဉ်နယ်မြေများသည် အထိအခိုက်မခံသော နယ်မြေများဖြစ်နေသည်။ အစိုးရအဆက်ဆက်ကို ဆန့်ကျင်သော အင်အားစုများရှိနေသည့် နေရာ၊ အထူးသဖြင့် ယခင်တစ်ချိန်က ကွန်မြူနစ်တို့ ကြီးစိုးခဲ့သည့်နေရာ၊ ယခု ကွန်မြူနစ်လူထွက်များနှင့် နိုင်ငံရေးဖရိုသူများ အစုအဝေးဖြင့် ရှိနေသော နေရာများ ဖြစ်သောကြောင့် ဖြစ်သည်။

ကျွန်တော်တို့ စိုးရိမ်သည်မှာ ထိုအချက်ဖြစ်သည်။ နှစ်ဖက်အင်အားနှင့် အခြေအနေကို ကျွန်တော်တို့ သိထားသော်လည်း တတိယအင်အားစု၏ ခြေလှမ်းကို ကျွန်တော်တို့ မသိခြင်းဖြစ်သည်။ တတိယအင်အားစု ဆိုသည်မှာ မည်သူမည်ဝါဟု လက်ညှိုးထိုးပြီး တိတိကျကျ ပြောပြရန် ခက်ခဲသော်လည်း ထိုတတိယအင်အားစု ဆိုသည်မှာ လူအမျိုးမျိုး ဖြစ်နိုင်သည်။ အဖွဲ့အစည်း အမျိုးမျိုး ဖြစ်နိုင်သည်။ နိုင်ငံခြားက ဝင်ရောက်စွက်ဖက်နေသော အဖွဲ့အစည်းများလည်း ဖြစ်နိုင်သည်။ အင်န်အယ်လ်ဒီနှင့် ဆန့်ကျင်ဘက်ပြည်ခိုင်ဖြိုးအင်အားစု မဟုတ်သည့် အခြားအဖွဲ့အစည်းများလည်း ဖြစ်နိုင်သည်။ သီးခြား ဟီးရိုးလုပ်ချင်သော တစ်ကိုယ်တော်



www.burmeseclassic.com

www.burmeseclassic.com



လူစွမ်းကောင်းများလည်း ဖြစ်နိုင်သေးသည်။ ပြီးတော့ ပြဿနာတွေ ရှုပ်ထွေးလျှင် အမြတ်ထုတ်လိုသည့် တောကြောင်များကလည်း ရှိသေးသည်။ အခြေအနေတွေက ရှုပ်ထွေးနေရာ သွေးဆူ လွယ်သူတွေ၊ နားယောင်လွယ်သူတွေကို သွေးထိုးသူတွေက ထိုး နေကြသည်။ အင်န်အယ်လ်ဒီ၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင် ချက်ကို ကျွန်တော်တို့ မြင်နိုင်၊ သိနိုင်သော်လည်း ထိုမသိသော တတိယအင်အားစု၏ ခြေလှမ်းကို ကျွန်တော်တို့ အလျင်မမြင် နိုင်ခဲ့သည့်အတွက်ကြောင့် သူ၏ခရီးစဉ်ကို စိုးရိမ်ခြင်း ဖြစ်သည်။

လူစုလူဝေးဖြင့် ဖြစ်ပွားသော အရေးအရာများကို ကျွန်တော် တို့ ကောင်းစွာ ကိုယ်တွယ်နိုင်သော်လည်း ထိုအရေးအရာများ၏ အလယ်တွင် ရောက်နေသော ဒေါ်စုကြည်ကိစ္စကမူ ဖြေရှင်းဖို့ အခက်အခဲ ရှိနေသည်။ ကျွန်တော်တို့က သူ့အတွက် အန္တရာယ် ရှိနိုင်သဖြင့် အကန့်အသတ်များ ပြုလုပ်ရခြင်းကို သူ့အနေဖြင့် သဘောကျဟန်မတူ။ ချုပ်ချုပ်ချယ်ချယ်လုပ် လုပ်လွန်းသည်ဟု ထင်ကောင်းထင်နေနိုင်သည်။ ကျွန်တော်တို့က သူ့အသက် အန္တရာယ်ကို စိုးရိမ်သည်။ ထိုသဘောထားသည် ကျွန်တော်တစ်ဦး တည်း သဘောထားသာမဟုတ်၊ လူကြီးများနှင့် တပ်မတော် တစ်ရပ်လုံး၏ သဘောထားဖြစ်သည်။ ဒေါ်စုကြည်သည် တပ် မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သည်။ ကျွန်တော် တို့ တပ်မတော်သားများ၏ ညီမဆိုလည်း ဟုတ်သည်။ အစ်မဆို လည်း ဟုတ်သည်။ ဒေါ်စုကြည်နှင့် ပတ်သက်၍ရော၊ သူ၏ ရပ်တည်ချက်နှင့်ပတ်သက်၍ပါ လက်မခံနိုင်စရာ အကြောင်းမရှိ။ သို့သော် အမျိုးသားခေါင်းဆောင်ကြီး၏ သမီးတစ်ယောက်က





နိုင်ငံခြားသားနှင့် လက်ထပ်ခဲ့သည့် ပြင်မရတော့သောအကြောင်းက နိုင်ငံတော်နှင့် နိုင်ငံသားတို့အရေးနှင့် ယှဉ်လိုက်သောအခါ အဆုံး စွန်အထိ လက်ခံရန် အခက်အခဲတော့ နည်းနည်းရှိသည်။ သူ့လိုပင် နှစ်ရှည်လများ နိုင်ငံခြားတွင် ကျောင်းတက်ခဲ့သူလည်းဖြစ်၊ အောက်စ်ဖို့ကျောင်းထွက်လည်းဖြစ်၊ ပါကစ္စတန်နိုင်ငံ၏ သမ္မတလည်း ဖြစ်သော ဘာနေဇာဘူတိုလို နိုင်ငံနှင့်လူမျိုးအတွက် ချစ်သူ နိုင်ငံခြားသားကို လက်မထပ်ခဲ့ဘဲ အမျိုးတူ ပါကစ္စတန်နိုင်ငံသား တစ်ယောက်ကိုသာ လက်ထပ်ခဲ့သလိုသာဆိုလျှင် ယခုလို ပြဿနာ တွေ ရှုပ်ရှုပ်ဝေးဝေး ဖြစ်လာမည်မဟုတ်။

နောက်တစ်ချက်က လူအားလုံးသည် သူ့ကို ချစ်ကောင်း ချစ်နေမည်မှာ မှန်သော်လည်း တစ်စုံတစ်ယောက်က သူ့အသက်ကို အသုံးချ၍ နင်းချေဖြတ်လျှောက်သွားမည်ကို ကျွန်တော်တို့ အဖြစ် မခံနိုင်ပါ။ ဗိုလ်ချုပ်အောင်ဆန်းသည်ပင်လျှင် တစ်တိုင်းပြည်လုံးက ချစ်နေပါလျက်နှင့် ရေတိမ်နစ်ခဲ့ရပြီး ဖြစ်သည်။ သူ့မှာက ချစ်သူ လည်း ရှိနေသည်။ မချစ်သူလည်း ရှိနေသည်။ နိုင်ငံရေးနယ်ပယ်ထဲ ဝင်လာသူတိုင်း မည်သူပင်ဖြစ်စေ ထိုလောကဓံ နှစ်ရပ်ကို ရင်ဆိုင် ရသည်ဖြစ်သည်။ နယ်ချဲ့လက်သစ်တို့သည် ဗိုလ်ချုပ်သမီးကိုလည်း အလားတူဖြစ်ရပ်မျိုးဖြင့် တိုင်းပြည်ကို အခက်မတွေ့စေဟု မည်သူမျှ အာမ မခံနိုင်ပါ။ အစိုးရသည် သူ့ကို အကြိမ်ကြိမ် နေအိမ်တွင် အကျယ်ချုပ်ချ၍ ကန့်သတ်ခြင်းမှာလည်း နိုင်ငံရေးအကြောင်းပြချက် တစ်ခုတည်းကြောင့် မဟုတ်ပါ။ အခြေခံအားဖြင့် စိတ်ထားကောင်းပြီး သဘောရိုးသော သူ့ကို ခုတုံးလုပ်၍ နိုင်ငံရေးအရ အမြတ်ထုတ်ခြင်း မခံရအောင်နှင့် တပ်မတော်၏ ဂုဏ်သရေမညှိုးရအောင် ရည်



www.burmeseclassic.com

www.burmeseclassic.com



ရွယ်ချက်လည်း ပါပါသည်။

ထို့ကြောင့် ဒေါ်စုကြည်၏ အသက်အန္တရာယ်ကင်းရေးသ
တပ်မတော်အတွက် အလွန်အရေးကြီးပါသည်။ အဘယ့်ကြော
ဆိုသော် မည်သူပင်ဖြစ်စေ တစ်ယောက်ယောက်က သူ့အသ
အန္တရာယ်ကို တစ်စုံတစ်ရာဖြစ်စေပါက တပ်မတော်ကိုပင် လက်ည
ထိုးကြမည် ဖြစ်သည်။ ကျွန်တော်တို့ ထိုအဖြစ်မျိုးကို လုံးဝ အ
မခံနိုင်ပါ။ တစ်စုံတစ်ခုဖြစ်ခဲ့လျှင် ကမ္ဘာတည်သရွေ့ ရှိနေမ
ဖြစ်သော မြန်မာနိုင်ငံ၏ တပ်မတော်သမိုင်းတွင် ဖျက်မရသေ
အမည်းစက်ကြီး ဖြစ်သွားလိမ့်မည်။ ထို့ကြောင့် ကျွန်တော်တို့သ
သူ၏ လှုပ်ရှားမှုနှင့်တကွ ပြည်တွင်းပြည်ပ အခြေအနေများကို သ
ကြီးစွာထားပြီး စောင့်ကြည့်နေရသည်။ တစ်ဖက်က နိုင်ငံရေး
အားပြိုင်နေရသလို တစ်ဖက်ကလည်း သူ့အန္တရာယ်ကင်းရေး
သတိပြုရသည်။ ထို့ကြောင့်ပင် သူ၏ လုံခြုံရေးအတွက် သိသ
သာရော မသိမသာပါ သူ့ဘေးတွင် ထားရှိ ကာကွယ်ပေးထ
ရသည်။

၁၉၈၈ အရေးအခင်းပြီးခါစက သူနှင့်ပတ်သက်သ
အဖြစ်အပျက်တစ်ခု ရှိခဲ့ဖူးသည်။ ရန်ကုန်မြို့ မြေနီကုန်းမီးပွိုင့်တ
ဖြစ်ခဲ့သောဖြစ်စဉ်တစ်ခု ဖြစ်သည်။ နယ်ဘက်ကို စည်းရုံးရေးဆင
ပြန်လာရင်း အရေးအခင်းကာလက မြေနီကုန်းမီးပွိုင့်တွင် သေ
ခဲ့သူများ နှစ်ပတ်လည် ပန်းခွေချရန်အသွား လူတစ်ယောက်
သူ့ကို ရုတ်တရက် ဝင်ရောက်အန္တရာယ်ပြုခဲ့သည်။ ကံကော
ထောက်မစွာဖြင့် ထိခိုက်ဒဏ်ရာမရခဲ့။ သူ့ကို ဝင်ရောက်အန္တရာ
ပေးသောသူသည် တပ်မတော်နှင့် မည်သို့မျှ မပတ်သက်သော





တစ်ယောက် ဖြစ်သည်။ အစိုးရကို ပုန်ကန်နေသော အဖွဲ့အစည်း
များထဲမှလည်းမဟုတ်။ သူလိုကိုယ်လို သာမန် အရပ်သားတစ်ဦးသာ
ဖြစ်သည်။ ထိုသူများသည် ကျွန်တော်တို့ မမျှော်မှန်းနိုင်သော
တတိယမြောက်အင်အားစုဟု ဆိုရမည်ဖြစ်သည်။

ဒေါ်စုကြည် စစ်ကိုင်းမရောက်မီ ကချင်နှင့် မန္တလေးတွင်
အစိုးရနှင့် နိုင်ငံတော်၏ အားနည်းချက်များကို ဝေဖန်ပြောဆိုသည်။
ရှေ့ပိုင်းခရီးစဉ်ဖြစ်သည့် စစ်ကိုင်းတိုင်း နယ်မြေအချို့နှင့် ကချင်
ပြည်နယ် ခရီးစဉ်များတွင် အားစမ်းသည့်သဘောသာ ရှိခဲ့သော်လည်း
မန္တလေးဘက်ရောက်သည့်အခါ လူထုကများလာသည်။ မြစ်ကြီး
နားက ပြန်ထွက်လာပြီး ကသာကတည်းက ထိုအခြေအနေများ
ဖြစ်ပေါ်လာခဲ့သည်။ စဉ့်ကူး၊ ရွှေကူမှတစ်ဆင့် မိုးကုတ်လမ်းကနေ
မန္တလေးဝင်တော့ ကားတန်းကြီး ဖြစ်သွားသည်။ ထိုမှစပြီး
လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းကအစ ဘာစည်းကမ်းမှ မရှိတော့။
မုံရွာအထိ တောက်လျှောက် ထိုပုံစံအတိုင်း တစ်စထက်တစ်စ တိုး
ကာ ပရမ်းပတာ ဖြစ်လာသည်။ လူများတော့ ထုံးစံအတိုင်း
ထိန်းချုပ်ဖို့ ခက်လာသည်။ အဆုံးစွန် ထိုလူထု လှုပ်ရှားမှုတွေကို
ဦးဆောင်နေသော အင်န်အယ်လ်ဒီကိုယ်တိုင်လည်း နောက်မှ
ပါလာသော လူထုကို ထိန်းသိမ်းနိုင်သည့်အနေအထား မရှိတော့။
လိုက်လာသည့် လူတွေကလည်း ရည်ရွယ်ချက်ရှိရှိ ပါလာသူများ
ရှိသလို ရည်ရွယ်ချက်မရှိ ပျော်လို့လိုက်လာသူများလည်း ရှိသည်။
တစ်လမ်းလုံး ကားဟွန်းသံ၊ ဆိုင်ကယ်ဟွန်းသံများဖြင့် ဆူညံနေပြီး
ဒေါ်စုကြည် လာမည်ကို ကြိုသိနေကြသော လမ်း၊ ဘေး၊ ဝဲယာ
အိမ်များမှ လူတွေ ထွက်ကြည့် ကြပြန်သည်။ ထိုသို့ဖြင့် လူအုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး တောင့်လာသည်။

မန္တလေးမှ စစ်ကိုင်းဘက် ကူးလာတော့လည်း မန္တလေးကသူများ ဆိုင်ကယ်တန်းဖြင့် ပါလာသည်။ လမ်းပေါ်မှာ မရပ်ဖို့ တရားမဟောဖြစ်အောင် လုပ်ဖို့များကို ညွှန်ကြားထားသဖြင့် ဆိုင်ရာမြို့နယ် အဖွဲ့အစည်းများက အခြေအနေကို လိမ္မာပါးနပ်စွာ ထိန်းထားနိုင်ခဲ့သည်။

အဓိကက မုံရွာတွင် ဖြစ်သည်။ မုံရွာတွင် သူမရောက်ခင်ကတည်းက ကြိုထွက်စောင့်နေသော ဆိုင်ကယ်များ၊ ကားများနှင့် ရှုပ်ထွေးနေသည်။ မန္တလေးက ပါလာသော ဆိုင်ကယ်များ၊ ကားများနှင့် ပေါင်းလိုက်သောအခါ လူအုပ်စုက တော်တော်လေး ကြီးလာသည်။ နောက်ပါအင်အားများလာသဖြင့် လူထုက ရှိရှိ အတင့်ရဲလာပြီး ရှုပ်ထွေးသော အခြေအနေများ ဆက်တိုက်ဖြစ်လာခဲ့သည်။ ဒေါ်စုကြည်အလာနှင့် ချိန်ကိုက်၍ နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်ရန် စီစဉ်ထားကြသည်။ စိတ်အားထက်သန်နေသော သံဃာတော်များက ဦးဆောင်ပြီး ယောကျာ်းမှန်သမျှ လမ်းပေါ်ထွက်ကြရန် လှုံ့ဆော်သည်။

မေ ၂၉ ရက်နေ့ ညနေပိုင်းတွင် ဘုတလင်ဘက် ကောက်ထွက်သွားသည်။ မုံရွာမှာ ကျန်နေခဲ့သော သံဃာများနှင့် လူအုပ်က သူ့နောက်လိုက်ရန် ထွက်လာကြသည်။ အုံးအုံးကျွက်ကျွက်နှင့် တားမနိုင်ဆီးမရ ဖြစ်သောအခါ သေနတ်ပစ်ဖောက် လူစုခွဲရသည်။ လူစုခွဲချိန်တွင် ကားခေါင်မိုးပေါ်တွင် မတ်တပ်ရပ် ပါလာသော လူမိုက်းခြားတစ်ယောက် ကျည်ပြန်ထိပြီး သေသွားသည်။ ဆူပူသူများက သေသူကို သက်န်းပတ်ကာ စစ်တပ်က ဘုန်းကြီးကို သေနတ်ဖြင့်





ပစ်သတ်ပါသည်ဆိုကာ သတင်းလွှင့်လိုက်တော့ အခြေအနေက ပိုပြီးရှုပ်ထွေးသွားသည်။

ဒေါ်စုကြည်ကို အကြောင်းပြု၍ လမ်းမပေါ်သို့ လူထုအစုအဝေးဖြင့် ရောက်လာသည့် ဖြစ်စဉ်အတွင်း ထပ်မံဖြစ်ပွားခဲ့သော ထိုအခြေအနေသည် သံဃာတော်များနှင့် စစ်တပ်အကြားပို၍ ကြီးမားသော အဖုအထစ်တစ်ခု ထပ်မံဖြစ်လာစေသည်။ တစ်ဆက်တည်းမှာပင် ပခုက္ကူဘက်မှ လူအုပ်နှင့် သံဃာများကလည်း မုံရွာကိုဆင်းဖို့ ကြိုးစားလာပြန်သည်။ တစ်ခါ အစိုးရကို ထောက်ခံသော သံဃာတော်များကလည်း ဓားဆွဲ တုတ်ဆွဲဖြင့် ‘ကတုံးကတုံးချင်း ရှင်းမယ်’’ ဆိုပြီး တစ်စခန်း ထကြပြန်သည်။ တစ်ဖက်မှ ဘုန်းကြီးများကို ဖျောင်းဖျနေရသလို သက်န်းပတ် လူသေအလောင်းကိစ္စကလည်း အရေးကြီးနေသည်။ သေသူသည် ဘုန်းကြီးမဟုတ်ကြောင်းပြနိုင်ရန် အလောင်းကို လက်ဝယ်ပြန်ရအောင်နှင့် အလောင်းလက်ဝယ်မရခင်အတွင်း သံဃာတော်များကိုလည်း တစ်ဖက်က အာမခံကာ ထိန်းထားရန် တာဝန်ယူဆောင်ရွက်နေသူများအား မှာနေရသည်။

ထိုစဉ်က မုံရွာတစ်ပိုက် အခြေအနေသည် ပြဿနာပေါင်းစုံ ဓရာထွေးနေသဖြင့် အတော်လေးချိန်ချိန်ဆဆ ထိန်းသိမ်းနေရသည်။ လူကြီးများက သွေးထွက်သံယို မရှိစေရန်နှင့် အကယ်၍ ရှိခဲ့ပါကလည်း အနည်းဆုံးဖြစ်စေရန် အကြိမ်ကြိမ်မှာလိုက်သည်။ ကျွန်တော့်အနေဖြင့်လည်း မည်သည့်အထိအခိုက် အပွန်းအရှမျှ မရှိရလေအောင် အတတ်နိုင်ဆုံး ထိန်းသိမ်းရန် အဆက်မပြတ် ညွှန်ကြားနေရသည်။ သွေးဆူနေသော လူအုပ်ကို တည့်တည့်

www.burmeseclassic.com



ရင်ဆိုင်နေရသော တပ်မတော်သားများနှင့် လုံခြုံရေး တာဝန်ယူရသူများအား 'အဆုံးစွန်ထိ သည်းခံရန်၊ လက်တုံ့မပြန်ရန်နှင့် အမိန့်အတိုင်း တိကျစွာ လုပ်ဆောင်ရန်' တို့ကို စက်ပေါ်မှနေ၍ အကြိမ်ကြိမ် အထပ်ထပ် မှာရသည်။ အမှားအယွင်းကလေးတစ်ခု သည် အတောမသတ်နိုင်သော အခြေအနေများကို ဖိတ်ခေါ်သကဲ့သို့ ရှိသွားနိုင်သည်။

အခြေအနေမှာ တစ်ဖက်က မုံရွာပြင်ပကနေ ဆူပူလှုပ်ရှား သလို တစ်ဖက်ကလည်း မြို့အတွင်း၌ ထိန်းမနိုင်သိမ်းမရဖြစ်အောင် အခြေအနေတွေ ဖန်တီးသကဲ့သို့ ဖြစ်လာသည်။ အခြေအနေတွေက ရှုပ်ထွေးနေပြီး ဘယ်သူဘယ်ဝါက ထိန်းချုပ်လုပ်ဆောင်နေမှန်း မသိရ။ သို့သော်လည်း ဦးတည်နေသည့်အနေအထားမှာ မုံရွာမြို့ကို မြို့သိမ်းတိုက်ပွဲဖြစ်အောင် လုပ်နေသကဲ့သို့ ဖြစ်နေသည်။ မုံရွာမြို့ လုံခြုံရေးအင်အားကို မြို့ပြရောက်စေပြီး အင်အားချည့်နဲ့တော့မှ မြို့ ကို ဝင်သိမ်းမည့်သဘော ဖြစ်နေသည်။ တပ်မတော်အနေဖြင့် တိုက်ပွဲပေါင်းများစွာကို ရင်ဆိုင်ခဲ့သော အတွေ့အကြုံပေါင်းများစွာ ရှိသည်။ ဘယ်လိုအခြေအနေမျိုး၊ ဘယ်လိုအကွက်မျိုးဆင်လာလျှင် မည်သို့တုံ့ပြန်ရမည်ကို ဘဝပေးအသိ ကျွန်တော်တို့တွင် ရှိနေ ပြီးဖြစ်သည်။ မြို့တွင်း၌ လူသေဘုန်းကြီးအတု ပြဿနာရှင်းနေ ချိန်တွင် ပခုက္ကူမှ သံဃာနှင့် လူအုပ်များ ဆင်းမလာရန် တားထား ရသည်။ တစ်ဆက်တည်းမှာပင် မုံရွာမြို့လုံခြုံရေးအတွက် စိတ်ချ ရရန် ပခုက္ကူမှ တပ်ရင်းတစ်ရင်းကို အမြန်ဆုံးခေါ်ပြီး တာဝန်ယူစေ ရသည်။

ထိုအချိန်တွင် ဒေါ်စုကြည်မှာ ဘုတလင်မှ ဒီပဲယင်း





ဘက်ဖြတ်၍ မုံရွာဘက်ပြန်လာရန် တာစူနေပြီ ဖြစ်သည်။ သူတို့ ဘုတလင်ရောက်ချိန်တွင် ညနေ ၅ နာရီကျော်နေပြီဖြစ်သည်။ ဒီပဲယင်းမရောက်ခင် စိုင်ပြင်ရွာရောက်တော့ ညနေ ၆ နာရီခွဲနေပြီ ဖြစ်သည်။

မုံရွာတွင် ဖြစ်နေသောအခြေအနေ၊ သူသွားရာလမ်း တစ်လျှောက် ဖြစ်ပျက်နေသော ဖြစ်ရပ်များကြောင့် သူ့ကို မုံရွာသို့ ပြန်လာခွင့်ပြုခြင်းထက် ထိန်းသိမ်းလိုက်ရန် အခြေအနေ ဖြစ်လာ သည်။ ဖြစ်ပျက်လာသော အခြေအနေများကြောင့် ဒီအတိုင်း ဆက် လက်လွှတ်ထားပါက တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းရေးကို အကောင်းထက် အဆိုးက ပိုများလာနိုင်မည့် အလားအလာများ ဖြစ်နေသည်။ ဒေါ်စုကြည်ကို ဒီပဲယင်းမြို့မဝင်မီ ရွာသစ်ရွာတွင် လုံခြုံရေးတပ်ဖွဲ့က စောင့်၍ ထိန်းသိမ်း၍ စီစဉ်ခဲ့ကြသော်လည်း မထင်မှတ်သော အဖြစ်အပျက်က ကြားတွင် ဖြစ်ပျက်သွားခဲ့သည်။ ထိုအဖြစ်အပျက်မှာ ကြည်ရွာရှေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ နယုန်လကွယ်ည၊ မှောင်နှင့်မည်းမည်းတွင် ဖြစ်ပျက်ခဲ့သည့် အခြေ အနေအရပ်ရပ်ကို လုံခြုံရေးတာဝန်ယူထားသူများက ကျွန်တော့်ထံ သတင်းပို့ကြသည်။

"ဒီလမ်းကနေ ဒေါ်စုကြည် ဖြတ်ပြန်မှာဆိုတော့ သိနေ ကြလို့ ကြည်ရွာဝန်းကျင်မှာ အစောကြီးကတည်းက လူစုလူဝေးက ရှိနေပါတယ်။ ကြည်ရွာက ရွာကြီးတစ်ရွာ မဟုတ်ပေမဲ့ သူနဲ့ မလှမ်းမကမ်းမှာ တစ်ဆက်တည်းရှိနေတဲ့ ရွာနှစ်ရွာ ရှိနေပါတယ်။ ရွာသုံးရွာပေါင်း အင်အားနဲ့ ရွာနီးချုပ်စပ်အင်အားတွေ ပေါင်းပြီး စုနေတာဖြစ်လို့ အင်အားတောင်ရှိပြီး စုထားသလို ဖြစ်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကလည်း ပြည်နိုင်ဖြိုးအသင်းဝင်တွေ၊ စွမ်းအားရှင်တွေ ကလည်း အနီးပတ်ဝန်းကျင်မှာ ရှိနေပါသေးတယ်။ ပြီးတော့ ကြည်ရွာနဲ့ သိပ်မဝေးတဲ့ တစ်ညအမာခံရွာက လူတွေကလည်း အဲဒီနေရာကို ရောက်နေပါတယ်။ ကျွန်တော်တို့ လုံခြုံရေးအဖွဲ့ တွေ က ပုဒ်မ ၁၄၄ ထုတ်ထားကြောင်းနဲ့ လူစုလူဝေး မပြုလုပ် အသံချဲ့စက်တွေနဲ့ အော်ပြောခဲ့ပါတယ်''

အခြေအနေမှာ ခံယူချက်၊ ယုံကြည်ချက်ချင်း မတူကြသော အဖွဲ့အစည်းပေါင်းစုံ စုဝေးမိသလို ဖြစ်သွားကာ အချင်းချင်း အင်အားပြိုင်ဆိုင်မိသွားပြီး လကွယ်ည၏ အမှောင်ထုအတွင်း ထိပ် တိုက်ရင်ဆိုင်မိကြသည်။ အခြေအနေအရပ်ရပ်က အတိမ်းအစောင်း အထိအခိုက်မခံသော အနေအထားမျိုးဖြစ်သည်။

''ဒေါ်စုကြည် ကြည်ရွာရှေ့ရောက်တော့ ည ၈ နာရီ ထိုးလုနေပြီ ဖြစ်ပါတယ်။ ကြည်ရွာရှေ့မှာရှိတဲ့ လူအုပ်က ဒေါ်စုကြည် ကားကို ရပ်နိုင်းပြီး တရားဟောနိုင်းပါတယ်။ ဒေါ်စုကြည်က ''မိုးလည်းချုပ်နေ၊ ပင်လည်း ပင်ပန်းနေလို့ မဟောပါရစေနဲ့'' လို့ တောင်းပန်ပေမဲ့ လူထုက အတင်းအကျပ် တောင်းဆိုခဲ့ပါတယ်။ အဲဒီအချိန်မှာ အင်န်အယ်လ်ဒီ ထောက်ခံသူနဲ့ မထောက်ခံသူတွေ အကြား အော်ဟစ်ပြိုင်ဆိုင်မှုတွေကလည်း ဆူညံနေပါတယ်''

တစ်ချိန်လုံး အားပြိုင်လာရာမှာ ကြည်ရွာရောက်တော့ မီးပွားကလေးက လွင့်လာပုံရသည်။ တစ်ဖက်နှင့် တစ်ဖက်လည်း အပြောအဆို ပိုကြမ်းလာသည်ဟု ဆိုသည်။

''ကုလားမလို့ ခေါ်တဲ့သူကလည်းရှိပြီး တစ်ဖက်ကလည်း ဆတ်ဆတ်ထိမခံ ခွေးခြေသေ့လို့ ပြန်အော်ကြပါတယ်။ တချို့





ကလည်း ဒို့တာဝန် အရေးသုံးလုံးလို့ အော်ကြပါတယ်။ နောက်တော့ တစ်ဖက်နဲ့တစ်ဖက် ရိုင်းရိုင်းစိုင်းစိုင်းတွေ အပြန်အလှန် အော်ကြ ဟစ်ကြ ဖြစ်လာပါတယ်''

လူစုလူဝေးဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြိုင်ဖြစ်လာသော အခါ ဒီပုံစံမျိုးထဲ ရောက်သွားသည်မှာ ဖြစ်လေ့ဖြစ်ထရှိသည့် သဘာဝဖြစ်သည်ကို ကျွန်တော်သတိထားမိလိုက်သည်။ ဒီအဆင့် သည် အခြေအနေဆိုးများဆီသို့ တွန်းပို့တတ်သည်။ အခြေအနေ သည် တစ်စက်ကလေးမှ အတိမ်းအစောင်းမခံသော အနေအထား သို့ ဦးတည်နေမှုမှာ ရပ်တန့်သွားရန် အရိပ်အကဲ မမြင်တော့။ အတွက် အတော်လေး ခေါင်းနားပန်းကြီးသွားသည်။ ဒီအခြေ အနေကို နိုင်နိုင်နင်းနင်းမထိန်းနိုင်လျှင် ဖြစ်လာနိုင်သည့်အန္တရာယ် က အတော်ကလေးကြီးသည်။ အချိန်တွေ ကြာလာလေ အထိ အခိုက်မခံသော အခြေအနေတွေ ဖြစ်လာခြင်းကို တားဆီးဖို့ အတော် ကလေး ခက်လာလေ ဖြစ်လာသည်။ တက်သမျှသော သတင်း တွေကလည်း ပြင်းထန်သည်ထက် ပြင်းထန်လာနေရာ အတော် အတန်ကျယ်ဝန်းသော နမခတိုင်းမှူးရုံးခန်းကို ကျဉ်းကျပ်သလို ခံရပြီး မွန်းကျပ်နေသလို ခံစားရသည်။

''အဲဒီလို အော်ဟစ်နေကြရင်း ဘယ်နေရာကမှန်းမသိ မှန်းကနဲ အသံကြားလိုက်ရပြီး ရိုက်ကြနှက်ကြ ဖြစ်သွားပါတယ်။ မှောင်နဲ့မည်းမည်းဆိုတော့ တစ်ဖက်နဲ့တစ်ဖက် ဘယ်သူက ဘယ်သူ့ကို ရိုက်ကြသလဲဆိုတာ မသိရဘဲ မည်းမည်းမြင်သမျှ ရိုက်နေကြသလို ဖြစ်သွားပါတယ်။ လူအုပ်ကလည်း ပြေးတဲ့သူက ပြေးဆိုတော့ အလဲလဲ အကွဲကွဲ ဖြစ်ကုန်ကြပါတယ်။ ဒေါ်စုကြည်



www.burmeseclassic.com

www.burmeseclassic.com



ကားကတော့ လူအုပ်ထဲကနေ ဖောက်ထွက်ပြီး အတင်းမောင်းတွေ
သွားပါတယ်။ လုံခြုံရေးအတွက် ချထားတဲ့ အတားအဆီးတွေ
ဝင်တိုက်သွားပြီး ရေဦးဘက် မောင်းပြေးသွားတာ တွေ့လိုက်
ပါတယ်''

ကြည့်ရှုရေးက အခြေအနေက တည်ငြိမ်သွားသော်လည်း
ဒေါ်စုကြည်က ဘယ်ရောက်သွားမှန်းမသိသဖြင့် အတော်ကလေး
စိတ်ပူနေရသေးသည်။ သူဖောက်ထွက်သွားသည်က ရေဦးဘက်
ဖြစ်သောကြောင့် အခြေအနေတွေ လှမ်းမေးရသည်။ အခြေ
တော်တော်နှင့်မရ။ ထိုအချိန်ကလေးသည် ကျွန်တော့်အတွက်
စိုးရိမ်စိတ်ကြောင့် အတော်ကလေး ဆောက်တည်ရာမရ ဖြစ်ခဲ့သော
အချိန် ဖြစ်သည်။

ရေဦးရဲစခန်းတွင် ဒေါ်စုကြည်တို့ရောက်နေကြောင်း စခန်း
မှူး၏ သတင်းပို့ချက်ရတော့မှ သက်ပြင်းချပြီး စိတ်အေးရတော့သည်။
တစ်ဖက်တွင်လည်း ဦးတင်ဦးနှင့် အခြားသုံးဦးတို့ လူအုပ်မှ
လွတ်ရာဘက် လမ်းလျှောက်ထွက်ခဲ့သောကြောင့် ဒီပဲယင်းရဲစခန်း
ခေါ်ယူထိန်းသိမ်းထားသည်ဟု သတင်းဝင်လာသည်။ ဒီတော့မှ
စိတ်နှလုံး ဒုံးဒုံးချနိုင်တော့သည်။ ဖြစ်ခဲ့တာတွေတော့ ဖြစ်သွားပြီ
လက်ချင်းယှက်၍ ကာကွယ်ထားသော လုံခြုံရေးစည်း ကျိုးပေါက်
ခဲ့ဟန်တူသည်။ ဒေါ်စုကြည်အနီးရှိ လုံခြုံရေးတာဝန်ယူထားသော
အသွင်ယူရဲဘော်တစ်ဦး ခေါင်းတွင် ဒဏ်ရာရသွားခဲ့သည်။ သို့သော်
ဒေါ်စုကြည်နှင့် ဦးတင်ဦးတို့ ဘေးအန္တရာယ်ကင်းကင်း ရှိသွားပြီ
သောကြောင့် ဖြစ်သမျှအကြောင်း အကောင်းပဲလို့ တွေးလိုက်သည်
ဒီလို လူအုပ်ကြားထဲတွင် အဟန့်အတား အကန့်အသတ်မ...





ပျားနေခြင်းသည် အန္တရာယ်ပေါင်းများစွာကို ဖိတ်ခေါ်နေသလို ဖြစ်
နေကြောင်း သူ့ဂရုမထားမှုကို ကျွန်တော့်အနေဖြင့် ဂရုထာဒေါသော
ဖြစ်မိသည်။ တစ်ဖက်ကလည်း ဒီအခြေအနေမျိုးဖြစ်မလာစေရန်
အတတ်နိုင်ဆုံး ကြိုးစားခဲ့သည့်ကြားက ဖြစ်သွားခဲ့ရမှုနှင့် ပတ်
သက်ပြီး စိတ်မကောင်းဖြစ်ရသည်။

ရေဦးရဲစခန်းတွင် လုံခြုံရေးအင်အား ရှစ်ယောက်သာ
ရှိသဖြင့် လုံခြုံရေး စိတ်မချရသောကြောင့် တပ်ခွဲတစ်ခွဲ အမြန်ဆုံး
ပို့ပေးရန် အမိန့်ပေးလိုက်ရသည်။ နောက်တစ်နေ့မနက် အရုဏ်ဦး
ရောက်မှ ဒေါ်စုကြည်တို့ကို တခြားတစ်ဖက်က ပတ်၍ခေါ်ခဲ့ရသည်။

တစ်ဆက်တည်းမှာပင် အခင်းဖြစ်ပွားရာနေရာမှ အခြေ
အနေများကို သတင်း နားစွင့်ရသည်။ ပြဿနာကြီး လွန်သွားသော်
လည်း အဆုံးတိုင် စိတ်မအေးနိုင်သေး။ အဖြစ်အပျက်က ဘယ်
လောက်အထိ ကြီးကျယ်သွားသလဲ ဆိုသည်ကို စိုးရိမ်တကြီး
ဖြစ်နေရသေးသည်။ ဖြစ်စဉ်ကို လူကြီးများထံ ချက်ချင်းသတင်း
ပို့ရသလို ဆိုင်ရာရဲမှူးကြီးအား ဥပဒေနှင့်အညီ ဆက်လက်စစ်
ဆေးရန်နှင့် အသေးစိတ် အစီရင်ခံစာပြုစုရန် တာဝန်ပေးခဲ့သည်။
အစီရင်ခံစာထွက်လာသောအခါ ဒီပဲယင်းဖြစ်စဉ်တွင် သေဆုံးသူ
လေးယောက်နှင့် ဒဏ်ရာရသူ ၅၀ ကျော် စာရင်းရရှိသည်။

ဒီပဲယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကျွန်တော့်အပေါ်တွင်
အတော်ကလေး ဂယက်ရိုက်မှု ရှိခဲ့သည်။ ဖြစ်စဉ်တစ်ခုလုံးသည်
ကြိုတင်စီစဉ်ထားသည်ဟုပင် စွပ်စွဲကြသည်။ အထူးသဖြင့်
ဒေါ်စုကြည်ကို အသေသတ်ရန်အထိ ကြိုတင်ကြံစည်မှုဟု ဆိုသူက
ဆိုကြသည်။ ထိုသို့မဟုတ်ပါဟု ပြောလျှင်လည်း ယုံရခက်သော



www.burmeseclassic.com

www.burmeseclassic.com



အနေအထား ဖြစ်နေသည်။ ကျွန်တော့်သူငယ်ချင်းတစ်ယော ကတော့ 'ပဲလှော်ကြား ဆားညပ်တာ' ဟု ပုံနှိုင်းပြီး ပြောသည်

နိုင်ငံရေးဆိုသည်မှာ ရွှေ့လျားတွန်းကန်နေသည့် အင်အ ကြီးများနှင့် ရင်ဆိုင်ဖြေရှင်းရသည့်အလုပ်မျိုး ဖြစ်သည်။ အဆို အင်အားစုကြီးကို အချိန်အခါနှင့် မထိန်းနိုင်လျှင် ထိုရွေ့လျား သော အင်အားကြီးသည် လွန်ထွက်သွားတတ်သည်။ ဒီပဲယင်း သည် ထိုသဘောအတိုင်းဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံရေး လူထုနောက်က ပါလာသည့်အခါ အသာစီးရပြီဟု တွက်ဆ အားထည့်သည့်အချိန်တွင် ဘက်နှစ်ဖက်စလုံးက မိမိတို့အားများ မှန်ကန်စွာ မထိန်းကျောင်းနိုင်ခဲ့သောကြောင့် ကြုံတွေ့ရသော အ အပျက်တစ်ခုသာ ဖြစ်ပါသည်။

ဤသည်မှာ ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖော်ပြချက်များပါခင်မျ

■



## အခန်း ( ၁၂ )

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး

အများသိပြီးဖြစ်သည့်အတိုင်း ပထမ ဒီမိုကရေစီ အစိုးရ သက်တမ်း ပြည့်ခါနီးသဖြင့် ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲ ကြီးအား ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ ၏။ ပါတီစုံရွေးကောက်ပွဲကြီး ဖြစ်သည်။

ပါတီပေါင်း ၉၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံသည်။

**NLD** မှ အပြတ်အသတ် **Land Slide** အနိုင်ရသွားခဲ့၏။ မကြာမီ အစိုးရဖွဲ့နိုင်ပေတော့မည်။

ဤနေရာတွင် ကျွန်တော် မြင်တာလေးတစ်ခု တင်ပြ လိုသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့က မိသားစုနှင့် အတူ မြစ်ဝကျွန်းပေါ်ဘက်သို့ စာပေဟောပွဲ အကြောင်းပြုကာ ကျွန်တော် ထွက်ခဲ့သည်။

အိမ်မှ မနက် ဝ၈း၀၀ နာရီ ကားဖြင့်ထွက်ခဲ့ရာ ဝ၉း၀၀ နာရီတွင် တွံ့တေးမြို့အဝင်သို့ ဆိုက်ရောက်သွားသည်။ မြို့အဝင်၌



www.burmeseclassic.com

www.burmeseclassic.com



ထောင်ချီသော လူအုပ်ကြီးနှင့် တွေ့ရသည်။ အားလုံး NL
အလံနီများ၊ NLD အင်္ကျီ နီများ၊ ခေါင်းစည်းအနီများဖြင့် ဖြ
NLD အလံနီတပ်ဆင်ထားသည့် ကားအစီးပေါင်းရာချီ တွေ့ရသ
ဆိုင်ကယ်များကတော့ ထောင်ချီရှိမည် ထင်၏။

"ဘာလုပ်နေကြတာလဲဗျာ"

မသိ၍ မေးမိသည်။

"အမေစုလာမှာမို့ စောင့်နေကြတာ"

"ဩော်"

တွံ့တေးလမ်းဆုံကို ကြိုးစားဖြတ်ကျော်ခဲ့နိုင်သော်လည်း
ကော့မှူးအဝင်တွင်ကား လုံးဝ ကားသွား၍ မရတော့ပါ။ လူ
ကြီးမှာ ပိုပြီးကြီးကျယ်များပြားလှပါ၏။ ကြပ်ခဲနေသည်။

တွံ့တေးနှင့် ကော့မှူးကြား ရွာအားလုံးက တစ်ရွာလ
လူ ငါးဆယ်၊ တစ်ရာခန့် ထွက်စောင့်နေကြသည်။

"အမေစုကို ကောင်းကောင်း မမြင်ဘူးသေးလို့" တဲ့။

သူတို့ပြောတာ။

ရွာတိုင်းလိုလို ဟောပြောစင်များ ထိုးထား၏။ အသံ
စက်များ၊ ဆိုင်း၊ ပုံမောင်းများ တီးခတ်နေကြ၏။

**"နိုင်ရမည် NLD၊ အောင်ရမည် NLD"**

**"အမှန်တကယ် ပြောင်းလဲဖို့ NLD ကို မဲပေး"**

ဆိုသည့် ကြွေးကြော်သံများ တောလုံးညံ့နေသည်။

တစ်ရွာနှင့်တစ်ရွာကြားတွင် တိုင်စိုက်ကြိုးတန်းပြီး
များ၌ NLD အလံငယ်များ ကပ်ထားသည်ကို တွေ့ရ၏။ ဒီလူ
ကြီးကို ၂ နာရီစောင့်ပြီးမှ ကျွန်တော့်ကားလေး ကော့မှူးက ထွ





လာခဲ့နိုင်၏။ ကော့မှူးနှင့် ကွမ်းခြံကုန်းကြား၌လည်း NLD
ကားတန်းများ မကြာခဏတွေ့ရရာ လွတ်အောင် အတော်ပင်
ကျိုးစားမောင်းနှင်ခဲ့ရပါသည်။

ဒီလူအုပ်ကြီးကို ကြည့်ပြီး . . .

"အင်း . . . ဒီပုံနဲ့ဆို NLD နိုင်ဖို့များသွားပြီ"

ဟု စဉ်းစားမိပါသည်။

ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်၊ ပုသိမ်မြို့များသို့
ကျွန်တော် ရောက်သည်။ နောက်နေ့၌ ကျောင်းကုန်း၊ ကျုံပျော်၊
ဟင်္သာတမြို့များသို့ ရောက်ပြန်သည်။ နေရာတကာ NLD ပါပဲဗျာ။
သူတို့အသံ၊ သူတို့အလံ၊ သူတို့ဆိုင်းဘုတ်၊ သူတို့စင်မြင့်များသာ
တွေ့ခဲ့ရ၏။

NLD နိုင်ရန် သေချာသွားပြီ။

အမှန်ပါပဲခင်ဗျာ။

နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲ၌ NLD သည် တောရော
မြို့ပါ တောင်ပြို့ကမ်းပြို နိုင်သွားပါသည်။

NLD အခုလို ဘာဖြစ်လို့နိုင်သွားပါသလဲ။ ဆန်းစစ်မိသည်။

ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော် တစ်ခါမှ လူ
ကိုယ်တိုင် မမြင်ဖူးပါ။ စာအုပ်စာစောင်များ၊ သတင်းစာနှင့် ရေဒီယို
ရုပ်မြင်သံကြား၌သာ တွေ့ဖူးပါသည်။

လူကိုယ်တိုင် တွေ့ဖူးခြင်း၊ စကားပြောဆိုခဲ့ဖူးခြင်း မရှိသော်
လည်း ဒေါ်အောင်ဆန်းစုကြည်၌ အောက်ပါ အားသာချက်များ
ရှိကြောင်း တွေ့မြင်သုံးသပ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**(က) ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်နေခြင်း**

ဤအားသာချက်သည် ဘယ်သူနှင့်မှ မယှဉ်နိုင်သည့်
သာချက်ဖြစ်၏။ ဘယ်သူမှ ဗိုလ်ချုပ်အောင်ဆန်း သ
အရင်း မဖြစ်နိုင်ပါ။ သူသည်သာ တရားဝင် တ
တည်းသောသမီး ဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်းသ
တစ်တိုင်းပြည်လုံးက သူ့အား အလွန်ချစ်ခင်နေသည့်အ
အသက် ၃၂ နှစ်တွင် သူများလုပ်ကြံ၍ ကွယ်လွန်ခဲ့ရသ
ဗိုလ်ချုပ်သာ သူများသတ်လို့ မသေဘဲ အာဏာ
ဖဆပလအဖွဲ့ ချုပ်ကြီးဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်တာ
ထမ်းဆောင်၍ ဦးနုကဲ့သို့ ၁၀ နှစ် ၁၀ မိုး တိုင်းပြည်အုပ်
ခဲ့ရပါက ယခုလို ချစ်ခြင်းခံချင်မှ ခံရပါမည်။ အဘ
ကြောင့်ဆိုသော် ဗိုလ်ချုပ်သည် ရဲရင့်၏၊ ရိုးသား
မလိမ်တတ်မညာတတ်၊ သူထင်ရာမြင်ရာ ပြောရဲသ
လုပ်ရဲသည်၊ ပြောရာဆိုရာ၌လည်း ဘုဂလန့် ဖွကျ
တစ်ခါတစ်ရံ ခပ်ရိုင်းရိုင်းပြောဆိုတတ်၏။ စာရေးဆ
ဒဂုန်တာရာက ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို "အော
ဆန်း သို့မဟုတ် အရိုင်း"ဆိုပြီး စာတစ်ပုဒ်ရေးသ
ဗိုလ်ချုပ်အောင်ဆန်း ခပ်ရိုင်းရိုင်း ပြောဆိုမှုများ လူ
နားမလည်မှုများကို ဖော်ပြခဲ့သည်။ ထိုစာကို ဖတ်ရသ
အခါ ဗိုလ်ချုပ်အောင်ဆန်းက "ဒွေးမြိုင်ရာ ...
တော်တော်တောင်ရိုင်းနေပြီလားကွာ" ဟုမေးသည်
ကြားဖူး ဖတ်ဖူးပါသည်။

မည်သို့ပင်ဖြစ်စေ ပြည်သူအလွန်ချစ်ခင်ေ





လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသမီး ဖြစ်ခဲ့ခြင်းက သူ့ကို ICON အဖြစ် ရောက်စေခဲ့သည်။

**(ခ) ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲခြင်း**

ဒေါ်အောင်ဆန်းစုကြည်သည် ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲ၏။ နိုင်ငံရေးတွင် ဤအချက်သည်လည်း အလွန်အရေးပါ၏။ လက်ပံတောင်းတောင် အရေးကိစ္စ၌ ဒေါ်အောင်ဆန်းစုကြည်က ဒေသခံပြည်သူလူထု ဆန္ဒနှင့် ဆန့်ကျင်ကာ အစီရင်ခံစာ တင်သွင်းခဲ့၏။ လူထုက သိပ်အဲစာမကျေခဲ့။ သို့ရာတွင် သူက သူမြင်ရာကိုသာ သူရေးခဲ့၏။

**(ဂ) အင်္ဂလိပ်စာအထူးကျွမ်းကျင်ခြင်း**

ယနေ့ခေတ် ကမ္ဘာတွင် အင်္ဂလိပ်စာနှင့် စကားကား ကမ္ဘာသုံးဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် အင်္ဂလိပ်စာကို အင်္ဂလိပ်တွေကြားမှာ သင်ယူလာခဲ့သူဖြစ်၏။ အင်္ဂလိပ်နှင့် အကြောင်းဆက် ပေါင်းဖက်ခဲ့သူ ဖြစ်၏။ ထို့ကြောင့် အင်္ဂလိပ်စာနှင့် စကားကား အင်္ဂလိပ်နှင့် မခြား ပြောနိုင်သည်။ ထို့ကြောင့် **International** ပေါက်သည်။ အင်္ဂလိပ်စာနှင့်စကားတွင် နားထောင်တာ အခက်ဆုံးဖြစ်၏။ ရေးတာလည်း မခက်လှ၊ ဖတ်တာလည်း မခက်လှ၊ ပြောတာလည်း မခက်လှ။ အဲ ... နားထောင်တာကျတော့ အလွန်ခက်၏။ အင်္ဂလိပ်တွေ အမေရိကန်တွေနှင့် အတူမနေဘူးဘဲ သူတို့ပြောတာ လုံးစေ့ ပတ်စေ့ နားလည်



www.burmeseclassic.com

www.burmeseclassic.com



ရန် မလွယ်ပါခင်ဗျာ။ သူများအတွက်တော့ မသိ။ ကျွန်တော့်အတွက်တော့ အမေရိကန် တွေ အင်္ဂလိပ်စကား ပြောတာ နားလည်ရန် အလွန်ခက်နေဆဲဖြစ်၏။ TV များကြည့်က English Subtitle မပါရင် သိပ်နားမလည်ပါ။ ထားပါတော့ခင်ဗျာ။ ဒေါ်အောင်ဆန်းစုကြည်ကား အင်္ဂလန်တွင် နေထိုင်ကျက်စားခဲ့သူဖြစ်သဖြင့် ဤကိစ္စမှာ သူ့အတွက် ထမင်းစားရေသောက်သာ ဖြစ်ခဲ့ပါသည်။ ဒါလည်း သူ၏ မယှဉ်နိုင်သောအားသာချက်ဖြစ်ပါ၏။

(ယ) အများအကျိုးသယ်ပိုးလိုခြင်း

သူသည် အများအကျိုးသယ်ပိုးလိုခြင်းမှာ ယုံမှားသံသယ ရှိစရာမလိုပါ။ ကျွန်တော်သည် လက္ခဏာပညာကို လေ့လာလိုက်စားနေသူ ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် စကားပြောနေစဉ် သူ၏ လက်ဖဝါးကို ဖြန့်လိုက်သည့်အခါ အောက်ပါများ တွေ့ရ၏။ သူ၏လက်ချောင်းများသည် အဆစ်ကြီး၍ ရှည်နေသဖြင့် အတွေးအခေါ်ရှိသည်။ Ideology ကောင်းသည်။ ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း ဝေးနေသဖြင့် အများအကျိုးကို သယ်ပိုး လိုသည်။ ခေါင်းမာသည်။ ဆုံးဖြတ်ချက် ခိုင်မာသည်။ ခေါင်းမာလို့ လင်တွေ၊ သားတွေ ပစ်ပြီး ၁၉၈၈ မှ ယခု အချိန်ထိ မြန်မာနိုင်ငံတွင် သူ နေနေတာဖြစ်သည်။ ထောင်ကျတန်းကျ သူခံသည်။ တောင်အာဖရိကမှ နယ်လ်ဆင်မင်ဒဲလားလို သူဖြစ်သည်။ သူလုပ်ချင်တာ





လုပ်နိုင်ဖို့အတွက် အရာရာကို သူ စွန့်လွှတ်နိုင်သည်။ သူလုပ်ချင်သည်မှာ မြန်မာနိုင်ငံကို ဒီမိုကရေစီ အစိုးရ ထူထောင်လိုခြင်းမှာ ယုံမှားသံသယ ရှိဖို့မလိုဟု ထင်မြင် ပါသည်။

(ဝ) ဗဟုသုတပြည့်စုံကြွယ်ဝခြင်း

ကမ္ဘာအနိုင်နိုင်ငံ ရောက်ဖူးပြီး ပညာတတ်ပုဂ္ဂိုလ်တစ် ယောက်ဖြစ်သောကြောင့် သူ့တွင် ကမ္ဘာ့ဗဟုသုတများ အတော်ပြည့်စုံသည်ကို တွေ့ရပါသည်။ လူထုကို ခေါင်း ဆောင်ရန်မှာ ကမ္ဘာ့ဗဟုသုတများ မပြည့်စုံက မရနိုင်ပါ။ ခေါင်းမဆောင်နိုင်ပါ။ ကမ္ဘာ့ခေါင်းဆောင်အားလုံးလိုလိုပင် ဗဟုသုတ အထူးပြည့်စုံသူပညာတတ်များ ဖြစ်ကြပါသည်။ အားလုံး ဗဟုသုတကုံလုံကြွယ်ဝသူများ ဖြစ်ကြပါသည်။ ဒေါ်အောင်ဆန်းစုကြည်ကား ကမ္ဘာ့ဗဟုသုတပြည့်စုံ ကြွယ်ဝ သူဖြစ်ကြောင်း သုံးသပ်မိပါသည်။

ဤအားသာချက်များဖြင့် Slogan ကြွေးကြော်သံအသစ်များ Moto ဆောင်ပုဒ်များဖြင့် ပြည်သူကို သူ ဖမ်းစားနိုင်ခဲ့ပါသည်။

အပင်ပန်းခံပြီး ရွေးကောက်ပွဲမဝင်မီ မိုင် ၇၀၀၀ ခန့် ခရီးသွားပြီး တစ်နိုင်ငံလုံးရှိပြည်သူများကို သူ စည်းရုံးနိုင်ခဲ့၏။

ဤသို့ဖြင့် ရွေးကောက်ပွဲဝင်ခဲ့သည်။ သူ နိုင်ခဲ့သည်။ သူ ရောက်ခဲ့သည့် မြို့ရွာတိုင်း NLD အနိုင် ရသွားခဲ့၏။

သူ၏ပြောပြောချက်များ၊ မျက်နှာပေး အမူအရာများ



www.burmeseclassic.com

www.burmeseclassic.com



လေသံအနိမ့်အမြင့်များ၊ ဟန်ပန်များကို ပရိသတ်က တစ်ခဲနက် ကြိုဆိုခဲ့ကြသည်။ ထောက်ခံခဲ့ကြသည်။ သဘောကျ အားပေး... ကြသည်။

ဤသည်မှာ ဒေါ်အောင်ဆန်းစုကြည်၏ တစ်ကိုယ်ရေ ... သာချက်များ၊ အရည်အချင်းများ ဖြစ်၍ ဤအရည်အချင်းများသည် NLD ကို Land Slide အောင်နိုင်ရန် စွမ်းဆောင်ခဲ့လေသည်။

အဲ ... NLD အစိုးရဖွဲ့ပြီး ငါးနှစ်တာကာလကိုတော့ စောင့်ကြည့်ရပါဦးမည်။

စောင့်ကြည့်ပါမည်ခင်ဗျာ။

**To conquer is easy, but to rule is hard** ဟု ကြားဖူး... မှတ်ဖူးပါသည်ခင်ဗျာ။

❖ ❖ ❖





## NLD ကြုံဆုံရမည့်ပြဿနာများ

ရေးလက်စနှင့် မကြာမီ ဖွဲ့စည်းတော့မည့် NLD အစိုးရအဖွဲ့ ကြုံရဆုံရမည့် ပြဿနာကြီးကို ရေးသားချင်ပါသေးသည်။

NLD ပါတီကြီးသည် လုံးဝဥဿုံ အောင်ပွဲရ၍ မကြာမီ အစိုးရဖွဲ့ပေတော့မည်။ အောက်ဖော်ပြပါ ပြဿနာကြီးများက အသင့်စောင့်ကြိုနေကြ၏။

၁။ လက်နက်ကိုင်သောင်းကျန်းမှုများ ချုပ်ငြိမ်းရေး သို့မဟုတ် ပြည်တွင်းငြိမ်းချမ်းရေး

နံပတ်တစ် ပြဿနာဖြစ်သည်။ ဘယ်လောက်တိုင်းပြည် ကောင်းအောင် လုပ်ချင်နေနေ ငြိမ်းချမ်းရေးမရရင် တိုင်းပြည် မတိုးတက်နိုင်ပါ။ အာရှက တရုတ်၊ တောင်ကိုရီးယား၊ ဂျပန် ဘာကြောင့် တိုးတက်ပါသလဲ။ စင်္ကာပူ ဘာကြောင့် တိုးတက်ပါသလဲ။ ဘာသူပုန်မှ မရှိပါခင်ဗျာ။ တိုင်းပြည် အေးချမ်းပါသည်။ မတိုးတက်တဲ့တိုင်းပြည်တိုင်း ပြည်တွင်း ဆူပူသောင်းကျန်းမှုတွေ ရှိနေ၏။ မြန်မာ၊ ယိုးဒယား၊



www.burmeseclassic.com

www.burmeseclassic.com



ဗိလစ်ပိုင်၊ နီပေါ၊ အိန္ဒိယ အားလုံး သောင်းကျန်းသူ
ရှိနေသည်။ NLD သည် တိုင်းပြည်တိုးတက်ကောင်းစား
ချင်ရင် ငြိမ်းချမ်းရေးရအောင် အရင်လုပ်ပေးပါ။ ပြည်တွ
လက်နက်ကိုင်တွေအကြောင်း အသေးစိတ် မရေးတော
မပြောတော့ပါ။ အားလုံးအသိသာ ဖြစ်ပါ၏။

၂။ မြေယာပြဿနာများ

မြေယာပြဿနာများလည်း တိုးလို့တန်းလန်းဖြင့် တေ
နေကြ၏။ အထူးသဖြင့် တောနေလူတန်းစားများ တောင်
လယ်သမားများ၏ မြေယာပိုင်ဆိုင်မှု ပြဿနာများ
အများဆုံး ဖြစ်သည်။

– တောင်သူလယ်သမားများနှင့် အစိုးရ
– တောင်သူလယ်သမားများနှင့် တပ်မတော်
– တောင်သူလယ်သမားများနှင့် ခရိုနီများ

စသည်တို့ ဖြစ်ပါ၏။

အဲဒီ ပြဿနာတွေကို ဖြေရှင်းပေးပါရန်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး

၅၉(စ) နှင့်၄၃၆ သည် NLD အစာအကျေခဲ့သည
ပြဿနာဖြစ်၏။

ကဲ ... NLD အစိုးရဖြစ်ပြီ။

ရအောင်သာရှင်းကြပေရော့ဗျာ။

ငါးနှစ်ကြီးများတောင် အချိန်ရပါသည်။





၄။ နိမ့်ကျနေသော ပညာရေးပြဿနာများ

မြန်မာနိုင်ငံပညာရေးကား အလွန်နိမ့်ကျသွားပြီ။ မြေလှန်ပြီး ပြောင်းရမည် ထင်၏။ မြန်မာစာအဓိကနှင့် ဘွဲ့ရသူက မြန်မာအက္ခရာ ဗျည်း ၃၃ လုံးရှိမှန်းမသိ။ တတလင်းဂျိတ်၊ ထဝမ်းဘဲ၊ အရင်ကောက်နှင့် လကြီး ဠ ဌ ဍ ဋ တို့ကို မရေးတတ်။ ပထဝီအဓိကနှင့် ဘွဲ့ရသူက မြန်မာနိုင်ငံမှာ မိုး ဘာကြောင့်ရွာမှန်း မသိ။ သင်္ချာအဓိကနှင့် ဘွဲ့ရသူက အလီတိုင် ၁၂ က ကျော်လျှင် အလွတ်မရတော့။ ကျွန်တော်တို့ငယ်စဉ်က လေးတန်းအထိ အလီတိုင် ၁ မှ ၁၆၊ ငါးတန်းမှ ခုနစ်တန်းအထိ အလီတိုင် ၁၇ မှ ၂၄ အထိ အလွတ်ရအောင် ကျက်ခဲ့ရပါသည်။ ဒီလိုအား နည်းချက်များ ပြင်ရမည်။ ကျောင်းများတွင် Civic and Hygene ပြည်သူ့နီတိနှင့် ကျန်းမာရေးများကို သင်ပေးရမည်။ ကဝိလက္ခဏာသတ်ပုံပါ ယပင့် ရရစ် နှင့် နသတ် မသတ်များ သင်ပေးရမည်။ သင်ပေးစေချင်ပါသည်။ ဒါ့အပြင် ကမ္ဘာသုံးအင်္ဂလိပ်စာကို အရေး၊ အဖတ်၊ အပြောနားထောင် Earing Pritice များ ပြုလုပ်ပေးရမည်။ ပေးစေလိုပါသည်။ အင်္ဂလိပ်အစစ် အမေရိကန်အစစ်တွေ ခေါ်ပြီး သင်နိုင်ရင် သင်ပေးပါဟု တောင်းဆိုလိုပါသည်။

ဒါကို ဒေါ်အောင်ဆန်းစုကြည် လုပ်နိုင်မှာပါ။ အင်္ဂလိပ်နဲ့ ဆွေမျိုးအရင်းကြီးပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



၅။ **ဆင်းရဲမွဲတေသူများ ပပျောက်ရေး**

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီတက်လာချိန်မှ နဝ
နအဖ အစိုးရလက်ထက်ထိ ဆင်းရဲမွဲတေမှုမှာ L.D.
၁၁၀ ကျရောက်ခဲ့သည်။ **NLD** မှ ၎င်းကိစ္စကို စိမံချက်
ဆောင်ရွက်ပေးစေလိုပါသည်။ ဘာတွေလုပ်မှာလဲ။ စက်
အလုပ်ရုံတွေ တိုးချဲ့မှာလား။ နိုင်ငံခြားအကူအညီ
ရအောင် တောင်းမှာလား။ စက်မှုလယ်ယာလုပ်မှာလ
စက်မှုနိုင်ငံလုပ်မှာလား။ လူတွေ ဝင်ငွေတိုးလာအောင် GI
တွေ တက်လာအောင် ဘာတွေလုပ်ပေးမှာလဲ။ လုပ်မှာလ
အလုပ်လက်မဲ့တွေ ပပျောက်အောင် ဘာလုပ်ပေးမှာလ
လူတွေက ဆင်းရဲ၊ စာလည်း မတတ်၊ ပညာရေချိန်
သိပ်နိမ့်၊ မလုပ်တတ် မကိုင်တတ်။ တစ်နိုင်ငံလုံး အမှိုက်ဓ
ပွနေသည်။ ညစ်ပတ်စုတ်ပြတ်နေသည်။ သန့်ရှင်းမယ့်
မရှိ။ စည်းကမ်းမဲ့ အမှိုက်ပစ်သည်။ သိမ်းလို့ မနိုင်။ နေရ
တကာ ကွမ်းတံတွေး တပျစ်ပျစ်နှင့်။ ကျွန်တော့်စာသ
ပေးသည့် အမေရိကန်ဆရာလေးက ကျွန်တော့်အား "M
**Wai, your country is very dirty"** ဟု ပြောခဲ့ဖူးသည်
သူပြောတာ ဟုတ်နေ၍ နာသာခံခက်ဖြစ်ခဲ့ရ၏။

၆။ **ကျန်းမာရေးပြဿနာများ**

ကျန်းမာရေးလည်း ညံ့ဖျင်းလှ၏။ မြန်မာတွေသက်တ
ယောက်ျား ၅၇ နှစ်၊ မိန်းမ ၅၉ နှစ်ဟု ကျွန်တော့်အဓ
အထူးကုဆရာဝန်ကြီးတစ်ဦးက ပြောသည်။ ဟုတ်,မဟု





ကျွန်တော် မသိပါ။ သို့ရာတွင် ကျန်းမာရေးကတော့ တစ်နိုင်ငံလုံး ချာတူးလန်နေ၏။ ဆရာဝန်တွေ၊ ဆရာဝန် မလုပ်ကြဘဲ စီးပွားရေး လုပ်နေကြသည်။ ကျွန်တော့် အသိ ဆရာဝန်များ အချို့ ဆရာဝန်က ကားတာယာ ရောင်းနေသည်။ ကားရောင်းနေသည်။ အချို့ဆရာဝန်က **Electronic** ပစ္စည်းများ ရောင်းနေသည်။ အချို့ ဆရာဝန် က ဂီတာတီးသည်။ စန္ဒရားတီးသည်။ အဆိုတော်လုပ်သည်။ အချို့ဆရာဝန်က ဆေးဆိုင်ဖွင့်သည်။ အချို့ ဆရာဝန်က သစ်ထုတ်လုပ်ရေးလုပ်သည်။ အချို့ဆရာဝန်က ကျောက် စိမ်းတူးသည်။ ရွှေတူးသည်။ ဘယ်မှာလဲ ပြည်သူ့ဝန်ထမ်း။ ဒါတွေကို **Right man Right place** ဖြစ်အောင် **NLD** တို့ လုပ်ကြရပေလိမ့်မည်။ ဆရာဝန်တွေ ဆရာဝန်မလုပ်ဘဲ သင့်လျော်ရာတွေ ဝင်လုပ်နေကြသည်မှာ အနုတ္တမပါပေ။ စာစာ ကျွန်တော်ရေးခဲ့တာက ကျွန်တော့်အသိ ဆရာဝန် အချို့သာ ဖြစ်ပါသည်။ ကျွန်တော် မသိသေးတာတွေ ဒုနဲ့ဒေး ရှိနေပါလိမ့်ဦးမည်။

**မြေမဲ့ယာမဲ့နှင့် ကျူးကျော်ပြဿနာများ**

မြေမဲ့ယာမဲ့ ကျူးကျော်များ မြို့ကြီးတိုင်းတွင် ရှိနေသည်။ ရန်ကုန်တွင် အဆိုးဆုံးဖြစ်၏။ ဒါတွေနှင့် ပတ်သက်ပြီး **NLD** က ဘာလုပ်မှာလဲ၊ ဘာလုပ်ပေးမှာလဲ။ မြို့သစ်တွေ ဖော်ပေးမှာလား။ ဖော်ရင်လည်း ကြည့်ဖော်၊ ပြဿနာတွေနဲ့ တိုးနေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



၈။ တပ်မတော်နှင့်ဆက်ဆံရေး

ဒါက နောက်ဆုံးပြဿနာဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံသ
တပ်မတော်နှင့် အစိုးရကို ခွဲခြားထား၏။ အစိုးရသ
တပ်မတော်ကို မလွှမ်းမိုးနိုင်။ နိုင်ငံတော်ကာကွယ်
အတွက် တပ်မတော်သည် မရှိမဖြစ်။ တစ်သွေးတစ်
တစ်မိန့် တပ်မတော် ဖြစ်သည်။ ဒါကို လိမ္မာပါးနပ်
ဆက်ဆံရမည်။ **In Line** ဖြစ်အောင် နေရမည်။
ဖြတ်ပြီး ကိုယ်ယူမယ် သွားလုပ်လို့ မရ။ ပြဿနာတ
သွားမည်။ ပြီးတော့ တပ်မတော် အင်အားရှိအောင်လ
လုပ်ပေးရမည်။ မြန်မာ့တပ်မတော်ကို ကမ္ဘာ့အဆ
တပ်မတော်ဖြစ်အောင် လုပ်ပေးရမည်။ လူ၊ လက်န
လေ့ကျင့်ရေး၊ ဝတ်စားဆင်ယင်မှု အားလုံးကို **Up Gr**
လုပ်ပေးရမည်။ ဒါမှ တပ်မတော်က **NLD** ကို
သွားမည်။ တပ်မတော်နှင့် အစိုးရ တစ်သားတည်း
သွားမည်။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်
များကို ရင်ကြားစေ့ပေးရမည်။ ပေါင်းစပ်ညှိနှိုင်းပေးရ
ဒါက **NLD** အစိုးရ၏ တာဝန်။ တပ်မတော်ကိုသ
**NLD** အစိုးရ ကိုင်တွယ်အသုံးပြုရမည့် ရဲတပ်ဖွဲ့ကိုလ
အဆင့်မြှင့်ပေးရမည်။ **Facility** တွေ တိုးပေးရမည်။
အစားတွေ၊ ချုပ်ဝတ်တန်ဆာတွေ လက်နက်တွေ ယာဉ်
လူနေတန်းလျားတွေ၊ လစာတွေ စားဝတ်နေရေး
ကြည့်ပေးရမည်။ ရဲကို ဒါထက် ပိုလူရာဝင်ပြီး ဒါ
ပိုကောင်းအောင် လုပ်ပေးရမည်။ ဒါ့ထက်အင်အားရှိ





လုပ်ပေးရမည်။ လူထပ်ဖြည့်ရမည်။ ဒါလည်း **NLD** အစိုးရတာဝန်။

၉။ အထွေထွေ

အထွေထွေကား ပြောမည်ဆိုပြောစရာများလှချေ၏။ တရားစီရင်ရေး ပြဿနာများ၊ တရားဥပဒေစိုးမိုးရေး ပြဿနာများ၊ သူတောင်းစား ပပျောက်ရေး ပြဿနာများ (ဆင်းရဲမွဲတေမှုနှင့်တစ်ဆက်တည်း)၊ လူတွေ စည်းမဲ့ ကမ်းမဲ့ပြဿနာများ၊ (ပညာ ရေချိန်နိမ့်တာနဲ့ တစ်ဆက်တည်း)၊ ကုန်ထုတ်စွမ်းအားစု ပြဿနာများ (နည်းပညာ ချို့တဲ့မှု)၊ ပို့ဆောင်ရေးပြဿနာများ (နိုင်ငံခြားအကူအညီ မရမှု)၊ လျှပ်စစ်မီး ချို့တဲ့မှုပြဿနာများ၊ တိုင်းတစ်ပါးမှ တရားမဝင်ဝင်လာမှု (အများဆုံးက ဘင်္ဂလားဒေ့ရှ်) စသည် စသည်တို့ ဖြစ်ပါ၏။ ပြဿနာများ ပြောရမယ်ဆိုရင် ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ပါသည်။ ဒါတွေကို ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သည့် **NLD** အစိုးရ စွမ်းဆောင်ရပါလိမ့်မည်။ စွမ်းဆောင်နိုင်ခဲ့ပါက နောင် ငါးနှစ်လည်း **NLD** ပဲ နိုင်ပါလိမ့်မည်။ လူသာမှ နတ်သာမှ ခေါ်ပါလိမ့်မည်။

နိဂုံးချုပ်ပါမည်။

အမေရိကန်၌ အိုဘားမားသမ္မတ ဖြစ်တော့ ဂျော့ချ်ဒဗလျူ ဘုရှ်ထံက အာဏာလွှဲယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ **Media** များက မေးကြ၏။

''သမ္မတဘုရှ်က ပြဿနာတွေ အများကြီး လုပ်သွားတယ် အာဖဂန်၊ အီရတ် စတာတွေမှာ စစ်မီးတွေ မွှေးခဲ့တယ်။ ပြီးလ ပြီးမသွားဘူး။ အမေရိကန်တွေ သေနေတယ်။ ခင်ဗျားကို အဲဒီ ထုပ်ကြီး လွှဲသွားတယ်။ ခင်ဗျား ဒါကို စိတ်မပျက်ဘူးလား။ ခင်ဗျ ဘာလုပ်မလဲ။ ဘုရှ်ကို စိတ်မဆိုးဘူးလား''

အိုဘားမားက တစ်လုံးပဲ ပြန်ဖြေသည်။

''ကျွန်တော် အမေရိကန်ပဲလေ'' တဲ့။

ဟုတ်ကဲ့။

ဒေါ်အောင်ဆန်းစုကြည်လည်း ပြဿနာပေါင်းစုံကို ရင်ဆ ပိုက်ပြီး မြန်မာနိုင်ငံအစိုးရကို လွှဲယူရပါတော့မည်။

ကဲ ... ဒီမိုကရေစီ **ICON** ကြီး ခင်ဗျား ဘာလုပ်မှာ ဘယ်လိုဖြေမှာလဲ။

**စာရှုသူများ ခွင့်လွှတ်ပါခင်ဗျာ။ ကျွန်တော့်ရင်ထဲ အရှိအတိုင်းရေးလိုက်တာပါ။**

**ကျွန်တော့်စိတ်ရင်းအတိုင်း ရေးလိုက်ခြင်းပါ။ ဘ အစိုးရ တကယ်တက် နိုင်ငံကောင်းစားတာ ကျွန်တော် မြင် ပါသည်။ ကျွန်တော် ဘယ်ပါတီဝင်မှ မဟုတ်ပါခင်ဗျာ။**

■



# အချိန်တန်ပြီ
# It's Time



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၃ )

## နောက်ဆက်တွဲဖော်ပြချက်များ

ရွေးကောက်ပွဲကြီး ပြီးသွားပြီ။ မမျှော်လင့်ဘဲ **NLD** ပါတီ အကြီးအကျယ်နိုင်ပြီး အောင်ပွဲခံသွားသည်။ လက်ရှိအာဏာရပါတီကြီးဖြစ်သည့် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ **USDP** မရှုမလှအရေးနိမ့်သွားသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော် အဖြေရှာ လေ့လာသုံးသပ်ထားချက်များကို ပထမ တင်ပြပါမည်။ ဒုတိယကတော့ အခြား ကျွန်တော်နှစ်သက်သည့် ဆောင်းပါးများကို ဖြည့်စွက်ဖော်ပြသွားပါမည်။ နောက်လာမယ့် ငါးနှစ်အတွက် ကြံ့ခိုင်ဖွံ့ဖြိုးပါတီကြီးကိုမြင်သိနိုင်အောင်ပေါ့ခင်ဗျာ။ ကျွန်တော်၏ တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**၁။ လက်ရှိခေါင်းဆောင်များကို ပြည်သူများက ငြီးငွေ့သွားခြင်း**

လက်ရှိကြံ့ခိုင်ဖွံ့ဖြိုးပါတီမှ ခေါင်းဆောင်များ၊ ဘောင်းဘီရှုတ် ဝန်ကြီး၊ ဝန်ကလေးများကို ပြည်သူက အလွန်ငြီးငွေ့နေကြပါပြီ။ ၁၉၆၂ ခုနှစ်မှ ယခုအချိန်ထိ စစ်ဗိုလ် စစ်သားတွေ တိုင်းပြည်



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်နေတာကို ပြည်သူတွေ မတွေ့လို့၊ မမြင်လိုကြတော့... အားလုံးကို မိုးကျရွှေကိုယ်တွေဟုသာ မြင်ကြ၏။

အပြောင်းအလဲကို မြင်လိုနေကြသည်။

တိုင်းပြည် မတိုးတက်လာ၍ အထူးသဖြင့် စီးပွား... မဖွံ့ဖြိုးလာသဖြင့် အယုံအကြည်ကင်းမဲ့ခဲ့ရပါသည်။

**၂။ အုပ်ချုပ်သူလူတန်းစားများမှ အရင် Mindset ဟောင်းများ... မပြောင်းလဲနိုင်ခြင်း**

ဝန်ကြီး၊ ဝန်ကလေးနှင့် ဝန်ကြီးဌာနအားလုံးလိုလို အ... အကဲများမှာ စစ်သားလူထွက်များသာ ဖြစ် ကြ၏။

**Commanding System** နဲ့ သွားနေကြသည်။ "...ပြောနဲ့၊ ခိုင်းတာလုပ်၊ ရေဘူးပေါက်တာ မလိုချင်ဘူး ...လိုချင်တယ်"။ ဒီလို Mindset များဖြစ်၏။

စစ်ဗိုလ်လူထွက်ဝန်ကြီးများအနက် အချို့က –

နယ်လှည့်ပါးရိုက်လာသူ၊

ထမင်းတစ်နပ်သာစားခိုင်းသူ၊

ဘိုက်သေနတ်မှန်တာကို လှန်ပြသူများ ဖြစ်၏။

လူထုစည်းရုံးရေးကို နားမလည်၊ သဘောမပေါက်၊ ...ရွှေကိုယ်များ ဖြစ်ကြ၏။

ပြည်သူက ဒီလိုအပြောတွေ မကြိုက်ကြပါ။ ပြည်သူ... မပြောပါနှင့်။ ဤလိုစိတ်ဓာတ်နှင့် မိသားစု တစ်ခုကိုပင် အုပ်... မရခဲ့တာ ကျွန်တော့်ကိုယ်တွေ့ပါ။

ကျွန်တော်သည် စစ်ယူနီဖောင်း အစိမ်း အနှစ် ၄၀ ...





...တ်ခဲ့သည့် ကြည်းတပ်က စစ်သားဖြစ်ခဲ့ပါသည်။

ယခု အငြိမ်းစားယူကာ ၁၀ နှစ်ကျော်ခဲ့ပြီ မိသားစု ...ကိုယ်ပိုင်လုပ်ငန်းလေး ထူထောင်ထားသည်။ ဝန်ထမ်း ယောက်ျား ...လေး ၁၅ ယောက်ရှိသည်။ အိမ်မှာပင် နေစရာပေးပြီး ကျွေးမွေး ...ထားသည်။ အားလုံး နယ်ကလာသူများ။

သူတို့သည် မနက်နေမြင့်မှ အိပ်ယာထ၏။ ညဆို တော် ...တော်နဲ့ မအိပ်။ နေ့တိုင်းလို အလုပ်ခွင်ဝင်ဖို့ နှိုးရသည်။ ဒါကို ကျွန်တော်က မကြိုက်။ တန်းစီခိုင်းသည်။ စကားပြောသည်။ ဆုံးမ ...သည်။

ဇနီးသည်နှင့် သားသမီးများက မကြိုက်ကြ။

"ကို ဒီလိုလုပ်ရင် အားလုံးပြန်ပြေးကြလိမ့်မယ်"

"ပြေးပြေးပေါ့။ စည်းကမ်းရှိအောင် လုပ်တာပဲ"

စစ်သားလူထွက် ကျွန်တော်က စစ်ပုံနှင့်ပြော၏။

ဇနီးသည်က လက်မခံ။

"နေသာသလိုနေပါ ကိုရယ်။ မလုပ်ပါနဲ့၊ ကို ဝင်မရှုပ်နဲ့" ...ု အတင်းတားပါသည်။

စစ်ပုံစံနဲ့အုပ်ချုပ်၍ မရပါခင်ဗျာ။ သူတို့ အရပ်ဘက်ပုံစံနဲ့ ...ရေ ကလေးရေ လူလေးရေနှင့် ချော့မော့ပြီး ခိုင်းရသည်။ ...မှာနဲ့သူတော့ ဟုတ်နေ၏။ အိမ်မှာ မဲပုံးထောင်ရင် ကျွန်တော် ...ပြုတ်အသတ် အရေးနိမ့်မှာပါ။ ကျွန်တော်က အိမ်ဝင်းထဲ ...အလုံးကန်တာလည်း မကြိုက်ပါ။ ထမင်းစားပြီး ပန်းကန်တွေ ...ထားခဲ့တာလည်း မကြိုက်ပါ။ တယ်လီဖုန်း ခဏ ခဏ ...ဆက်တာလည်း မကြိုက်ပါ။ အပြင်ညှော်သည် အလုပ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ခဏခဏ လာတာလည်း မကြိုက်ပါ။ စစ်ပုံစံဖြစ်နေ
သည်။

ဒါသည်ပင်လျှင် စစ်သားလူထွက်တွေ ကြီးစိုးနေသေ USDP ၏ အားနည်းချက်ကြီးတစ်ခုပါ ခင်ဗျာ။

၃။ **အလုပ်လက်မဲ့များ ပေါများခြင်း**

နိုင်ငံတွင် ၁၉၆၂ ခုနှစ်မှသည် ယခုအချိန်အထိ အနှ ၅၀ အတွင်း အလုပ်လက်မဲ့များ ပေါများလှချေ၏။

**Braindrainage** ဦးနှောက် ယိုစီးခြင်းများ ဖြစ်ပွားလျက်ရှိ ပညာရှင်များ အပါအဝင် နိုင်ငံသူ နိုင်ငံသား အတော်များများ ပြင်ပနိုင်ငံများတွင် သွားရောက် အလုပ်လုပ်ကိုင်နေကြသည်။

ထိုသူအားလုံးလိုလိုက အစိုးရကို အပြစ်မြင်၊ အပြ တင်ကြ၏။ နိုင်ငံခြားရောက်နေသူအားလုံးလိုလိုက **NLD** ကို မဲထည့် ခဲ့ကြသည်ဟု ဆို၏။ **Even** သံရုံးဝန်ထမ်းအချို့ပင် **NLD** ကို မဲထည့်ကြသည်ဟု သိရ၏။

၄။ **ပညာရေးနိမ့်ကျခြင်း**

ပညာရေးမှာလည်း ပြင်ရင်း ပြင်ရင်းနှင့် ယခုအချိန် မတိုးတက်လာခဲ့။ ကျွန်တော်တို့ခေတ်တုန်းက ပညာတတ်များ အလုပ်မရှားခဲ့။ ယခုခေတ် ဘွဲ့ရများကား အလုပ်လက်မဲ့ အ များသည်။ ရရာအလုပ် ဝင်လုပ်ကြသည်။ ပညာရေးက နိမ့်ကျ **Quality** မမီသူတွေ များလှသည်။ လိုချင်တာ မသင်ရ။ အမှတ် ဖြင့် ရသည့်ဘာသာယူကြရသည်။ ဝါသနာမပါတာတွေ ယူရ





ယ်မှာ ပညာရေးက တော်လာပါမလဲ။ ကျွန်တော် ဝိဇ္ဇာဘာသာ ဖြင့် ဘွဲ့ရခဲ့သည်။ ကျွန်တော် ယူခဲ့သည့် ဘာသာရပ်များနှင့် တ်သက်၍ အစစ်ဆေးခံရဲသည်။ ခံနိုင်သည်။ မြန်မာစာ၊ ဂလိပ်စာ၊ သမိုင်း မေးချင်တာမေးပါတော့ ဖြေနိုင်ပါသည်။ စမ်းသပ်ခံရဲသည်။ ယခု လူတွေ ဒီလိုမဟုတ်ပါ။ ရေးခဲ့တာများပြီး ပ်ပြောရင် ကိုယ့်ရည်သွေးတာတွေ ပါသွားတော့မည်။ အားရစရာ ကောင်းတာ အမှန်။ ဒါကြောင့်လည်း ဆန္ဒပြတာတွေ ဖြစ်လာ ည်။

၅။ **ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ဒုက္ခပေးမှုများ**

တပ်မတော်ကို လူမုန်းသွားရခြင်းမှာ အဓိက ထောက်လှမ်းရေးအဖွဲ့အစည်းကို လိုအပ်သည်ထက် ပို၍ လုပ်ပိုင်ခွင့်ပေးခဲ့ခြင်းကြောင့် ဖြစ်၏။

အာဏာပိုင်များက ထောက်လှမ်းရေးကို လုပ်ပိုင်ခွင့်တွေပေးပြီး ဆန့်ကျင်သူမှန်သမျှ နှိပ်ကွပ်ခိုင်းခဲ့သည်။ ဒါက ၁၉၆၂ ခုနှစ်က စခဲ့သည်။ ကြာလေပိုဆိုးလေနှင့် နဝတ၊ နအဖ အစိုးရလက်ထက်တွင် ပိုပြီးလက်သံပြောင်ခဲ့၏။ ၂၀၀၄ ခုနှစ် ထောက်လှမ်းရေးအဖွဲ့ကြီး လက်စတုန်း ချေမှုန်းခံလိုက်ရမှ သက်သာသွားတော့၏။ သို့ရာတွင် ယင်းအဏ်ရာဒဏ်ချက်များကား နေရာအနှံ့ ကျန်ခဲ့သည်။ **Media** ပေါင်းစုံက ထောက်လှမ်းရေး မကောင်းကြောင်း၊ အလွန်ဆိုးသွမ်းကြောင်း ရက်စက်မှုအပေါင်း သရုပ်ဆောင်ကြောင်း ဖော်ပြခဲ့ကြသည်။

ဤဆိုးမွေကို **USDP** ဆက်ခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးနှင့် စစ်တပ် အတူတူ မှတ်ခဲ့ကြသ
ကြည်းတပ်က တောကြိုအုံကြား အကုန်သွား၍ အသေခံနေရချိ
ထောက်လှမ်းရေးက လူတကာ အနိုင်ကျင့်၊ ဗိုလ်ကျပြီး မြို့
လွှားလွှား လွှားလွှား လုပ်နေကြသည်။ မြို့မေတ္တာခံယူနေကြသ
နေရာတကာ သူတို့ပါခဲ့ကြသည်။ ဝင်ရောက်စွက်ဖက်ခဲ့ကြသ
ဒါတွေသည် ယခု ရွေးကောက်ပွဲ၌ **Percussion** ရိုက်ခတ်ခဲ့
သည်။

၆။ လာဘ်ပေးလာဘ်ယူမှု ထူပြောခြင်း

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် လာဘ်ပေးလာဘ်ယူ
ဒုတိယလိုက်သည်ဟု ဆိုသူတွေက ဆိုကြ၏။

ဝန်ကြီးဌာနတိုင်း လာဘ်စား၏။ လာဘ်ပေးလာဘ်
ရှိသည်။ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးပိုင်းက အဆိုးဆုံးဖြစ်
ကျန်ဌာနတွေမှာလည်း အားလုံး သူ့ထွင်နှင့်သူ ရှိသည်။ ရာထူးတက်
နေရာအရွှေ့အပြောင်း၊ အလုပ်ရရှိရေး၊ တင်ဒါနှင့်လိုင်စင်ရရှိ
နိုင်ငံခြားသွားရေး၊ ကုန်ကုန်ပြောရလျှင် ရပ်ကွက်အုပ်ချုပ်ရေး
ရယကထံမှ ထောက်ခံစာတစ်စောင် ရရှိရေးအတွက်ပင် ငွေသုံး
ငါးထောင် ပေးမှ ရသည်။ နောက်ဆုံးတော့ သမ္မတကပင် သုံး
အထိတော့ ပေးလို့ရပါသည်ဟု ခွင့်ပြုခဲ့ရ၏။ တစ်နိုင်ငံလုံး လာဘ်
လာဘ်ယူမှုများ ဤသို့ဖြစ်နေသည်ကို မပြုပြင်နိုင်ခဲ့ပါ။ ပြု
မရခဲ့ပါ။ ဒါသည်လည်း **USDP** ၏ ကျဆုံးခန်းတစ်ခု ဖြစ်ခဲ့ပါသ





၇။ ပြိုင်ဖက်တို့ လျှော့တွက်ခြင်း

**USDP** က လူများသည် ပြိုင်ဘက်ကို လျှော့တွက်ခဲ့ကြ၏။ မူတို့ကိုယ်သူတို့ ၂၀ ရာနှုန်းအထက်တော့ ရမည်။ တပ်မတော်က ၂၅ ရာနှုန်းနှင့် ပေါင်းမည်။ ဒါဆို ၅၀ ရာနှုန်းကျော်မည်။ လိုရင် ပါတီငယ်လေး တစ်ခု၊ နှစ်ခု ခေါ်မည် စသည်အတိုင်း တွက်ထား ကြသည် ဆို၏။ တာဝန်ရှိသူတွေ မေးလိုက်တိုင်း ရာနှုန်းအစိတ်၊ သုံးဆယ်တော့ ရမှာပါဟု ဖြေကြသည်။

**NLD** က သုံးလေးဆယ်ထက်တော့ မပိုပါဟု ပြောခဲ့ကြ သည်။ တကယ့် **Result** လည်းထွက်ရော မှန်းချက်နှင့် နှမ်းထွက် မကိုက်တော့ပါ။ **NLD** က ၈၀ ကျော်ပြီး ကိုယ်က ၁၀ ပင် မပြည့်ချင်။ ပြိုင်ဘက်ကို လျှော့တွက်သဖြင့် လိုအပ်သလောက် အားမထည့်ခဲ့။ ဝန်ထမ်းနဲ့ တပ်က မဲနဲ့ရမှာပါပဲလေဟု ယူဆခဲ့သည်။ ဝန်ထမ်းနဲ့ တပ်ထဲမှာပင် **NLD** ကို မဲပေးသူများ ရှိခဲ့ပါသည်။

အပွဲပွဲ နွှဲလာခဲ့ရာ ဤပွဲတွင်တော့ **USDP** တွေ နပ်ပစ်ခံခဲ့ ရသည်။ အကွဲကြီး ကွဲသွားတော့၏။

**USDP** မိုးကျရွှေကိုယ်များကို ပြည်သူက စိတ်ပျက်နေပြီ လေ။

၈။ စည်းလုံးညီညွတ်မှု ပြိုကွဲခြင်း

**USDP** သည် တကယ့် ကြက်ရေး ငှက်ရေးမှ စည်းလုံး ညီညွတ်မှု ပြိုကွဲခဲ့၏။ ဒါသည် **USDP** ကျဆုံးခြင်း၏ **Immedicate Cause** ဖြစ်၏။ စောစောက တင်ပြခဲ့တာတွေက **Remote Causes** များ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၁ အစိုးရသစ်ဖွဲ့တော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သူတပည့်ကြီးသုံးဦးအား . . .

"မင်းတို့သုံးယောက် ညီညီညွတ်ညွတ်လုပ်ကြ" ဟု မှာ သည်။

ပွဲအစ တာအထွက်မှာတော့ ညီညွတ်ကြပါသည်။ သို့ရာတွ သုံးလေးနှစ်ကြာတော့ ဖောက်လာသည်။ ကိုရွှေမန်းက သမ္မ ရာထူးကို သွားရည်ကျလာသည်။ သမ္မတလုပ်ချင်ပါတယ် တရားဝင်ထုတ်ပြောလာသည်။ ဒေါ်အောင်ဆန်းစုကြည်ကလည် သမ္မတလုပ်ချင်တယ်ဟု ဆိုလှာပြန်၏။

သမ္မတလုပ်ချင်သူ နှစ်ဦး ပေါင်းမိသွား၍ အံမယ် နှစ် သွားတောင် ကလိုက်ကြသေးဗျာ။ **USDP** မင်းသားနဲ့ **NLD** မင်းသ နှစ်ပါးသွားပေါ့ခင်ဗျာ။

နှစ်ပါးသွားပြီးနောက် သူတို့ချင်း ပိုရင်းနှီးသွားသည် တိုးတိုးကျိတ်ကျိတ်တွေ ရှိလာသည်။ နောက်တော့ လွှတ်တော် အစိုးရ မကြာခဏ ပွတ်တိုက်မှုတွေ ဖြစ်လာ၏။ လွှတ်တော်ဥက္ကဋ္ဌက **Anti Army** စကားတွေ ပြောလာသည်။ နေပြည်တော်က စစ်သာ အတော်များများက ကိုရွှေမန်းကို ကန့်ကွက်လွှာတင်လာကြ၏။

၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်တွင်ကား ညသန်းခေါ် ယံတွင် **USDP** ပါတီတွင် သန့်စင်ပွဲကြီး လုပ်ခဲ့၏။ ကိုရွှေမန်းကို ဖယ်ရှားပြီး သမ္မတဦးသိန်းစိန်ကို ဥက္ကဋ္ဌ ပြန်တင်သည်။ ဗဟိုနှစ်ခြမ် ကွဲသွားပြီး ကိုရွှေမန်းနဲ့ ကိုမောင်မောင်သိမ်းတို့ ဦးစီးအုပ်စုကို ဗဟို မှ ဖယ်ရှားခဲ့သည်။ ဗိုလ်ချုပ်ဌေးဦးအား ယာယီဥက္ကဋ္ဌ တာဝ ပေးခဲ့သည်။





ရွေးကောက်ပွဲက မနက်ဖြန် သဘက် လုပ်တော့မယ်။ မှာက ရန်ဖြစ်လို့ ကောင်းတုန်း။ **NLD** ကတော့ အဲဒီအချိန်မှာ စ်နိုင်ငံလုံး လှည့်လည်ပြီး စည်းရုံးရေးဆင်းနေသည်။ ခြိမ့်ခြိမ့်သဲ။ အောင်ပွဲခံနေသည်။

နွားကွဲရင် ကျားကိုက်မှာပေါ့ခင်ဗျာ။

အချင်းချင်း မညီမညွတ်နှင့် ရွေးကောက်ပွဲဝင်ကြရာ ခွက် က်လန်များ ရှုံးပါလေရော။

ဤသည်မှာ ကျွန်တော်ပြောချင်သော **USDP** ၏ ကျဆုံး မှုများဖြစ်ပါသည်ခင်ဗျာ။

ဆက်လက်၍ စာရေးဆရာ သုံးလေးငါးဦး၏ ၂၀၁၅ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဆောင်းပါးများကို ကျွန်တော့် ကနှင့် ဆက်စပ်ဖတ်ရှုနိုင်ပါရန် ထည့်သွင်းဖော်ပြအပ်ပါသည်ခင်ဗျာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



# ခြသေ့်နှင့် ခွပ်ဒေါင်းတို့ ၂၀၁၅ တွင် ဤလိုပုံနှင့် မိုးကြိုးချုပ်သော်

ရေးသူ - ဒေါက်တာအောင်

စာရေးသူတို့ငယ်စဉ်က မူလတန်း မြန်မာဖတ်စာတစ်
ဖတ်ဖူးသည်။ နှစ်ပေါင်း ၅၀ ခန့်ကြာပြီဆိုတော့ ကောင်းစွာမ
မိတော့။ ဇာတ်လမ်းမှာ အဘိုးအိုတစ်ဦး ရွာအပြန်တွင် တွေ့ရှိ
တိရစ္ဆာန်၊ အရာဝတ္ထုများက အကူအညီတောင်းသည်ဟု ထ
သည်။ အဘိုးအိုမှ တွေ့တိုင်း ပြောသွားသောစကားမှာ "ဤ
ပုံနှင့် အကျွန်ုပ် ရွာသို့ မပြန်နိုင်ဘဲ မိုးကြိုးချုပ်လိမ့်မည်" ဟု ပြေ
ပါသည်။

အသက် ၅၀ ကျော်အရွယ်တန်း ပုဂ္ဂိုလ်များ ဖတ်
ကြမည်ဟု၊ ယူဆပါသည်။ "ဤလိုပုံနှင့် မိုးကြိုးချုပ်လိမ့်မည
ဟူသော အသုံးအနှုန်းကလေးမှာ ကျွန်တော်တို့ ထိုစဉ် ကလေး
က ရင်းနှီးကျွမ်းဝင်သော စကားလုံး ဖြစ်ခဲ့ပါသည်။ ယနေ့လူ



ာတော့ သိလိမ့်မည် မဟုတ်ပါ။

ဆိုလိုသည်မှာ ခရီးသွားနေသော်လည်း အချိန်ကုန်လျှင် ည်မှန်းချက်ပန်းတိုင်ကို မရောက်ဘဲ၊ ဦးတည်ရာမဲ့ ရည်မှန်း က်မဲ့သည့် လေလွင့်သို့ နိုင်ငံအနေဖြင့် လွင့်မျောသွားမည်ကို ိုးရိမ်၍ဖြစ်ပါသည်။ ရှင်းပါဦးမည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအမီ ပြီးသင့်သည်မလုပ်။ လမ်းစရှာမရလျှင် မြန်မာနိုင်ငံအနေဖြင့် မ်းမှန်မရောက်သဖြင့် ဖွံ့ဖြိုးတိုးတက်ရမည့်အစား စမ်းတဝါးဝါးဖြင့် ာလည်လိမ့်ဦးမည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင် ရွေးကောက်ပွဲ ကျင်းပ ပြီးနောက် ယခုအခါ ၃ နှစ်ကျော်ကြာမြင့်လာ ခဲ့ပြီ။ နိုင်ငံတကာ ၏ထုံးစံမှာ အုပ်ချုပ်ရေးတစ်ခု၏ သက်တမ်းသည် ၄ နှစ်သာ ဖြစ်သည်။ ယခု ပထမ ၅ နှစ်ကာလသည် ပါတီစုံ ဒီမိုကရေစီစနစ်၏ အလုပ်သင်ကာလဟုသာ ပြောရတော့မည်။ ပါဝင်သည့် သရုပ်ဆောင် ာကလည်း အလုပ်သင်၊ လူထုသည်လည်း အလုပ်သင်၊ အတိတ် အရိပ်ကလည်း လွှမ်းမိုးနေဆဲ ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ လေ့အကျင့်များ ပျောက်ဆုံးခဲ့သည်မှာ ၁၉၆၂ ခုနှစ်မှစ၍ ၂၀၁၀ နှစ် ကုန်သည်အထိ ဆိုသော် ၄၈ နှစ်ဖြစ်၍ ၂၅ နှစ်လျှင် ဆက်တစ်ဆက်နှင့်တွက်သော် မျိုးဆက် ၂ ဆက်ရှိပြီ ဖြစ်သည်။ ဆက် ၂ ဆက်စာ ဒီမိုကရေစီစနစ် ပျက်သုဉ်းခဲ့သည်ဆိုမှတော့ က်ဆင့်ကမ်း အမွေပေး၍မရ၊ ခံယူ၍လည်း မရတော့ပေ။ တိုင်း ည်၏ နိုင်ငံရေးသရုပ်ဆောင်များအနေဖြင့် ယခင်လုပ်ဆောင် သည်များကို မော်ကွန်းတိုက်မှာ ရှာ၍လည်းကောင်း၊ နိုင်ငံတကာ၏ တွေ့အကြုံများကိုလည်းကောင်း၊ ရှာဖွေကျင့်သုံးရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



လူထုအနေဖြင့် ထိုနည်းလည်းကောင်းပင် ဖြစ်သ
ဒီမိုကရေစီသည် လွတ်လပ်ခွင့်ဆိုသော်လည်း မဆိုလိုပေ။
ကရေစီ၏ ရင့်ကျက်လာသည့် နောက်ပိုင်းကာလများတွင် လူတ
၏လွတ်လပ်မှုသည် အခြားသူ (သို့မဟုတ်) လူအများ၏ ပုဂ္ဂလ
ဆိုင်ရာ လွတ်လပ်နယ်မြေ **Privacy** နှင့် သက်သောင့်သက်သာ
**Convenience** ကို ချိုးဖောက်၍မရပေ။ သို့ပါ၍ ဒီမိုကရေစီ
များတွင် ဒီမိုကရေစီ အလေ့အထများကို သတင်းစာ၊ ရုပ
ကျောင်းသင်ခန်းစာများတွင် သင်ကြားရသကဲ့သို့ ပြည်သူ့
တရားများကိုလည်း တစ်ချိန်တည်းမှာ သင်ကြားရသည်။
ပြည်သူ့နီတိများ ပျောက်ကွယ်ခဲ့သည်မှာလည်း ကြာပေပြီ။ ထို
ဗုဒ္ဓဘာသာဘုန်းကြီး ကျောင်းပညာရေး/ဗုဒ္ဓစာပေ သင်ကြား
များအနေဖြင့် လူငယ်များနှင့် ကင်းကွာချိန်မှစတင်ကာ မင်္ဂလာ
၃၈ ပါး လောကနီတိ၊ ကျည်းကန်ရှင်ကြီးဆုံးမစာ၊ ကန်တေ
မင်းကျောင်း ဆရာတော်ဆုံးမစာ စသည်တို့နှင့်လည်း ကင်းဝေ
ရကား ယနေ့လူငယ်အများစုတွင် နီတိဆိုသည်မှာ ဘာလဲဟု
မေးရမလို ဖြစ်လာသည်။ ၁၉၆၂ မှ ၂၀၁၀ နှစ်ကုန်အထိ
ကာလအတွင်း မိမိကိုယ်ကိုမိမိ ထိန်းသိမ်းစောင့်ရှောက်ရသည့်
တရားအစား ညွှန်ကြားချက်လွှမ်းမိုးသည့် အမိန့်ပေးအုပ်ချုပ်မှု
(အာဏာရှင်စနစ်) လွှမ်းမိုးမှုက ၄၈ နှစ်ကြာ အစားထိုးလိုက်ခဲ့သ
၂၀၁၁ ခုနှစ် ဧပြီလတွင်မှ သမ္မတကြီးဦးသိန်းစိန်၏ အစိုးရသ
ဒီမိုကရေစီစနစ်အား မြန်မာနိုင်ငံတွင် ပြန်လည်၍ အစပျိုးလိုက်
ညွှန်ကြားချက်လွှမ်းမိုးသည့်စနစ် ပျောက်ကွယ်သွားပြီး အုပ်ချုပ်မှု
စည်းစနစ်ကျနမှု **Law and Order** နှင့်ပတ်သက်၍ ဟာကွ





**Vacuum** ပေါ်ပေါက်လာရာ အစားထိုးဖြည့်ဝင်ထိန်းပေးစရာ ပုဂ္ဂလ
နီတိစနစ်တစ်ခုက အသင့်ရှိနေခဲ့ပေ။ သို့ဖြစ်၍ ဖြစ်ပေါ်လာသော
ပရမ်းပတာပြုမှုမှ အကျိုးဆက်များအား ပြည်သူအများပင် ပြန်လည်
ခံစားကြရသည်။ ထိုဖြစ်ရပ်များမှာ မီးပွိုင့်များတွင် ယာဉ်ကြော
ပြောင်းပြန်ဝင်ခြင်း၊ ဟံသာဝတီအဝိုင်းအား မပတ်ဘဲ အဝိုင်း၏
ထိပ်မှပင် ယာဉ်အားကွေ့ခြင်း၊ သဃ်န်းကျွန်းစံပြဈေးမှ ပုံကျဈေးသည်
များအနေဖြင့် လမ်းပေါ်တက်ခြင်း၊ အိမ်ရှေ့မျက်နှာစာအား
ပလက်ဖောင်းပေါ်သို့တိုး၍ ဈေးဆိုင်ဖွင့်ခြင်း၊ လုံခြုံရေးအာဏာပိုင်
ယာဉ်ထိန်းရဲများအား ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း၊
စည်ပင်သာယာမှ လမ်းတိုးချဲ့သည်ကို ကိုယ်ပိုင်ယာဉ်ရပ်နားရာ
သတ်မှတ်ခြင်း၊ အများပြည်သူပိုင်လမ်းပေါ်တွင် ယာဉ်မရပ်ရဟု
ဆိုင်းဘုတ်တင် သတ်မှတ်ကာ အပိုင်စီးခြင်း၊ ရာဇဝတ်မှုများ ထူပြော
လာခြင်း၊ အင်အားသုံး၍ ကျူးကျော်နေရာယူခြင်း စသည်တို့
ဖြစ်လာခဲ့ပေသည်။ တစ်နည်းဆိုရသော် ပြည်သူလူထု၏ အကျင့်
စာရိတ္တနှင့် စိတ်ဓာတ်ပိုင်းတွင် ပျက်စီးမှုများ၊ ဝန်ထမ်းများ
အနေဖြင့်လည်း တရားလွန် အကျင့်ပျက်မှုများ၊ တရားစီရင်ရေးစနစ်
တွင်လည်း ထောက်ပြခံနေရမှုများအပါအဝင် စိတ်ဓာတ်ပိုင်းဆိုင်ရာ
အထွေထွေယိုယွင်းမှုကြီးတစ်ခု ဖြစ်လာခဲ့ပေသည်။

ပိုမို၍ အဆိုးရွားဆုံး ဆိုးရွားလာသည်မှာ မိမိ၏အတ္တကိုသာ
ရှေ့တန်းတင်ပြီး အမျိုးသားရေးစိတ်ဓာတ် အားမာန်များ ပျောက်
ဆုံးသွားခဲ့သည်ကို ဝမ်းနည်းစရာ တွေ့ရပေသည်။ အကောင်း
ဆုံးသော ဥပမာမှာ စာရေးသူတို့ငယ်စဉ်က လွတ်လပ်ရေးနေ့တွင်
အိမ်တိုင်းမှာလည်းကောင်း၊ ရထားခေါင်းတွဲများ၊ ကားများတွင်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း အလံထောင်ကြသည်။ ယခု အိမ်များတွင် အလံထောင်သည်မှာ ခက်ခက်ခဲခဲ ရှာယူနေရသည်။ အလံထောင်ခြင်းအားဖြင့် လွတ်လပ်ရေးတိုက်ပွဲတွင် စွန့်လွှတ်ခဲ့ကြသူအားလုံးအပေါ် လေးစားရာရောက်သည့်အပြင် ရပြီးသား လွတ်လပ်ရေးကို တန်ဖိုးထားကြောင်း ပြသရာလည်း ရောက်ပေသည်။ အမျိုးသားရေးနှင့် လွတ်လပ်ရေးအပေါ် တန်ဖိုးထားမှုတွင် အိမ်နီးချင်း ထိုင်းနိုင်ငံ၏နောက်တွင် အပြတ်အသတ် ကွာခြားသွားခဲ့ပါသည်။ ရုပ်ဝတ္ထုပိုင်းသာ နောက်ကျကျန်ခဲ့သည်မဟုတ်။ စိတ်ဓာတ်ပိုင်းပါ နောက်ကျကျန်ခဲ့ပြီ ဖြစ်ပါသည်။ ရုပ်ရှင်ရုံတွင်လည်း နိုင်ငံတော်အလံကို အလေးမပြုကြ။ ရှန်းရင်းဆန်ခတ်ကိစ္စတချို့တွင် အလံကို မဖွယ်မရာလုပ်သူများ ပိုင်းဝန်း ရှုတ်ချခြင်းမပြုကြ၊ ဟန့်တားခြင်း မပြုကြပေ။

သမိုင်းတစ်လျှောက် အုပ်ချုပ်သူနှင့် အအုပ်ချုပ်ခံတို့၏ ဆက်ဆံရေးကို လေ့လာကြည့်ပါက အုပ်ချုပ်ခံ ပြည်သူအများစု၏ ယေဘုယျအခြေအနေအတိုင်းကိုသာ သာမန်အားဖြင့် အုပ်ချုပ်သူလူတန်းစား ဖြစ်ပေါ်လာခဲ့သည်။ သွားတစ်ချောင်းအတွက် သွားတစ်ချောင်း၊ အသက်တစ်ချောင်းအတွက် အသက်တစ်ချောင်း ယေ...မည်ဟူသော တရားစီရင်ရေးစနစ်အတွင်း သက်ဦးဆံပိုင်စနစ်များ ပေါ်ပေါက်လာခဲ့သည်။ လူသားဝါဒကို အခြေပြုသော ခရစ်ယာန် ဘာသာတရား ထွန်းကားသည့် ဥရောပတွင်မူ လူ့အသက်ကို တန်ဖိုးထားလာခဲ့ပြီး ပိုင်းကြီးချုပ် တာဝန်ယူမှုစနစ် ပျောက်ကွယ်ကာ ကိုယ်ဖြစ်ကိုယ်ခံဟူသော **Individualism** ပေါ်ပေါက်လာပြီး ခေတ်သစ်အုပ်ချုပ်ရေးစနစ်ကို ဖန်တီးခဲ့သည်။





မြန်မာနိုင်ငံတွင်မူ အများစုလက်ခံကြသော ဗုဒ္ဓဘာသာသည် နူးညံ့သိမ်မွေ့၍ မေတ္တာတရားကို အခြေခံသော ငြိမ်းချမ်းရေး ဘာသာကြီး ဖြစ်ပေသည်။ သို့သော် ဗုဒ္ဓဘာသာသည် လောကီနှင့် လောကုတ္တရာ ဟူသော ဘာသာရေးနှင့် အုပ်ချုပ်ရေးကို ပြတ်သားစွာ ခွဲခြားထားခဲ့သည်။ ဗုဒ္ဓဘာသာဝင်ဘုရင်များ၏ အုပ်ချုပ်ရေး တွင် ဘာသာ၏လွှမ်းမိုးမှု အငွေ့အသက်များ မလွှဲမရှောင်သာ ရှိသော်လည်း ဗုဒ္ဓသည် လောကီရေး တရားဥပဒေဖြစ်သော ရာဇဝတ်နှင့် တရားမဆိုင်ရာ ဥပဒေများ ကျင့်ထုံးများကို မသတ်မှတ်ခဲ့၊ လောကုတ္တရာအနေဖြင့် သီးခြားစီ ရပ်တည်ခဲ့သည်။

သို့ပါ၍ ဗုဒ္ဓဘာသာအများစု လူ့အဖွဲ့အစည်းဖြစ်သော မြန်မာလူထုအနေဖြင့် ဘာသာတရားမှာ နူးညံ့သော်လည်း စည်းကမ်းစနစ်ရှိသော၊ ကောင်းမွန်သော အစိုးရစနစ် **Good Governance** တစ်ခုကို မဖန်တီးနိုင်ခဲ့ပေ။ (အမေရိကန် လူ့အဖွဲ့အစည်းနှင့် ဖြိတိသျှလူ့အဖွဲ့အစည်းတို့အနေဖြင့်မူ မည်သူပင် တက်တက် တိုင်းပြည်အား ဆိုးရွားစွာ ထိခိုက်မှုမဖြစ်စေသော လစ်ဘရယ် အစိုးရမျိုးကိုသာ မွေးထုတ်နေကြသည်။) ဤတင်ပြချက်မှာ လူ့အဖွဲ့အစည်းအနေဖြင့် အုပ်ချုပ်သူအစိုးရအပေါ် အထွေထွေသက်ရောက်မှု **General Trend** ကို တင်ပြခြင်း ဖြစ်ပါသည်။

အကောင်းဆုံးဥပမာမှာ လူထုက မွေးထုတ်လိုက်သော အသင်မြို့ပြနိုင်ငံနှင့် ရောမအင်ပါယာတို့ ဖြစ်သည်။ တစ်ဖက်မှကြည့်ပါက အစိုးရ (သို့မဟုတ်) အဖွဲ့အစည်း (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြစ်သည့်ထူးချွန်ပုဂ္ဂိုလ်များ **Intellectuals** မှ တိုင်းပြည်ကို ဆွဲခေါ်မြှင့်တင်နိုင်သည်လည်း ရှိပါသည်။ အမေရိ



www.burmeseclassic.com

www.burmeseclassic.com



ကန်ပြည်တွင်းစစ်တွင် လင်ကွန်း၏ အရှုံးမပေးတမ်း ရပ်တည်
ကြောင့် အကျိုးဆက်အားဖြင့် နိုင်မာသော အင်အား ရှိသော
အမေရိကန်ပြည်ထောင်စု ဖြစ်လာရသည်ဆိုလျှင် ငြင်း၍ရမည်
မဟုတ်ပါ။

ပထမမြောက် အယ်လီဇဘက်ဘုရင်မနှင့် သူမ၏ အပေါ်
အပါ အင်္ဂလိပ်သူရဲကောင်းတို့ကြောင့် ဗြိတိသျှအင်ပါယာသည်
ဒုတိယကမ္ဘာစစ်အထိ နှစ်ပေါင်း ၄၀၀ ခန့် ရပ်တည်ခဲ့သည်။

မော်စီတုံး၏မှန်ကန်သော ခေါင်းဆောင်မှုကြောင့် ဝါးအစည်
ပြေနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နိုင်မာသော လေး
ခံရသော နိုင်ငံကြီးဖြစ်လာသည်။ ချူအင်လိုင်းနှင့် တိန့်ရှော
ဖိန်တို့ကြောင့် ယနေ့ အင်အားကြီးသော နိုင်ငံကြီးတစ်ခုအဖြ
တက်လှမ်းပေးနိုင်ခဲ့သည်။

စာရေးသူ၏ယူဆချက် (သီအိုရီတစ်ရပ် မဖြစ်သေး
အနုမာနခေါ် **Hypothesis** အဆင့်သာရှိပါသည်) မှာ အုပ်ချုပ်
လူ့အဖွဲ့အစည်းသည် သူနှင့်သင့်တော်သော အုပ်ချုပ်သူလူတန်းစား
ဖန်တီးသကဲ့သို့ အုပ်ချုပ်သူ လူတန်းစားဘက်မှ အခြေအ
ဖန်တီးနိုင်သူများရှိလျှင်လည်း အုပ်ချုပ်ခံ လူ့အဖွဲ့အစည်း
ပြန်လည်အဆင့်မြှင့်တင်နိုင်သည်ဟူသော အယူအဆ ဖြစ်ပါသည်

ဤအယူအဆအရ မြန်မာပြည်အပေါ်တွင်လည်း သုံးသ
အဖြေရှာနိုင်ပါသည်။ မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအရ လူထုသည်
ကုန်းဘောင်ခေတ်ကုန်သည်အထိ လူနေမှုဘဝမှာ ရိုးရှင်းလှသည်
လှည်း/နွားနှင့် ထန်းခေါက်ဖာလောက်သာ ရှိသည်။ လုပ်ကိုင်
သောက်ရန် မြေယာမှာလည်း ပေါများသည်။ ရာသီဥတုမှာလည်





တစ်နှစ်လျှင် လပေါင်းများစွာ အကာအရံမလိုဘဲ အမိုးရှိလျှင်
နေထိုင်နိုင်သည်။ သို့ပါ၍ အဖြေရလဒ်မှာ ကျေးရွာလူထုများသည်
သူကြီးဆိုး မြို့ဝန်ဆိုးတို့နှင့် ဆက်ဆံရပါက မိမိလှည်းများပေါ် ပစ္စည်း
တင်ကာ အလွယ်တကူ စွန့်ခွာ၊ တိမ်းရှောင်ခြင်း ဖြစ်သည်။
ထိပ်တိုက်ရင်ဆိုင်မှု မပြုခဲ့။ အခြေချမှုမတည်မြဲ၍ ဘုရင်ကို ဟန့်တား
**Check and Balance** လုပ်နိုင်သည့် နယ်ရှင်၊ ပယ်ရှင် မှူးမတ်
လူတန်းစားကလည်း မပေါ်ပေါက်ခဲ့ပေ။ မြန်မာ့အုပ်ချုပ်ရေးတွင်
မြို့စားဆိုသည်မှာ ဘုရင်တစ်ပါး၏ ဆွေတော်၊ မျိုးတော်၊ မိတ်ဆွေ
အပေါင်းအသင်းများဖြစ်ပြီး ၎င်းတို့မှာ (နေပြည်တော်) (ဝါ)
ရွှေမြို့တော်တွင်သာ နေထိုင်ကြသည်။ သူတို့၏ ကိုယ်စား နယ်မြေ
ဒေသတွင် အုပ်ချုပ်သူမှာ မြို့ဝန်သာဖြစ်သည်။ ဥရောပတိုက်ကဲ့သို့
ဒေသရှိ မျိုးရိုးစဉ်ဆက် နယ်စားကြီးများ **Lord, Duke** စသည်ဖြင့်
မပေါ်ပေါက်ခဲ့။ ဥရောပတွင် ဘုရင်၏အာဏာအား ထိုနယ်စားကြီး
များက **Check and Balance** လုပ်သော်လည်း မြန်မာနိုင်ငံတွင်
နိုင်ငံရေးပထဝီအရ ထိုသို့ဖြစ်မလာခဲ့ပေ။ အကျယ်မရေးလိုပါ။
အဆုံးပြောရသော် မြန်မာ့သမိုင်းတစ်လျှောက်ကွပ်ကဲမှု **Command**
ဗဟိုပြု သက်ဦးဆံပိုင်စနစ်များမှသာ လွှမ်းမိုးခဲ့ပါသည်။ သို့ဖြစ်ပါ၍
အုပ်ချုပ်သူဘုရင်တစ်ပါး၊ ထင်ရှားသူပုဂ္ဂိုလ်တစ်ဦးအပေါ် ပုဂ္ဂိုလ်
ရေးကိုးကွယ်မှု **Personality Cult** မှာ ခေတ်တိုင်းတွင် ဖြစ်ပေါ်
ခဲ့သည်။ သို့သော် ပုဂ္ဂိုလ်ရေးအဓိကပြု အင်ပါယာနိုင်ငံများမှာ
ထိုပုဂ္ဂိုလ် ထင်ရှားစဉ်သာ အောင်မြင်ခဲ့သည်။ ဥပမာ – ဘုရင့်နောင်
၏ ဒုတိယမြန်မာနိုင်ငံ၊ ဂျင်ဂစ်ခန်၏ မွန်ဂိုအင်ပါယာ စသည်တို့
ဖြစ်သည်။ အခြားသော ပုဂံခေတ်၊ အင်းဝခေတ်၊ ဒုတိယ အင်းဝ



www.burmeseclassic.com

ခေတ် ခေါ် ညောင်ရမ်းခေတ်၊ နောက်ဆုံး ကုန်းဘောင်ခေ
စသည်တို့ထဲတွင် အတော်အတန် ကာလကြာသော ကုန်းဘော
ခေတ်မြန်မာနိုင်ငံသည်ပင် ၁၇၅၀ ကျော်မှ စသော ဘုန်းမီးရေ
တောက်ပမှုများမှာ ၁၈၂၆ တွင် စတင်ပြိုကွဲခဲ့ရာ အင်အားကြီး
၁၀မှာ အနှစ် ၈၀ ပင် မပြည့်ခဲ့ပေ။ စည်းမျဉ်းဥပဒေ အခြေပြု
ဦးတည်ရွေ့ရှားသွားသော ရောမအင်ပါယာမှ နှစ်ပေါင်း အနည်း
၈၀၀ ကျော်ခန့် တည်တံ့ခဲ့သည်ကို တွေ့ရှိရသည်။ မြန်မာတို့
ပုဂ္ဂိုလ်ရေး ယုံကြည်ကိုးကွယ်မှု အဓိကကျခြင်း၏ သွင်ပြင်လက္ခ
တစ်ရပ်မှာ မြန်မာတို့တွင် ရိုးရာနတ်များ၊ ဒေသန္တရနတ်
များပြားစွာရှိနေခြင်း ဖြစ်ပေသည်။ အကျယ် မရေးလိုတော့ပါ။

မြန်မာတို့၏ပုဂ္ဂိုလ်ရေးယုံကြည်မှုသည် ကုန်းဘောင်ခေ
ဦးအောင်ဇေယျ ထက်မြက်သကဲ့သို့ ထက်မြက်သည့်မင်းမျ
မဟာဗန္ဓုလစစ်သူကြီး၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွ
ဦးထွန်းရှိန်၊ ဦးချစ် လှိုင်တို့နောက် သခင်စိုး၊ ဗိုလ်ချုပ်အောင်ဆ
ဦးနေဝင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့နှင့် နောက်ဆုံးတွင်မှ ပုဂ္ဂို
ရေးကိုးကွယ်မှု၏ နောက်ဆုံးထင်ရှားသူမှာ ဒေါ်အောင်ဆန်းစုကြ
ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးကိုးကွယ်မှု စည်းမျဉ်းခံကဲ့သို့မဟုတ် တစ်
စံသာဖြစ်၍ သမိုင်းတစ်လျှောက်လုံးတွင် ပုဂ္ဂိုလ်ရေးကိုးကွယ်မှု
တိုက်ဖျက်သူများ ရှိခဲ့ပါသည်။ ရာဇဝင်တွင် အမှန်ပြောကြ
ဟုတ်,မဟုတ် မသိရ။ သို့သော် ရိုတ်စပီးယား၏ ကလော
ကြောင့် ကမ္ဘာကျော်ခဲ့သည့် 'ဘရူးတပ်(စ)'အပေါ် ဂျူးလီးယက်
ပြောခဲ့သည့် ''ခြော် ...ဘရူးတပ်(စ) မင်းလည်းပါသ
ဟူသော စာသားပါ ဂျူးလီးယက်ဆီဇာ၏ မိတ်ဆွေရင်း ဘရူးတပ်





ဖြစ်ပါသည်။ ဂျူးလီးယက်ဆီဇာ၏ ကျော်ကြားမှုနှင့်အတူ အဆုံး မရှိသော အာဏာပိုင်ဖြစ်လာမှုကို မရှုစိမ့်သဖြင့် မိတ်ဆွေရင်းချာ ချင်းချင်း လုပ်ကြံသတ်ဖြတ်ခဲ့သူ ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်၏ အစွန်း ရောက်များမှာမူ ကြောက်စရာကောင်းလွန်းလှပါသည်။ သားအရင်းကိုပင် ဒဏ်ပေး၊ ခေါင်းဖြတ်သတ်စေ အမိန့်ချခဲ့သူ ဖြစ်ပါသည်။

ယဉ်ကျေးစွာဖြင့် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို တိုက်ဖျက်ခဲ့သူမှာ အမေရိကန်နိုင်ငံရေး သုခမိန် သောမတ်(စ) ဂျက်ဖာဆင် ဖြစ်ပါ သည်။ မိတ်ဆွေရင်းဖြစ်သူ အမေရိကန်လွတ်လပ်ရေး သူရဲကောင်း ဗိုလ်ချုပ်ကြီး ဂျော့ဝါရှင်တန်အပေါ် ပြည်သူတို့က ဘုရားတစ်ဆူ တစ်လုံး ကိုးကွယ်မှုကို မိတ်ဆွေပျက်ခံ၍ ဆန့်ကျင်ဝေဖန်ခဲ့သူ ဖြစ်ပါသည်။

ကမ္ဘာ့သမိုင်းတွင် ထင်ပေါ်ကျော်ကြားမှုကို ခံယူရရှိ သော်လည်း ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို လက်မခံ မသာယာဘဲ ငြင်းပယ်သော ပုဂ္ဂိုလ်များ ရှိခဲ့ပါသည်။ ၎င်းတို့ထဲမှ ထင်ရှားသူများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ချူအင်လိုင်း၊ အမေရိကန်ပြည်ထောင် စုမှ သောမတ်(စ်)ဂျက်ဖာဆင်တို့မှာ သိသာထင်ရှားသူများ ဖြစ် ပါသည်။ စာရေးသူ တင်ပြလိုသည့်အချက်မှာ ယနေ့ နိုင်ငံရေး သုံးသပ်သူများ၏အမြင်အရ မြန်မာနိုင်ငံအတွင်းတွင်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်းတွင်လည်းကောင်း၊ ပုဂ္ဂိုလ် ရေးကိုးကွယ်မှုတစ်ခု **Personality Cult** ဖြစ်ပေါ်နေခြင်းပင် ဖြစ်ပါသည်။ ကာယကံရှင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်မူ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို ရည်ရွယ်တည်ဆောက်မည် မဟုတ်ပါ။ သို့သော် သူမ၏အနစ်နာခံမှု၊ စွန့်လွှတ်မှုတို့အတွက်လည်းကောင်း၊

www.burmeseclassic.com



ထူးချွန်ထက်မြက်မှုအရလည်းကောင်း၊ လူအများ လေးစားယုံကြည်ရာမှ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုတစ်ခု ဖြစ်ပေါ်လျက်ရှိသည်ဟု ယူဆရပါသည်။ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုသည် ပုဂ္ဂိုလ်ရေးခေါင်းဆောင်မှုကိုသာ ဖြစ်ပေါ်လာစေပါလိမ့်မည်။ စာရေးသူ၏ လေ့လာမှုအရ ကွန်မြူနစ် အာဏာရှင်စနစ်ဖြစ်စေ၊ ဒီမိုကရေစီစနစ်အတွင်းမှာပင် ဖြစ်စေ ထိုကဲ့သို့ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုမှ ပုဂ္ဂိုလ်ရေးခေါင်းဆောင်မှုကို ဖြစ်ပေါ်စေပြီး သာဓကများမှာ အိန္ဒိယ၏နေရူးမျိုးဆက်၊ စင်ကာပူ သမ္မတနိုင်ငံမှ လီကွမ်းယူမျိုးဆက်၊ မြောက်ကိုရီးယားမှ ကင်(မ) မျိုးဆက် စသည်တို့ ဖြစ်ပါသည်။ မြန်မာပြည်သူလူထုအတွင်း၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ထောက်ခံသူရော၊ မထောက်ခံသူများပါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟု ဆိုသည်နှင့် ဒေါ်အောင်ဆန်းစုကြည်ကိုသာ မြင်ကြပါသည်။ အခြားပုဂ္ဂိုလ်များကို မမြင်ကြပါ။ ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ပါတီအတွက် အရေးပေါ်လိုအပ်ချက်ဟု စာရေးသူ ယူဆသည်မှာ –

(၁) ပါတီတွင်း ဒီမိုကရေစီကို ကျင့်သုံးပြီး လာမည့်မျိုးဆက်သစ်များအတွက် နေရာပေးရန်၊ ခေါင်းဆောင်မှု လေ့ကျင့်ပေးရန် ဖြစ်ပါသည်။ ပါတီတွင်း အခြေအနေအား အပေါ်အကျ မသိနိုင်သော်လည်း ပြင်ပမှ အကဲဖြတ်ချက်အရ စွမ်းဆောင်နိုင်သူ နည်းပါးသည်ဟု ယူဆနေကြပါသည်။

(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရပါက ဆက်လက် လုပ်ဆောင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ မူဝါဒများကို သုတေသနပြုဖော်ထုတ်ရန်နှင့် ထိုမူဝါဒများကို ပြည်သူသို့





ချပြထားရန်။

တတိယတစ်ချက်မှာ လူနည်းစုခေါ် **Minorities** များ၏ လွတ်လပ်ခွင့် **Freedom** နှင့် ပုဂ္ဂလိက အခွင့်အရေး **Individual Rights** များကို ပါတီ၏ပါတီဝင်များ၊ ထောက်ခံသူ လူထုအဖွဲ့အစည်းများ သို့ လိုက်နာစေရေး ဆောင်ရွက်ရန်ဖြစ်သည်။ ထိုအချက်ကိုလိုက်နာမှသာလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရင့်ကျက်သော နိုင်ငံရေးပါတီတစ်ခုအဖြစ်သို့ ရောက်ရှိမည်။ ထိုအချက်ကို မလိုက်နာပါက နိုင်ငံအတွင်း၌ ဒုက္ခပင်လယ်ဝေရတော့မည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်အောင်ဆန်းစုကြည် အနေနှင့် နိုင်ငံပြုသူခမိန်တစ်ဦး၏ ကျင့်ဝတ်နှင့်အညီ မောက်မာထောင်လွှားခြင်း မပြုခဲ့ပါ။ သူမကဲ့သို့ ပုဂ္ဂိုလ်များမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အနည်းစုသာ ဖြစ်ပြီး ပြီးခဲ့သော ကြားဖြတ်ရွေးချယ် တင်မြှောက်ပွဲတွင် စိတ်ဓာတ်နှင့် ခံစားချက် တက်ကြွလွန်းနေသော ပါတီဝင်နှင့် ပါတီထောက်ခံသူများသည် ကာယကံရှင်များ၏ သဘောတူညီမှု မပါဘဲ ဖြတ်သန်းနေသော မော်တော်ယာဉ်များကို အတင်းအဓမ္မ ရပ်တန့်စေကာ တံဆိပ်များ ကပ်ခြင်း၊ ပြိုင်ဘက်အုပ်စုများအပေါ် ရန်လိုသောအပြုအမူများ ပြုမူခြင်းတို့ကို မန္တလေး မဟာအောင်မြေနှင့် စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ရွေးကောက်ပွဲများတွင် ပြုမူခဲ့ကြောင်း ထင်ထင်ရှားရှား တွေ့ရှိရသည်။ ဒီမိုကရေစီအဖွဲ့ချုပ်အဖြစ် ခံယူထားသော်လည်း လူတစ်ဦးတွင် လွတ်လပ်ခွင့် **Free-**



www.burmeseclassic.com

www.burmeseclassic.com



**dom** နှင့် ယုံကြည်ရာဆောင်ရွက်ပိုင်ခွင့် **Indivi**
**Rights** တို့ကို လေးစားရမည်။ ဤအချက်ကို မပြ
၂၀၁၅ တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ တ
စောင်းနင်းအနိုင်ရ **Land Slide Victory** ဖြစ်လျှင်
နိုင်ငံရေးအကျပ်အတည်း **Political Turmiol** တစ်
ပေါက်လာနိုင်သည်။ ပြီးခဲ့သည့် ၂၀၁၂ ကြားဖြ
ကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရာခိုင်နှုန်း ၆၀ ကျော် မဲအသာဖြင့် အနိုင်ရရှိခဲ့
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည်
သာသာသာ ရှိသည်။ သို့သော် ထိုရာခိုင်နှုန်းသည
ကြီးမားသော လူနည်းစုဖြစ်သည်။ အနီးစပ်ဆုံး ဥပ
ရသော် ၁၉၇၅ ခုနှစ်ဝန်းကျင်များက ကယားပြည်
တစ်ခုလုံး၏လူဦးရေသည် မန္တလေးအရှေ့တောင်ပြို
တစ်ခုစာသာ ရှိသည်။ ထိုကယားပြည်နယ်ရှိ ထို
အခေါ်အဝေါ် သောင်းကျန်းသူများကို အစိုးရအ
တပ်သွင်းရှင်းလင်းရာတွင် ပြတ်သားစွာ အောင်ပွဲ
မြန်မာ့နိုင်ငံရေးတွင် ကိန်းဂဏန်းအချိုးများ၏ အရေး
ရိုပ်စားမိသူ အနည်းငယ်သာ ရှိပါသည်။ ထိုပြည်
လိုလားသူ ၂၇%ခန့်ကို မလေးစားပါက မလိုလားအ
နောက်ဆက်တွဲဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ယ
ဆင်ခြင်သင့်ပြီး ယခုအထိ ပုဂ္ဂလိက အခွင့်အရေး
လေးစားလိုက်နာစေရန် ပြုပြင်ပြောင်းလဲစေကြ
လမ်းညွှန်ကြောင်း ဖတ်ရှု ကြားသိရခြင်း မရှိပါ။ ထို





ပါက အကယ်၍ ၂၀၁၅ တွင် တစ်ဖက်သတ်အနိုင်ရခဲ့သော် ဖြိုင်ဘက်အုပ်စုအပေါ် မထေမဲ့မြင်ပြုမှုများ။ ရန်လိုမှုများ ဖြစ်ပေါ်လာနိုင်သည်။

နောက်ဆုံးအချက်မှာ ယခုအထိ လေ့လာတွေ့ရှိသမျှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တရားသေဝါဒကို လက်ကိုင်ထားနေကြောင်း တွေ့ရှိရသည်။ နာမည်ကျော် ရုပ်ရှင်မင်းသား **Tom Hanks** ပါဝင် သရုပ်ဆောင်သော **Terminal** ရုပ်ရှင်ဇာတ်ကားတွင် အစမ်းခန့် နယူးယောက် လေဆိပ်ကော်မရှင်နာအား အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင် လူကြီးတစ်ဦးမှ ပြောသကဲ့သို့ "တစ်ခါတစ်ရံတွင် စည်းမျဉ်း စည်းကမ်းဆိုပေမယ့် လူတွေရဲ့ ခံစားချက်တွေကို နားလည် ပေးရတယ်" ဆိုသော စကားဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်အချို့ကို ပြင်ဆင်ရန် တောင်းဆိုနေသော်လည်း တပ်မတော်နှင့် ယခင်အာဏာ ပိုင်များ၏ ပြုမူခဲ့မှုများအတွက် မည်ကဲ့သို့ အသက်အိုးအိမ် စည်းစိမ်နှင့် ပတ်သက်၍ အာမခံချက်ပေးမည်။ မည်သည့် အချက်များ ၎င်းတို့အတွက် ချန်ထားပေးမည်ဆိုသည်ကို ယခုတိုင် မထုတ်ဖော်နိုင်ဘဲ မိမိရလိုသည်ကိုသာ တောင်း ဆိုနေခြင်း ဖြစ်သည်။ အလျှော့ပေးသင့်သည်ရှိက လျှော့ ပေးခြင်းဖြင့် တစ်တိုင်းပြည်လုံး၏ ကောင်းကျိုးအတွက် လူအုပ်စုတစ်ခု၏ထောက်ခံမှုကို စွန့်လွှတ်ရဲသော ဗျူသတ္တိ **Morale Courage** တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်ပိုင်း၌ အားနည်းသည်ဟု ယူဆထားသည်။

www.burmeseclassic.com



ဤနေရာတွင် တောင်အာဖရိကမှ နယ်လဆင်မင်း
လုပ်ရပ်မှာ ကြီးကျယ်မြင့်မြတ်သော ခေါင်းဆောင်
လုပ်ရပ်ကို သက်သေထူခဲ့သည်။ လူဖြူအစိုးရလက်
အမျိုးမျိုး ညှဉ်းဆဲခံရသော နယ်လဆင်မင်းဒဲလာ
သမ္မတဖြစ်ပြီးနောက် တောင်အာဖရိကတွင်
ဖြစ်ပျက်မှုများကို နောင်မဖြစ်ပေါ်စေရန်၊ အမှ
ဖော်ထုတ်ရေးကော်မရှင် ဖွဲ့စည်းခဲ့သည်။ သို့သော်
လာသမျှ တာဝန်ရှိသူအားလုံးကို ရာဇဝတ်ကြေ
အရေးယူမှု မပြုခဲ့။ မြန်မာနိုင်ငံတွင်မူ ဒီ/ချုပ်
သူများမှ "ကျွန်မတို့၊ ကျွန်တော်တို့ အနေနဲ့တော့
တမထားပါ။ ဒါပေမဲ့ ပြည်သူတွေက တင်မြှောက်
မတတ်နိုင်ဘူး" ဟူသော အသုံးအနှုန်းသုံး
'နယ်လဆင်မင်းဒဲလား' မည့်ကဲ့သို့ လုပ်ဆောင်
ရှာဖွေလေ့လာ လုပ်ဆောင်ရန်သာ ရှိပါတော့သည်

ခြုံ၍ပြောဆိုရသော် ၂၀၁၅ ရွေးကောက်ပွဲတွင်
နိုင်လိမ့်မည်ဟု သတ်မှတ်ခံရသော ပါတီကြီးအနေဖြင့်
နိုင်ငံတော်အတွက် ကျေနပ်လောက်အောင် ပြင်ဆင်ထား
မရှိသေးဟူသော ကောက်ချက်ဖြစ်ပါသည်။

ယနေ့ မြန်မာ့နိုင်ငံရေးတွင် အင်အားစုကြီး ၂
ပထမအင်အားစုသည် အာဏာရပါတီဟု ခေါ်တွင်ရမည့်
ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဖြစ်သည်။ အာဏာ
ဖြစ်သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှာ
ခုနှစ် ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲတွင်





ကြောင့် ပါတီအတွင်း၊ ပါတီဝင်ထုအတွင်းတွင် မိမိကိုယ်ကို မိမိ
ကြည့်မှုနည်းပါး ကျဆင်းမှုများ ဖြစ်ပေါ်လာနိုင်သည်၊ (သို့မဟုတ်)
စ်ပေါ်လျက်ရှိသည်ဟု ယူဆပါသည်။ အမှန်တကယ်တော့
ိုင်းပြည်တစ်ပြည်တွင် အင်အားချိန်ခွင်လျှာ ညီမျှရေးဆိုသည်မှာ
ိုင်ငံရေးဖြစ်စဉ်တွင် မဖြစ်မနေ လိုအပ်ပါသည်။ သက်ဦးဆံပိုင်
ရှင်များ၊ စစ်အုပ်ချုပ်ရေးစနစ်များ စသည်တို့သည် အင်အား
န်ခွင်လျှာ ပျက်သည်းခြင်း၏ လက္ခဏာများ ဖြစ်ပါသည်။ ပြည်
ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် အင်အားချိန်ခွင်လျှာ
ညီမျှရေး၏ မဖြစ်မနေ လိုအပ်ချက်ဖြစ်သဖြင့် ပြည်ထောင်စု
ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အခွန့်ရှည်ရေးသည် တိုင်းပြည်အတွက်
လိုအပ်ချက်ဖြစ်လျက် ရှိပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်
ဖွံ့ဖြိုးရေးပါတီ၏ အကြီးအကဲများမှာ တပ်မတော်သားဟောင်းများ
များစုဖြစ်ကြပြီး ပြီးခဲ့သည့် တပ်မတော် အစိုးရလက်ထက်တွင်
ကြီးမားသောတာဝန်များကို ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ပါသည်။
၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့
မြို့နယ် ၃၇ မြို့နယ်၏ ပြည်သူ့လွှတ်တော် မဲဆန္ဒခံယူမှုတွင်
ထု၏တောင်းခံမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။



www.burmeseclassic.com

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ (ပြည်သူ့လွှတ်တော်) မဲပေးသူရာခိုင်နှုန်း
ထောက်ခံမှုအခြေပြဇယား
(၁.၄.၂၀၁၂)

| စဉ် မြို့နယ် | ရရှိသည့် နိုင်လုံမဲ စုစုပေါင်း | ရရှိသည့်မဲ | | | ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|---|
| | | ပြည်ခိုင်ဖြိုး | ဒီ/ချုပ် | အခြား | ပြည်ခိုင်ဖြိုး | ဒီ/ချုပ် | အခြား |
| ၃၇ | ၃၀၄၅၀၂၅ | ၈၁၆၄၇၃ | ၂၂၄၇၃၂ | ၁၀၄၂၂၀ | ၂၆.၈၁ | ၆၉.၇၇ | ၃.၄၂ |

မှတ်ချက်။ ။ မြန်မာ့အလင်းသတင်းစာမှ ထုတ်နုတ်၍ တွက်ချက်တင်ပြပါသည်။





ဤဇယားပါ အခြေအနေအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ လက်ရှိလူကြိုက်များမှုကို သိရှိနိုင်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုခဲ့သော ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အပြတ်အသတ် အနိုင်ရခဲ့ပါသည်။ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်ပြီး ဒီမိုကရေစီအစိုးရ ပေါ်ထွက်လာပြီးနောက် ပွင့်လင်းမြင်သာ၍ ပျော့ပျောင်းသော အုပ်ချုပ်မှုပုံစံနှင့်အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် တက်တက်ကြွကြွ ပါဝင်လာခဲ့ပါသည်။ ထိုသို့ပါဝင်လာမှုနှင့်အတူ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲတွင်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထိုသို့ပြိုင်ဘက်ကောင်းနှင့် ယှဉ်ပြိုင်ရသည့်အခါ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ရှုံးနိမ့်မှုသည် အဘယ်မျှအထိ ဂယက်ရိုက်ခဲ့ပါသနည်းဆိုသည်ကို ပါတီဝင်များအနေဖြင့် ဆန်းစစ်ကြရန် လိုလာပါသည်။ ထိုသို့သော ရှုံးနိမ့်မှုမှ သင်ခန်းစာရယူရန်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ပြိုင်ပွဲအတွက် ပြင်ဆင်အားထုတ်ကြရပါမည်။ မည်ကဲ့သို့ပြင်ဆင်ကြရမည်ဆိုသည့်အချက်ကို စာရေးသူအနေဖြင့် ဆောင်းပါးရှည် စာတမ်းငယ်များအဖြစ် စာရေးတင်ပြခဲ့ပြီး ဆက်လက်၍ ရေးသားတင်ပြမည်ဖြစ်ပါသည်။ ထိုအရှုံးကို ပါတီဝင်များအနေဖြင့် ရင်ဆိုင်ရသည့်အခါ မှုဆင်ခြင်တိုသဘာဝ စိတ်ပျက်အားငယ်မှုများ ဖြစ်ကြမည် ဖြစ်ပါသည်။ သို့သော် ပါတီဝင်များအနေဖြင့် သတိပြုရမည်မှာ လူထု၏ လူကြိုက်များမှု ရာခိုင်နှုန်းကျဆင်းပြီး ၂၆.၈၁ ရာခိုင်နှုန်းသာ ရှိစေကာမူ မိမိပါတီကို မိမိတို့ကြံ့ခိုင်စည်းလုံးစွာ ရပ်တည်ရန်သာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် သည်။ အမှန်တကယ်တော့ ပါတီတစ်ရပ်၊ အဖွဲ့အစည်းတ
ဆိုသည်မှာ ရပ်တည်ချက်၊ ရည်မှန်းချက် တူညီသောသူများ
ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်
ရေးပါတီ၏ **Political Ideal** ကို လေ့လာကြည့်ပါလျှင် အ
အားဖြင့် ဒိုတာဝန်အရေးသုံးပါး ဖြစ်သည်ကို တွေ့ရပါသည်။ ရည်
ချက်အသစ်များ ချမှတ်ပြဋ္ဌာန်းပြီး ဖြစ်ခဲ့လျှင် မိမိပါတီအတွင်း
မဟုတ် လူထုသိရှိအောင်လုပ်ရန် လိုပေသည်။ ထိုအချက်
ချက်စလုံးကို ဆန်းစစ်ပါက အောက်ပါတိုင်း ထင်မြင်ယူဆ
ပေးနိုင်ပါသည်။

(၁) **ပြည်ထောင်စုမပြိုကွဲရေး** – ပြည်ထောင်စု Uni
ဖြစ်သော နိုင်ငံအတွက် အသက်တမျှ အရေးကြီး
အချက်ဖြစ်ပါသည်။ အမှန်တော့ ပြည်ခိုင်ဖြိုးပါတီ
များသည် ပြည်ထောင်စုဝါဒီခေါ် **Unionist** များ ဖြ
သည်။ အမေရိကန်ပြည်ထောင်စု၏ အကျော်ကြား
ကမ္ဘာ့ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည့် လင်ကွန်းသ
ပြည်ထောင်စုဝါဒီ ဖြစ်ပါသည်။

(၂) **တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး** – ပြ
ထောင်စုနိုင်ငံတစ်ခုအတွက် မရှိမဖြစ် အရေးကြီးပါသ
တန်းတူရည်တူရှိမှု၊ အပြန်အလှန်လေးစားမှု၊ ကိုယ်
စာမှုတို့ဖြင့် ပေါင်းစပ်ပြီး မတူညီ ကွဲပြားခြင်းသည် ခွ
ဟူသောအချက်ကို ကိုင်စွဲပြီး အင်အားတောင့်တင်း
ပြည်ထောင်စုနိုင်ငံတော်ကြီးတစ်ရပ် ထူထောင်နိုင်
ဖြစ်ပါသည်။



(၃) **အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး** – မိမိ၏
ကိုယ်ပိုင်ရပ်တည်ချက်ဖြင့် အခိုင်အမာ နေနိုင်စေရေး ဖြစ်
ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း
ချမှတ်ခဲ့သော မူဝါဒတစ်ခု ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်
ဆန်းသည် ''ဟိုလူကိုလည်း မျက်နှာချိုသွေးရ၊ ဒီလူကို
လည်း မျက်နှာချိုသွေးရ'' ဟူသော ပျော့ညံ့သည့် နိုင်ငံ
တစ်ခု၏ ဘဝကိုစက်ဆုပ်ရွံ့ရှာပြီး အချုပ်အချာ အာဏာ
တည်တံ့ခိုင်မြဲရေးကို လိုလားသူ ဖြစ်ပါသည်။

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီ
ရှုံးနိမ့်ခဲ့ရသော အကြောင်းအချက်တစ်ချက်မှာ ပြည်သူများ၏
နစ်နာမှုများကို ရပ်တည်ပေးရေးဟူသော မဲဆွယ်မူဝါဒ အချက်
တစ်ချက် ကျန်ရှိခဲ့၍ ဖြစ်ပါသည်။ ပြည်သူတို့၏ ပိုင်ခွင့်များ **Rights**
များ ရရှိစေပြီး နစ်နာမှုများကို ဖြေဖျောက်ပေးခဲ့လျှင် ၂၀၁၂ ၌
အောင်ပွဲဆင်ခဲ့ရမည် ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုနှင့်
အနောက်ဥရောပကဲ့သို့ ဒီမိုကရေစီ အမြစ်တွယ်ပြီးသော နိုင်ငံများ
တွင် ပြည်သူများ၏ ရပိုင်ခွင့်များမှာ ရရှိခဲ့ပြီး **had had** ဖြစ်ပါသည်။
ထိုနိုင်ငံများတွင် ပြည်သူတို့၏ ရပိုင်ခွင့်ရရှိရေးအတွက် တိုက်ပွဲဝင်ရန်
မလိုတော့ဘဲ ရရှိပြီး ရပိုင်ခွင့်များကို ကာကွယ်ပေးရေးသာဖြစ်သဖြင့်
နိုင်ငံရေးအစီအစဉ် **Political Agenda** တွင် ထိပ်ဆုံးမှ မပါဝင်
တော့ပါ။ ထိုနိုင်ငံများတွင် နိုင်ငံခြားရေးမူဝါဒ၊ လူမှုဘဝလုံခြုံရေးနှင့်
စီးပွားရေးတိုးတက်မှုဆိုင်ရာ မူဝါဒပေါ်လစီများကသာ လွှမ်းမိုးခဲ့ပါ
သည်။ ပြည်ခိုင်ဖြိုးပါတီအနေဖြင့် လတ်တလောတွင် လူထု၏
ရပိုင်ခွင့်များ **Rights** များ ဖော်ထုတ်ရေးနှင့် နစ်နာမှုများ ပြန်လည်

www.burmeseclassic.com



ရရှိရေးတို့အတွက် မူဝါဒရည်မှန်းချက်များ ချမှတ်ဆောင်ရွက် မဖြစ်မနေ လိုအပ်သော်လည်း ချမှတ်ထားသော ဒို့တာဝန်အ ၃ ပါးကိုမူ ဖျောက်ဖျက်ရန် မလိုပါ။ အနာဂတ်အတွက် ဆက်လ ထိန်းသိမ်းထားရမည် ဖြစ်ပါသည်။

သို့ပါ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသ "တိုင်းပြည်အား သာယာဝပြောသော နိုင်ငံတော်သစ်ဖြစ်ဖို့ ခွင့်များရရှိရေး ဦးဆောင်ကြိုးပမ်းကြစို့" ဟူသော ဆောင်ပုဒ် ချမှတ်စေလိုပါသည်။ ထိုဆောင်ပုဒ်နှင့်အညီ စိတ်ရှည်စွာ ဦးဆော ကြိုးပမ်းရမည်။

သို့ဖြစ်ပါ၍ ပါတီ၏အခွင့်ရှည် တည်တံ့ခိုင်မြဲရေးအတွ အရေးကြီးဆုံးမှာ အောက်ပါလုပ်ငန်းစဉ်များ ဖြစ်ပါသည်။

(၁) ပါတီဝင်ထုကြီးတစ်ခုလုံးအနေဖြင့် မိမိတို့၏ ပါတီတ တိုင်းပြည်အတွက် အမှန်လိုအပ်သည်ဟု မိမိတို့ယုံ သဘောတူညီစွာ လက်ခံကြသည့် မူဝါဒလမ်းစဉ်တစ် ချမှတ်ရန်။

(၂) တညီတညွတ်တည်း သဘောတူညီချက် ရယူပြီးသေ မူဝါဒလမ်းစဉ်ကို အခြေခံ၍ ပါတီ၏လမ်းစဉ်အ မယိုင်မသုန်သော ယုံကြည်ချက်ရှိသည့် ဦးဆောင်မှုပေးသ ပုဂ္ဂိုလ်များကို ရွေးချယ်ကြရန်။

(၃) ပါတီတွင်းဆက်ဆံရေးတွင် ပါတီတွင်း ဒီမိုကရေစီကို အ ခံရန် ပါတီအား ပြန်လည်တည်ဆောက်စဉ်/တည်ဆော ပြီးနောက် အစိုးရ/လွှတ်တော်အသီးသီးနှင့် ဆက်ဆံရေ ရေချိန်ညှိရန်။





အစိုးရနှင့်ဆက်ဆံရေး ပါတီတစ်ရပ်အနေဖြင့် အစိုးရဖွဲ့ နိုင်သော ပါတီ မဟုတ်ပါက အစိုးရနှင့် ဆက်ဆံရေး မရှိပါ။ သို့ သော် ပါတီအနေဖြင့် အစိုးရဖွဲ့နိုင်သောပါတီဖြစ်ပါက ဆက်ဆံ ရေးတစ်ခုမှာ မရှိမဖြစ် ဖြစ်ပေါ်လာပါသည်။ အစိုးရသည် ပါတီ ဟူသော သစ်ပင်ကြီး၏ အကိုင်းတစ်ကိုင်းသာ ဖြစ်ပါသည်။ ကျန်သောအကိုင်းများဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ် အသီး သီးမှာလည်း ပင်စည်ဖြစ်သော ပါတီသစ်ပင်ကြီး၏ သစ်ကိုင်းများ သာ ဖြစ်ပါသည်။


မြန်မာနိုင်ငံ၏သမ္မတစနစ်သည် အမေရိကန်နိုင်ငံ၏ သမ္မတ အုပ်ချုပ်ရေးနှင့် အာဏာ ၃ ရပ် ခွဲခြားရေးတွင်လည်းကောင်း၊ အပြင်သဏ္ဌာန်အားဖြင့်လည်းကောင်း တူညီသောအရာများ ရှိပါ သည်။ မြန်မာနိုင်ငံ၏ သမ္မတ ဦးဆောင်သော အုပ်ချုပ်ရေးတွင် ပါတီ၏ပတ်သက်မှုမှာ ဖွဲ့စည်းပုံအရ အမေရိကန်သမ္မတနှင့် သူ၏ ပါတီတို့ ပတ်သက်မှုထက် ပိုမိုများပြားကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com






(အမေရိကန်သမ္မတသည်
ပါတီကို ဘေးတိုက်သာ
တာဝန်ခံရသည်။
လူထုကို
တိုက်ရိုက်တာဝန်ခံရသည်။)
တာဝန်ခံရသည်။)

(မြန်မာနိုင်ငံတွင် သမ္မတသည်
ပါတီဝင်အများစုပါသော
လွှတ်တော်မှတစ်ဆင့်
လူထုကို တစ်ဆင့်ခံ





ပါတီနှင့်အစိုးရတို့၏ဆက်ဆံရေးတွင် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ ထူးခြားချက်များ

၁။(က) မြန်မာနိုင်ငံတွင် အစိုးရအဖွဲ့ဝင်များသည် သမ္မတ၊ အာဏာရပါတီခေါ် လွှတ်တော် ကိုယ်စားလှယ်အများစု ပါတီတို့မှ တစ်ဆင့် လူထုသို့ တာဝန်ခံရသည်။

(ခ) အမေရိကန်ပြည်ထောင်စုတွင် အစိုးရအဖွဲ့ဝင်များသည် သမ္မတမှတစ်ဆင့် လူထုသို့ တာဝန်ခံရသည်။ နိုင်ငံရေးပါတီ (သို့မဟုတ်) လွှတ်တော်ရှိ ကိုယ်စားလှယ်အများစု ပါတီသို့ တာဝန်ခံရန် မရှိ။ သို့ပါ၍ ပါတီစိတ်ဓာတ် **Party line** ကို ဘေးဖယ်ထားနိုင်သည်။

၂။ သို့ပါ၍ မြန်မာနိုင်ငံ၏ လက်ရှိစနစ်အရ သမ္မတသည် မည်သူမည်ဝါဖြစ်စေကာမူ အစိုးရအဖွဲ့အနေဖြင့် ပါတီကို အမေရိကန်သမ္မတမှ သူ၏ပါတီကို ဦးစားပေးသည်ထက် ပို၍ ဦးစားပေးရမည့် အနေအထားတစ်ရပ် ဖြစ်ပေါ်နေပါသည်။ အစိုးရအဖွဲ့ဝင်များအား မည်သည့်ပါတီဝင်မှ မဟုတ်သူ ပညာရှင်အရာရှိ **Technocrats** များထဲမှ ရွေးချယ်မည်ဆိုပါက ထိုသူသည် အစိုးရအဖွဲ့ဝင် ဖြစ်ပြီးနောက် ပါတီသို့ဝင်ရောက်မှသာ ပါတီနှင့် ပါတီဝင်အများစု ပါဝင်သော လွှတ်တော်နှင့် ဆက်ဆံရေးတို့ အဆင်ပြေနိုင်သည်။ [ထိုသို့သော ပညာရှင်အရာရှိ **Technocrats** တစ်ဖြစ်လဲ ပါတီဝင်မဟုတ်သည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှာ အများအားဖြင့် ကြားဖြတ်အစိုးရများတွင်သာ တာဝန်ထမ်းဆောင်ကြလေ့ ရှိပါသည်။]



www.burmeseclassic.com

www.burmeseclassic.com



၃။ သို့သော် ပြည်သူ့အကျိုးနှင့် တိုင်းပြည်အကျိုးအတွ ရုံဖန်ရံခါတွင် သမ္မတသည် အခြားသောပါတီများမှ ပုဂ္ဂို တချို့အား အစိုးရအဖွဲ့ထဲသို့ ထည့်သွင်းကောင်း ထည့်သွ ရပါမည်။ ထိုသို့ ထည့်သွင်းရပါက ထိုသူတွင် မိမိပါတီ များထဲ၌ မရှိသော ထူးခြားသည့် အရည်အချင်း ပိုင်ဆိုင်သူ ဖြစ်ရပါမည်။ ထိုသို့သော အရည်အချင်းမျိုး ပုဂ္ဂိုလ်များ မိမိပါတီထဲတွင် ရှိလျက်နှင့် အခြားပါတီဝင်တ ခန့်အပ်ပါက ပါတီဝင်အများစုအနေဖြင့် မိမိပါတီ အစိုးရအပေါ် အထင်လွဲနိုင်သည်၊ စည်းရုံးရေး ပျက်ပြ နိုင်သည်။

ဤအချက်များမှာ အရေးပါလှသောအချက်များ ဖြစ်သည် အစိုးရအနေဖြင့် အောင်မြင်သောမူဝါဒ တစ်ခုကို ချမှတ်နိုင်လျှ ပါတီ၏အရှိန်အဝါသည် တိုးတက်လိမ့်မည်ဖြစ်ပါသည်။ ထို့အတူ လွှတ်တော်မှ ပြည်သူ့အကျိုးပြု ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းနိုင်လျှ လည်းကောင်း၊ ပြည်သူကို ဖိနှိပ်မှုသဖွယ် ဖြစ်နေသည့် ဥပ တစ်ရပ်ကို ဖျက်သိမ်းနိုင်ခဲ့လျှင်လည်းကောင်း၊ ပါတီ၏အရှိန်အ ပံ့ရိပ်တိုးတက်မည် ဖြစ်ပါသည်။ အစိုးရ၊ ပါတီနှင့် လွှတ်တေ အရာရှိအများစုတို့မှ တစ်ပါတီတည်းဖြစ်သရွေ့၊ လူထုအနေ အာဏာရပါတီဟုသာ သုံးနှုန်းခေါ်ဆိုကြမည်၊ သတ်မှတ်ကြမ ဖြစ်ပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် ပါတီကို အခြေ ရွေးကောက်တင်မြှောက်ခံရခြင်း မရှိဘဲ အစိုးရအဖွဲ့ထဲသို့ ဝင်ရော လာသူများအနေဖြင့် ပါတီအပေါ် လေးနက်သော သံယော နှောင်ဖွဲ့မှုတစ်ရပ်ကို ထားရှိရပါမည်။ ပါတီထဲသို့ ဝင်ရောက်ရပါမည်။





ယို့အပ်ပါက ထူးချွန်သူများဖြစ်သည့်အားလျော်စွာ ပါတီ၏ ခေါင်း ဆောင်မှုကဏ္ဍသို့ ဝင်ရောက်နိုင်သူများ ဖြစ်ရပါမည်။ ပါတီအပေါ် သံယောဇဉ်မရှိပါက လာမည့် ၂၀၁၅ တွင် ပါတီအနေဖြင့် ထိုသူ၏ ကြိုးပမ်းအားထုတ်မှု တစ်စုံတစ်ရာကိုမျှ ရရှိမည်မဟုတ်သကဲ့သို့ ထိုပုဂ္ဂိုလ် ရှိနေသရွေ့လည်း ပါတီနှင့် အစိုးရ၏ဆက်ဆံရေးတွင် တစ်စုံတစ်ရာကိုမျှ အထောက်အကူပြုနိုင်မည် မဟုတ်ပါ။ ပါတီကို ဆောက်ကူရန် ဆန္ဒမရှိသရွေ့ ထိုသူသည် အစိုးရအဖွဲ့တွင် အသုံး ဝင်နိုင်သော်လည်း အစိုးရနှင့် ပါတီ၏ဆက်ဆံရေးတွင် ဆူးငြောင့် ခလုတ်တစ်ခုသာ ဖြစ်နေပါလိမ့်မည်။

၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲ၏ ရိုက်ခတ်မှုကြောင့် ပါတီ၏ ထိပ်ပိုင်းဦးဆောင်မှုတွင် လှုပ်ခါမှုများ ရှိကောင်း ရှိနိုင်ပါသည်။ ထိပ်ပေါင်းခေါင်းဆောင်တချို့မှာ အသက် အရွယ်ကြီးရင့်သူများ ဖြစ်ပြီး နိုင်ငံရေးမှ အနားယူကောင်း ယူနိုင် ပါလိမ့်မည်။ ထိုခေါင်းဆောင်ပိုင်းသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဘဝသို့ အသွင်မပြောင်းမီ အသင်းကြီးဘဝက အစိုးရဌာနအသီးသီးတွင် ရာထူးကြီးများ ရရှိခဲ့သူ၊ ရပိုင်ခွင့်အမျိုးမျိုး ရရှိခဲ့သူများ ဖြစ်ပါသည်။ ကျန်းမာရေးနှင့်အသက်အရွယ် ကြီးရင့် လျှင်သော်မှပင် လာမည့် မျိုးဆက်သစ်အတွက် အခြေအနေကောင်း များကို လက်ဆင့်ကမ်းပေးနိုင်ရပါမည်။ ၂၀၁၅ တွင် ၎င်းတို့၏ ဆန္ဒနယ်များမှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လူငယ်မျိုးဆက်အား ငွေအား၊ လူအားဖြင့် ထောက်ကူပေးရပါမည်။ အသက်အရွယ် ယ်ရွယ်နေသေးပါလျက်၊ ကျန်းမာရေးကောင်းမွန်ပါလျက် နိုင်ငံ ရေးပြေးလမ်းပေါ်မှ စွန့်ခွာလိုသူများအတွက်မူ ၂၀၁၅ ထိ မစောင့်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ယခုကာပင်လျှင် စွန့်ခွာသင့်သည်။ နေရာပေးသင့်သည်။ သို့မဟု
ပါက ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ၏ ရိုက်ခတ်မှုကို ကြ
ခံနိုင်သူ၊ တွေဝေနေသူများ၏ ခေါင်းဆောင်မှုအောက်တွင် ပါ
စည်းရုံးရေးမှာ ထိခိုက်နိုင်၍ဖြစ်ပါသည်။ လူအုပ်စုကြီးအ
စိတ်ဓာတ်ကျဆင်းခြင်းသည်လည်းကောင်း၊ စိတ်ဓာတ်မြှင့်တင်
သည်လည်းကောင်း ကူးစက်သောသဘာဝများ ရှိပါသည်။

ပြည်ခိုင်ဖြိုးပါတီကျဆုံးလျှင် တိုင်းပြည်တွင် လူမှု
နိုင်ငံရေး မတည်ငြိမ်မှုများ အကြီးအကျယ် ဖြစ်ပေါ်လာမည်ဟု ရ
ခန့် ခန့်မှန်းပြောဆိုနိုင်သည်။ သို့ပါ၍ ပါတီဝင် ခေါင်းဆောင်များ
နိုင်ငံ့အကျိုးအတွက်ဟု ရည်မှန်း၍ ပြုပြင်ပြောင်းလဲရေး
သင့်သည်။

သို့ပါ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသ
၂၀၁၂ ခု ရှုံးနိမ့်မှုကို တွေဝေကြောက်ရွံ့ တုန်လှုပ်နောက်ဆုတ်မ
သင်ခန်းစာယူကာ ပြုပြင်သင့်သည်ကို ပြုပြင်၍ စည်းလုံးညီ
စွာဖြင့် ၂၀၁၅ အတွက် ပြင်ဆင်သင့်ပေသည်။ စာရေးသူ၏ တ
ချက်အချုပ်မှာ ဆောင်ရွက်ရန်အားဖြင့် အောက်ပါတို့ဖြစ်ကြေ
အကြံပြုပါသည်။

(၁) ပါတီမူဝါဒတွင် လက်ရှိမူဝါဒကောင်းများအပြင် ပြည်
အကျိုးပြုဝါဒနှင့် ပြည်သူတို့၏အခွင့်အရေးများ ဖော်
ပေးရေးကို ချမှတ်ရန်၊ ပြည်သူများနစ်နာမှုရှိက မိမိပါ
ကိုယ်စားပြုနေသော အစိုးရကို ထောက်ပြဆောင်ရွ
ပေးရန်၊

(၂) အစိုးရနှင့်ပါတီတစ်သားတည်းဖြစ်စေရန်၊





(၃) လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းသော ဥပဒေများအား လူထု ထောက်ခံမှု ရှိ မရှိကို ပါတီအနေဖြင့် နေရာကွက်၍ စစ်တမ်းကောက်ရန်၊ **Spot-check Surveys** များ လုပ်ဆောင်ရန်၊ (မှတ်ချက် – ဥပမာအားဖြင့် ဝန်ထမ်းဥပဒေအပေါ် ဝန်ထမ်းများ၏ထောက်ခံမှု ရှိ မရှိအား ပါတီမှ စစ်တမ်းကောက်ယူရန် ထိုဥပဒေအပေါ် ထောက်ခံမှုမရှိက လွှတ်တော်မှ ပြန်လည်ပြင်ဆင်ရန် ဖြစ်ပါသည်။ သို့မဟုတ်ပါက နေပြည်တော်ရှိ ဝန်ထမ်းများသော မြို့နယ်များတွင်သာမက နယ်ပယ်အသီးသီးတွင် ဝန်ထမ်းများ၏အမျိုးအဆွေများ၏ မဲများ ဆုံးရှုံးသွားနိုင်သည်)

(၄) ပါတီတွင်း ဒီမိုကရေစီကျင့်သုံးကြရန်၊

(၅) မြန်မာပြည်၏ အနာဂတ်ဒီမိုကရေစီသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အင်အား ချိန်ခွင်လျှာညီမျှအောင် ဆောင်ရွက်နိုင်မှုအပေါ်တွင် မူတည်သဖြင့် မိမိတို့၏ ကြိုးပမ်းမှုသည် တိုင်းပြည်၏ အနာဂတ် လစ်ဘရယ် ဒီမိုကရေစီအရေးဖြစ်ကြောင်း ယုံကြည်မှုရှိစေရန်၊ ပြည်သူအများသို့ အသိပညာပေးရန် လူထုသို့ ဝါဒဖြန့်ချိရေး ဖြစ်ပါသည်။

(၆) ပါတီအတွက် မူဝါဒလမ်းစဉ် **Ideal** တစ်ခုကို ချမှတ်ရန်၊

ယနေ့ကမ္ဘာတွင် ရှင်သန်ရပ်တည်နေသော အဖွဲ့အစည်းတိုင်းမှန်သမျှ **Ideal** ရှိကြသည်။ **Ideal** မှန်၍ မှန်သလို အဖွဲ့အစည်းသည် ရှင်သန်ရပ်တည်ကြီးထွားကာ၊ **Ideal** မမှန်လျှင် ရေရှည်တွင် ကျဆုံးသွားကြမည်။ **Ideal** မရှိသော ပါတီအနေဖြင့်

www.burmeseclassic.com



ဦးတည်ချက်မရှိဘဲ သွားချင်သလို သွားနေသော၊ ပဲ့ကိုင်ချင်သ... ပဲ့ကိုင်ခံရသော လှေကဲ့သို့ ဖြစ်လိမ့်မည်။ ပဲ့ကိုင်ကောင်းလျှင် ... ပဲ့ကိုင်၏ **Personal** ခေါ် ပုဂ္ဂိုလ်ရေးလွှမ်းမိုးမှု ကြီးထွားလာမ... ထိုလှေကြီးက ကျွေးမွေးနိုင်လျှင် ထိုလှေအပေါ် တက်ရောက်လ... ပါကြမည်။ သို့သော် တူညီသော ရည်မှန်းချက် **Ideal** မရှိ... မည်သူမျှ တက်ကြွစွာ ဝိုင်းဝန်းလှော်ခတ်ကြမည် မဟုတ်။ တို့တာ... အရေးသုံးပါးသည် နိုင်ငံရေးရည်မှန်းချက်များဖြစ်ပြီး ပြည်ထော... ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကြီးတွင် ဝါဒရေး ရည်မှန်းချက် **I**... တစ်ခု ပျောက်ဆုံးနေသည်ကို တွေ့ရသည်။ အမျိုးသားဒီမိုက... အဖွဲ့ချုပ်၏ **Ideal** မှာ "ဒီမိုကရေစီ" ဟု ယူဆနိုင်သည်။ တိုင်း... သားအဖွဲ့အစည်းများ၏ **Ideal** မှာ တတ်နိုင်သမျှ ကိုယ်ပိုင်ပြဋ္ဌာ... ခွင့်ရရှိရေး (**"Federalism"** ဟု အမည်တပ်တပ် **"Self-Dete... mination"** ဟုခေါ်ဝေါ်သော်လည်း သဘောတရား အတူတူပင်ဖြ... သည်။) ပြည်ခိုင်ဖြိုးပါတီသည် အသင်းကြီးဘဝကပင် မထင်... သော ဝါဒရေး ပြဋ္ဌာန်းချက်တစ်ခု ရှိခဲ့သည်။ ၎င်းမှာ အမျိုးသား... ရေးကို ထမ်းဆောင်ပြီး အစွန်းရောက်ဝါဒနှင့် အပြုအမူများ... ချိန်ခွင်လျှာညှိပေးရေး **Check and Balance** ဟူသော ရည်ရွယ်ချ... ရှိခဲ့သည်ဟု ကောက်ချက်ချနိုင်သည်။ ယနေ့ နိုင်ငံရေးပါတီအသွင်... ကူးပြောင်းလာချိန်တွင်မူ ထိုရည်ရွယ်ချက်သည် **Ideal** အဖြ... အသွင်ပြောင်းသင့်သည်။ ထို **Ideal** မှာ ဆန်းဆန်းပြားပြားမဟု... အစွန်းမရောက် ပျော့ပျောင်းမှုတသော လစ်ဘရယ် ဒီမိုကရေ... **Liberal Democracy** ဖြစ်သည်။ ရှိသော်လည်း မဖော်ထုတ်... ခဲ့သည့် **Liberal Democracy** ကို ပါတီ၏ ဝါဒရေးရည်မှန်းချ...





**Ideal** အဖြစ် ဖော်ထုတ်ချမှတ်ပေမည်။ သို့မှသာလျှင် ပါတီဝင်ထုကြီး ...အနေဖြင့် မိမိတို့သည် မြင့်မြတ်သော အရေးတော် **Noble Cause** ...တစ်ခုကို အကောင်အထည်ဖော်နေသူများအဖြစ် ယုံကြည်ချက် ...ပြည့်ဝ၍ ပြည်သူများအကြားတွင် ခေါင်းမော့ရင်ကော့လာကာ၊ ...တွဝေမှုများ ပျောက်ဆုံးသွားမည်။ တစ်ပြိုင်နက်တည်း ပြည်သူ ...တို့၏ယုံကြည်မှုပါ ရရှိလာမည် ဖြစ်သည်။

သို့ပါ၍ ပြည်ခိုင်ဖြိုးပါတီဝင်များအနေဖြင့် မြန်မာနိုင်ငံ၏ ...လစ်ဘရယ်ဒီမိုကရေစီဝါဒအား အနာဂတ်တွင် ထွန်းကားစေရေး၊ ...ပြည်သူ့ရပိုင်ခွင့်များရရှိရေး ဟူသော ဆောင်ပုဒ်ဖြင့် မကြောက်မရွံ့ ...တိုက်ပွဲဝင်ရမည်။ တွံတေးမြို့နယ်တွင် စာရေးသူ၏မိတ်ဆွေ လုပ်ဖော် ...ကိုင်ဖက်ဖြစ်ပြီး မြို့နယ်နှင့် ဒေသ၏အကျိုးကို စေတနာအရင်းခံဖြင့် ...မမောမပန်းတမ်း လုပ်ကိုင်သူ၊ ဒေသခံ ဝါရင့်နိုင်ငံရေးသမားကြီး ...ကရင်တိုင်းရင်းသား ဦးစောမြင့်ဆွေ ဆိုသူ ရှိပါသည်။ ဦးစောမြင့် ...ဆွေ၏ အဆိုအမိန့်များမှာ မှတ်သားစရာကောင်းလှပါသည်။ ပါတီ ...အနေဖြင့်လည်းကောင်း၊ ပါတီဝင်ထုကြီးတစ်ခုလုံး ခေါင်းဆောင်များ ...အပါအဝင် ရှုံးနိမ့်ခဲ့မှု၊ စိတ်ပျက်မှု၊ ယုံကြည်မှု ပျောက်ဆုံးခြင်းတို့ကို ...ရင်ဝယ်သိမ်းထားပါက ၂၀၁၅ တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ...ဖွံ့ဖြိုးရေးပါတီ၏ ကိုယ်စားလှယ်လောင်းများ၏ ရင်တွင်လည်း ...ကောင်း၊ အများပြည်သူ၏ အမြင်တွင်လည်းကောင်း၊ ကိုယ်စားလှယ် ...လောင်းများသည် စားစာခံများလား (သို့မဟုတ်) သူရဲကောင်းများ ...လားဟု မေးခွန်းထုတ်လာနိုင်သည်ဟု စာရေးသူအား ဆွေးနွေး ...ခဲ့ပါသည်။

ပြည်ခိုင်ဖြိုးပါတီအနေဖြင့် လိုအပ်ချက်တစ်ခုဟု ယူဆ



www.burmeseclassic.com

သည်မှာ ပါတီအတွင်း၌ ပြုပြင်ပြောင်းလဲရေးများ မ...
ဆောင်ရွက်နေသည်ကို မသိရပါ။ သေချာသည်မှာ အမျိုး...
ဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင်ပိုင်းနှင့် ယှဉ်ပါက ပါတီ...
ဆောင် အများစုမှာ အရာရှိကြီးစတိုင် ခေါက်ရိုးကျိုးနေသူ...
ဖြစ်ကြသည်။ ပြည်ခိုင်ဖြိုးပါတီ၏ ခေါင်းဆောင်ပိုင်းအများ...
အရာရှိကြီးဘဝမှ ကူးပြောင်းလာသူများ ဖြစ်ကြသည်။ နိုင်ငံ...
သမားဘဝမှ အစပြုခဲ့သည်မဟုတ်။ လူထုထဲမှ လူထုခေါင်းဆော...
အဖြစ် ပုံဖော်နိုင်ရမည် ဖြစ်သည်။ ဖဆပလခေတ်တွင်လည်းကော...
ဗြိတိသျှကိုလိုနီခေတ် အုပ်ချုပ်ရေးတွင်လည်းကောင်း။ **ICS, B...**
များဖြစ်ကြသော အမြဲတမ်းအတွင်းဝန်များနှင့် ယနေ့ခေတ် ညွှန်...
ရေးမှူးချုပ် (ယခင်အခေါ် ညွှန်ကြားရေးဝန်) များမှာ မာန်...
လွှား၍ ဟိတ်ဟန်ကြီးသူများ ဖြစ်သည်။ သူတို့မှာ ဟိတ်ဟန်ကြ...
ခွင့်ရှိသည်။ အဘယ်ကြောင့်ဆိုသော် သူတို့မှာ ရွေးကောက်...
ရန်မလိုသော ဝါရင့် အရာရှိကြီးများဖြစ်သည်။ သို့သော် ဝန်...
များမှာမူ နိုင်ငံရေးသမားများဖြစ်၍ ယနေ့ဝန်ကြီး၊ မနက်ဖြန်...
နိုင်ငံရေးသမားဘဝဖြင့် လက်ဖက်ရည်ဆိုင်များ၊ လူသူစု...
နေရာများတွင် အာဘောင်အာရင်းသန်သန်ဖြင့် လူတိုင်းကို ပြော...
ဆွေးနွေးနေပေမည်။ ပြည်သူများအကြား မိမိလာလျှင် သန့်ရှ...
လုပ်ပေးရသည့်၊ သေချာစွာပြုစုခံရသည့် ပုံစံမျိုးကို နှစ်သက်လ...
မစွန့်ခွာနိုင်လျှင် ကျရှုံးသွားလိမ့်မည်။

ပြည်ခိုင်ဖြိုးပါတီဝင် လက်ရှိအစိုးရအဖွဲ့ဝင် ဝန်ကြီး...
အနက် ၂ ဦး၊ ၃ ဦးခန့်သာ လုပ်ငန်းရှင်ကြီးဘဝမှ ဝန်...
ဖြစ်လာသူများ ဖြစ်ကြသည်။ ကျန်ရှိသည့် ပြည်ခိုင်ဖြိုးပါတီ...





...က်ရှိဝန်ကြီးအားလုံးမှာ အစိုးရဝန်ထမ်း၊ စစ်ဘက်/နယ်ဘက်
...ရာရှိကြီးအဆင့်များမှသာ ဝန်ကြီးဖြစ်လာသူများ ဖြစ်သည်။ နိုင်ငံ
...ရေးသမားများမှ ဝန်ကြီးဖြစ်လာသူများ မပါရှိ။ နိုင်ငံရေးသမား
...သူသည် မိမိယုံကြည်သော မူဝါဒ၊ ရည်မှန်းချက်ကို ဆုပ်ကိုင်ကာ
...သူအများကို မိမိ၏ဦးဆောင်မှုနောက်သို့ လိုက်ပါလာစေရန်
...ည်းရုံးရေးစွမ်းဆောင်ရည်ရှိသူများ ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံ
...ရေးသမား ဝန်ကြီးဟူသည် ထိုကဲ့သို့ စည်းရုံးရေးစွမ်းရည်ရှိသည့်
...မူဝါဒချမှတ်သူများ ဖြစ်သည်။ မြန်မာနိုင်ငံရှိ အရာရှိကြီးအများစုမှာ
**...heck, re-check, counter check** စသည့်တို့နှင့် ကြီးပြင်းလာခဲ့
...သည်။ ထိုအရာရှိကြီးများ ဝန်ကြီးများဖြစ်သည့်အခါ တပ်မတော်
...ကာကွယ်ရေးဦးစီးချုပ်၊ ဝန်ကြီးချုပ်တို့မှ တစ်ဦးတည်းဆန္ဒဖြင့်
...မူဝါဒချမှတ်မှုကို အကောင်အထည်ဖော်ရသူများသာ ဖြစ်လာသည်။
...ထိုအရာရှိကြီးတစ်ဖြစ်လဲ ဝန်ကြီးများမှာ မူဝါဒချမှတ်ရာတွင်
...ပါဝင်မှုမရှိဘဲ၊ ခေါက်ရိုးကျိုးသည့်အတိုင်း **check, re-check,**
**...ounter check** ဆိုသည့် စာရင်းစစ်လုပ်ငန်းကိုသာ လုပ်ကိုင်
...နေမည်ကို စိုးရိမ်ပါသည်။ သေချာသည်ကတော့ ပင်ကိုယ်ဝါသနာ
...မပါလျှင်၊ လေ့လာဆည်းပူးမှုမပြုခဲ့လျှင်၊ ဒီမိုကရေစီခေတ်နှင့်အညီ
...ပြောင်းလဲနိုင်လျှင် ဒီမိုကရေစီ နိုင်ငံရေးသမားမူဝါဒဝန်ကြီးအဖြစ်
...ကူးသွင်းပြောင်းနိုင်မည် မဟုတ်ဘဲ အသေးစိတ်လိုက်လံစစ်ဆေးနေ
...သော အရာရှိကြီးတစ်ဖြစ်လဲ စာရင်းစစ်ဝန်ကြီးများသာ ဖြစ်နေ
...ပလိမ့်မည်။

လက်ရှိပါတီတွင်း၌ ခေါင်းဆောင်နေသော ဝန်ကြီးဟောင်း
များလည်း ရှိနေပေဦးမည်။ ထိုသူများသည်လည်း နိုင်ငံရေးစ...ပ



www.burmeseclassic.com

www.burmeseclassic.com



များကို လေ့လာဖတ်ရှု၍ မူဝါဒချမှတ်ရေးကို အားသန်သော၊ ဝကာ
ပြောကောင်းသော၊ လူထုကို သွေးဆောင်နိုင်သော၊ ပြည်သူ့
ထိတွေ့၊ အောက်ခြေနှင့် ရိုးသားစွာ တစ်သားတည်း ပေါင်းနိုင်သော
နိုင်ငံရေးသမားများ ဖြစ်ရန်လိုသည်။ ထိုကဲ့သို့ အသွင်မပြော
နိုင်ပါက နိုင်ငံရေးသမားမဖြစ်လာဘဲ "ဝန်ကြီး အထည်ကြီးပျက်
များသာ ဖြစ်လာလိမ့်မည်ဟု စာရေးသူ၏ လုပ်ဖော်ကိုင်ဖက်
မိမိလူကြီးဟောင်းများ ကျရှုံးမည်ကို မမြင်ရက်သော ရုံး
မှူးဟောင်း နောင်တော်ကြီးတစ်ဦးမှ စေတနာဖြင့် ဝေဖန်ပြောကြ
ခဲ့ပါသည်။ NLD အနေဖြင့်မူ နိုင်ငံရေးသမားဘဝကို အလိုအလျော
ပုံဖော်ခံရသူများအဖြစ် လူထုလူတန်းစားထဲ၌ ရပ်တည်ရ
ဖြစ်ပါသည်။ ၎င်းတို့မှာ လက်ရှိတွင် ဝန်ကြီးမဖြစ်သေး၍ "ဝန်
အထည်ကြီးပျက်" ဘဝ ရောက်ရန် လိုပါသေးသည်။

သို့ပါ၍ ပါတီအနေဖြင့် ပြုပြင်ပြောင်းလဲမှု အရွေ့တစ်ရ
ဆောင်ရွက်ရမည်။ ထိုအရွေ့ကို လူထုသိရှိအောင် ဝါဒဖြန့်
ယန္တရားမှာ စိတ်ပျက်ဖွယ်ဖြစ်ပြီး ဘုန်းတော်ဘွဲ့စာပိုဒ်အတိုလေး
မှ ယခုအထိ မလွတ်နိုင်ရှာ။ (ဘုန်းတော်ဘွဲ့အရှည်ကြီး တ
သောခေတ်ကမူ ၂၀၁၁ နှစ်ဆန်းတွင် ကုန်ခဲ့ပြီ) ပြည်ခိုင်ဖြိုး
ဂျာနယ်၊ သတင်းစာအား ဖတ်ရှုလိုပါက လက်ပွေ့ရောင်းသူ
ထံတွင် မတွေ့ရှိရ။ ဤသည်မှာ ထိုပါတီကြီး၏ ဝါဒဖြန့်ချိရေးယန္တ
အောင်မြင်မှု ရှိ၊မရှိ တိုင်းတာနိုင်သော လက်တွေ့အကျဆုံး ပေ
ဖြစ်သည်။ ပြည်သူအများအနေဖြင့် ပြည်ခိုင်ဖြိုး၏ တုံ့ပြန်မှုအ
အတာကို သိရှိလိုကြသည်။ (ဘူးလက်ဦးလုဆွေ၏ တုံ့ပြန်မှုကို
လူထုများက မှန်မှန်၊ မှားမှား စိတ်ဝင်တစား လှုပ်လှုပ်ရှား





ဖြစ်သွားကြသည်။ တုံ့ပြန်မှုမရှိခြင်းအားဖြင့် ပြည်ခိုင်ဖြိုးသည် ယခင်ပုံစံအဟောင်းအတိုင်း ပြောင်းလဲမှုမရှိဟု ယူဆသတ်မှတ်ကြပေမည်။) မပြုပြင် မပြောင်းလဲလိုသော အင်အားစုများသည် ထိုပါတီအတွင်း ကြီးထွားနေပါလျှင် ခေါင်းဆောင်ပိုင်းအနေဖြင့် ၂၀၁၅ နောက်ပိုင်း ကျရှုံးမှု၏အကျိုးဆက်များကို စိတ်ဆင်းရဲစွာ ခံစားရင်း နောင်တရကြပေလိမ့်မည်။ မိမိပင်ကို စွမ်းဆောင်ရည်မရှိသူ ပါတီဝင်ထိပ်ပိုင်းအနေဖြင့် တပ်မတော်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ အားကိုးကြရပေလိမ့်မည်။

ဤတွင် မေးခွန်းတစ်ခုပေါ်လာသည်။ ပြည်ခိုင်ဖြိုးအနေဖြင့် ပါတီညီလာခံများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်သည်။ ထိုညီလာခံများတွင် မည်သို့သော လမ်းစဉ်ချမှတ်ပါသနည်း။ ပြည်သူများသို့ သိရှိအောင်ပြသရမည်။ ထို့ပြင် ပြည်ခိုင်ဖြိုး၏ ပြုပြင်ပြောင်းလဲမှု အရွေ့ရှိပါလျှင် မည်သူက ဦးဆောင်မည်နည်းဆိုသည့် ပြဿနာတစ်ရပ်နှင့် ကြုံတွေ့လာနိုင်သည်။ သမ္မတကြီးမှ ဦးဆောင်မည်လား (သို့မဟုတ်) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ဦးဆောင် မည်လားဆိုသည်မှာ မရှင်းလင်းသေး။ စာရေးသူ တင်ပြခဲ့သည့်အတိုင်း သမ္မတသည် ပါတီနှင့် ကင်းဝေးနေသည်။ သို့သော် လူထုတစ်ရပ်လုံးကမူ အစိုးရကို အာဏာရပါတီ ပြည်ခိုင်ဖြိုးအစိုးရဟူ၍သာ မြင်နေကြသည်။ လက်ရှိအခြေအနေအရ သမ္မတမှာ ပါတီနှင့် ကင်းကွာလျက်ရှိသည်။ ပါတီနှင့်နီးစပ်ပြီး ဆက်လက်ဦးဆောင်နေသူမှာ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်သူ သူရဦးရွှေမန်း ဖြစ်သည်။ သို့သော် လွှတ်တော်မှာ အစိုးရဌာနများကဲ့သို့ဖြစ်လာပြီး လွှတ်တော်အစည်းအဝေး ခေါ်ယူသောအချိန်ကာလများမှာသည်း



www.burmeseclassic.com

www.burmeseclassic.com



ကြာရှည်လွန်းလှသည်။ သို့ပါ၍ ပါတီ၏အရွေ့ကို ဦးဆောင်ရ
ပါတီ၏ပုံရိပ်ကို ပြောင်းဖို့ရန် အချိန်လုံလောက်မည် မဟုတ်
လွှတ်တော်၏လုပ်ငန်းကို လျှော့သင့်သည်။ လက်ရှိတွင် အမျိုးသား
ဒီမိုကရေစီအဖွဲ့ချုပ်၌ ဒေါ်အောင်ဆန်းစုကြည်၏ ခေါင်းဆောင်မှု
အပီအပြင် တွေ့နိုင်သော်လည်း ပြည်ခိုင်ဖြိုးတွင်မူ ခေါင်းဆော
မှုမှာ မပီပြင်ဘဲ ပျောက်ဆုံးနေသည်ဟု ယူဆရသည်။ ထို့ကြော
ခေါင်းဆောင်မှု မပီပြင်၊ အရွေ့ကိုလည်း ပြည်သူတို့ မပြနိုင်သေ
ထိုပါတီအတွက်သာမက ပြည်သူတစ်ရပ်လုံး ၂၀၁၅ လွန်
မိုးချုပ်ရပေတော့မည်။

နိုင်ငံရေးဦးဆောင်မှုတွင် အရေးပါသောကဏ္ဍမှ လွှ
နေသူမှာ တပ်မတော်ပင် ဖြစ်သည်။ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်
အတွက် တပ်မတော်၏ ပူးပေါင်းပါဝင်မှုမှာ အရေးကြီးပေသည်
တပ်မတော်ဦးဆောင်သူများအတွက် အောက်ပါအတိုင်း ရွေးချယ်
လမ်း ၂ လမ်း ရှိနေသည်။

(က) ပြည်သူ/အစိုးရတို့နှင့် လိုက်လျောညီစွာ နေထိုင်၍ ပူးပေါင်းဆောင်ရွက်မှုနည်းလမ်း

(ခ) မိမိအရေးပါအရာရောက်မှုကို မျက်စိစုံမှိတ်၍ ဖက်တွ သည့်နည်းလမ်း ဟူ၍ ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိ
မောင်းနှင်အားမှာ ကာကွယ်ရေးဘတ်ဂျက်ကို အချိုးလျှော့ချရေး
သည်။ လာဘ်ပေးလာဘ်ယူမှုအပါအဝင် စီးပွားရေး ကျရှုံးမှု
လက်သည်တရားခံများထဲတွင် ကာကွယ်ရေးဘတ်ဂျက် အလွန်အ
သုံးစွဲမှုလည်း ပါဝင်သည်။ ကာကွယ်ရေးဘတ်ဂျက်၏ ဖြစ်သင့်သ





ဝိကမူဝါဒမှာ စစ်သည်တစ်ဦးချင်း၏ လစာနှင့် စွမ်းဆောင်ရည်ကို
မြှင့်တင်၍ တစ်ဖက်မှ ဘတ်ဂျက်၏ပမာဏကို လျှော့ချရန်ဖြစ်သည်။
ထိုအတွက် လုပ်ဆောင်ရမည်မှာ တပ်မတော်အား ပြန်လည်၍
ကျစ်လျစ်စွာ ဖွဲ့စည်းရေးဖြစ်သည်။ နိုင်ငံရေးမတည်ငြိမ်သော
နိုင်ငံများတွင် စစ်တပ်ကို မျက်နှာချိုသွေးလို၍ ကာကွယ်ရေးဘတ်
ဂျက်ကို စစ်တပ်စိတ်ကြိုက် ခွင့်ပြုခြင်းအားဖြင့် မလျှော့ချနိုင်ပေ။
အနီးဆုံးဥပမာမှာ ထိုင်းနိုင်ငံဖြစ်သည်။ ဝန်ကြီးချုပ်ယင်လပ်သည်
စစ်တပ်၏ဘတ်ဂျက်ကို စစ်တပ် စိတ်ကြိုက်ခွင့်ပြုသဖြင့် ထိုင်း
တပ်မတော်သည် ဘုရင့်နန်းတော်အသိုင်းအဝိုင်း၏ အလိုအတိုင်း
ဝန်ကြီးချုပ်ယင်လတ်အပေါ် အာဏာသိမ်းရန် ခက်ခဲနေခဲ့ရသည်ဟု
ယူဆသည်။ ယနေ့ ပြည်ခိုင်ဖြိုးပါတီဦးစီးသော လွှတ်တော်သည်
ကာကွယ်ရေးဘတ်ဂျက်ကို ဖြတ်တောက်ခြင်းမရှိဟု သဘောပေါက်
ထားပြီး အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကြောင့် စစ်တပ်ကို
ပြန်လည်ဖွဲ့စည်းရေးအတွက် ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်။
စွက်ဖက်ရန်လည်း မကြိုးစားဟု တွေ့ရသည်။ ၂၀၁၅-၂၀၁၆
ဘဏ္ဍာရေးနှစ်တွင် တပ်မတော်အား ပြုပြင်ပြောင်းလဲဖွဲ့စည်းနိုင်
သော် ဘတ်ဂျက်လိုငွေမပြဘဲ ပညာရေး/ ကျန်းမာရေးတို့ကို ပိုမိုသုံးစွဲ
နိုင်ပြုသော် ပြည်ခိုင်ဖြိုးပါတီအတွက် ပြည်သူတို့၏ ယုံကြည်မှု
ရရှိလာမည်ဖြစ်သည်။

ထိုအချက်ကို တပ်မတော်အနေဖြင့်လည်း လက်ခံရမည်ဖြစ်
သည်။ တပ်မတော်နှင့် ပြည်ခိုင်ဖြိုးပါတီသည် တစ်လှေတည်းစီး၊
တစ်ခရီးတည်းသွားခဲ့သူများ ဖြစ်သည်။ ယခုအထိ လုပ်ဖော်ကိုင်ဖက်
ဖြစ်သကဲ့သို့ သွေးဖော်သွေးဖက်လည်း ဖြစ်သည်။ ပြည်ခိုင်ဖြိုးပါတီ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲနှင့် တပ်မတော်အနေဖြင့် နိုင်ငံရေးတွင် ပါဝင်ပတ်သက်
ရှိလိမ့်မည် မဟုတ်ပေ။ ပြည်ခိုင်ဖြိုးပါတီနှင့် မသင့်မြတ်၍ အခြား
များနှင့် ပူးပေါင်းသော် သူသတ်အား ဓားရိုးကမ်းသကဲ့သို့ ဖြစ်လိမ့်
ဟု စာရေးသူ သတိပေးလိုပါသည်။

တပ်မတော်ကို ကျစ်လျစ်စွာ ပြန်လည်ဖွဲ့စည်းမှု
ဘတ်ဂျက်တွင် လိုငွေပြသမှု မရှိတော့ပါက စီးပွားရေး ဦးမော့
မည်ဖြစ်သကဲ့သို့ ငွေကြေးဖောင်းပွမှု ကျဆင်းခြင်းနှင့်အတူ ပြ
တို့၏ထောက်ခံမှုကိုလည်း ရရှိမည်ဖြစ်ပါသည်။ လက်ရှိမြန်မာ
ဘဏ္ဍာရေးအခြေအနေအတွင်း တပ်မတော်ခေါင်းဆော
မျှော်မှန်းထားသည့် သမုဒ္ဒရာသွား ရေတပ် **Blue Water N**
ကြီးကို တည်ဆောက်ပါက လက်နက်များ ကိုင်ဆောင်ပြီး ဆ
ကျဆုံးသွားသော (ရော်နယ်ရီဂင်၊ မာဂရက်သက်ချာ၏ ကြယ်
ရာစစ်ပွဲ **Star Wars** ထောင်ချောက်အတွင်း မိသွားပြီး တိုင်း
ပြိုကွဲသွားသော) ဆိုဗီယက်ယူနီယံကဲ့သို့ ဖြစ်ပေလိမ့်မည်။ အိမ်
နိုင်ငံများ၏ အကြိုက်လုံးလုံး ဖြစ်သွားရတော့မည်။

စာရေးသူတင်ပြခဲ့သည့်အတိုင်း ပြုပြင်ပြောင်းလဲမှု
မရှိခဲ့သော် ၂၀၁၅ အလွန်တွင် မည်ကဲ့သို့ ဖြစ်နိုင်မည်နည်းဟူ
အချက်ကို မှန်းဆကြည့်ရန် လိုပေသည်။ အထက်တွင် တ
သည့်အတိုင်း ပြုပြင် ပြောင်းလဲမှုမရှိခဲ့သော် –

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တစ်ဖက်စောင်းနင်း **Lo**
**Slide** အောင်ပွဲခံလိမ့်မည်။

(ခ) ပြည်ခိုင်ဖြိုးပါတီသည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ
တစည်းပါတီ ရင်ဆိုင်ခဲ့ရသလို ရင်ဆိုင်ရနိုင်သ





(ထိုအရှုံးကို ရှောင်လွှဲနိုင်ရန် ၂၀၁၂ တွင် ရှိခဲ့သည့် ထောက်
ခံမဲထက် ၂ ဆသော ထောက်ခံမှုကို ရရှိရန်လိုသည်။
သူတစ်ပါး၏အမှားကိုစောင့်၍ အမြတ်ထုတ်သည်ထက်
မိမိ၏စွမ်းဆောင်နိုင်မှုကို လူထု ယုံကြည်ရန်လိုသည်။)

(ဂ) ထိုအခြေအနေတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ
အကျပ်အတည်းတစ်ခုသည် တပ်မတော်နှင့် အာဏာရပါတီ
ဒီ/ချုပ်အကြား ဖြစ်ပေါ်လိမ့်မည်။

(ဃ) အနောက်အုပ်စု၏ ထောက်ခံအားပေးမှုကို ရရှိထားသော၊
တစ်ဖက်သတ်လွှမ်းမိုးထားသော ဒီ/ချုပ် ၏ လွှတ်တော်နှင့်
ဒီ/ချုပ်ပါတီဝင်သမ္မတမှ သတ်မှတ်ပြဋ္ဌာန်းသော ဥပဒေနှင့်
အမိန့်များသည် ယခင် အာဏာပိုင်ဟောင်းများ၊ ပြည်ခိုင်ဖြိုး
ပါတီဝင်များ အပါအဝင် မသေးသောလူနည်းစု **Big**
**Minority** အတွက် စိတ်မသက်မသာစရာ ဖြစ်လာမည်။

(င) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံသူများမှ
ကျန်သောလူနည်းစုအပေါ် လွှတ်လပ်မှုနှင့် ပုဂ္ဂလိက အခွင့်
အရေးချိုးဖောက်မှု၊ အနိုင်ကျင့်မှုများ ပေါ်ပေါက်လာ
နိုင်သည်။

(စ) ထိုအခါ လက်ရှိတွင် အီဂျစ်နှင့် ဆီးရီးယားကဲ့သို့ အခြေ
အနေမျိုးများ ဖြစ်ပေါ်လာနိုင်သည်။

(ဆ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကျိုးစီးပွားများကို ထိခိုက်
လာလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဂုဏ်နှင့်ပန်းရ
သည့်ဘက်သို့ ထောက်ပံ့ကူညီရပ်တည်လိမ့်မည်။

(ဇ) လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းသည့်အတိုင်း ပုံမြဲ



www.burmeseclassic.com

ရေးကောင်စီ အစည်းအဝေးတွင် လိပ်ခဲတည်းလည်[illegible]
ပေါ်မည်။ ဒီ/ချုပ်ပါတီဝင် သမ္မတဘက်မှ သမ္မတအပါအ[illegible]
၅ ဦးသာရှိပြီး ကာကွယ်ရေးဦးစီးချုပ်ဘက်တွင် ၆ [illegible]
ရှိသည်။ သမ္မတအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ[illegible]
ရဲတပ်ဖွဲ့အားလည်း ဦးစီးချုပ်သဘောမတူဘဲ အရေး[illegible]
အခြေအနေပြဋ္ဌာန်းချက်ဖြင့် အာဏာကို လွှဲယူမရ။ သို့[illegible]
ငြိမ်ဝပ်ပိပြားမှုအတွက် အစိုးရနှင့် တပ်မတော်၌ တာ[illegible]
ရှိသည်။

(၁) ထိုဖြစ်စဉ်တွင် ရှုတ်တရက် မီးပွားဖြစ်စေသော အကြော[illegible]
တစ်ခု ပေါ်ပေါက်လာလျှင် တပ်မတော်အတွင်း ရေ[illegible]
မဝင်သော စည်းလုံးမှုမရှိပါက တပ်မတော်ပြိုကွဲပြီး [illegible]
ပြည် မီးလောင်လိမ့်မည်။

(၂) နောက်ဆက်တွဲအားဖြင့် တိုင်းပြည်သည် ၂ ခြမ်းကွဲ[illegible]
နိုင်သည်။ ကျောက်ဖြူ၏တောင်ဘက်မှစ၍ တိုင်းပြည်[illegible]
ဧရိယာအများစု ပါဝင်သော မြောက်ပိုင်းသည် မဟာမိ[illegible]
တရုတ်ပြည်၏ ထောက်ခံမှုဖြင့် တစ်ပိုင်းဖြစ်ပေါ်[illegible]
ရောဝတီ၊ ရန်ကုန်၊ သံတွဲ၊ ပဲခူးတိုင်း၊ မွန်၊ က[illegible]
တနင်္သာရီတို့သည် အနောက်အုပ်စု၏ ထောက်ခံသူ[illegible]
လက်တွင် ရှိပေလိမ့်မည်။

ဆောင်းပါး၏ခေါင်းစဉ်အတိုင်း ဤသို့ဆိုသော် တိုင်းပြ[illegible]
အနေဖြင့် ၂၀၁၅ အလွန်တွင် အမှောင်ထုလွှမ်းကာ မိုးချုပ်[illegible]
တော့မည်။ စာရေးသူမှာ မြန်မာလူမျိုးပီပီ ကံကို ယုံကြည်[illegible]
တစ်ဦးလည်း ဖြစ်သဖြင့် မြန်မာပြည်သားများ၏ သီလ၊ [illegible]





ကာဝနာစွမ်းအားများအရ ထိုကဲ့သို့ မဖြစ်ပေါ်နိုင်ဟု မျှော်လင့်ပါသည်။ သို့သော် ကံကိုယုံကြည်ရုံဖြင့် မပြီး။ လက်တွေ့တွင်လည်း အောက်ပါအတိုင်း ပြုပြင်ကြရန်ဟု တင်ပြလိုပါသည်။

(က) **အစိုးရ၊ ပြည်ခိုင်ဖြိုး၏ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညီညွတ်မှုပြန်လည် တည်ဆောက်ရန် ဘတ်ဂျက်တွင် လျှော့ချသုံးစွဲရန်နှင့် ခေါင်းကြီး၊ ကိုယ်သေးစေသော ကော်မရှင်၊ ကော်မတီများ၊ ရာထူးနေရာများ မဖန်တီးစေရန်။**

(ခ) **ပြည်ခိုင်ဖြိုးကိုယ်စားလှယ်အများစု လွှတ်တော်။** ကာကွယ်ရေးဘတ်ဂျက်ကို စိစစ်ခြင်းအားဖြင့် တပ်မတော်အနေဖြင့် မိမိဘာသာ ကျစ်ကျစ်လျစ်လျစ် ပြန်လည်ဖွဲ့စည်းစေရန်။

(ဂ) **ပြည်ခိုင်ဖြိုးပါတီ။**

(၁) ပါတီခေါင်းဆောင်ပိုင်းအနေဖြင့် လွှတ်တော်တွင် အချိန်ပေးနေရမှုကို မသာယာဘဲ လူထုအတွင်းသို့ တိုးဝင်စေရန်။

(၂) လစ်ဘရယ်ဒီမိုကရေစီဟု ကြွေးကြော်ပြီး မိမိ၏ဆောင်ပုဒ်များအတိုင်း အရွေ့ဆောင်ရွက်ရန်။

(၃) ပြည်သူများက မိမိတို့ရွေ့လျားကြောင်း သိရှိစေမည့် ဝါဒဖြန့်ချိရေးယန္တရားကို ပြင်ဆင်ရန် ထိုယန္တရား၏ စီမံခန့်ခွဲမှုကို စစ်ဆေးဖော်ထုတ်ပြီး လက်ရှိပုံစံကို အစားထိုးလဲလှယ်ရန်၊ ပြောင်းလဲရန်။

(၄) ပြည်သူများ၏ ရပိုင်ခွင့်များ **Rights** များကို မိမိတို့မှ



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်ဖော်ထုတ်ရန်နှင့် ကြားဝင် ဖြန်ဖြေပေး...
အစိုးရမှုလည်း လက်ခံစေရန်။

(၅) ပါတီဦးဆောင်မှုကို ရှင်းလင်းပြတ်သားစွာ ဖော်...
ရန်။

(၆) ၂၀၁၅ အလွန် အုပ်ချုပ်ရေးအတွက် ပြည်သူလက်...
မည့် ရည်မှန်းချက်မူဝါဒများ ချမှတ်ရန်နှင့် လို...
သည်များ ပြင်ဆင်လျာထားရန်။

(ဃ) **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

(၁) ပါတီတွင်း ဒီမိုကရေစီကို ပီပြင်စေရန်။

(၂) ပါတီဝင်များ၊ ပါတီဘက်တော်သားများအား ...
သော မတူညီကွဲပြားသည့် ပုဂ္ဂိုလ်များကို လက်...
တတ်စေရန်၊ လွတ်လပ်မှု **Freedom** နှင့် ပုဂ္ဂလ...
အခွင့်အရေး **Individual Rights** ကို လေးစား...
အတွက် ပညာပေးရန် **Radical** မှ **Liberal** ...
အသွင်ပြောင်းရန်။

(၃) ပြောင်းလွယ်ပြင်လွယ် ရှိစေရန်နှင့် နိုင်ငံရေး...
အယူကို လုပ်တတ်စေရန် **Political Bargain** (...
အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၅၉)(စ) ...
ပြင်ဆင်ရန် အင်အားပြ တောင်းဆိုနေသော်လ...
တစ်ဖက်၏စိုးရိမ်စိတ်၊ သံသယစိတ် ပြေပျောက်...
မည့် အာမခံချက်များ တင်ပြကြေညာနိုင်ခြင်းမျ...

(၄) ပါတီကို ဒေါ်အောင်ဆန်းစုကြည် ဗဟိုပြုစနစ်မှ ...
ဗဟိုပြုစနစ်သို့ ကူးပြောင်းရန်။ ထို့ပြင် ပုဂ္ဂိုလ်...





ကိုးကွယ်မှုဖြစ်ပေါ်လာနိုင်သည့် ကိစ္စများကို ပါတီ
အာဏာပိုင်များမှ တားဆီးရန်။

(စ) **တပ်မတော်**

(၁) နိုင်ငံရေးဦးဆောင်မှုကဏ္ဍမှ နိုင်ငံရေး ပါဝင်ပတ်သက်မှု
ကဏ္ဍသို့ မိမိဘာသာလျှော့ချရန်။

(၂) တပ်မတော်တွင်း ၁၉၈၈ ခုနှစ်မတိုင်မီက ရှိခဲ့သည့်
ရေပက်မဝင် စည်းလုံးမှုကို တည်ဆောက်ရန်။
ဘာသာ/လူမျိုး ပညာရေးအရ ခွဲခြားခဲ့မှုများအတွက်
လျော်ကြေး (ဝါ) တစ်ခုခု ထောက်ပံ့ရန်နှင့် နစ်နာခဲ့သူ
မိမိ၏ရဲဘော်/ရဲဘက်ဟောင်းများကို ပြန်လည်တောင်း
ပန်ရန်။

(၃) ကျစ်လျစ်စွာ ပြန်လည်ဖွဲ့စည်းခြင်း၊ ဘတ်ဂျက်လိုငွေ
နည်းပါးစေခြင်း၊ ကာကွယ်ရေးအသုံးစရိတ် လျှော့ချ
ခြင်းဖြင့် လူထု၏ပညာရေး၊ ကျန်းမာရေးကို အလေး
ထားကြောင်း ပြသရန်။ လူထု၏ ထောက်ခံမှုကို
ပြန်လည်ရယူရန်။

(၄) နိုင်ငံ၏ လုံခြုံရေးနှင့် တည်ငြိမ်မှုကို အာမခံသည့်
ကြားနေအဖွဲ့အစည်းအဖြစ် တည်ဆောက်ရန်။

(၅) ယနေ့ထက်တိုင် အထိမ်းအမှတ်အဖြစ် မစိုက်ထူရသေး
သော ကျေးဖူးရှင်ကြီးစင်စစ်ဖြစ်တော်မူခဲ့သော ဗိုလ်ချုပ်၏
ရုပ်ပုံ၊ ရုပ်တုများ ပြန်လည်စိုက်ထူခြင်းဖြင့် ပြည်သူသို့
ပြုပြင်ပြောင်းလဲကြောင်း၊ အရိပ်မည်းများမရှိတော့
ကြောင်း ပြသရန်။ (နေပြည်တော် စစ်ရေးပြကွင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်တစ်ဝက်ဖြစ်သော ဘုရင့်နောင်၊ အ
ရထာ၊ အလောင်းဘုရားတို့၏ ရုပ်တုများသာ
ကျေးဇူးရှင်အစစ်၏ရုပ်တု မရှိသေးပါ။ ဗိုလ်ချု
လွတ်လပ်ရေးမရယူခဲ့ပါက ယနေ့တပ်မတော်၏
ချုပ်ကြီးများသည် ဗြိတိသျှဗမာ့တပ်မတော်တွင် ယ
ကဲ့သို့ ရာထူးများ ရရှိမည်မဟုတ်ပါ။)

ဤစကားမှာ စာရေးသူ၏ စကားမဟုတ်ပါ။ အမေရိက ဗိုလ်ချုပ်ကြီး ကိုလင်ပါဝယ်လ်၏ ပြောစကားဖြစ်ပါသည် ကိုလင်ပါဝယ်လ်၏ မိဘများသည် ဂျမေးကားကျွန်း (ဗြိတိ အင်ပါယာ)မှ အမေရိကန်ပြည်ထောင်စုသို့ မပြောင်းရွှေ့ခဲ့ပါ သူသည် ဗြိတိသျှတပ်မတော်တွင် အရာခံဗိုလ်ကြီးအဆင့်သာ လိမ့်မည်ဟု သူ၏ **"My American Journey"** စာအုပ်တွင် ဖော် ထားခဲ့ပါသည်။ (၂၀၀၄ ခုနှစ် တပ်မတော် နေ့ စစ်ရေးပြအ အနားအား ဖော်ပြထားသော သတင်းစာပါ ဓာတ်ပုံများတွင် ဖခင် အဘိုး၊ အဘေး ၃ ဦး၏ အရိပ်အောက်တွင် ဝင့်ထည်ဂုဏ်ယူ ကောင်းလွန်းလှသော မြန်မာ့တပ်မတော်ကြီး၏ ဒိုးကျည်ပုံများ တွေ့ရပါသည်။)

စာရေးသူ၏ ဤဆောင်းပါးမှာ မြန်မာ့နိုင်ငံရေး၏ အ ဇာတ်ကောင်များအကြောင်းကိုသာ ရေးသား ဖော်ပြထားပါသည် တိုင်းရင်းသားပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပ သက်၍ ထဲထဲဝင်ဝင် မသိရှိ၍ ရေးသားဝေဖန် ထောက်ပြ မပြုတော့ပါ။ သို့သော် ၎င်းတို့နှင့်ပတ်သက်၍ ထူးခြားချက်အချို့ မှ တင်ပြလိုပါသည်။ ၎င်းတို့မှာ –





(က) ပြည်တွင်းအခြေစိုက် တိုင်းရင်းသားပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် ပြည်ထောင်စုမှ ခွဲထွက်ရေးဟူသော အသုံးအနှုန်းကို မသုံးတော့ပါ။

(ခ) သို့သော် အပြောတွင်သာ ဖက်ဒရယ်မှု အမည်ခံသော်လည်း လက်တွေ့တွင် လက်နက်ကိုင်အဖွဲ့အစည်း များ၌ ဆန့်ကျင်ဘက် ကွန်ဖက်ဒရိတ်ပြည်ထောင်စု **Confederation** အယူအဆများ လွှမ်းမိုးနေဆဲဖြစ်ကြောင်း တွေ့ရသည်။

(ဂ) တိုင်းရင်းသားပါတီများအနေဖြင့် လူမျိုးအလိုက် ဖွဲ့စည်းသောပါတီများ ဖြစ်သည်။ ဒေသအလိုက် လူမျိုးအားလုံး ညီညွတ်စွာဖြင့် ဖွဲ့စည်းသောပါတီဟူ၍ မတွေ့ရှိရသေးပါ။

(ဃ) ပြည်နယ်များမှာ လူမျိုးအလိုက် နာမည်ခံထားသော်လည်း ချင်းပြည်နယ်တစ်ခုသာ ချင်းတိုင်းရင်းသားများ သီးသန့်ဟု ပြောနိုင်သည်။ ကျန်ပြည်နယ်များတွင် လူမျိုး အမျိုးအစားများမှာ ရောထွေး ယှက်တင်ရှိလှသည်။

(င) သို့ပါ၍ အမျိုးသားရေးစိတ်ဓာတ် အခြေခံ၍ ပြည်ထောင်စုကို တည်ဆောက်မရကြောင်း တွေ့ရသည်။ တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့်သာ တည်ဆောက်နိုင်သည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်တွင် အများစုမှာ ကချင်လူမျိုးမဟုတ်ဘဲ၊ ရှမ်းနှင့်ဗမာ အပေါင်းအစုမှသာ အများစုဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ် တောင်တန်းဒေသ စုံစမ်းရေးကော်မရှင်မှ အသိအမှတ်ပြုပြီး ဖြစ်သည်။

(စ) သို့ပါ၍ အမျိုးသားရေးစိတ်ဓာတ်များ အလွန်အကျွံဖော်ထုတ်ခြင်းဖြင့် ပြည်နယ်အတွက်လည်းကောင်း၊ လူမျိုး



www.burmeseclassic.com

www.burmeseclassic.com



အတွက်လည်းကောင်း၊ ပြည်ထောင်စုအတွက်လည်းကော
အကျိုးမရှိကြောင်း တွေ့ရှိရသည်။ အမျိုးသားရေး
စတ် ပြင်းထန်လွန်းလျှင် မလိုလားအပ်သော အဓိကရု
များသာ ဖြစ်ပေါ်နိုင်သည်။

(ဆ) 'ဝ' ဒေသတွင်မူ ရှုံးသုံးစာအား တရုတ်စာ၊ ဖွဲ့ကြေ
တရုတ်ယွမ်ကို သုံးစွဲသည်ဟု သိရှိရသည်။ တရုတ်စာ
တရားဝင်စာအဖြစ် သုံးစွဲခြင်းဖြစ်ပါက အလွန်ဝမ်းနည်း
ဖြစ်ပါသည်။ တရုတ်ယဉ်ကျေးမှုသည် ကြီးမားလွန်း
သမိုင်းတစ်လျှောက် ၎င်းတို့အား ဗိုလ်ကျကျွန်ပြုခဲ့သေ
မွန်ဂိုနှင့် မန်ချူး စသည်တို့သည် နောက်ဆုံးတွင် တ
ယဉ်ကျေးမှု၏ သိမ်းသွင်းမှုအရ တရုတ်များ ဖြစ်သွား
ယနေ့ မွန်ဂိုအစစ်မှာ လက်တစ်ဆုပ်စာသာရှိသည်။
ဒေသလူဦးရေမှာ တရုတ်နှင့်ယှဉ်ပါက သေးငယ်လွန်း
ဤအတိုင်းသွားပါက ရာစုနှစ် တစ်စုအတွင်း 'ဝ'လူ
ဆိုသည်မှာ ရှိတော့မည် မဟုတ်။ သို့ပါ၍ ညီအစ်ကိုေ
ရှမ်းပြည်နယ်၊ ဖခင်ပြည်ထောင်စုကြီးအတွင်းမှ
အေးချမ်းစွာနေထိုင်ရင်း ရိုးရာစာပေ ယဉ်ကျေးမှု
လူမှုဘဝတိုးတက်အောင် ငြိမ်းချမ်းစွာ ကြိုးပမ်းရမည်
ပေသည်။

စာရေးသူအနေဖြင့် ဤဆောင်းပါးကို သေချာသွာ စ
ပြီး အချိန်ယူ၍ ရေးခဲ့ရပါသည်။ လူတိုင်း တိုင်းပြည်ကိုချစ်ကြပါသ
ချစ်စိတ်ရှိကြပါသည်။ သို့သော် မိမိနှင့် မိမိအဖွဲ့၏ ကိုယ်ကျိုးစ
နှင့် ဆန့်ကျင်ဘက်ဖြစ်ပါက တိုင်းချစ်ပြည်ချစ်စိတ်မှာ ဒုတိယတ





ရောက်သွားတတ်ပါသည်။ သို့ပါ၍ အထက်ပါ ပြုပြင်ပြောင်းလဲ
မှုများကို ဆောင်ရွက်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်
လေးစားမှုဖြင့် ရပ်တည်ကြသော ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်
သော **Check and Balance** ကို တည်ဆောက်ပြီးသကာလ ကမ္ဘာမှ
လေးစားရသော ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်ခုအဖြစ် ၂၀၁၅ ခုနှစ်
အလွန်တွင် ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ဤကဲ့သို့ မပြုပြင်ကြပါလျှင်
နိုင်ငံရေးအကျပ်အတည်းတစ်ခုနှင့် မလူးသာ၊ မလွန့်သာဖြစ်၍
နိုင်ငံအနေဖြင့် "မှိုချုပ်လိမ့်မည်ဖြစ်ကြောင်း" လေးစားစွာ တင်ပြ
အပ်ပါသည်။

ဒေါက်တာအောင်မျိုး
၄. ၁. ၂၀၁၅

◆◆◆

## ဘာတွေဖြစ်ကုန်ကြပြီလဲ

ရေးသူ - ဦးလှဝင်း(လေသူရဲတစ်

'နတ်ကရာ ကျီးမော့'ဆိုတဲ့ ကျွန်တော်တို့ မွန်တွေ သုံး
ရှိတဲ့စကားပုံက တခြားလူတွေအတွက်တော့ ဘယ်လောက်မှန်တ
မမှန်တယ် မသိပါဘူး။ ကျွန်တော့်အတွက်တော့ လုံးဝမှန်နေပါတယ်
ရွေးကောက်ပွဲဝင်တဲ့လူမဟုတ်ဘဲ ရွေးကောက်ပွဲဝင်တဲ့လူ
အမတ်လောင်းအတွက် မဲဆွယ်တဲ့လူတွေရဲ့ လုပ်ရပ်တွေကို ကြည့်
ကိုယ်လုပ်ရမယ့် အလုပ်တွေကို ဘာမှမလုပ်နိုင်ဘဲ ဖြစ်နေခဲ့ရပါတယ်

၇. ၁၁. ၂၀၁၅ ရက်နေ့။ ရွေးကောက်ပွဲအကြိုနေ့ပေါ့ခင်ဗျာ

အဲဒီနေ့မှာ ဘာတွေဖြစ်လာမှာလဲလို့ အမျိုးမျိုးတွေ
ကြောက်ပြီး ဟိုလူ့ကို ဖုန်းဆက်လိုက်၊ ဒီလူ့ကို ဖုန်းဆက်လိုက်
တစ်နေ့လုံး ဘယ်လိုကုန်သွားမှန်းတောင် မသိပါဘူး။

၈. ၁၁. ၂၀၁၅ ရက်နေ့။

ရွေးကောက်ပွဲနေ့ပေါ့ခင်ဗျာ။

"ဟဲ့ … တို့ ဒီနေ့ မဲစောစောသွားပေးကြရအောင်"

"အို … ဖေဖေကလည်း တယ်ခက်ပါလား။ အစော





မှာရင် အရှည်ကြီး တန်းစီနေရလိမ့်မယ်။ နေ့လယ် ထမင်းစား
ပြီးရောက်မှ သမီးတို့ မဲသွားပေးမယ်"

မှန်ပါတယ်။

နေ့လယ် ၁၂ နာရီလောက်မှာ ကျွန်တော်တို့မဲသွားပေးတော့
လွှန်အဆင်ပြေပါတယ် ခင်ဗျာ။

လုံးဝ တန်းမစီရပါဘူး။

ပြဿနာလည်း ဘာမှမကြုံတွေ့ရပါဘူး။ ငါးမိနစ်၊ ဆယ်
မိနစ်လောက် အချိန်အတွင်းမှာပဲ ကိုယ်ပေးချင်တဲ့ မဲတွေကို ချောချော
မောမော မဲပုံးထဲထည့်ပြီး အိမ်ပြန်လာနိုင်ခဲ့ပါတယ်။

နောက် ည ၇ နာရီလောက်ရောက်လာတော့ 'နတ်ကရာ
ကျီးမော့' တဲ့အလုပ်က စလာပြန်ရောခင်ဗျာ။

"ဟော့ … ဘယ်သူတွေ နိုင်လဲ"

"ဘယ်မဲရုံမှာ ဘယ်လိုအခြေအနေရှိလဲ"

"မဲတွေရေတွက်တော့ ဘာပြဿနာတွေ ပေါ်သေးလဲ"

တယ်လီဖုန်းတစ်လုံးနဲ့ ဟိုဆက် ဒီဆက် လုပ်မိပြန်တယ်
ဗျာ။

ည ၁၂ နာရီလောက်အချိန်အထိပါပဲ။

အိပ်တော့လည်း အိပ်လို့မပျော်ဘူး။

ဟော … ဒီနေ့ … ။

၉. ၁၁. ၂၀၁၅ ရက်နေ့ … ။

မနက်မိုးလင်းလို့ **Facebook** ကို ဖွင့်လိုက်တာနှင့် အနိုင်
ရမဲ မဲစာရင်းတွေက တက်လာနေပြီ။

"ဟဲ့ … နိုင်တဲ့သူတွေအကုန်လုံးက **NLD** တွေချည်း



www.burmeseclassic.com

www.burmeseclassic.com



ပါပဲလား''

ကိုယ့်မျက်စိကို ကိုယ်တောင် မယုံနိုင်ပါဘူး။

တယ်လီဖုန်းတစ်လုံးနဲ့ ဟိုလူ့ဆီဆက်၊ ဒီလူ့ဆီဆက်။

ဟော ... သေချာပါပြီ။

NLD က အပြတ်အသတ်ကို နိုင်သွားပါပြီ။ အနိုင်... နေရာတွေ များလွန်းလို့ မယုံရခက် ယုံရခက် ဆိုတာမျိုးတော... ရင်ထဲမှာ ဖြစ်ချင်လာပါတယ်။

မှန်ပါတယ်။

NLD ပါတီနိုင်လိမ့်မယ်ဆိုတာကတော့ မျှော်လင့်ထား... သားပါ။ ဒါပေမဲ့ ခုလို အပြတ်အသတ်ကြီး နိုင်လိမ့်မယ်လို့... မမျှော်လင့်ထားမိပါဘူး။

ချက်ချင်းတွေးလိုက်မိတယ်။

**ကြံ့ခိုင်ရေးပါတီ ဘာကြောင့် အပြတ်အသတ်ရှုံး... သလဲ။**

**အဖြေကတော့ ရှင်းပါတယ်။**

**ကြံ့ခိုင်ရေးပါတီရဲ့လုပ်တွေ အကုန်မှားနေတဲ့အတွ... ကြောင့်ပါပဲ။**

ယခင်တစ်ပတ်က ကျွန်တော်ရေးခဲ့တဲ့ 'ဦးသိန်းစိန် ... ဘာလုပ်သင့်သလဲ' ဆောင်းပါးမှာ အကုန်ဖော်ပြခဲ့ပြီးပါပြီ။

သမ္မတကြီးဦးသိန်းစိန်ရဲ့ အစွမ်းသတ္တိက သူစတက်လာ... ပထမ ၂ နှစ်ကျော်လောက်ပဲ သူ့ရဲ့ကိုယ်ရောင်ကိုယ်ဝါ ... ထိန်လင်းနေတာကို ပြနိုင်ပြီး တဖြည်းဖြည်း အရောင်မြန်မှိန်... လာပါတယ်။





**ဒီနေ့ရွေးကောက်ပွဲအချိန် ရောက်တော့ သူ့ကိုယ်ရောင် ကိုယ်ဝါ မီးတွန်းကြည့်မှမြင်ရမယ့်ဘဝ ရောက်ကုန်ပါပြီ။**

**မိမိပါတီနိုင်ငံရေးအကျိုးအတွက် ကြံ့ခိုင်ရေးပါတီအနေ... ကျဉ်းမြောင်းတဲ့ လူမျိုးရေးပြဿနာ၊ ကျဉ်းမြောင်းတဲ့ ...ဘာသာရေးပြဿနာ၊ ကျဉ်းမြောင်းတဲ့ မျိုးချစ်စိတ်ဆိုတာတွေ ...ကို ချသုံးခဲ့တယ်လို့ ကျွန်တော် မပြောပါဘူး။**

**မစွပ်စွဲပါဘူး။**

**ဒါပေမဲ့ 'မပြေးသော် ကန်ရာရှိ' ဆိုတဲ့စကားအတိုင်း ...ဖြစ်ခဲ့ရပါတယ်။**

မုဒိမ်းမှုကစခဲ့တဲ့ ရခိုင်ပြဿနာ ... အဲ ... ရခိုင်မီးကို ...ျက်ချင်းမငြိမ်းသတ်နိုင်ခဲ့တဲ့အတွက် လူထုကို ထင်ယောင် ...င်မှားအဖြစ်မျိုး ပေါ်လာစေပါတယ်။ မိမိပုံရိပ်ကို ထိမှန်းမသိ ...စေခဲ့ပါတယ်။

တိုင်းပြည်မှာ မဆုံးရှုံးသင့်၊ မနစ်နာသင့်တာတွေကို ...ုံးရှုံးနစ်နာမှု ပေါ်စေခဲ့ပါတယ်။

နောက် ဦးသန်းရွှေခေတ်က အမြစ်တွယ်ခဲ့တဲ့ တောင်သူ ...ယ်သမားတွေ လယ်သိမ်းခံ ယာသိမ်းခံ ပြဿနာဟာ ဦးသိန်း ...န်ခေတ်မှာ နံပါတ် (၁) ဦးစားပေးဖြေရှင်းမယ့် ပြဿနာပါ။

သူ ဖြေရှင်းပါတယ်။

ဒါပေမဲ့ ပြေလည်သွားအောင် မဖြေရှင်းပေးနိုင်ပါဘူး။

**...ောက်ဆုံး အသိမ်းဆည်းခံ လယ်ယာမြေတွေ အပေါ် အခြေ ...ပြီ၊ ပေါ်ပေါက်လာတဲ့ အမှုအခင်းတွေကို သာမန်တရားမမှု ...အဆင့်မှာ မထိန်းထားဘဲ နောက်ဆုံး ရာဇဝတ်မှုတွေအဖြစ်**



www.burmeseclassic.com

**အသွင်ပြောင်းပြီး ထောင်ချတဲ့ပြစ်ဒဏ်တွေပေးခဲ့တာ ဝင်းရှ**
**စရာအကောင်းဆုံး အမှားတစ်ခုပါပဲ။**

ပြည်သူကို မေတ္တာမဲ့စေတဲ့လုပ်ရပ်ဖြစ်ခဲ့ပါတယ်။ ဒီ
ရွေးကောက်ပွဲမှာ တောင်သူတွေ နာကြည်းပြီး ကြံ့ခိုင်ရေးပါတီ
မဲမပေးခဲ့ကြတာ ဒီပြဿနာက အခြေခံစတ်ချဖြစ်နေတာ အလွန်ပြ
ခက်ပါတယ်။

နောက် ... လက်ပံတောင်းတောင် ကြေးနီစီမံကိ
ပြဿနာရဲ့အခြေခံကလည်း ဒီမြေယာပြဿနာပါပဲ။

ယခင် အိုင်ဗင်ဟိုးကုမ္ပဏီစီမံကိန်းကို လုပ်ကိုင်နေစဉ်
ဒီဒေသခံတွေနှင့် ဘာပြဿနာမှ မရှိခဲ့ပါဘူး။

ဦးသိန်းစိန်ခေတ်ရောက်မှ ဒီဒေသခံတွေနဲ့ ဘာကြော
ပြဿနာပေါ်ရသလဲ။

ဘာကြောင့် အိုင်ဗင်ဟိုးကုမ္ပဏီခေတ်က အခြေအနေ
ရောက်အောင် ပြုပြင်မှုတွေ မလုပ်တာလဲ။

အကြောင်းတွေ ရှိပါတယ်။

**ဒီအကြောင်းတွေကို ဖုံးကွယ်ထားပါတယ်။**
**အကြောင်းက လူတစ်စုက အကျိုးစီးပွားပါ။ ဒီစီးပွားကို က**
**ကွယ်နေတာပါ။ ဒီကာကွယ်မှုကြောင့် အစိုးရအပေါ် အဆို**
**ဝါဒတွေပေါ်လာပြီး စစ်ကိုင်းတိုင်းဒေသနေ လူထုအနေ**
**ကြံ့ခိုင်ရေးပါတီအပေါ် ဆန့်ကျင်မဲပေးမှုတွေ ပြုခဲ့တာဟုဆိုလျှ**
**မှားနိုင်သလားခင်ဗျား။**

နောက် ... လူ့အခွင့်အရေး ... ။

လွတ်လပ်စွာ ဆန္ဒထုတ်ဖော်နိုင်မှု။





ဒီနေ့ လူတွေမကြိုက်ဘူးလို့ လူပြောများနေတဲ့ ၂၀၀၈
ဖွဲ့စည်းပုံအခြေခံဥပဒေမှာပဲ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ပိုင်ခွင့်တွေ
ပေးထားပါတယ်။

ကျွန်တော် မှတ်မိသလောက် လွှတ်တော်မှာလည်း ဒီအခွင့်
အရေးကိုပေးဖို့ စနစ်တကျ ဥပဒေပြုစု အတည်ပြုခဲ့ပြီးပါပြီ။

အာဏာပိုင်ထံ ခွင့်ပြုချက်တောင်းကြမယ့်နေရာမှာ ကြိုတင်
အသိပေးအကြောင်းကြားရန်ဆိုတာကို ပြင်ထားပါတယ်။

ဒါပေမဲ့ ဦးသိန်းစိန်က အတည်ပြုလက်မှတ်ထိုးပြီး ဒီနေ့အထိ
ဥပဒေအဖြစ် မထုတ်ပြန်သေးပါဘူး။

ဒီတော့ ဘာဖြစ်လဲ။

ဆန္ဒထုတ်ဖော်တဲ့လူတွေကို ရဲက ခွင့်ပြုချက်မရဘဲ ပြုလုပ်
လို့ဆိုပြီး ဖမ်းတဲ့ပြဿနာတွေ ပေါ်လာတော့တာပေါ့ခင်ဗျား။

နောက် ... ပိုဆိုးတာက ခွင့်ပြုချက်မယူဘဲ ဆန္ဒပြတဲ့
လုပ်ရပ်က အလွန်သေးငယ်တဲ့အမှုလေး။ ဒါပေမဲ့ အစိုးရကို အကြည်
ညိုပျက်စေမှုဆိုတဲ့ ပုဒ်မကြီးကိုပါ ပူးတွဲတပ်ပြီး တရားစွဲခိုင်းတော့
ကြက်စုတ်လောက်ရှိရမယ့်အမှုက ဆင်လောက်ကြီးတဲ့ အမှုကြီး
ဖြစ်သွားပါပြီ။

ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ နိုင်ငံတိုင်းမှာ ပေးထားတဲ့
အခြေခံလူ့အခွင့်အရေးတွေကို သမ္မတ ဦးသိန်းစိန်အစိုးရ
ဘာကြောင့် မြန်မာနိုင်ငံမှာ မပေးရဲတာလဲ။

ဘာကြောင့်ဥပဒေထုတ်ပြန်ဖို့ တုံ့ဆိုင်းနေရတာလဲ။
ဘာကြောင့် မိမိပုံရိပ်ကို ထင်ယောင်ထင်မှား ဖြစ်စေနိုင်တဲ့
ရှုပ်ယှက်အဖွဲ့တစ်ခုက တင်ပြလာခဲ့တဲ့ ဥပဒေကြမ်းကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလွှတ်တော်တင်ပေးပြီး ချက်ချင်းလက်မှတ်ထိုး ... ပြန်ပေးခဲ့တာလဲ။ ဒါ သိက္ခာပြဿနာ Moral Issue ၊ ... ဥပဒေပြဿနာ Legal Issue မဟုတ်ဘူး။

ခေတ်ဆိုတာ ခေတ်ဟောင်းထက် ခေတ်သစ်က တိုးတ... ရပါမယ်။

ကျွန်တော် ဦးသန်းရွှေကို အပြစ်မတင်ပါဘူး။

သူ့ခေတ်မှာ သူ ကောင်းတယ်ထင်တာတွေ လုပ်သ... ခဲ့ပြီးပြီ။

သူ့ခေတ်မှာ သူမလုပ်သွားနိုင်တာတွေ၊ လုပ်သွား... မမှန်တာတွေ၊ အားနည်းချက်ရှိတာတွေ အများကြီးရှိနိုင်... တယ်။

ဥပမာ – နေပြည်တော်ဆိုပြီး မြို့သစ်ကြီးတည်ခဲ့... မှားသလား၊ မှန်သလား။

ဆည်တွေ၊ တံတားတွေ၊ ကြက်ဆူပင်တွေ စိုက်ခဲ့... မှန်သလား။

ဦးသိန်းစိန်က ဦးသန်းရွှေခေတ်က အမှန်တွေကို ... ထားပြီး အမှားတွေကို လက်ညှိုးထိုးပြီး ပြင်ရပါမယ်။ ဥပ... – ဦးသန်းရွှေခေတ်က ပြုစုခဲ့တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း... ဗိုပြီးကောင်းတဲ့ ဥပဒေသစ်ဖြစ်အောင် ပြင်ဆင်ရပါမယ်...

မပြင်ဆင်ခဲ့ပါဘူး။

အဆိုးဆုံးက ဦးသိန်းစိန်ရဲ့ ကြံ့ခိုင်ရေးပါတီရဲ့ မဲဆွယ်စည်း... ပုံတွေပါပဲ။

ရေကြီးရေလျှံဖြစ်ခဲ့တဲ့ အချိန်ကစပြီး ဒီနေ့ စားကုန်သောက်...





...ကုန်ဈေးတွေ ခုန်တက်နေပါတယ်။ အခြေခံ လူအများစားတဲ့ ...ဆန်ဈေးက တစ်ပြည် ၁၂၀၀ ကျပ်မှ ၁၈၀၀ ကို ခုန်တက်သွားပါပြီ။ ...ကြက်သွန် ၁၀ သားက ၁၂၅ ကျပ်က ၂၅၀ ကျပ်ဖြစ်သွားပါပြီ။ ...အခြေခံကုန်ဈေးနှုန်းတွေ ပြန်ကျဖို့ ဘယ်လိုလုပ်ကိုင်ပေးမယ် ...ဆိုတာ သူတို့ မဲဆွယ်စည်းရုံးရေးမှာ တစ်လုံးမှ ပြောဆိုသွား...တာ ကျွန်တော် မကြားပါဘူး။

ဘာမှမဆိုင်တဲ့ သူတို့ပါတီရဲ့အစိမ်းရောင်က သိပ်လှ...တယ်။ မျက်စိကို အေးစေတယ်။ NLD ရဲ့အနီရောင်က မှု...တယ်။ သွေးရောင်၊ အစိမ်းလို မလှဘူး။ ဒါတွေပဲ ပြောသွား...တယ်။

ဒါတွေက လူထုက စိတ်မဝင်စားဘဲ။

အဆိုးဆုံးက ဒီဘားမားက မြန်မာနိုင်ငံကို နစ်ကြိမ်...လာတော့ နစ်ကြိမ်နမ်းရတာပေါ့ဆိုတဲ့ စကားမျိုးက ပြောဆို...ရှင့် သူ့ရဲ့နိုင်ငံရေးပါတီအဆင့်ကို အလွန်နိမ့်ကျသွားစေတဲ့ ...စကားတွေ ...။

ဒီနေ့ ရေကြီးရေလျှံဒဏ်ခံရတဲ့ဒေသက လူတွေက ပြန်...လည်ထူထောင်ရေးနှင့်ပတ်သက်ပြီး အလွန်ဒုက္ခရောက်နေပါတယ်။ ...သူတို့ကို ဘယ်လိုကယ်ဆယ်ဖို့ စီစဉ်ထားတယ်ဆိုတဲ့ ရည်ရွယ်...ချက်မျိုးကို ရှေ့တန်းတင် ပြောသင့်ပါတယ်။

မပြောခဲ့ကြပါဘူး။

ဒီကြားထဲ ရွေးကောက်ပွဲလုပ်ဖို့ တစ်လ နှစ်လအလိုမှာမှ ...ပါတီအတွင်း အာဏာသိမ်းပွဲလို့ နာမည်ကြီးတဲ့ ပြဿနာမျိုးကို ...အပေါ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွေးကောက်ပွဲအတိုင်ခင် သုံးလေးရက်အလိုမှာမှာ ...
နေတယ်ဆိုတဲ့ ကျောင်းသားသမဂ္ဂက ကလေးတွေကို မရှာ...
ရှာဖမ်းပြတယ်။

ဒီကလေးတွေက ရာဇဝတ်မှုကြီးကြီးမားမား ပြု...
ထားတဲ့ ကလေးတွေမှမဟုတ်ဘဲ။ ရွေးကောက်ပွဲအလွန်က...
မှ ဖမ်းတော့ရော ဘာဖြစ်သလဲခင်ဗျား။

ကျွန်တော်တင်ပြချင်တဲ့ အချုပ်ကတော့ ကြံ့ခိုင်...
ပါတီနဲ့ သူတို့ ဦးဆောင်တဲ့ အစိုးရအဖွဲ့က လူထုတစ်ရပ်...
အကြီးဆုံး၏။

လူထုကို လက်တွဲမယ်။

လူထုရဲ့ဆန္ဒကို မိမိတို့ဆန္ဒဖြစ်အောင် လုပ်မယ်။

အဲ ... ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်...
သူတို့အစိုးရတက်လာစ အချိန်ကစပြီး မိမိအကျိုး။ မိမိ...
အကျိုးထက် ပြည်သူ့အကျိုးကို အမြဲရှေ့တမ်းတင်ထားမယ်...
လူထုနဲ့ တစ်သားတည်းဖြစ်အောင် အမြဲနေထိုင်ကြမယ်...
ဒီနေ့လို ဘာမှခွက်ခွက်လန် ရှုံးစရာအကြောင်း မရှိဘူး ဆို...
ပါပဲ။

ဦးလှဝင်း(လေသူရဲတပ်...

၉·၁၁·၂၀...

❖ ❖ ❖





...နိုင်ငံရေးအတဲဖြတ်သုံးသပ်မှုများ ထွဲချော်ခဲ့ကြတဲ့ ၂၀၁၅ ရွေးကောက်ပွဲ

ရေးသူ - ကျော်ဇောလင်း

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်တွေက အချိုးကွေ့တွေ များ
...တယ်။ အုံ့ဩစရာဖြစ်စဉ်တွေနဲ့အတူ အနိမ့် အမြင့်အတက်အကျ
...တွေနဲ့ တည်ငြိမ်မှုဆိုတာ အတော်လေး ရှားပါးလွန်းခဲ့တယ်။ သမိုင်း
...ကြောင်းတစ်လျှောက်ကို ပြန်ကြည့်ရင် လွတ်လပ်ရေးကြိုးပမ်းမှု
...ကာလတစ်လျှောက် နိုင်ငံရေးဖြစ်စဉ်တွေထက် လွတ်လပ်ရေးရပြီး
...နောက်မှာရှိခဲ့တဲ့ နိုင်ငံရေးဖြစ်စဉ်တွေက အဆမတန် ပိုမိုရှုပ်ထွေး
...ပါတယ်။

လွတ်လပ်ရေးရပြီးနောက်မှာလည်း လက်နက်ကိုင် တော်
...လှန်ရေးတွေကြောင့် တိုင်းပြည်ဟာ တည်ငြိမ်မှု မရခဲ့ပါဘူး။ နောက်
...မှာ စစ်အာဏာသိမ်းမှုတွေနဲ့အတူ တိုင်းပြည်ကလည်း အာဏာ
...စနစ်အောက် နှစ်ပေါင်းများစွာ ကျရောက်သွားခဲ့ရပါတယ်။
...အာဏာရှင်စနစ်ကို လူထုက ရှုပ်ရှုပ်ချချတော်လှန်ခဲ့ကြပြီး ၁၉၈၈
...နောက်ပိုင်း နှစ်ပေါင်း ၂၂ နှစ်အကြာကျမှ တိုင်းပြည်ဟာ အပြောင်း
...အလဲတစ်ခုအတွက် လမ်းစတစ်ခု စရခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၁ မှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုတဲ့ စဉ်ပြောင်းတပ်ပြီး သမ္မတဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရသစ် တက်လာခဲ့တယ်။ ဦးသိန်းစိန်လက်ထက် ငါးနှစ်တာအတွင်းမှာ ဟာ သူတို့ရဲ့ အဓိက အခြေခံလိုအပ်ချက်တွေအပေါ် အ အထည် ဖော်ပေးနိုင်မှု အားနည်းခဲ့လို့ အပြောင်းအလဲဟာ မှုမရခဲ့ဘူးလို့ ဝေဖန်ခံရတယ်။ ဒီတော့ ၂၀၁၅ ရွေးကောက်ပွဲ စစ်မှန်တဲ့ အပြောင်းအလဲဖြစ်ဖို့ အားလုံးက ဝိုင်းဝန်းတော ကြတယ်။ ပြည်သူတွေလိုချင်တဲ့ အပြောင်းအလဲဟာ ရွေးကော ကနေပဲ မှန်မှန်ကန်ကန် ဖော်ဆောင်သွားနိုင်မယ်လို့ အား ယုံကြည်ကြတယ်။ ဒါကြောင့်ပဲ ပြည်သူတွေဟာ တိုင်းပြ လိုအပ်နေတဲ့ အပြောင်းအလဲဖြစ်ဖို့ အရပ်သားအစိုးရသစ်တ ထွက်ပေါ်လာအောင် အရွေ့တစ်ခုအတွက် ဝိုင်းတွန်းကြတယ်

ဒါကြောင့် နိုဝင်ဘာ ၈ ရက်မှာ လုပ်ခဲ့တဲ့ ၂၀၁၅ အထွေ ရွေးကောက်ပွဲကြီးမှာ အပြောင်းအလဲအတွက် ပြည်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ကို ပြတ်ပြတ်သား ထောက်ခံလိုက်ကြတယ်။ ရွေးကောက်ပွဲမတိုင်မီ လအနည်း အတွင်းမှာ ပြည်သူတွေဟာ အပြောင်းအလဲအတွက် ဝေဝေ သေးတယ်။ လက်ရှိအာဏာရပါတီကလည်း အပြောင်းအလဲတွေ ပြီးခဲ့ပြီ။ သမ္မတဦးသိန်းစိန်လက်ထက်မှာ ဘာတွေတိုးတက်လာ ဘယ်လိုတံခါးတွေ ဖွင့်ထားတယ်။ ငြိမ်းချမ်းရေးတွေ ဘယ်လို ဆောက်နေတယ်။ အစိုးရအဖွဲ့ထဲက ပြည်ထောင်စုဝန်ကြီး ရွေးကောက်ပွဲအတွက် ငွေကြေးအမြောက်အမြား သုံးစွဲနိုင်မှု စည်းရုံးမှုတွေကလည်း ရှိနေတယ်။ လူထုအားပေးထောက်ခံမှု





LD မှာကလည်း ဘာသာရေးလို အရာမျိုးတွေနဲ့ တိုက်ခိုက်ခံထား တယ်။ ထောင်ချောက်ဆင်ခံထားရတယ်။ ဒီလိုအခြေအနေမျိုး မှာ **NLD** အပေါ် လူထုစိတ်ဝင်စားမှုကလည်း အကန့်အသတ်၊ တားအဆီးတွေ ဖြစ်နေတယ်။

ရွေးကောက်ပွဲမတိုင်မီ အခြေအနေအရပ်ရပ်တွေကြောင့် ၂၀၁၅ ရွေးကောက်ပွဲဟာ လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲဖြစ်ရင် အောင် **NLD** ဟာ အနိုင်ရဖို့ မလွယ်နိုင်ဘူးဆိုတဲ့ ခန့်မှန်းသုံး ပ်ချက်တွေ ထွက်လာတယ်။

ရွေးကောက်ပွဲမကျင်းပမီ လပိုင်းအလိုမှာ ဒီလိုအမြင်တွေ၊ သပ်ချက်တွေ နေရာအနှံ့က ထွက်လာတယ်။ တချို့တွေကလည်း ထုထောက်ခံအားပေးတဲ့ပါတီကို **Influrence** လျော့သွားအောင် ည်အမျိုးမျိုးနဲ့ ချောင်ပိတ်တဲ့ပုံစံမျိုး လုပ်ကြတယ်။ လူထုကြားမှာ မြင်လွဲမှားသွားအောင် အပြောင်းအလဲအတွက် စိတ်ပျက်သွား အောင် ကဏ္ဍပေါင်းစုံကနေ **Issue** အမျိုးမျိုးနဲ့ **Psywar** တွေ သုံးခဲ့ ကြတယ်။ ပေါ်ပေါ်ထင်ထင် ဝါဒဖြန့်မှုတွေ လုပ်ကြသလို တချို့က ည်း လူထုကို သူတို့ပေးချင်တဲ့ **Message** ရောက်သွားအောင် စ်ကြောင်းပေးတယ်။ ပါးပါးလေးပုတ်ကြတယ်။

ဒါပေမဲ့ တကယ်ရွေးကောက်ပွဲနီးပြီလည်းဆိုရော လူထုက ပြောင်းလဲချိန်တန်ပြီဆိုတာကို သူတို့ သိသွားကြတယ်။ အဲဒီ အပြောင်းအလဲကလည်း သူတို့ကိုယ်တိုင်လုပ်မှ ဖြစ်မယ်ဆိုတာသိပြီး ဝိုင်းတွန်းကြတယ်။ ရွေးကောက်ပွဲလုပ်ဖို့ ရက်ပိုင်းအလိုလောက်မှာ အားလုံးက ပြတ်ပြတ်သားသား ဖြစ်သွားကြပြီ။ စိတ်ထဲမှာ သဲသဲ ကွဲဖြစ်သွားပြီ။ ငါတို့ လုပ်မှ ရတော့မယ်။ ဒီတစ်ကြိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com




နောက်ဆုံးအခွင့်အရေးပဲ။ နောက်တစ်ကြိမ်ဆိုတာ မရှိတော့
အဲဒီတော့ ပြောင်းလဲရမယ့်ဘက်က ပြတ်ပြတ်သားသား၊ ရပ်
လိုက်ကြတယ်။ အရင်က နိုင်ငံရေးကို စိတ်မဝင်စားတဲ့ လူ
ပါဝင်လာကြတယ်။ အားလုံးလမ်းပေါ်ထွက်တယ်။ မဲရုံတွေ
တယ်။ မဲတစ်ပြားကို အပြည့်အဝအသုံးချတယ်။ ဒီတော့ မျှော်
ထားတာထက် ပိုပြီး NLD အနိုင်ရသွားခဲ့တယ်။ ၁၉၉၀ တုန်း
သောင်ပြိုကမ်းပြို အနိုင်ရသွားခဲ့တယ်။ ၉၀ ရွေးကောက်ပွဲက
လူထုရဲ့ နိုင်ငံရေးရေချိန်က ပိုမြင့်ခဲ့တယ်။

ဒီလို NLD ပြတ်ပြတ်သားသား အနိုင်ရသွားခဲ့တာ
ပြိုင်ဘက်ကို အံ့အားသင့်တုန်လှုပ်သွားစေခဲ့သလို နိုင်ငံရေး
ဖြတ်တွေ၊ နိုင်ငံရေးလေ့လာသုံးသပ်သူတွေရဲ့ ၂၀၁၅ ရွေးကော
အပေါ် အမြင်တွေ ခန့်မှန်းတွက်ချက် ပြောဆိုမှုတွေ လွဲချော်
ခဲ့ပါတယ်။

ရွေးကောက်ပွဲမတိုင်မီမှာ နယ်ပယ်အသီးသီးကနေ သုံး
ပြောဆိုခဲ့မှုတွေ ဘယ်လိုတွေရှိခဲ့သလဲ။ ဘယ်လောက်လွဲချော်ခဲ့သ
တကယ့်လက်တွေ့မှာ ဘယ်လောက်ကွာသွားသလဲ။ စိတ်ဝင်စား
ကောင်းပါ တယ်။


အချို့ဆိုရင် NLD ပါတီ ရွေးကောက်ပွဲမှာ ရှုံးနိမ့်လိမ့်မယ်
ပြောဆိုသုံးသပ်ခဲ့ကြသူတွေလည်း ရှိပါတယ်။ ဒီလိုသုံးသပ်သူ
ထဲမှာ နိုင်ငံရေး လေ့လာသုံးသပ်သူ ဒေါက်တာရန်မျိုးသိ
လူရွှင်တော် ဇာနာ၊ မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားခဲ့သူနဲ့ မြန်မာ
ရေးလေ့လာသူ ဦးအောင်ဒင်၊ တိုင်းမ်မဂ္ဂဇင်း ဆောင်းပါးရှင် ရှ
ကမ်းဘဲလ်တို့လို နယ်ပယ်စုံက ပုဂ္ဂိုလ်တွေ ပါဝင်နေပါတယ်။




www.burmeseclassic.com

www.burmeseclassic.com


မျိုးသားလွှတ်တော်အတွက် ပါတီများ၏ မဲဆန္ဒနယ်အလိုက်အနိုင်ရရှိမှုပြမြေပုံ




www.burmeseclassic.com


www.burmeseclassic.com

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက် ပါတီများ၏ မဲဆန္ဒနယ်အလိုက်အနိုင်ရရှိမှုပြမြေပုံ




www.burmeseclassic.com

# ည်ထောင်စုလွှတ်တော်တွင် ရွေးကောက်ခံအမတ်နေရာ (၄၉၁)နေရာကို ပါတီအလိုက် အနိုင်ရရှိမှုပြပုံ




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ သုံးသပ်မှုတွေဟာ ရွေးကောက်ပွဲမတိုင်မီ လအနည်းငယ်အလိုလောက်ကနေစပြီး ရက်ပိုင်း အလိုလောက်အထိ အခုလို သုံးသပ်ခဲ့ကြတာ တွေ့ရပါတယ်။

ဒီလို သုံးသပ်ကြတဲ့နေရာမှာ လက်ရှိအာဏာရပြည်ခိုင်ဖြိုး ပါတီနဲ့ တပ်မတော်တို့ရဲ့ ပူးပေါင်းမှု၊ တိုင်းရင်းသားပါတီများ အားကောင်းလာမှုတွေကို အဓိကထားပြီး NLD ဟာ ၂၀၁၅ ရွေးကောက်ပွဲမှာ အစိုးရဖွဲ့နိုင်တဲ့အထိ သောင်ပြိုကမ်းပြိုအနိုင်ရဖို့ မဖြစ်နိုင်ဘူး။ စိုးရိမ်ရတဲ့ အခြေအနေမှာပဲ ရှိနေတယ်ဆိုတဲ့သဘောမျိုး သုံးသပ်မှုတွေ တွေ့ခဲ့ရပါတယ်။

အောက်တိုဘာ ၂၃ ရက်ထုတ် **7 Day Daily** သတင်းစာမှာ "ဒီရွေးကောက်ပွဲလည်း နှစ်ကိုယ့်တစ်စိတ်ကတဲ့ ရွေးကောက်ပွဲ။ ၂၅ ရာခိုင်နှုန်းသေချာနေတဲ့ တပ်မတော်နဲ့ အစိမ်းရောင်ကြံ့ဖွံ့နဲ့ နှစ်ကိုယ့်တစ်စိတ် ပေါင်းကနေတာပါ"လို့ ခေါင်းစဉ်တပ်ပြီး ဦးဇာဂနာနဲ့ တွေ့ဆုံထားမှုကို ဖော်ပြခဲ့ပါတယ်။ ဒီတွေ့ဆုံမေးမြန်းခန်းမှာ ဦးဇာဂနာက ၂၀၁၅ ရွေးကောက်ပွဲမှာ NLD ပါတီရဲ့အနေအထားနဲ့ ပတ်သက်ပြီး လူအုပ်စုမြင်တိုင်း အနိုင်ရခြင်းမဟုတ်ကြောင်း၊ တိုင်းရင်းသားပါတီများ အားကောင်းမှု၊ USDP နဲ့ တပ်မတော်တို့ရဲ့ ပေါင်းစည်းမှုတို့ကြောင့် NLD ပါတီ အစိုးရဖွဲ့ဖို့ မလွယ်ကြောင်း သူ့ရဲ့သုံးသပ်ချက်ကို ပြောခဲ့ပါတယ်။

"တစ်ခါတလေ ကိုယ့်ရှေ့မှာ လူအုပ်စုကြီးကို တွေ့ရရင်၊ မြင်ရရင် နိုင်ပြီထင်တယ်။ ကျွန်တော်တို့လည်း ၈၈ တုန်းက လူအုပ်စုကို မြင်တော့ နိုင်ပြီထင်ခဲ့တယ်။ ဒါပေမဲ့ မနိုင်ခဲ့ပါဘူး။ ၂၀၀၇ တုန်းကလည်း ကျွန်တော်တို့ လူအုပ်စုကိုမြင်တယ်။ သူက



www.burmeseclassic.com

www.burmeseclassic.com



စုမိလာတဲ့အခါ အင်အားကြီးလို့ ထင်သွားခဲ့တယ်။ အဲဒီ စိတ္တဗေ နည်းအရတော့ ဒါအစစ်အမှန် မဟုတ်ဘူး။ NLD က ၅၁ ရာခိုင် နှုန်းရမှသာ အစိုးရဖွဲ့လို့ရမယ်။ ရရင် ပြဿနာမရှိဘူး။ မရရ ပြဿနာရှိလာပြီ။ USDP ကျတော့ ၂၆ ရာခိုင်နှုန်းရရင် အိုကေပြီ သူတို့ပါးစပ်က ထုတ်ပြောတယ်။ ဘာလို့ဆို သူတို့က တပ်မတော် ထိုင်ခုံကို ယူထားပြီးသားဆိုတော့ ၂၆ ကို ၂၅ နဲ့ပေါင်းရင် ၅ ဖြစ်သွားပြီ။ ဒါဆိုရင် တိုင်းရင်းသားပါတီတွေကို ထည့်မတွက်တော ဘူးလား။ ရခိုင်ဆို အင်မတန် အင်အားကောင်းတယ်။ ရှမ်းမှာ ကျားဖြူနဲ့ ကျားခေါင်းက အင်မတန် အင်အားကောင်းတယ် အဲဒီနေရာတွေမှာ NLD နဲ့ USDP တို့က နိုင်ပါ့မလား။ ကျွန်တော် တော်တော်စဉ်းစားရမယ်။ ပြည်ပမဲက ဘယ်အတိုင်းအတာအ ရမယ်ဆိုတာ မသေချာဘူး။ အဲဒီတော့ အပြတ်အသတ်နိုင်ဖို့ တော်တော်ခက်ခက်ခဲခဲ ပြိုင်ရမယ်။ ကျွန်တော် ကိုယ့်စကားကို တာဝန်ယူပြီးပြောရရင် NLD ၅၁ ရာခိုင်နှုန်းစလုံး နိုင်ဖို့မလွယ်ဘူး'' လို့ ဦးဇာဂနာက သုံးသပ်ခဲ့ပါတယ်။

ရွေးကောက်ပွဲမတိုင်မီမှာ လူထုကြား စိတ်အားလျော့စေရ နားလည်မှုလွဲစရာဖြစ်နိုင်တဲ့ Message တွေ ဖြန့်သလိုဖြစ်ခဲ့တာတွေ ရှိခဲ့တယ်။ USDP က ၂၆ နေရာ ရရင် ပြီးပြီ။ လွှတ်တော်ထဲမှာ တပ်မတော်က ၂၅ ရာခိုင်နှုန်းရှိတယ်။ ဒါကြောင့် ၅၁ ရာခိုင်နှုန်းဖြစ်ပြီ ဒီတစ်သက် NLD အစိုးရဖွဲ့ဖို့ မဖြစ်နိုင်ပါဘူးလို့ လက်ရှိ ပြည်နိုင်ငံ ပါတီ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး အခု ၂၀၁၅ မှာ ရှုံးနိမ့်သွားတဲ့ ဦးလှဆွေက ပြောကြားမှုတွေ ရှိခဲ့ပါတယ်။

နိုင်ငံရေးလေ့လာသုံးသပ်သူ ဆောင်းပါးရှင် ဒေါက်တာ





ရန်မျိုးသိမ်းကလည်း အောက်တိုဘာ ၃၁ ရက် ထုတ် **7 Day Daily** သတင်းစာမှာ 'သုံးပါတီ ညွန့်ပေါင်းလား။ ပြည်ထောင်စု ညွန့်ပေါင်းလား' ခေါင်းစဉ်နဲ့ ဆောင်းပါးရေးခဲ့ပြီး ပြည်နယ်များမှာ တိုင်းရင်းသားပါတီတွေ အားကောင်းလို့ ၂၀၁၅ ရွေးကောက်ပွဲ အလွန်မှာ NLD ပါတီအနေနဲ့ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းဖို့ ကြိုတင် ဆောင်ရွက်သင့်တယ်ဆိုပြီး သုံးသပ်ခဲ့ပြန်ပါတယ်။

ဒေါက်တာရန်မျိုးသိမ်းရဲ့ ဆောင်းပါးမှာ ''ရှမ်းပြည်နယ်ရဲ့ ရခိုင်ပြည်နယ်အခြေပြု ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ၈၉ နေရာသည် ထက်ဝက်နီးပါးရှိပြီး အရေးပါကြောင်း။ NLD ပါတီရဲ့ မိတ်ဖက် တိုင်းရင်းသားပါတီများအနေနဲ့ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ၁၀၀ နီးပါးအနိုင်ရရင် သမ္မတရွေးချယ် ရေးနဲ့ လွှတ်တော်နိုင်ငံရေးတွေမှာ အသာစီးရလာနိုင်ခြေ မြင့်မား တယ်။ NLD အနေနဲ့ ၂၀၁၅ ရွေးကောက်ပွဲ အလွန်မှာ ရှမ်းတိုင်း ရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်အမျိုးသားပါတီများနဲ့ သုံးပါတီညွန့်ပေါင်းဖွဲ့စည်း နိုင်ရေး။ မိတ်ဖက်တိုင်းရင်းသားများနှင့် သုံးပါတီ ညွန့်ပေါင်းဖွဲ့စည်းနိုင်ရေးတို့ကို ရွေးကောက်ပွဲ မတိုင်မီ ကာလကတည်းက ရေရှည်အမြင်ရှိရှိ ဗျူဟာမြောက် စီမံချက်များ ရေးဆွဲပြင်ဆင်ဆောင်ရွက်သင့်ကြောင်း''ဆိုပြီး ဆောင်းပါးရှင် ဒေါက်တာရန်မျိုးသိမ်းက သုံးသပ်လိုက်တာ ဖြစ်ပါတယ်။

နိုဝင်ဘာ ၄ ရက်ထုတ် **7 Day News Journal** မှာ နိုင်ငံရေးအကျဉ်းသားဟောင်း။ မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူနဲ့ မြန်မာ့နိုင်ငံရေးလေ့လာသူ ကိုအောင်ဒင်နဲ့ တွေ့ဆုံခြင်းမှာတော့ ''၂၀၁၅ ရွေးကောက်ပွဲမှာ NLD ပါတီရဲ့ ရလဒ်အပေါ် ခန့်မှန်းချက်



www.burmeseclassic.com

www.burmeseclassic.com



လေးခုရှိပြီး NLD ပါတီ သမ္မတလောင်းတင်ရာမှာ အောင်မြင်မှု မရဘဲ ပြည်ခိုင်ဖြိုးနဲ့ တပ်မတော် ပေါင်းထားတဲ့ သမ္မတလောင်း သမ္မတနေရာရမယ့် ခန့်မှန်းချက်မှာ ဖြစ်နိုင်ခြေ အများဆုံး” လို့ သုံးသပ်ခဲ့ပါတယ်။

ခန့်မှန်းခြေလေးမျိုးမှာ ပထမခန့်မှန်းခြေက NLD နေရာ အများစုအနိုင်ရရင်လည်း သမ္မတလောင်း တင်ရာမှာ အောင်မြင်မှု မရဘဲ ပြည်ခိုင်ဖြိုးနဲ့ တပ်မတော်က ပေါင်းထားတဲ့ သမ္မတလောင်း သမ္မတနေရာ ဖြစ်မယ်။ ဒုတိယခန့်မှန်းချက်က NLD ဟာ လွှတ်တော် နှစ်ရပ်စလုံးမှာ နေရာအများစုရမည်ဖြစ်သော်လည်း အရေအတွက် မပြည့်လို့ ပြည်ခိုင်ဖြိုးက သမ္မတရာထူးရမယ်။ တတိယခန့်မှန်း ချက်မှာ NLD သမ္မတတင်မြှောက်ပြီး ပြည်ခိုင်ဖြိုးနဲ့ တိုင်းရင်းသား များက ဒုသမ္မတဖြစ်လာနိုင်တယ်။ နံပါတ်လေး ခန့်မှန်းချက်မှာ NLD အား အကောင်းဆုံးဖြစ်ပြီး လွှတ်တော်နှစ်ရပ်စလုံးမှာ ... ဖြစ်နိုင်သလို သမ္မတလည်း ရွေးချယ်နိုင်မယ်” လို့ ဆိုထားပါတယ်။ ဒါပေမဲ့ ပထမခန့်မှန်းချက်က ဖြစ်နိုင်ခြေအများဆုံးဖြစ်ပြီး နောက်ဆုံး ခန့်မှန်းချက်မှာ အနည်းဆုံးဖြစ်တယ်လို့ တွေ့ဆုံမေးမြန်းခန်းမှာ ကိုအောင်ဒင်က သုံးသပ်ပြခဲ့ပါတယ်။

ဒါ့အပြင် တိုင်းမ်မဂ္ဂဇင်းပါ ဆောင်းပါးရှင် ချာလီကာ ဘဲလ်ရဲ့ What the Confusion Over Elections Says About Bumar ဆောင်းပါးကို 7 Day Daily သတင်းစာမှာ ဘာသာ ပြန်ဖော်ပြခဲ့ပြီး “NLD က လူကြိုက်များ ထောက်ခံမှုကနေ အမြတ် ရန် အာရုံစိုက်နေသော်လည်း သူတို့အနေဖြင့် အစိုးရဖွဲ့ရန် လုပ်ပိုင် ခွင့်မရှိကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ထဲက





အမတ် ၂၅ ရာခိုင်နှုန်းသည် စစ်တပ်က သူများအတွက် သတ် မှတ်ထားရှိပြီးဖြစ်ကြောင်း စစ်တပ်က ကျောထောက်နောက်ခံ ပေးထားတဲ့ စစ်ဗိုလ်ချုပ်ဟောင်း သမ္မတဦးသိန်းစိန်ကလည်း မှတ်စလင်ဝါဒထွန်းကားမလာအောင် ကာကွယ်ပေးသူအဖြစ် မွတ် စလင်လူနည်းစုများကို နှိပ်ကွပ်ပေးမှုအတွက် လူကြိုက်များနေ ကြောင်း” စတဲ့အချက်တွေကို ပြန်လည်ဖော်ပြထားခဲ့ပါတယ်။

Tomorrow News Journal မှာလည်း ဘဲလားလေဘာတီ ရဲ့ ‘ဖရိုဖရဲရွေးကောက်ပွဲနှင့် ရင်မောဖွယ် တိုင်းပြည်ရဲ့ အနာဂတ်’ ဆိုတဲ့ ဆောင်းပါးကို ဖော်ပြထားခဲ့ပါတယ်။ ဒီဆောင်းပါးမှာလည်း "ပြည်ခိုင်ဖြိုးပါတီကြီးကလည်း Conflict ဖြစ်လို့နေပြီး ယနေ့ NLD ဆိုတာကလည်း အကြိမ်ကြိမ် Conflict ဖြစ်ခဲ့တဲ့ ပါတီဖြစ်သလို မိမိပါတီဝင်မဟုတ်သူတွေကို အရပ်တကာလှည့်ရှာလို့ NLD ခေါင်းစီး အောက်ကို ဆွဲသွင်းပြီး မဲရရှိရေးကို ကြိုးစားနေပါတယ်။ ဒီတော့ ပြည်ခိုင်ဖြိုးက ပြိုကွဲနေသလို NLD ကလည်း အင်အားချည့်နဲ့နေပြီဆို တာကို နိုင်ငံရေးဇာတ်ခုံပေါ်မှာ မီးမောင်းထိုးပြလိုက်သလိုလည်း ဖြစ်နေပါပြီ။ ဒါကြောင့် လာမယ့် ၂၀၁၅ ရွေးကောက်ပွဲကြီးမှာ အင်အားမရှိတဲ့ ပြည်ခိုင်ဖြိုးနဲ့ Political Power ချည့်နဲ့နေတဲ့ NLD ပါတီတို့ ယှဉ်ပြိုင်ကြမှာမို့ ဖရိုဖရဲရွေးကောက်ပွဲလို့ မှတ်ချက်ပြုနိုင် ပါတယ်။ နောက်တစ်ချက်က ၁၉၉၀ နဲ့ ၂၀၁၂ ကြားဖြတ်ရွေးကောက် ပွဲတွေက မျှတတဲ့ရွေးကောက်ပွဲတွေ ဖြစ်ခဲ့သလို NLD ကလည်း အပြတ်အသတ်နိုင်ခဲ့တာပါပဲ။ လာမယ့် ရွေးကောက်ပွဲကလည်း မျှတတဲ့ရွေးကောက်ပွဲပဲ ဖြစ်နိုင်ပေမယ့် NLD ကတော့ ၁၉၉၀ ကလို ရာခိုင်နှုန်း ၉၀ တော့ မဖြစ်နိုင်တော့ပါဘူး” လို့ ရေးသားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွေးကောက်ပွဲမတိုင်မီ ဝါဒဖြန့်ချိမှုတွေ လူထုကြား တန်ပြန်တဲ့နည်းနဲ့ ရောက်နေတဲ့ **Message** တွေ၊ အပြောင်းအလ အပေါ် ဝေဝါးစေနိုင်တဲ့ **Psywar** တွေ နေရာပေါင်းစုံ ဘက်ပေါင်း ကနေ အခြေအနေတွေပေါ် မူတည်ပြီး ပျံ့နှံ့ခဲ့တာတော့ အမှန် ဖြစ်ပါတယ်။

အခုချိန်မှာ ရွေးကောက်ပွဲကြီးက ပြီးသွားပြီ။ လူထုက အပြောင်းအလဲဆိုတဲ့ မျက်နှာတစ်ခုတည်းကို ကြည့်ပြီး **NLD** ကို ပြတ်ပြတ်သားသား ထောက်ခံလိုက်ကြပြီ။ ၁၉၉၀ တုန်းကလို ပြတ်ပြတ်သားသား အနိုင်ရသွားပြီ။ ရွေးကောက်ပွဲမတိုင်မီက နယ်ပယ် အသီးသီးက ခန့်မှန်းတွက်ချက် သုံးသပ်မှုတွေကလည်း လွဲချော် သွားခဲ့ကြပြီ။ တကယ်တော့ ၂၀၁၅ ရွေးကောက်ပွဲမှာ အနိုင်ရသွား ခဲ့တာက အပြောင်းအလဲကို လိုချင်နေတဲ့ ပြည်သူလူထုပဲ ဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်တုန်းကထက် လူထုရဲ့နိုင်ငံရေးနိုးကြားမှုအမြင်တွေက တိုးတက်သွားခဲ့ပြီ။ လူထုကြောင့်ပဲ ၂၀၁၅ မှာ ခန့်မှန်းမှုတွေ လွဲချော်သွားကြတာ ဖြစ်ပါတယ်။

ကျော်ဇေယ
၂၀-၁၁-၂၀၁

❖ ❖ ❖





## ငန်းနက်ကိုက်သောပါတီ

ရေးသူ - ဇေယျာသူ

၂၀၁၅ ရွေးကောက်ပွဲတွင် အာဏာရ **USDP** ပါတီကို ငန်းနက်ကိုက်သွားသည်။

ငန်းနက်ဆိုသည်မှာ အင်္ဂလိပ်ဘာသာအားဖြင့် **Unexpected Big Event** မြန်မာဘာသာအားဖြင့် 'မမျှော်လင့်မထားသော ဖြစ်ရပ်ကြီး' များကို ဆိုလိုသည်။

လူသိန်းချီသေဆုံးခဲ့သော ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ၁၉၉၀ တွင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခြင်း၊ ၁၉၉၇ အာရှစီးပွားရေးအကျပ်အတည်းတို့သည် 'ငန်းနက်'များ ဖြစ်သည်။ ယခုအခါတွင် ငန်းနက်သီအိုရီ (အကျယ်ကို 'ငန်းနက်နှင့်နှံကောင်' စာအုပ်တွင်ရှု) ကို စစ်ရေး၊ နိုင်ငံတကာရေး၊ စီးပွားရေးတို့တွင် အနာဂတ်ကို တွက်ချက်ရန် ကျယ်ကျယ်ပြန့်ပြန့် အသုံးချနေကြသည်။

သေသေချာချာ တွက်ချက်မပြင်ဆင်ထားသဖြင့် မမျှော်လင့်သော အဖြစ်ဆိုးကြီးနှင့် တိုးသူများ၊ ဘဝပျက်သွားသော အဖွဲ့အစည်းများသည် ငန်းနက်ကိုက်ခံရသူများပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**USDP** သည် ရွေးကောက်ပွဲတွင် မဲအများစုမရနိုင်သည်... မှန်းထားသော်လည်း ယခုလောက် အပြတ်အသတ် ရှုံးမည်... မျှော်လင့်ထားခဲ့ပုံမရ။ ၂၆ ရာခိုင်နှုန်းလောက် ရနိုင်သည်ဟု မှ... ထားပြီး အနိမ့်ဆုံး ၁၅ ရာခိုင်နှုန်းလောက်ရနိုင်သည်ဟု တွက်ချ... ထားပုံရသည်။ သမ္မတရွေးချယ်ရေးအဖွဲ့ဖြစ်သော လွှတ်တော်တွ... မိမိပါတီမှ ၂၆ ရာခိုင်နှုန်း သို့မဟုတ် မဟာမိတ်ပါတီများနှင့် ပေါ်... လျှင် ၂၆ ရာခိုင်နှုန်း၊ တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှု... ဖြင့်၊ စုစုပေါင်း ၅၁ ရာခိုင်နှုန်းဖြင့် အသာစီးရကာ သမ္မတ... ရွေးကောက်တင်မြှောက် အစိုးရဖွဲ့နိုင်သည်ဟု တွက်ထားပုံရသည်...

**ငန်းနက်ဘာကြောင့်ကိုက်**

အဆင်သင့်ပြင်ဆင်မထားသောသူများ၊ အဖွဲ့အစည်းမျ... သည် ငန်းနက်နှင့် ပက်ပင်းတိုးလေ့ရှိသည်။ ပတ်ဝန်းကျင် အခြ... အနေ ပြောင်းလဲလာသည်ကို မရိပ်စားမိဘဲ အောင်မြင်မှုတွ... မိန်းမောနေသူများကို ငန်းနက် ခံတွင်းတွေ့သည်။

**USDP** သည် ပုဂ္ဂိုလ်ရေးအကျိုးစီးပွားများစုနေပြီး **a col-lection of personal interests** ထိုအကျိုးစီးပွားများကို စုဖွဲ့ထာ... သည့် ပါတီတစ်ရပ်အသွင်ဆောင်နေသည်။ စုစည်းခိုင်မာသည့် ပါတီတစ်ရပ်အသွင် မမြင်ရပါ။

ဦးသိန်းစိန် သမ္မတဖြစ်သွားပြီး ဦးရွှေမန်း ဥက္ကဋ္ဌဖြစ်လာ... ကတည်းက **USDP** တွင် ထိပ်ဆုံးခေါင်းဆောင် နှစ်ဦး သို့မဟုတ် အိုင်ဒီယာနှစ်ရပ် အားပြိုင်မှုသည် အကြီးအကျယ်ဖြစ်လာပြီး လွှတ်... တော်တွင်း၊ ပါတီတွင်းမှသည် အောက်ခြေသို့တိုင် ပျံ့နှံ့သွားသည်...





...ပါတီတွင်းအားပြိုင်မှုများသည် ကမ္ဘာအနှံ့ မည်သည့်ပါတီတွင်မဆို ...ဖြစ်လေ့ဖြစ်ထရှိသော်လည်း **USDP** ပါတီတွင်း အားပြိုင်မှုသည် ၂ နှစ် ၃ နှစ်ပင်ကြာမြင့်ပြီး မည်သည့်ဘက်ကမျှ အပြတ်အသတ် ...နိုင်ရမခဲ့သဖြင့်၊ တစ်ဖက်ကိုတစ်ဖက်က ဖယ်မထုတ်နိုင်သဖြင့် ...ပါတီသာ နစ်နာခဲ့သည်။

တစ်ဖက်နှင့်တစ်ဖက် အပြတ်မတိုက်နိုင်ကြလျှင် ပေါင်း ...ရမည်။ မပေါင်းနိုင်လျှင် စောစောစီးစီး အပြတ်တိုက်ရမည်။ ယခုမူ ...ရွေးကောက်ပွဲနီးမှ အပြတ်တိုက်ကြသဖြင့် မည်သူမျှမနိုင်ဘဲ ...နောက်ဆုံးပါတီသာ အရှုံးနှင့် ရင်ဆိုင်ရသည်။ ခေါင်းဆောင်ပိုင်း ...ကွဲအပြဲ ကြီးသည်ထက် ကြီးလာသည်ကို စောစောမဖြေရှင်းဘဲ ...ရွေးကောက်ပွဲနှင့်ကပ်မှ ဖြေရှင်းသဖြင့် ပါတီသည် စည်းလုံးမှု ...ပြိုပြိုအကွဲကွဲနှင့် ရွေးကောက်ပွဲဝင်ရခြင်း ဖြစ်သည်။ ထိုပါတီမှ ...ရှုံး အဘယ်ပါတီရှုံးအံ့နည်း။

ဦးရွှေမန်းကို ဖယ်ထုတ်ပြီး **new leadership** တက်လာခဲ့ ...သော်လည်း ရွေးကောက်ပွဲနှင့် နီးကပ်လွန်းနေသဖြင့် ထိုခေါင်းဆောင် ...သစ်အစုအဖွဲ့သည် တပ်ပျက်တွင် ဗိုလ်လုပ်ရသကဲ့သို့ ဖြစ်နေပြီ။ **...oo little, too late.**

**USDP** သည် အာဏာရပါတီဖြစ်ရာ 'လက်ရှိ'ဆိုသော ...အားသာချက် **incumbent advantage** ရှိသည်။ဦးသိန်းစိန်အစိုးရ ...သည် စတက်ပြီး မြစ်ဆုံစီမံကိန်းကို ရပ်ချိန်တွင် လူထုထောက် ...ခံမှုရရှိပြီးနောက်ပိုင်းတွင် ရေပန်းစားလာသည်။ သို့သော် လွှတ် ...တော်အစိုးရအားပြိုင်ချိန်၊ ဦးသိန်းစိန် ဦးရွှေမန်း အားပြိုင်ချိန် ပြင်း ...လာသည်နှင့်အမျှ လူထုထောက်ခံမှု ကျဆင်းလာသည်ကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အစိုးရသည် အောင်မြင်မှုများရခဲ့သော်လည်း ခြစားမြ ကိုင်တွယ်ခြင်း၊ လယ်ယာစိုက်ပျိုးရေး မြေရှေးကြိုးခြင်း စသည်တို့ မှန်းသလောက် မပေါက်။ နိုင်ငံရေးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတို့ တိုးတက်မှုများရခဲ့သော်လည်း အုပ်ချုပ်ယန္တရားကို မပြင်နိုင်။ သွယ်ရေးကဏ္ဍနှင့် ငွေကြေးကဏ္ဍ၊ အထူးသဖြင့် ဘဏ်ပြ ပြောင်းလဲရေးတွင် အခုအခံများနေသည့်ကြားမှ တိုးတက် ဆောင်ရွက်နိုင်ခဲ့သော်လည်း နိုင်ငံ့စီးပွားတစ်ရပ်လုံးကိုမူ မတွန်း လူထုထောက်ခံမှုကို ပြန်ဆွဲတင်ရာတွင် အစိုးရအဖွဲ့ဝင်အ လုပ်ရပ်နှင့် စကားခြေချော်မှုများက အဟန့်အတားဖြစ်ခဲ့သ ဦးသိန်းစိန်အစိုးရ၏ အားနည်းချက်မှာ လမ်းကြောင်းလွဲသော အချို့ကို အပြစ်မပေးနိုင်ခြင်းနှင့် လမ်းကြောင်းပေါ် ပြန်ဆွဲတင်မ နိုင်ခြင်း ဖြစ်သည်။

USDP သည် ဦးရွှေမန်းကို ဖယ်ထုတ်အပြီးတွင် အစိုး ပိုပြီးဆက်စပ်သွားသည်။ USDP ဟု ပြောလိုက်လျှင် အစိုး ပြေးမြင်ကြသည့်အတွက် အစိုးရ၏ အားကောင်းချက်များနှင့် နည်းချက်များ သည် USDP ပေါ် တိုက်ရိုက်သက်ရောက်ခဲ့သ ယခင် တပ်မတော်အစိုးရနှင့် ယခု ဦးသိန်းစိန်အစိုးရ မတူကြော ခွဲခွဲခြားခြား (သက်သေ) မပြနိုင်ခြင်းသည်လည်း USDP ရှုံးရြ အကြောင်းရင်းတစ်ရပ် ဖြစ်သည်။

USDP ရွေးကောက်ပွဲဝင် ဓာတ်ပုံမှာ ဦးသိန်းစိန်၏ ဓာ ဖြစ်ပြီး ဦးသိန်းစိန်သည် USDP ၏ အဓိက မဲဆွယ်သူဖြစ်ခဲ့သည် အစိုးရသတင်းမီဒီယာများတွင် တွေ့ရသည်။ သို့သော် ဦးသိန်း ဂုဏ်သတင်းကို ရွေးကောက်ပွဲမဝင်မီ အမြင့်ဆုံးဆွဲတင်မ





သဖြင့် ဦးသိန်းစိန် **Brand** သည် နံပါတ်တစ် ကုန်အမှန်တံဆိပ် **No. One Brand** ဖြစ်မနေခဲ့။

**ငါးနှစ်ရသော်လည်း**

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတစ်ဖြစ်လဲ တိုင်းရင်းသား ည်းလုံးညီညွတ်ရေးပါတီသည် ၁၉၉၀ ရွေးကောက်ပွဲတွင် အပြတ် သတ်ရှုံးနိမ့်သွားခြင်းမှာ ပြင်ဆင်ချိန် မရသောကြောင့် ဖြစ်သည်။ USDP မှာမူ အချိန်အနည်းဆုံး ငါးနှစ်ရသော်လည်း ယင်းကို ကောင်းဆုံးအသုံးမချနိုင်သဖြင့် ယခုကဲ့သို့ မရှုမလှ ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

ယခုအရှုံးကို သင်ခန်းစာယူနိုင်လျှင် USDP အတွက် ဆိုးထဲက အကောင်းဖြစ်နိုင်သည်။ ဒီမိုကရေစီ ပီပြင်ရန် အာဏာ ပါတီကို ထိန်းကျောင်းမည့်အင်အားကောင်းသော အတိုက်အခံ လိုအပ်သည်။ လွှတ်တော်တွင်းရှိနေသည့် တပ်မတော်သား ၂၅ ရာခိုင်နှုန်းသည် 'အတိုက်အခံ' တာဝန်ကို ယခုလောလောဆယ်တွင် ထမ်းဆောင်နိုင်သော်လည်း ဒီမိုကရေစီ ပီပြင်လာသည်နှင့်အမျှ ပြုပြင်ပြောင်းလဲရေး အရှိန်ရလာသည်နှင့်အမျှ လွှတ်တော်တွင်းရှိ တပ်မတော်သားအချိုးအစားသည်လည်း လျော့သွားရမည်၊ နောက် ဆုံး သုညဖြစ်သွားရ မည်ဖြစ်သည့်အတွက် နိုင်ငံရေးပါတီများကသာ အတိုက်အခံတာဝန်ကို ထမ်းဆောင်ရမည် ဖြစ်သည်။

USDP သာ ဒီမိုကရေစီစနစ်ကို အမှန်တကယ် နား လည်လျှင် 'ယခုရွေးကောက်ပွဲသည် USDP ကို ဖြုတ်ချအာဏာ သိမ်းလိုက်ခြင်းမဟုတ်ဘဲ ငါးနှစ်တာအပြီးတွင် တာဝန်ထမ်းဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com



ကို ပြည်သူက စိတ်တိုင်းမကျသဖြင့် အာဏာကို ရုပ်သိမ်းလို...ခြင်းဖြစ်ကြောင်း၊ မိမိတို့သာ တကယ်ကြိုးစားလျှင် နောင်ငါး...အကြာတွင် မိမိတို့ ပြန်လာနိုင်ကြောင်း' သဘောပေါက်ပေမည်...

USDP သည် ဒီမိုကရေစီကို အမှန်တကယ် ကျည်...ထောင်လိုလျှင် အာဏာရပါတီ၏ လစ်ဟာချက်များကို ကွက်...ဖြည့်ထောက်ပြနိုင်မည့် အားကောင်းသော အတိုက်အခံဖြစ်အော...ပါတီတွင်း ပြုပြင်ပြောင်းလဲရေးများကို ထိထိရောက်ရောက် ဆော...ရွက်ရမည်။ ယခုမူ USDP မှ ခေါင်းဆောင်ပိုင်းများသည် ထိုလို...ချက်ကို ရိပ်စားမိသော်လည်း ပြုပြင်ပြောင်းလဲရန် လက်...နေပုံရသည်။

USDP သည် ဗိုလ်ချုပ်ကြီးဟောင်းများ ကြီးစိုးထားသ...ပါတီမဟုတ်ဘဲ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ ပညာ...များအပါအဝင် လူထုလူတန်းစား အသီးသီးမှ ထက်မြက်သောသူ...ဦးဆောင်ပါဝင်သည့် ပြည်သူ့အကျိုးကို ထိရောက်စွာ ဆောင်ကြ...ပေးနိုင်သည့် ပါတီတစ်ရပ်ဖြစ်အောင် တည်ဆောက်နိုင်မှ...ပြန်လည်နာလန်ထမည် ဖြစ်သည်။ ဤသည်ကပင် ပါတီတွင် မ...မဖြစ်ဖူးသေးသော ကိစ္စတစ်ခုကို ဖြစ်အောင် လုပ်ရခြင်းဖြစ်သ...အတွက် ငန်းနက်မွေးသလို ဖြစ်နေသည်။

USDP အနေဖြင့် နောက်ထပ် ငန်းနက်တစ်ကော...မဖန်တီးနိုင်လျှင် ၂၀၂၀ ရွေးကောက်ပွဲတွင် ပျံ (ပြန်)လာနိုင်မ...မဟုတ်ပါ။

သော...

၂၀-၁၁-၂...





## ဒေါ်အောင်ဆန်းစုကြည် ဗိုးလပြည့်အား လက်ခံတွေ့ဆုံ

ကိုသာဗျော၊ နေပြည်တော်၊ နိုဝင်ဘာ-၂၀

၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား ယခင် စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးသန်းရွှေ၏ မြေး ဖြစ်သူ နေရွှေသွေးအောင် (ခ) ဗိုးလပြည့်က သူမ၏နေအိမ်တွင် နိုဝင်ဘာ ၁၉ ရက်က လာရောက်တွေ့ဆုံခဲ့သည်ဟူသော သတင်း များ ထွက်ပေါ်ခဲ့သော်လည်း အဖွဲ့ချုပ်မှ အတည်ပြုပြောကြားခဲ့ခြင်း မရှိသကဲ့သို့ နေရွှေသွေးအောင်၏ လူမှုကွန်ရက်စာမျက်နှာတွင် တွေ့ဆုံခဲ့ခြင်းမရှိဟု ငြင်းဆိုဖော်ပြခဲ့သည်။

ထိုသို့တွေ့ဆုံခဲ့ရာတွင် မည်သည့်အကြောင်းအရာများအား ဆွေးနွေးခဲ့သည်ကို မသိရှိရကြောင်း ထည့်သွင်းရေးသားထားသည်။

ကိုသာဗျော

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



# ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း)၏မြေး နေရွှေသွေးအောင် (ခ) ဖိုးလပြည့်တို့ နေပြည်တော်၌ တွေ့ဆုံတု သတင်းထွက်ပေါ်

ရေးသူ - ပွင့်ဖင်မော်ပါ

ရန်ကုန်၊ နိုဝင်ဘာ–၂၀

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင် ဆန်းစုကြည်နှင့် ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း) ၏ မြေးဖြစ်သူ နေရွှေသွေးအောင် (ခေါ်) ဖိုးလပြည့် နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းများ ထွက် ပေါ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါသတင်း ထွက်ပေါ်မှုသည် နေရွှေသွေးအောင် အင်တာနက်စာမျက်နှာပေါ်တွင် နိုဝင်ဘာလ ၁၉ ရက်က ရေးသ ခဲ့သည့် 'သမိုင်းဝင်မယ့် ညတစ်ည' ဆိုသည့် Status မှတစ်ဆ ထွက်ပေါ်လာခဲ့ပြီး နိုဝင်ဘာလ ၁၉ ရက်က အင်တာနက်စာမျက် များပေါ်တွင် စိုးရိမ်တကြီး စောင့်ကြည့်သူ များခဲ့သည်။

မြရတနာစာပေ



ရွေးကောက်ပွဲအပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်
တွေ့ဆုံခဲ့သည် ဆိုသော ဖိုးလပြည့် (ခေါ်) နေရွှေသွေးအော

www.burmeseclassic.com

www.burmeseclassic.com



နိုဝင်ဘာလ ၂၀ နှင့် ၂၁ ရက်တွင် ပြည်တွင်းအခြေစိုက် သတင်းစာတစ်စောင်နှင့် **BBC** မြန်မာပိုင်း အစီအစဉ်တို့က သတင်း ဖော်ပြချက်တွင် ရွေးကောက်ပွဲ အနိုင်ရပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်း စုကြည်အား ဦးသန်းရွှေ၏မြေးဖြစ်သူ နေရွှေသွေးအောင်က သီးသန့် လာရောက်တွေ့ဆုံခဲ့ကြောင်း ဖော်ပြခဲ့သည်။

အဆိုပါသတင်းဖော်ပြချက် နှစ်ခုလုံးတွင် ဒေါ်အောင်ဆန်း စုကြည်နှင့် နေရွှေသွေးအောင်တို့ကြား မည်သည့်အကြောင်းအရာများ ဆွေးနွေးခဲ့သည်ကို အတည်ပြုနိုင်ခဲ့ခြင်း မရှိပေ။

သတင်းဖော်ပြချက် နှစ်ခုလုံးတွင် ယခင် စစ်အစိုးရခေါင်း ဆောင်ဟောင်း၏ မြေးဖြစ်သူ နေရွှေသွေးအောင် (ခ) ဖိုးလပြည့်က စတင်၍ တွေ့ဆုံခွင့်တောင်းခဲ့၍ ဒေါ်အောင်ဆန်းစုကြည်က လက်ခံ ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

**NLD** ပါတီဘက်မှ ဗဟိုကော်မတီဝင်အချို့အား မေးမြန်း ရာတွင် တွေ့ဆုံမှုနှင့် ပတ်သက်၍ မသိရှိကြောင်း ဖြေကြားသည်။

အဆိုပါ တွေ့ဆုံမှုအပေါ် ပြည်တွင်းရှိ နိုင်ငံရေးလေ့လာ စောင့်ကြည့်သူများက အထူးဂရုပြု စောင့်ကြည့်မှုများ ပြုလုပ်လျက် ရှိနေသည်။

လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းချက်များအရ တပ်မတော်နှင့် အာဏာပိုင်တို့ ဆက်ဆံရေးကောင်းမွန်လာမှသာ နိုင်ငံတည်ငြိမ်မှုရှိမည်ဟု သုံးသပ်ချက်များ ရှိနေသည်။

သမ္မတ ဦးသိန်းစိန်နှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူး ကြီးမင်းအောင်လှိုင်တို့ကလည်း ရွေးကောက်ပွဲ အနိုင်ရပါတီအပေါ် ကောင်းကောင်းမွန်မွန်ဖြင့် အာဏာလွှဲအပ်ပေးသွားမည်ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူများအား မီဒီယာမှတစ်ဆင့် ကတိပြုထားသည်။

ရွေးကောက်ပွဲအပြီး ရက်ပေါင်း ၉၀ အတွင်း လွှတ်တော် အသစ်ယူ၍ အစိုးရအသစ်ကို ဖွဲ့စည်းသွားရမည်ဖြစ်ရာ လက် NLD ပါတီက တစ်နိုင်ငံလုံးအတိုင်းအတာအရ ၈၀ ရာခိုင်နှုန်း အနိုင်ရရှိပြီး အစိုးရအသစ်ဖွဲ့ခွင့် ရရှိထားသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး(ငြိမ်း) ဦးသ ရွှေတို့သည် နဝတ၊ နအဖ လက်ထက် ၁၉၉၄ ခုနှစ် စက်တင် လတွင် တွေ့ဆုံခဲ့ကြဖူးသော်လည်း နောက်ပိုင်းနှစ်များတွင် မည်သ တွေ့ဆုံမှုမှ ပြုလုပ်ခဲ့ခြင်း မရှိကြောင်းသိရသည်။

ပွင့်ဝင်မော်ပါ

■





## ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး(ငြိမ်း) ဦးသန်းရွှေတို့ တွေ့ဆုံမှုအပေါ် သူတို့အမြင်

ရေးသူ - နှင်းမောင်ဦး

NLD ပါတီဗဟိုကော်မတီဝင်များက မသိရှိကြောင်း ငြင်းဆို ထားသော်လည်း NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးသန်းရွှေ(ငြိမ်း)၏မြေး နေရွှေသွေးအောင် (ခ) ဖိုးလပြည့်က နေပြည်တော်ရှိ နှင်းဆီစံအိမ်၌ လာရောက်တွေ့ဆုံခဲ့ သည့်သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လျက်ရှိနေသည်။

နေရွှေသွေးအောင် (ခ) ဖိုးလပြည့်က နိုဝင်ဘာ ၁၉ ရက်က ရင်း၏ လူမှုကွန်ရက် ဖေ့ဘွတ်စာမျက်နှာတွင် 'ဒီနေ့ည သမိုင်းတွင် မယ့် ညတစ်ည' ဟု ရေးသားခဲ့ပြီးနောက် အဆိုပါရေးသားမှုအပေါ် ပြည်သူလူထု၏ စိတ်ဝင်စားမှု မြင့်တက်ခဲ့သည်။

ထို့နောက် အဆိုပါရေးသားမှုအရ ဒေါ်အောင်ဆန်းစုကြည် နှင့် ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးသန်းရွှေတို့ နေပြည်တော်၌ တွေ့ဆုံ ဆွေးနွေးခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း အဆို



www.burmeseclassic.com

www.burmeseclassic.com



သတင်းမှာ မဟုတ်မှန်ကြောင်း ဖိုးလပြည့်က ငြင်းဆိုခဲ့သည်။

ထို့နောက် ပြည်တွင်းထုတ် ဂျာနယ်တစ်စောင်၏ အွန်လိုင်း စာမျက်နှာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖိုးလပြည့်တို့ တွေ့ဆုံ ခဲ့ကြောင်း ရေးသားမှုရှိခဲ့သော်လည်း ပြည်သူအချို့က အဆိုပါသတင်း သည် မှန်ကန်မှု မရှိနိုင်ကြောင်း ဝေဖန်ပြောဆိုမှုများရှိခဲ့သော်လည်း ဗြိတိန်အခြေစိုက် BBC သတင်းဌာနက အဆိုပါသတင်းမှာ မှန်ကန် ကြောင်း ရေးသားထုတ်လွှင့်ပြီးချိန်တွင် ဝေဖန်မှုများ တိတ်သွား ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီး(ငြိမ်း) ဦးသန်းရွှေက အမှာစကား ပါးလိုက် သောကြောင့် ဖိုးလပြည့်က လာရောက် တွေ့ဆုံခြင်းဖြစ်ကြောင်း သတင်းများထွက်ပေါ်နေသော်လည်း တွေ့ဆုံမှု အသေးစိတ်နှင့် မည်သည့်အကြောင်းအရာများ ဆွေးနွေးခဲ့သည်ကိုမူ နှစ်ဖက်စလုံးက သတင်းထုတ်ပြန်မှု မပြုလုပ်ခဲ့ကြပေ။

၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် ၈၀ ရာခိုင်နှုန်း အနိုင်ရထားသည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား ယခင် အာဏာရှင်ဟောင်း ဗိုလ်ချုပ်မှူးကြီး(ငြိမ်း) ဦးသန်းရွှေ၏ မြေးဖြစ်သူ လာရောက်တွေ့ဆုံခြင်းသည် မြန်မာ့နိုင်ငံရေးအတွက် အဘယ် ကဲ့သို့သော သက်ရောက်မှုများ ရှိလာနိုင်မည်နည်းဟူသည့် မေးခွန်း များ ထွက်ပေါ်လျက် ရှိနေသည်။ ထို့ကြောင့် အဆိုပါ တွေ့ဆုံမှုအပေါ် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်အချို့၏ အမြင်များကို စုစည်းဖော်ပြလိုက်ပါသည်။





**ဒေါက်တာသောင်းထွန်း၊ အမှုဆောင်ဒါရိုက်တာ**

**ငြိမ်းချမ်းရေးနှင့် တရားမျှတမှုဖော်ဆောင်ရေးအဖွဲ့**

နိုင်ငံရေးအရ လေးနက်တဲ့တွေ့ဆုံမှုလို့တော့ မယူဆပါဘူး။ လူမှုရေးအရ တွေ့ဆုံမှုလို့ပဲ ယူဆမိပါတယ်။ ဒီလို လက်ခံတွေ့ဆုံ တယ်ဆိုကတည်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားကြီးမှုကို ပြသလိုက်တယ်လို့ မြင်တယ်။ လက်ရှိအနေအထားအရ သူ မတွေ့ ချင်ဘူးဆိုပြီး ငြင်းလိုက်လည်းရတဲ့ အနေအထားမှာ အမျိုးသား ပြန်လည်သင့်မြတ်ရေးမှုအရ ဒီကလေးကို လက်ခံတွေ့ဆုံတယ်။ ဒီလိုတွေ့ဆုံခြင်းအားဖြင့် သူမှာ ဘာအာဃာတမှ မရှိဘူးဆိုတာကို ပြလိုက်တာဖြစ်သလို မကြာမီမှာ တွေ့ဆုံဖို့စီစဉ်ထားတဲ့ သမ္မတ၊ ကာချုပ်တို့နဲ့ တွေ့ဆုံမှုတွေမှာ အခုကိစ္စကလည်း သွယ်ဝိုက်တဲ့နည်းနဲ့ အရေးပါကောင်း ပါပါလိမ့်မယ်။ သတင်းထုတ်ပြန်မှု တရားဝင် မလုပ်တဲ့အခါကျတော့ ပြည်သူတွေအနေနဲ့ ဘာတွေ ပြောခဲ့တယ် ဆိုတာ မသိကြပါဘူး။ ဒါပေမဲ့ နိုင်ငံအတွက် အကျိုးရှိစေမယ့် တွေ့ဆုံမှုဖြစ်မယ်လို့တော့ မျှော်လင့်နေကြပါတယ်။

**ဦးအေးသာအောင်**

**ရခိုင်အမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်**

လက်ရှိနိုင်ငံရေး အခြေအနေအရ NLD ပါတီအနေနဲ့ မျှော်မှန်းထားတာထက် ပိုပြီးတော့ ရွေးကောက်ပွဲမှာ အောင်မြင်မှု ရရှိခဲ့တယ်။ လွှတ်တော်နှစ်ရပ်စလုံးမှာလည်း ဥက္ကဋ္ဌတွေ တင်မြှောက် နိုင်တဲ့အနေအထား ရရှိထားတယ်။ နောက်ပြီးတော့ ပြည်သူ့လွှတ် တော်နဲ့ အမျိုးသားလွှတ်တော်တို့ကနေ ဒုတိယသမ္မတတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဆီ တင်မြှောက်ခွင့်ရရှိထားပြီး အဲဒီကနေ ပါတီစိတ်ကြိုက် သမ္မတ တစ်ယောက်ကို တင်မြှောက်ပြီး အစိုးရဖွဲ့လို့ရတဲ့အနေအထားကို ပိုင်ဆိုင်နေတယ်။ ရွေးကောက်ပွဲ အောင်မြင်မှုကနေ ရွေးကောက်ပွဲ ရလဒ်ကို အခြေပြုပြီးတော့ မြန်မာ့နိုင်ငံရေး ပြဿနာကို ဖြေရှင်းလို့ ရနိုင်မလားဆိုတာကတော့ ပြောဖို့ခက်ပါသေးတယ်။ နိုင်ငံရေး ပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာ အမျိုးသား ပြန်လည်သင့်မြတ် ရေးကို ဦးတည်ဖို့လိုသလို တပ်မတော်ခေါင်းဆောင်ပိုင်းရဲ့ ဆန္ဒ ကလည်း အရေးပါတဲ့ အနေအထားမှာ ရှိနေပါတယ်။ လူနှစ်ယောက် တွေ့ဆုံရုံနဲ့ မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်ဖို့ ခက်ပါတယ်။ အဓိကက NLD ပါတီအနေနဲ့ အထူးသဖြင့် NLD ပါတီက ရွေးချယ်မယ့် သမ္မတအနေနဲ့ ပြည်နယ်တွေမှာ အစိုးရဖွဲ့ဖို့အခါ အဲဒီပြည်နယ်တွေမှာ အနိုင်ရရှိထားတဲ့ ပါတီတွေကို ပြည်နယ် အစိုးရအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းခွင့်ပေးမယ်ဆိုရင် ပိုပြီးတော့ ကောင်းမွန်လိမ့်မယ်လို့ ယူဆပါတယ်။

စာရေးဆရာသန်းဝင်းလှိုင်

ရွေးကောက်ပွဲအပြီး ထွက်ပေါ်လာတဲ့ ရလဒ်တွေအရ NLD ပါတီက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ၈၀ ရာခိုင်နှုန်းနီးပါး အနိုင်ရရှိ ထားတယ်။ ဒီလိုအခြေအနေမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သူ့ရဲ့ အချစ်ဆုံးမြေးကို ဒေါ်အောင်ဆန်းစုကြည်ဆီ လွှတ်လိုက်တယ် ဆိုတာက သူ့မိသားစုရဲ့ လုံခြုံရေးနဲ့ နောက်ကြောင်းပြန် သင်ပုန်း ချေတဲ့ကိစ္စတွေ ဖြစ်မလာအောင် ဆောင်ရွက်လိုက်တာဖြစ်တယ်။ ဒီဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် မကြာမီကာလတစ်ခုအတွင်း





ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ တွေ့ဆုံ ဆွေးနွေးမှု တစ်စုံတစ်ရာ လုပ်ကြလိမ့်မယ်လို့ ယူဆတယ်။ မြန်မာ့နိုင်ငံရေးမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍကလည်း အရေးပါတဲ့ နေရာမှာရှိနေတော့ လက်ရှိ တပ်မတော်ခေါင်းဆောင်ပိုင်းကို လွှမ်းမိုးနိုင်တာက ဦးသန်းရွှေပဲ ရှိတယ်။ ဦးသိန်းစိန် တောင် မလွှမ်းမိုးနိုင်ဘူးလို့ ယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုက်ပွဲ ကိုတွေကို ရပ်ဖို့ သမ္မတဦးသိန်းစိန် ပြောခဲ့ပေမယ့် မရပ်တဲ့ဖြစ်ရပ်က သက်သေပဲလေ။ အခုလည်း တိုက်ပွဲတွေက ပြန်ဖြစ်နေတယ်။ နောက်တစ်ချက်က အခုတွေ့ဆုံမှုမှာ ဦးသန်းရွှေက သူ့မှာ ယုံကြည် စိတ်ချရတဲ့ လူတွေ အများကြီးရှိတဲ့အထဲက သူ့မြေးကို လွှတ်လိုက် တာ သူ့မြေးကို လူထုက အသိအမှတ်ပြုစေချင်လို့ လွှတ်လိုက်တာလို့ မြင်တယ်။ ဦးသန်းရွှေရဲ့ အမှာစကားကို ဖိုးလပြည့်က လာပြီး ပြောတယ်လို့ သတင်းထွက်နေတော့ ဒီအမှာစကားက အမျိုးသား ရင်ကြားစေ့ရေးနဲ့ ပတ်သက်နေလိမ့်မယ်။ ဒေါ်စုနဲ့ နိုင်ငံတကာ သံတမန်တွေ တွေ့ဆုံပွဲအပြီးမှာ ဖိုးလပြည့်က ဒေါ်စုကို လာတွေ့ တယ်။ ဒါကိုကြည့်ရင် မြန်မာပြည်သူတွေကရော နိုင်ငံတကာကပါ ဒေါ်အောင်ဆန်းစုကြည်အပေါ် ထောက်ခံမှုအပြည့်အဝရှိနေတယ်။ ဒါကို ကြည့်ပြီးတော့ ဦးသန်းရွှေအနေနဲ့ သူ့မိသားစုအပေါ် စိုးရိမ် မကင်း ဖြစ်နေပုံရတယ်။ အဲဒီအတွက် တခြားလူတွေကို မလွှတ်ဘဲနဲ့ သူ့မြေးကိုလွှတ်ပြီး သတင်းစကားတစ်ခု ပါးခိုင်းလိုက်တယ်။ ဦးသန်းရွှေဟာ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် သေသေချာချာ စေ့စေ့စပ်စပ်လုပ်လေ့ရှိသူ ဖြစ်ပါတယ်။ ဒီအကြောင်းကို ကျွန်တော် ရေးခဲ့တဲ့ ဦးသန်းရွှေ သို့မဟုတ် နေပြည်တော် မင်းသားကြီးစာအုပ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာလည်း ရေးခဲ့ဖူးပါတယ်။ ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ ဒေါ်အော
ဆန်းစုကြည်ဟာ နောင် ဖြစ်ပေါ်လာမယ့် အစိုးရအဖွဲ့ကို ဦးဆော
သေချာသလောက် ရှိနေတယ်။ ဒီလိုအချိန်မှာ အာဏာရှင်ပော
ဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ထွက်ပေါက်ပေးရလိမ့်မယ်။ ရှေ
ပိတ်လို့မရဘူး။ မြန်မာနိုင်ငံရေးဟာ အင်မတန် နူးညံ့သိမ်မွေ့
အနေအထားဖြစ်တယ်။ ရန်သူတောင်မှ လက်နက်ချရင် ခွင့်လွှ
ရသေးတာပဲလေ။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လည်း ဘယ်
စိန်ခေါ်မှုမျိုးကိုပဲဖြစ်ဖြစ် သူ့ရဲ့အသက်အရွယ် ပညာနဲ့ ခေါင်းဆော
စွမ်းရည်တွေနဲ့ အောင်အောင်မြင်မြင် ဖြေရှင်းပေးနိုင်လိမ့်မယ်
ယုံကြည်ပါတယ်။

**ဦးသီဟသွယ်**

**မြန်မာ့နိုင်ငံရေးလေ့လာသုံးသပ်သူ**

ဒီချာတိတ်က ဒေါ်စုကို သူ့သဘောနဲ့သူ လာတွေ့တာလား
သူ့အဘိုးက လာတွေ့ခိုင်းလို့ လာတွေ့တာလား။ ဒါမှမဟုတ်
နိုင်ငံရေးဘက်ကို ခြေစုန်ချင်လို့ လာတွေ့တာလားဆိုတဲ့ မှန်းဆချ
တွေတော့ ထွက်နေတယ်ပေါ့လေ။ သေချာမသိတဲ့အတွက် တိ
ကျကျပြောဖို့ ခက်ပါတယ်။ ဖြစ်နိုင်ချေတွေကို ပြောရမယ်ဆို
ဒီတွေ့ဆုံမှုဟာ တကယ်ဖြစ်ခဲ့ပြီးတော့ အဘိုးကြီးက သူ့မြေးကို အ
စကားတစ်ခု ပါးလိုက်တယ်။ အဲဒီအမှာ စကားကလည်း တိုင်းပြ
အတွက် အကျိုးရှိစေမယ့် အမှာစကားဖြစ်တယ်ဆိုရင်တော့ အာ
လွှဲပြောင်းရေးကိစ္စကို တစ်စုံတစ်ရာ အထောက်အကူ ပြုနိုင်ပါလိ
မယ်။ နောက်တစ်ချက်က ပြည်သူတွေရဲ့ စာဖတ်နေသူကြီး ဘာလ





ဦးမလဲဆိုတဲ့ စိုးရိမ်စိတ်ကိုလည်း လျှော့ပါးစေနိုင်ပါတယ်။ ဒီတွေ့ဆုံမှု
အမှန်တကယ်ဖြစ်ခဲ့တယ်ဆိုရင် တိုင်းပြည်ရဲ့ ရှေ့ဆက်မယ့် အနာဂတ်
အတွက် ကောင်းမွန်တဲ့တွေ့ဆုံမှု ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးစောနိုင်းနိုင်း**

**နယက ညီညွတ်သောအမျိုးသားဒီမိုကရေစီအဖွဲ့**

အခုတွေ့ဆုံမှုဟာ နိုင်ငံရေးအရ အရေးကြီးတဲ့ကိစ္စလို့ ကျွန်တော် မယူဆပါဘူး။ ကိုယ်ရေးကိုယ်တာ ကိစ္စတွေ ဆွေးနွေး ကြတာဖြစ်လို့ သတင်းမထုတ်ပြန်တာလို့ မြင်တယ်။ နိုင်ငံရေးနယ် ပယ်မှာတော့ ဒါကို အရေးကြီးတယ်လို့ မထင်ပါဘူး။ မြန်မာ့နိုင်ငံ ရေးက ဒီလိုလူနှစ်ယောက်တွေပြီး ဖြေရှင်းလို့ရတဲ့ကိစ္စ မဟုတ်ပါဘူး။ တွေ့တဲ့လူနှစ်ယောက်ရဲ့ အနေအထားကလည်း ဘက်ညီတဲ့ တွေ့ဆုံမှု မဟုတ်လို့ ထူးထူးခြားခြား ပြောစရာ မရှိပါဘူး။

**ဦးမြင့်အေး၊ အမှုဆောင်ဒါရိုက်တာ**

**လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့ (H.R.D.P)**

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ဒီချာတိတ်ကို တစ်စုံတစ်ခု ကြီးမားတဲ့အကြောင်းကိစ္စမရှိဘဲနဲ့ လက်ခံတွေ့ဆုံလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး။ ဒီချာတိတ်ကလည်း အန်တီနေကောင်း လားဆိုတာ ပြောဖို့လောက်နဲ့တော့ သမိုင်းဝင်မယ့် ညတွေဘာတွေ လုပ်မှာ မဟုတ်လောက်ဘူး။ နောက်တစ်ချက်က ဒေါ်အောင်ဆန်း စုကြည်နဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ဟာ အစွန်းတစ်ဖက်ဆီမှာ ရှိနေကြတဲ့ ပုဂ္ဂိုလ်တွေ။ အယူအဆအားဖြင့် ဟိုဘက်ဒီဘက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ။ ဒီလိုအနေအထားမှာ ဦးသန်းရွှေက သူ့မြေးကို ဒေါ်အောင်ဆန်းစုကြည်ဆီ အကြောင်းမဲ့တော့ သွားပြီး မတွေ့နိုင်းလောက်ပါဘူး။ သူတို့နှစ်ဦးကြားထဲမှာ ကြိုတင်နားလည်မှု တစ်စုံတစ်ရာ ရထားလို့သာ ဒီအသက် ၂၅ နှစ်လောက်ပဲ ရှိသေးတဲ့ ကလေးတစ်ယောက် ဒေါ်အောင်ဆန်းစုကြည်ဆီ ရောက်လာတယ်လို့ ထင်တယ်။ ဒီလိုတွေ့ဆုံမှုဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်ကျိုး အတွက် မဟုတ်ပေမယ့် အမျိုးသားပြန်လည် သင့်မြတ်ရေးလမ်း ကြောင်းပေါ်က တံခါးတစ်ချပ် ပွင့်သွားတယ်လို့ မြင်မိပါတယ်။

နှင်းမောင်ဦး

၂၀–၁၁–၂၀၁၅

❖ ❖ ❖





## လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခြင်း

ရေးသူ - အောင်ဝေ

ယခုလအတွင်းမှာ ကျင်းပခဲ့တဲ့ မြန်မာနိုင်ငံရဲ့ အထွေထွေ ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD**ဟာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ပါတယ်။

ဝါရှင်တန်ပို့စ်မှ အကြီးတန်း တွဲဖက်အယ်ဒီတာဖြစ်သူ **Lally Weymouth** က ယခုရက်ပိုင်းအတွင်း နေပြည်တော်မှာ လူထု ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံပြီးတော့ ဒီမိုကရေစီ ရရှိရေး ကြိုးပမ်းလှုပ်ရှားမှု၊ တိုင်းရင်းသားပဋိပက္ခများ အဆုံးသတ် ရေး၊ တပ်မတော်နဲ့ အာဏာခွဲဝေရေးနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတဖြစ်ခွင့် ရနိုင်စေတဲ့ အခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စ တွေအကြောင်း မေးမြန်းဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

ယခုဖော်ပြပါ ဆောင်းပါးကတော့ အဆိုပါ တွေ့ဆုံဆွေးနွေး ပြောဆိုမှုများမှ ဆီလျော်အောင် ထုတ်နုတ် ဘာသာပြန်ဆို ဖော်ပြ ပေးထားခြင်း ဖြစ်ပါတယ်။



www.burmeseclassic.com

**Lally Weymouth -** ရွေးကောက်ပွဲမှာ အစ်မကြီး... တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့တဲ့အတွက် အစ်... ကြီး အံ့သြမှုဖြစ်ခဲ့ပါသလား။

**DASSK -** ဟင့်အင်း ... မအံ့သြပါဘူး။ ကျွန်မတို့ကို လူ... ထောက်ခံတယ်ဆိုတာ ကျွန်မတို့ သိပြီးသားပါ... ဒါပေမဲ့ ပုံမှန်မဟုတ်တဲ့ အမှားအယွင်းတွေများ... ဖြစ်လာလိမ့်မလားဆိုပြီးတော့ စိုးရိမ်ပူပန်မိခဲ့ပါတယ်... ဘာဖြစ်လို့လဲဆိုတော့ မဲစာရင်းမှားယွင်းမှုတွေ ... ဖြစ်ခဲ့တာလည်း ကြုံခဲ့ရလို့ပါ။

**Lally Weymouth-** တချို့ဒေသတွေမှာဆိုရင် ပြည်သူ... က သူတို့ရဲ့ တိုင်းရင်းသားပါတီတွေကိုတော... မဲမပေးဘဲ အစ်မကြီးတို့ပါတီကိုသာ မဲပေးခဲ့တယ်... နော်။

**DASSK-** ကျွန်မတို့ အရင်တုန်းကလည်း တောင်ပြိုကမ်းပြို... နိုင်ခဲ့ဖူးတာတွေရှိတာကို မမေ့ပါနဲ့။

**Weymouth-** ၁၉၉၀ တုန်းကမဟုတ်လား အစ်မကြီး။ အဲဒီတုန်း... ကလိုပဲ ဒီတစ်ချိန်မှာလည်း စစ်တပ်က ကြား... နောင့်ယှက်မှာကို အစ်မကြီးတို့ စိုးရိမ်ပူပန်ခဲ့ပါ... သလား။

**DASSK-** ကျွန်မတို့အနေနဲ့ စစ်တပ်ကို အရပ်သားထိန်း... ချုပ်မှုဆီသို့ အုပ်ချုပ်ရေးအသွင် ကူးပြောင်း... လုပ်ငန်းစဉ် မပြီးစီးသေးပါဘူး။ ပြီးတော့ ဒါက... အခြေခံဥပဒေအရဆို မတ်လအထိ ဆက်သွားဦးမှာ...





အမှန်တကယ်တော့ ဒါဟာ ၁၉၉၀ အချိန်ကာလမျိုး မဟုတ်ပါဘူး။ ဆက်သွယ်ရေးတွေ အရမ်းကောင်းနေပါပြီ။ ပြီးတော့ အရာရာကို ဖြစ်သင့်ဖြစ်ထိုက် သွားသင့်သွားထိုက်တဲ့အတိုင်း သွားစေဖို့ရာ လူထုကလည်း တက်ကြွတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။

**Weymouth-** လွှတ်တော်တွင်းမှာ စစ်တပ်က ၂၅ ရာခိုင်နှုန်း ထိန်းချုပ်ထားတယ်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ ပူးပေါင်းလုပ်ဆောင်သွားနိုင်မယ်လို့ ထင်ပါသလား။

**DASSK-** အဲသလိုနေရာတွေ အခမ်းအနားတွေ ကျွန်မ သွားမှာပါ။ သမ္မတနဲ့အတူ ကျွန်မသွားမှာ။ သူက ကျွန်မဘေးမှာ ထိုင်ပေါ့။

**Weymouth-** နိုင်ငံခြားသားကလေးတွေဆိုတဲ့ အခြေခံဥပဒေမှာထည့်သွင်းထားတဲ့ ခြွင်းချက်စာသားက အစ်မကြီးကို သမ္မတဖြစ်မလာအောင် ပိတ်ပင်တားမြစ်ဖို့ ရေးသားထားခဲ့တာလို့ အစ်မကြီးထင်ပါသလား။

**DASSK-** အဲသလို ထင်တာပါပဲ။

**Weymouth-** အဲဒါကို ပြင်ဆင်ဖို့ရာ စစ်တပ်ကို စည်းရုံးလို့ရနိုင်မလား။

**DASSK-** သူတို့ကတော့ ချက်ချင်းပြင်ဆင်ပေးမှာ မဟုတ်ပါဘူး။ ကျွန်မတို့ ပြင်ဆင်ထားရမှာပေါ့။ ဖွဲ့စည်းပုံ အခြေခံ



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေ ပြင်ဆင်တယ်ဆိုတာ တစ်ခါတလေကျတော့ အချိန်ယူရတတ်ပါတယ်။

**Weymouth-** **ဒါပေမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေဟာ ပြင်ဆင်ဖို့ရာ ပြုလုပ်ထားတာဆိုပြီးတော့ အတိတ်ကာလတုန်းက အစ်မကြီး ပြောဖူးပါတယ်။**

**DASSK-** တစ်ချိန်ချိန်မှာတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရမယ်ဆိုတာ ကျွန်မ ယုံကြည်ပါတယ်။ ဒါပေမဲ့ နောက်နှစ်လအတွင်းမှာ ပြင်ဆင်လိမ့်မယ်လို့ ကျွန်မ မပြောပါဘူး။ ကျိုးကြောင်းဆီလျော်တဲ့ အချိန်ကာလတစ်ခုအတွင်းမှာ ပြင်ဆင်သင့်တယ်လို့တော့ ကျွန်မ ထင်ပါတယ်။

**Weymouth-** **ဒါပေမဲ့ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာနိုင်ငံကို ဒဏ်ခတ်ထားတဲ့ အရေးယူ ပိတ်ဆို့မှုအများစုကို ရုပ်သိမ်းပေးခဲ့တယ်။ အဲဒီနောက်ပိုင်း သမ္မတအိုဘားမားနဲ့ နိုင်ငံခြားရေးဝန်ကြီးတွေဖြစ်ကြတဲ့ ဟီလာရီကလင်တန်နဲ့ ဂျွန်ကယ်ရီတို့လည်း မြန်မာနိုင်ငံကို အသီးသီးလာရောက်လည်ပတ်ခဲ့ကြတယ်။ ဒါက သူတို့အနေနဲ့ အများကြီး အားထုတ်လုပ် ဆောင်ပေးသွားခဲ့တာပဲလေ။**

**DASSK-** ဟုတ်ပါတယ်။ ဒါပေမဲ့ တခြားသောနိုင်ငံတွေ အများကြီးလည်း အားထုတ်လုပ်ဆောင်ပေးခဲ့ကြတာပါ။ ဂရိတ်ဗြိတိန်နဲ့ နော်ဝေး ပြီးတော့ စကင်ဒီနေးဗီးယားနိုင်ငံတွေလည်း ပါတယ်။ ကျွန်မတို့ နိုင်ငံရဲ့ ဒီမိုကရေ





ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်မှာ များစွာသော နိုင်ငံတွေက အထောက်အပံ့တွေ အများကြီး ပေးကြပါတယ်။ ဒါကို ကျွန်မက တစ်နိုင်ငံတည်း သီးသန့်ရွေးထုတ် မပြောချင်ပါဘူး။

**Weymouth-** **ကျွန်မလည်း အမေရိကန် စာတမ်းတစ်စောင်အတွက် ရေးသားနေတာကြောင့် အမေရိကန်တွေအနေနဲ့ ကျွန်မတို့ရဲ့ ပါဝင်လုပ်ဆောင်ပေးမှုကို ကြားသိရဖို့ စိတ်ဝင်စားနေကြပါတယ်။**

**DASSK-** ကျွန်မမှာ အရမ်းအရမ်းကိုကောင်းတဲ့ အမေရိကန်မိတ်ဆွေတွေ ရှိပါတယ်။ နှစ်ပေါင်းများစွာ သူတို့လုပ်ဆောင်ပေးခဲ့တာတွေ အားလုံးကို ကျွန်မအနေနဲ့ ကျေးဇူးအများကြီး တင်ပါတယ်။ သူတို့အနေနဲ့ ဆက်လက်ပြီးတော့ အကောင်းဆုံး လုပ်ဆောင်သွားမယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။

**Weymouth-** **ကျန်ရှိနေသေးတဲ့ အရေးယူပိတ်ဆို့မှုတွေကို ရုပ်သိမ်းပေးဖို့ ဆိုလိုတာလား။**

**DASSK-** ဒီနိုင်ငံမှာ တိုးတက်မှုဆိုတာနဲ့ စပ်လျဉ်းပြီးတော့ အရေးယူပိတ်ဆို့မှုတွေကသာ အဓိကကျတဲ့အရာ မဟုတ်ပါဘူး။

**Weymouth-** **အမေရိကန်နဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းက တခြား ဘာလုပ်ဆောင်ပေးတာမျိုးကို အစ်မကြီး မြင်တွေ့လိုတာလဲ။**

**DASSK-** လောလောဆယ်မှာတော့ ချောချောမွေ့မွေ့ ငြိမ်ငြိမ်း

www.burmeseclassic.com



ချမ်းချမ်း အသွင်ကူးပြောင်းမှုဖြစ်ဖို့ အားလုံး...
ထောက်ပံ့အားပေးကြမယ်လို့ မျှော်လင့်သလို ပြည်...
လူထုက သူတို့ရင်ထဲက ဆန္ဒကို ရှင်းရှင်းလင်းလ...
ပြတ်ပြတ်သားသား ထုတ်ဖော်ထားကြပြီး ဖြစ်တ...
ဆိုတာကို အားလုံးက နားလည်ကြလိမ့်မယ်လို့လည်း...
မျှော်လင့်ပါတယ်။ ပြီးတော့ အဲဒီပြည်သူ့ဆန္ဒကို ...
စားလိုက်နာကြမယ်လို့လည်း ကျွန်မ မျှော်လင့်ပါတယ်...

**Weymouth-** **နောက်ထပ်ရော ဘာများရှိပါသေးသလဲ။**

**DASSK-** ကျွန်မတို့အစိုးရဖွဲ့ပြီးတာနဲ့ လိုချင်တာကို ကျွန်မ... ပြောပါမယ်။

**Weymouth-** **စီးပွားရေးလုပ်ငန်းတွေ ဒီလိုလာဖို့ အစ်မကြ... လိုလားမယ်လို့ ကျွန်မထင်ပါတယ်။**

**DASSK-** ဟုတ်ပါတယ်။ ဒါပေမဲ့ မှန်ကန်တဲ့ စိတ်သဘော... ရှိတဲ့ မှန်ကန်တဲ့ စီးပွားရေးလုပ်ငန်းမျိုးတွေကို... အလိုရှိတယ်လို့ ကျွန်မ အမြဲပြောဖူးပါတယ်။ ဒါ... တစ်ဖက်မှာလည်း ပူပေါင်းဆောင်ရွက်မှု ဆက်ဆံ... ဘက်ကနေ အမြတ်ထွက်အောင် အကျိုးရှိအော... လုပ်ဆောင်ရပါမယ်။ တစ်ဖက်သတ်ဆန်တဲ့ စီး... ရေးလုပ်ငန်းမျိုးတော့ မဖြစ်ရပါဘူး။

**Weymouth-** **ကျန်ရှိနေသေးတဲ့ အမေရိကန်ရဲ့ အရေးယူ... ဆိုမှုတွေကို ရုပ်သိမ်းပေးတာ အစ်မကြီး မြင်... လိုပါသလား။**

**DASSK-** အင်း ... စစ်မှန်တဲ့ ဒီမိုကရေစီအစိုးရသာ အာ...





ရလာရင် အရေးယူပိတ်ဆို့မှုတွေကို ဘာကြောင့် ဆက်လက်ထားဖို့ လိုအပ်တယ်ဆိုတာကို ကျွန်မ မြင်တွေ့ရတော့မှာ မဟုတ်ပါဘူး။

**Weymouth-** **အစ်မကြီးတို့သာ အာဏာရလာရင် ရုပ်သိမ်းပေး စေချင်တဲ့ ဆန္ဒပြုစာရင်းမှာ ဘာတွေ ရှိလာမလဲ ရှင်။**

**DASSK-** ဒါကို ဆန္ဒပြုစာရင်းလို့ ကျွန်မ မထင်ပါဘူး။ ဒါဟာ ကျွန်မတို့ကြိုးစားလုပ်ဆောင်သွားရမယ့် အရာလို့ပဲ ထင်ပါတယ်။

**(အင်တာဗျူးတွင် ဖော်ပြပါရှိသောစာအချို့ကို ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်)**

**Source : Washington Post**

၂၀-၁၁-၂၀၁၅

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## တိုင်းရင်းသားတွေရဲ့ စိုးရိမ်မှုကို NLD ဘယ်လိုဖြေရှင်းပေးနိုင်မလဲ

နိုင်လင်း-စေ့ငှရေးသားသည်

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြီးစီးခဲ့သ
သမိုင်းဝင် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့
က လွှန်ခဲ့သည့် ၂၅ နှစ်ကအတိုင်း ပြတ်ပြတ်သားသား အ
ရယူခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ နိုဝင်
၁၅ ရက်အထိ အတည်ပြုထုတ်ပြန်ခဲ့သည့် ရလဒ်များအရ 'ပြော
လဲချိန်တန်ပြီ' ဟု ကြွေးကြော်ခဲ့သည့် ခွပ်ဒေါင်းနှင့်ကြယ်ဖြူသ
ပြည်ထောင်စုလွှတ်တော်၌ အမတ်နေရာ ၃၉၀ အထိ အနိုင်
ထားသည်။

ပြည်ထောင်စုလွှတ်တော်၌ အနိုင်ရကိုယ်စားလှယ်အ
ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထပ်မံကြေညာရန်
နေရာသာ ကျန်ရှိတော့ချိန်တွင် ရွေးကောက်ခံ ကိုယ်စားလှ
စုစုပေါင်း၏ ရာခိုင်နှုန်း ၈၀ ခန့်အထိ အင်န်အယ်လ်ဒီပါတီက အ
ရထားခြင်းဖြစ်သည်။ အင်န်အယ်လ်ဒီက ယင်းသို့ ကိုယ်စားလှ
အများစုအနိုင်ရနေချိန်တွင် စုစုပေါင်း ကိုယ်စားလှယ် ၆၆၄ ဦးရှိသ





ပြည်ထောင်စုလွှတ်တော်၌ တိုင်းရင်းသား ပါတီများမှ အနိုင်ရကိုယ်စားလှယ် စုစုပေါင်းမှာ ၅၃ ဦးသာရှိပြီး ပါတီအနေဖြင့် ကိုးပါတီသာ ရှိနေသည်။

ဤကဲ့သို့သော အခြေအနေတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင်လည်း ပင်နီတိုက်ပုံများသာ လွှမ်းမိုးနေပြီး ယင်းလွှတ်တော်များ၌ အင်န်အယ်လ်ဒီက စုစုပေါင်းကိုယ်စားလှယ် ၄၇၄ ဦးနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၁၇ ဦးအထိ အနိုင်ရရှိထားသည်။ ယင်းသို့ အနိုင်ရရှိမှုများအနက် ပြည်နယ်လွှတ်တော်များတွင် အင်န်အယ်လ်ဒီတစ်ပါတီတည်းကသာ အများစု အနိုင်ရရှိမှုအပေါ် ဒေသအခြေစိုက် တိုင်းရင်းသားပါတီများက စိုးရိမ်မှုများ ရှိနေကြသည်။

'တိုင်းရင်းသားတွေ မနိုင်တာ အရမ်းကို နည်းသွားတာက တိုင်းပြည်ရဲ့အနာဂတ်တွက် အရမ်းကို စိုးရိမ်ပူပန်စရာတော့ ဖြစ်တာပေါ့။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့နိုင်ငံက တိုင်းရင်းသား ပြည်နယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုတစ်ရပ် ဖြစ်တယ်။ ဒါကြောင့် တိုင်းရင်းသားအရေးကို နောက်ချန်ထားလို့ မရဘူးလေ' ဟု ပြည်နယ်လွှတ်တော်များတွင် အင်န်အယ်လ်ဒီ ကိုယ်စားလှယ် အများစုအနိုင်ရရှိထားသည့်အပေါ် ကချင်ပြည်နယ် ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက မှတ်ချက်ပြုသည်။

တိုင်းဒေသကြီးလွှတ်တော် ခုနစ်ရပ်လုံးတွင် အစိုးရဖွဲ့နိုင်သည်အထိ အနိုင်ရထားသည့် အင်န်အယ်လ်ဒီ က ပြည်နယ်လွှတ်တော်ခုနစ်ရပ်တွင်လည်း ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ လွဲ၍ အခြားပြည်နယ်များတွင် ပြည်နယ်အစိုးရဖွဲ့နိုင်မည့် ကိုယ်စားလှယ်



www.burmeseclassic.com

www.burmeseclassic.com



အရေအတွက်ကို ရရှိထားသည်။ ကိုယ်စားလှယ် ၃၄ နေရာရရှိသည့် ရခိုင်ပြည်နယ်လွှတ်တော်တွင် ဒေသတွင်းပါတီဖြစ်သည့် ရခိုင်အမျိုးသားပါတီက ၂၂ နေရာဖြင့် ဦးဆောင်ထားပြီး ၉၆ နေရာရရှိသည့် ရှမ်းပြည်နယ်တွင်မူ ပြည်ခိုင်ဖြိုးပါတီက ၃၂ နေရာဖြင့် ဦးဆောင်ထားကာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က ၂၄ နေရာနှင့် ၂၁ ရာ အသီးသီးရရှိထားသည်။

အဆိုပါပြည်နယ်နှစ်ခုမှလွဲ၍ ကျန်ပြည်နယ် ငါးခုရှိ လွှတ်တော်များကို လွှမ်းမိုးထားသည်က ပင်နီတိုက်ပုံများသာဖြစ်၏။ ထို့ကြောင့် ရွေးကောက်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နေရာအများစု အနိုင်ရယူကာ ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေး မျှော်လင့်ခဲ့ကြသည့် တိုင်းရင်းသားပါတီများမှာ ထင်သလို ဖြစ်မလာခဲ့ကြ။

မိမိတို့ကိုယ်စားပြုရာ တိုင်းရင်းသားများ အကျိုးအတွက် သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်များကို လွှမ်းမိုးနိုင်ရေး မိမိ လုပ်ဆောင်ခဲ့ကြသော်လည်း ဒေါ်အောင်ဆန်းစုကြည်၏ 'ပြောင်းလဲချိန်တန်ပြီ' ကြွေးကြော်သံနောက် မြေပြန့်ဒေသရှိ ပြည်သူများသာမက တိုင်းရင်းသားများကပါ လိုက်ပါသွားခဲ့ခြင်းက တိုင်းရင်းသားပါတီများအတွက် အခက်တွေ့စေခဲ့၏။

'လက်ရှိအနေအထားအရ ပြုပြင်ပြောင်းလဲရေးမှာ အားနည်းနေတဲ့အပိုင်းတွေကိုလည်း သူတို့ မြင်တွေ့ကြမှာပေါ့။ အဲဒီမှာ အင်န်အယ်လ်ဒီအနေနဲ့ ပြောင်းလဲချိန်တန်ပြီဆိုပြီးတော့ တိုင်းပြည်နေရာအနှံ့ သွားပြီး ကွင်းဆင်းဟောပြောတယ်လေ။ အဲဒီမှာ ပြည်သူ





တွေက အရမ်းကို အားကိုးယုံကြည်သွားပုံရပါတယ်' ဟု အင်န်အယ်လ်ဒီကို ဒေသခံတိုင်းရင်းသားများ အဘယ်ကြောင့် ထောက်ခံရသနည်းဆိုသည့် မေးခွန်းကို ဒေါက်တာ တူးဂျာက အဖြေပေးသည်။ ထို့ပြင် ၂၀၁၅ ကဲ့သို့ အဖြစ်မျိုး ထပ်မံမကြုံတွေ့စေရန် တိုင်းရင်းသားပါတီများ အနေဖြင့်လည်း ပြုပြင်ပြောင်းလဲမှုများ လုပ်ရတော့မည်ဟု ၎င်းက အကြံပြုတိုက်တွန်းသည်။

အဆိုပါ အချက်အပြင် တိုင်းရင်းသားပါတီများအကြား ကွဲပြားမှုများ ရှိနေခဲ့ခြင်းကလည်း အင်န်အယ်လ်ဒီအတွက် အားသာချက်ဖြစ်စေခဲ့သည်ဟု ၎င်းကပင် ဆက်ပြောသည်။ ရွေးကောက်ပွဲ မတိုင်မီကာလများက နိုင်ငံရေး လေ့လာသုံးသပ်သူများအကြား တိုင်းရင်းသားပါတီများသည် ကီးပလေယာများအဖြစ် တည်ရှိလာမှုဟူသော တွေးခေါ်သုံးသပ်မှုက ရေပန်းစားခဲ့သည်။ အင်န်အယ်လ်ဒီအနေဖြင့် တစ်ပါတီတည်း အစိုးရဖွဲ့နိုင်သည်အထိ အနိုင်ရရန် မလွယ်ကူသောအမြင်ကို အခြေခံတွက်ချက်ခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဓိကယှဉ်ပြိုင်ဘက်များဖြစ်သည့် အင်န်အယ်လ်ဒီနှင့် ပြည်ခိုင်ဖြိုးတို့အကြား အဓိကဆုံးဖြတ်သူ နေရာတွင် တိုင်းရင်းသားပါတီများ ရောက်လာမည်ဟူ၍ အများစုက တွေးတောရှုမြင်ခဲ့ကြသည်။ လက်ရှိတွင်တော့ တိုင်းရင်းသားပါတီများ ကိုယ်တိုင်ပင် အခြေမလှ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက တိုင်းရင်းသားဒေသများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့် ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပြည်နယ်များသို့ အရောက်သွားကာ မဲဆွယ်ဟောပြောမှုများ ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို ဝေဖန်ကန့်ကွက်သည့်ပါတီများ ရွေးကောက်ပွဲမတိုင်မီ ကတည်းက ရှိခဲ့သည်။

အင်န်အယ်လ်ဒီက ရွေးကောက်ပွဲ အနိုင်ရရှိချိန်တွင်တော့ ဝေဖန်မှုနှင့် စိုးရိမ်မှုများက ပိုမိုကျယ်လောင် လာခြင်းဖြစ်သည်။ သို့သော် တပ်မတော်မှ ယူနီဖောင်းချွတ်လာသူ အများအပြား ပါဝင်နေသည့် ပြည်ခိုင်ဖြိုးအစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များ လွှမ်းမိုးစဉ်ကလည်း တိုင်းရင်းသားများအရေး ထိရောက်သည့် ဆောင်ရွက်မှုမျိုး မရှိခဲ့ဟု တိုင်းရင်းသားပါတီခေါင်းဆောင်များက သုံးသပ်ကြသည်။

'ပြည်နယ်ပါတီ အဖွဲ့အစည်းတွေက ရွေးကောက်ပွဲမှာ အနိုင်ရရင် ပြည်နယ်အစိုးရ ဦးဆောင်ဖွဲ့စည်းဖို့ ဖြစ်တယ်။ ပါတီကြီး တွေက ပြည်နယ်တွေမှာ လွှမ်းမိုးချင်လာတာကတော့ ကျွန်တော်တို့ ကိုယ်ပိုင်အုပ်ချုပ်ရေး ကိုယ်တိုင်ပြဋ္ဌာန်းဖို့ဆိုတာထက် တန်းတူအခွင့် အရေးဆိုတာနဲ့ အလှမ်းကွာဝေးသွားမယ့်သဘော ဖြစ်နေတယ်' ဟု တိုင်းရင်းသားပါတီ ခေါင်းဆောင်တစ်ဦးက မှတ်ချက်ပြုသည်။

သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၎င်းတို့၏ ရွေးကောက်ပွဲကြေညာစာတမ်း၌ တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းအပြီး အမှတ်စဉ် (၁) ၌ ဖော်ပြခဲ့သည်။ ပြည်နယ်များ၌ ပါဝင်ယှဉ်ပြိုင် ခြင်းကပင် တိုင်းရင်းသားများထံမှ နေရာကို လုယူလို၍ မဟုတ်ဘဲ ယင်းဒေသများတွင် ပြည်ခိုင်ဖြိုးပါတီကလည်း ဝင်ရောက်ယှဉ်ပြိုင် ယှဉ်ပြိုင်ခြင်းသာ ဖြစ်သည်ဟု တိုင်းရင်းသားဒေသများ၌ မဲဆွယ် ဟောပြောမှုများ ပြုလုပ်ရာတွင် ရှင်းလင်းပြောဆိုခဲ့သည်။





'ပါတီကြီးတွေက တိုင်းရင်းသားအရေး ဆောင်ရွက်နေခဲ့ နေရာမှာ အပြည့်အဝမဖြစ်နိုင်ဘူး။ မိခင်ပါတီရဲ့ စကားနားထောင်ပြီး လုပ်ရမယ့်သဘောတွေ အများကြီးရှိတယ်။ ဒါကြောင့် မိခင်ပါတီရဲ့ ပေါ်လစီသဘောထားက တကယ့်တိုင်းရင်းသားအရေးမှာ ဘယ် လောက်အားကောင်းသလဲ၊ အားနည်းသလဲဆိုတဲ့အပေါ်မှာလည်း မူတည်မယ်လေ' ဟု ဒေါက်တာတူးဂျာက ဆိုသည်။

'တန်းတူညီမျှမှုနဲ့ မျှတမှုမရှိဘူးဆိုရင် စစ်မှန်တဲ့ ညီညွတ်မှုနဲ့ ငြိမ်းချမ်းမှုလည်း မရှိနိုင်ပါဘူး။ ဒါကြောင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ ပင်လုံစိတ်ဓာတ်ကို အခြေခံတဲ့ တိုင်းရင်းသားများ တန်းတူညီမျှရေးကို ဆုပ်ကိုင်ထားပါတယ်' ဟု ပြီးခဲ့သည့် စက်တင် ဘာ ၅ ရက်က ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ဟောပြောစဉ် ပြောကြားခဲ့သည်။

ထို့ပြင် လက်ရှိတွင် တိုင်းရင်းသားဒေသများ၌ အင်န် အယ်လ်ဒီ ကိုယ်စားလှယ်များ အနိုင်ရသည်ဟု ဆိုသော်လည်း ဒေသခံတိုင်းရင်းသားအများစုကိုသာ ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ထားခြင်းဖြစ်၍ တိုင်းရင်းသားများအရေး ဆောင်ရွက်နိုင်ခြင်း မရှိမည်ကို စိုးရိမ်စရာမလိုဟု ပါတီထိပ်ပိုင်း ခေါင်းဆောင်များက ပြောဆိုထားသည်။

'ကျွန်တော်တို့ပါတီအနေနဲ့ ဖွဲ့စည်းထားတာကိုက ပြည် ထောင်စုပါတီအဖြစ်နဲ့ ဖွဲ့စည်းထားတာဖြစ်လို့ တိုင်းရင်းသားတွေ အနေနဲ့ စိုးရိမ်စရာ မရှိပါဘူး' ဟု အင်န်အယ်လ်ဒီဗဟိုအလုပ် အမှုဆောင် ဦးဉာဏ်ဝင်းက တိုင်းရင်းသားများ၏ စိုးရိမ်မှုအတွက် ပြတင်းစကားပါးသည်။ ထို့ပြင် တိုင်းရင်းသားပါတီများ၏ စိုးရိမ်မှုများ



www.burmeseclassic.com

www.burmeseclassic.com



ကို လျှော့ချနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ် ရှိသည်ဟု ၎င်းက ပြောသည်။

'အခုက ကျွန်တော်တို့မှာ ဒီထက်အရေးကြီးတဲ့ အခြေအ တွေ ရှိနေသေးတဲ့အတွက် ဒါတွေကို အရင် လုပ်ဆောင်နေ သဘောပါ။ ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ဖို့ရှိပါတယ်' ဟု ဦးဉာဏ် က ဆိုခဲ့သည်။ လက်ရှိအခြေအနေတွင် ရွေးကောက်ပွဲ အနိုင်ရပါ အနေဖြင့် အာဏာလွှဲပြောင်းမှု အကူးအပြောင်းကာလအတွ တည်ငြိမ်အေးချမ်းရေးကို အဓိက ကြိုးပမ်းနေရသည့် အခြေအ အား မြင်တွေ့နေရသည်။

ပါတီအနိုင်ရသော်လည်း သမ္မတဖြစ်ခွင့်မရှိသော ဒေါ်အော ဆန်းစုကြည်ကိုယ်တိုင် သမ္မတဦးသိန်းစိန်၊ တပ်မတော်ကာကွယ် ဦးစီးချုပ်တို့ အပါအဝင် လွှတ်တော်နှစ်ရပ် ဥက္ကဋ္ဌများနှင့် တွေ့ ဆွေးနွေးရမည့် လုပ်ငန်းစဉ်များသည်လည်း မပြီးပြတ်သေး 'ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ၏ အရင်းအမြစ်များ ဖယ်ရှားရန် အာဃာတကင်းစင်ပြီး ပင်လုံစိတ်ဓာတ်ကို အခြေခံသော နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲများမှတစ်ဆင့် ပြည်သူ့ဘဝ လုံခြုံ ချမ်းစေမည်' ဟူသည့် အင်န်အယ်လ်ဒီ၏ ရွေးကောက်ပွဲကြေညာ စာတမ်းအရ မကြာမီတွင် အနိုင်ရပါတီအနေဖြင့် တိုင်းရင်းသားပါ များနှင့် တွေ့ဆုံမှုများ ပြုလုပ်သွားနိုင်ရန် မျှော်လင့်ရသည်။

အင်န်အယ်လ်ဒီအနေဖြင့် ယင်းသို့ မူဝါဒများ၊ ကတိက များ ပေးအပ်ထားသည့်တိုင် တိုင်းရင်းသားပါတီများ၏ သံသယ ချေဖျက်နိုင်ခြင်း မရှိသေးပါ။ အဆိုပါ တိုင်းရင်းသားပါတီများ သံသယအပါအဝင် အင်န်အယ်လ်ဒီအပေါ် ထောက်ခံယုံကြည်ခဲ့သ





တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်အတွက်ပါ ကျေနပ်နိုင်မည့် အဖြေတစ်ရပ်ထုတ်ပေးနိုင်ရန် လိုအပ်နေဆဲဖြစ်သည်။

လက်ရှိအခြေအနေအရ မျှော်လင့်၍သည်က အင်န်အယ်လ်ဒီသည် ပြည်ထောင်စုအဆင့်တွင် အစိုးရ ဖွဲ့ခွင့်ရထားသည့် ပါတီဖြစ်နေခြင်းပင် ဖြစ်သည်။ လွှတ်တော်နှစ်ရပ်မှ ဒုတိယသမ္မတတစ်ဦးစီကို တင်မြှောက်ခွင့်အပြင် သမ္မတကိုလည်း အင်န်အယ်လ်ဒီပါတီက ရွေးချယ်ခွင့်ရထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ဝန်ကြီးချုပ်ကို သမ္မတက ခန့်အပ်နိုင်မည်ဖြစ်ရာ အင်န်အယ်လ်ဒီပါတီက တင်မြှောက်မည့် သမ္မတအနေဖြင့် ပြည်နယ်ဝန်ကြီးချုပ်များကို ခန့်အပ်နိုင်မည် ဖြစ်သည်။

သို့သော် တိုင်းရင်းသားများ လိုလားနေသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးနှင့် ပြည်နယ်လွှတ်တော်များက ပြည်နယ်ဝန်ကြီးချုပ်ကို ခန့်အပ်ခွင့်ရရေးဆိုသည်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မှသာ ဖြစ်နိုင်ပါလိမ့်မည်။ 'တပ်မတော်က ၂၅ ရာခိုင်နှုန်းရှိနေသရွေ့ကတော့ အခြေခံဥပဒေပြင်ဖို့ သိပ်ပြီး အလားအလာ မရှိဘူး။ ငြိမ်းချမ်းရေးဆွေးပွဲပေါ် မူတည်သွားမယ်။ ဒီဆွေးနွေးပွဲ အောင်မြင်ပြီးတော့ ဖက်ဒရယ်ပုံစံ ဖော်ဆောင်နိုင်မယ်ဆိုရင် ၂၅ ရာခိုင်နှုန်းလည်း ပါစရာမလိုတော့ဘူး။ အဲဒီအခါကျမှပဲ လုပ်လို့ရမယ်ဗျ' ဟု ကချင်ပြည်နယ် ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ၎င်း၏ယူဆချက်ကို ဖွင့်ဟသည်။

မြန်မာ့နိုင်ငံရေး သုံးသပ်သူများ၏ ခန့်မှန်းချက်အတိုင်း အစိုးရဖွဲ့ခွင့်ရရေး အဓိကအစုအဖွဲ့များအဖြစ် တိုင်းရင်းသားပါတီများ ရပ်တည်နိုင်ခဲ့ခြင်း မရှိသော်လည်း တပ်မတော်ကတော့ ဖွဲ့စည်းပုံပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ရေး ဗီတိုအာဏာရရှိထားသည့် အဖွဲ့အစည်းအဖြစ် ရှိနေဆဲ ဖြစ်သည်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံမှုမှတစ်ဆ လက်ရှိ နိုင်ငံရေးအကျပ်အတည်းများအားလုံးအတွက် အဖြေ ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်မိရင်း . . . ။

နိုင်လင်း-စေ့ငုရေးသားသည်
၂၅-၁၁-၂၀၁

❖ ❖ ❖





## နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲနှင့် စိုးရိမ်ရေမှတ်များ

ရေးသူ - ဒေါက်တာရန်မျိုးသိမ်း

ထိရောက်အလုပ်ဖြစ်မည့် ရေရှည်အမြင်ရှိရှိ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အားနည်းချည့်နဲ့နေဆဲ မြန်မာ့နိုင်ငံရေးသမိုင်းကို ပြုပြင်ပြောင်းလဲပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးလျက် သမိုင်းမော်ကွန်းသစ်ရေးထိုးနိုင်မည့် အလားအလာများက လျော့ရဲလျက်ရှိနေသည်။ ရွေးကောက်ပွဲ၌ တိုင်းရင်းသား ပြည်သူလူထုအများစု၏ ထောက်ခံမှုကို တောင်ပြိုကမ်းပြို ရရှိခဲ့သည့် နိုင်ငံရေးပါတီနှင့် နိုင်ငံရေးခေါင်းဆောင်တို့သည် အပြောင်းအလဲအတွက် စိတ်အားထက်သန်နေလင့်ကစား လက်ရှိအစိုးရနှင့် တပ်မတော်တို့အနေဖြင့် တုံ့ဏှိဘာဝေ ဆိတ်ဆိတ်နေလွန်းသည်မှာ နိုင်ငံရေးအရ စိုးရိမ်ရေမှတ်ပင် ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်နာယက သူရရွှေမန်းသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးခန်း၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို လက်ခံတွေ့ဆုံခဲ့သည်။ သူရဦးရွှေမန်း



www.burmeseclassic.com

www.burmeseclassic.com



သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဖြစ်သည့်အပြင် ပြည်ထောင်စုကြံ့...
ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ဥက္ကဋ္ဌဟောင်းနှင့် ပါတီဗဟိုကော်မ...
ဝင်လည်း ဖြစ်သည်။ လွှတ်တော်နာယကနှင့် အနိုင်ရပါတီဥက္ကဋ္ဌတို့...
တရားဝင်တွေ့ဆုံဆွေးနွေးပွဲကို ပြည်ထောင်စုလွှတ်တော် ဒုတိယ...
နာယက၊ ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စု...
ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဗဟိုအလုပ်အမှုဆောင် ဦးနန္ဒကျော်စွာ...
ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်...
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များလည်းဖြစ်သည့် အမျိုးသား...
ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းမြင့်နှင့် ဒေါက်တာ...
ဇော်မြင့်မောင်တို့လည်း တက်ရောက်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်အောင်ဆ...
စုကြည်သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် နိုင်ငံ...
တော်သမ္မတဦးသိန်းစိန်၊ ပြည်ထောင်စုလွှတ်တော် နာယက...
သူရဦးရွှေမန်းနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး...
မင်းအောင်လှိုင်တို့ထံ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်...
ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှတစ်ဆင့်...
ဖော်ထုတ်ခဲ့သည့် လူထုဆန္ဒကို တည်ငြိမ် အေးချမ်းမှန်ကန်စွာ...
အကောင်အထည်ဖော်ခြင်းသည် နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် ပြည်သူ...
ပြည်သားများ၏ နှလုံး စိတ်ဝမ်းအေးချမ်းရေးအတွက် လွန်စွာအရေး...
ကြီးပါသည်ဟု ဖော်ပြလျက် တွေ့ဆုံဆွေးနွေးရန် တောင်းဆိုသည့်
ပေးစာသုံးစောင်ကို ပေးပို့ခဲ့သည်။ ပြည်ထောင်စုလွှတ်တော်...
နာယကနှင့် တွေ့ဆုံဆွေးနွေးမှုသည် ပေးစာ သုံးစောင် အလွှာ...
ပထမဆုံး တရားဝင် အကောင်အထည်ဖော်မှုဖြစ်သည်။





အကယ်စင်စစ် သူရဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ တွေ့ဆုံဆွေးနွေးမှုသည် ရွေးကောက်ပွဲအလွန် ကြားကာလ ဒေါ်အောင်ဆန်းစုကြည် တောင်းဆိုထားသည့် တွေ့ဆုံဆွေးနွေးပွဲသုံးခုအနက် စိတ်ဝင်စားမှုနှင့် စိတ်လှုပ်ရှားမှုအနည်းဆုံးသာ ရှိနိုင်မည်ဟု သုံးသပ်နိုင်သည်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးသိန်းစိန်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့အကြား သီးသန့်တွေ့ဆုံဆွေးနွေးပွဲများသည် မြန်မာ့နိုင်ငံရေးအပြောင်းအလဲအတွက် ပိုမိုစိတ်လှုပ်ရှားဖွယ်၊ စိတ်ဝင်စားဖွယ်ဖြစ်လာနိုင်သည်။ သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ်တို့အနေဖြင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တရားဝင်ထုတ်ဖော်ပြသခဲ့သည့် တိုင်းရင်းသား ပြည်သူလူထုအများစု၏ ဆန္ဒသဘောထားကို အလေးအနက် အသိအမှတ်ပြု တန်ဖိုးထားလျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆောလျင်စွာ တွေ့ဆုံဆွေးနွေးနိုင်ရန် နှောင့်နှေးကြန့်ကြာနေသရွေ့ နိုင်ငံရေးစိုးရိမ်ရမှတ်သည်လည်း မြင့်မားနေဦးမည် ဖြစ်သည်။

တပ်မတော်အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအလွန် နိုင်ငံရေးရေ့ခရီးတွင် လွတ်လပ်၍ တက်ကြွသော ကြားနေရေးမူဝါဒကို ကိုင်စွဲလျက် အစိုးရများ၊ လွှတ်တော်များ၊ တိုင်းရင်းသားပါတီများ အပါအဝင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဗျူဟာမြောက် ထိတွေ့ဆက်ဆံ ဆွေးနွေးရပ်တည်လာနိုင်မည်ဆိုလျှင် မြန်မာ့နိုင်ငံရေးအပြောင်းအလဲသည် ပိုမိုအားကောင်းမောင်းသန်လာမည်သာဖြစ်သည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း အသွင်သဏ္ဌာန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပံ့ပေးလာမည့် လွှတ်တော်နိုင်ငံရေးတွင် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များသည် နိုင်ငံရေးပါတီများအကြား ကြားကျ ရပ်တည်နိုင်ရမည့်အပြင် အစိုးရနှင့် လွှတ်တော်အတွင်း အဆုံးအဖြတ် များနှင့်ပတ်သက်၍ တိုင်းရင်းသား ပြည်သူလူထုအများစု၏ ဆန္ဒ သဘောထားကို မဖြစ်မနေ မျက်နှာမူရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာ ကျိုးပဲ့ယိုယွင်း ပျက်စီးလျက်ရှိသော အရပ်ဘက်–စစ်ဘက် ဆက်ဆံရေး ပြန်လည် ကောင်းမွန်ရေးသည် ဒီမိုကရေစီ အုတ်မြစ်အခြေခိုင်မာရေးနှင့် များစွာ ဆက်စပ်နေသည်။ တပ်မတော်အနေဖြင့် အရပ်ဘက်–စစ်ဘက် ဆက်ဆံရေး ပိုမိုကောင်းမွန်ရေး ရှေးရှုသည်ဆိုလျှင် လာမည့် အစိုးရ သက်တမ်းနှင့် လွှတ်တော်သက်တမ်းများတွင် တိုင်းရင်းသားပြည်သူ လူထုကို မျက်နှာမူနိုင်ရေး၊ တိုင်းရင်းသား ပြည်သူလူထုဘက်တွင် အပြောမဟုတ် အလုပ်နှင့် သက်သေပြရပ်တည်နိုင်ရေး အလေး အနက် မျက်မှောက်ပြုရမည် ဖြစ်သည်။ တပ်မတော်သည် တိုင်းရင်း သားပြည်သူလူထု အများစုဘက် ပြတ်ပြတ်သားသား ရပ်တည် နိုင်လာမည်ဆိုလျှင် ဒီမိုကရေစီအပြောင်းအလဲတွင် စစ်အာဏာသိမ်း နိုင်မှုအပါအဝင် စိုးရိမ်မှုပေါင်းများစွာကို လျှော့ချလာနိုင်မည်ဖြစ်ပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံရေးလမ်းစဉ်သည်လည်း အားကောင်း မောင်းသန်လာမည် ဖြစ်ကာ နိုင်ငံရေး စိုးရိမ်ရေမှတ်များ သည်လည်း ကျဆင်းလာနိုင်ဖွယ် ရှိသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်း စုကြည်သည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့သည့်အပြင် ပြည်ထောင်စုလွှတ်





တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရရွှေမန်းသည်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပူးတွဲဥက္ကဋ္ဌ ဦးဌေးဦးနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့သည်။ လွှတ်တော် အစည်း အဝေးများ ပြင်ပသော့ချက် ပုဂ္ဂိုလ် များအကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများသည် စိတ်ဝင်စားဖွယ် ဖြစ်သော်လည်း သမ္မတ နှင့် ကာကွယ်ရေးဦးစီးချုပ်တို့က ငြိမ်သက်လျက် ရှိနေသည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (ကာလုံကောင်စီ) ၏ လက်ငင်းနိုင်ငံရေး အခင်းအကျင်းအပေါ် သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များသည်လည်း အရေးပါသော့ချက်ကျမည် ဖြစ်သည်။ လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးသည် ကာလုံကောင်စီ၏ အဖွဲ့ဝင်များဖြစ်သည့် အားလျော်စွာ သမ္မတ၊ ကာကွယ်ရေး ဦးစီးချုပ်အပါအဝင် အခြား ကာလုံ ကောင်စီဝင်များနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား နိုင်ငံ ရေးအရ ဆက်စပ်ပေးလာနိုင်ခြေရှိသည်ဟု သုံးသပ်နိုင်သည်။

သမ္မတဦးသိန်းစိန်နှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့အနေဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အမြန်ဆုံး တွေ့ဆုံ ဆွေးနွေးလျက် လွှတ်တော်သစ်များနှင့် အစိုးရသစ်များမပေါ်ပေါက်မီ ကြားကာလ ထိပ်သီးနိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် မြန်မာ့နိုင်ငံ ရေး ရှေ့ခရီးအတွက် အာမခံချက်မြင့်မြင့်မားမားရှိသည့် နိုင်ငံရေး သဘောတူညီချက်များ လွှမ်းခြုံသော နိုင်ငံရေး လမ်းပြမြေပုံတစ်ရပ် အမြန်ဆုံး လက်စသတ်နိုင်ရေး မဖြစ်မနေ ရှေးရှုသင့်ပါကြောင်း တိုက်တွန်းဆော်ဩလိုပါသည်။ တိုင်းရင်းသားပြည်သူလူထုအများစု အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ လုပ်ငန်းများ ပြီးစီးချိန်တွင် နှစ်ဖက်ညှိနှိုင်းတွေ့ဆုံဆွေးနွေး ခြင်းထက် အမြန်ဆုံး တွေ့ဆုံ ဆွေးနွေး အဖြေရှာရေးကို လိုလား လျက်ရှိသည်မှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားပြီး ဖြစ်နေမည်ဟု ကောက်ချက်ပြုနိုင်သည်။

သို့ဖြစ်ပါ၍ တိုင်းရင်းသား ပြည်သူလူထုအများစု ထောက်ခံ မှုဟုဆိုနိုင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲ အပြတ်အသတ်အနိုင်ရရှိမှုကို ဝမ်းမြောက်ဝမ်းသာ တရားဝင် အသိ အမှတ်ပြုလျက် သမ္မတ ဦးသိန်းစိန်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တို့အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးရေးကို အမြန်ဆုံး ညှိနှိုင်းဖော်ဆောင်သင့်ပါကြောင်းနှင့် မြန်မာနိုင်ငံရေး အပြောင်းအလဲ အေးအေးချမ်းချမ်း အဆင်ပြေချောမွေ့စေရေး၊ အရပ်ဘက်–စစ်ဘက် ဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရေး၊ စစ် အာဏာသိမ်းနိုင်ခြေအပေါ် စိုးရိမ်မှုများ လျော့ချရေး၊ ပြည်တွင်းငြိမ်း ချမ်းရေး၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေး၊ တရား ဥပဒေ စိုးမိုးရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး စသည့် မြန်မာနိုင်ငံရေး စိုးရိမ်ရမှုတ်များကို လျှော့ချ ထိန်း ကျောင်းနိုင်မည့် နိုင်ငံရေးသဘော တူညီချက်တစ်ရပ်နှင့် နိုင်ငံရေးလမ်းပြ မြေပုံတစ်ရပ် အမြန်ဆုံး ရုပ်လုံးပေါ်လာနိုင်ရေး မဖြစ်မနေ ရှေးရှုသင့်ပါကြောင်း မီးမောင်းထိုး တိုက်တွန်း ဆော်ဩလိုက်ရပါသည်။

ဒေါက်တာ ရန်မျိုးသိန်း

၂၀–၁၁–၂၀၁၅

❖ ❖ ❖





## ပြည်သူရွေးချယ်သည့် အစိုးရသစ်အဖွဲ့ကို သန့်သန့်ရှင်းရှင်းဖြင့် တာဝန်လွှဲပေးရန် ၎င်း၏အစိုးရအဖွဲ့အား သမ္မတဦးသိန်းစိန် ညွှန်ကြား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် ၎င်း၏အစိုးရအဖွဲ့အား အနိုင်ရပါတီမှ ဖွဲ့စည်းမည့် အစိုးရအဖွဲ့ကို သန့်သန့်ရှင်းရှင်းဖြင့် တာဝန်များ လွှဲပြောင်းပေးအပ်စေရန် ဝန်ကြီး အဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့သည်ဟု ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်နှင့် ဗွီအိုအေသတင်းဌာနတို့ တွေ့ဆုံစဉ် ဦးရဲထွဋ်မှ အထက်ပါအတိုင်း ပြောကြားခဲ့ကြောင်း သိရသည်။

ဗွီအိုအေနှင့် တွေ့ဆုံရာတွင် ဦးရဲထွဋ်က "သမ္မတကြီး အနေနဲ့ကတော့ဗျာ ပထမဆုံးကတော့ ပြီးခဲ့တဲ့ ၅ နှစ်အတွင်းမှာ ကျွန်တော်တို့အနေနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို ကတိပြု ထားတဲ့အတိုင်း ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ ကတိပြုထားတဲ့ အတိုင်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကြီးကို ကျင်းပ နိုင်ခဲ့တဲ့အတွက် သမ္မတကြီးအနေနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သမ္မတကြီးအနေနဲ့ ပြည်သူတွေရဲ့ အကဲဖြတ်ဆုံးဖြတ်မှုကို ဘာမှ စောဒကတက်စရာမရှိပါဘူး။ ဆုံးဖြတ်ချက်အတိုင်း သူ လက်ခံပါတယ်။ နောက် ပြည်သူတွေရဲ့ ဆုံးဖြတ်ချက်အတိုင်း ပေါ်ပေါက်လာမယ့် အစိုးရအဖွဲ့ကို စနစ်တကျ သန့်သန့်ရှင်းရှင်းနဲ့ တာဝန်လွှဲပြောင်းပေးဖို့လည်း ဝန်ကြီးအဖွဲ့အစည်းအဝေးမှာ သေသေချာချာ ညွှန်ကြားခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘာပဲဖြစ်ဖြစ် ထွက်ပေါ်လာတဲ့ အစိုးရသစ်ကို တာဝန်တွေ လွှဲပြောင်းပေးနိုင်ဖို့အတွက် လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ကြိုတင်ပြင်ဆင်ထားတာတွေလည်း ရှိပါတယ်။ အခုလို စနစ်တကျလုပ်ထားတဲ့အတွက် တာဝန်လွှဲပြောင်းခြင်းကိစ္စမှာ ကျွန်တော်တို့အနေနဲ့ ဘာမှအခက်အခဲ မရှိပါဘူး'' ဟု ပြောကြားခဲ့သည်။

BNP

❖ ❖ ❖





## လက်ရှိအစိုးရကို ပြည်သူမကြိုက်ခဲ့သော အချက်(၁၀) ချက်

ရေးသူ – ဇော်သက်ထွေး

၂၀၁၅ ခု နိုဝင်ဘာလ (၈)ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲသည် လက်ရှိအစိုးရအပေါ် ပြည်သူများ ကြိုက်ခြင်း၊ မကြိုက်ခြင်းနှင့် အတိုက်အခံ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံခြင်း၊ မထောက်ခံခြင်းများအား ပြတ်ပြတ်သားသား အဖြေထုတ်နိုင်ခဲ့သော ရွေးကောက်ပွဲဖြစ်ခဲ့သည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီတောင်းဆိုဆန္ဒပြမှုများအား နှိမ်နင်း၍ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ နိုင်ငံကို ၂၂ နှစ် အုပ်ချုပ်ခဲ့သည်။ ထိုကာလအတွင်း တိုင်းပြည်၏နိုင်ငံရေးပုံရိပ် ကျဆင်းမှုနှင့်အတူ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကဏ္ဍများသည် အဘက်ဘက်မှ ယိုယွင်းပျက်စီးခဲ့ရသည်။ ထို့ကြောင့် စစ်အုပ်ချုပ်ရေးခေတ်မှ ရွေးကောက်ခံနိုင်ငံရေးစနစ်သို့ ပြောင်းလဲ၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို စိတ်ကြိုက်ရေးဆွဲကာ နိုင်ငံကို ငါးနှစ်တာ စီမံအုပ်ချုပ်ခဲ့သည်။ ထိုငါးနှစ်အတွင်း ရွေးကောက်ခံအစိုးရ



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်နားမလည်သောကြောင့် ပြည်သူအများနှင့်တွေ့ဆုံ ပြောကြားခဲ့သောစကားများကြောင့် **'ဗီလိန်'** ဖြစ်ခဲ့ရပြီး မီဒီယာများ မီးမောင်းထိုးခြင်းကိုလည်း ခံခဲ့ရသည်။ အထူးသဖြင့် မွေးမြူရေး/ ရေ လုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဦးအုန်းမြင့်၏ **'ကျွန်တော် နာမည် ဗိုလ်ချုပ်အုန်းမြင့်ဆိုပြီး နယ်တကာလှည့်ပြီး ပါးရိုက် ရဲတယ်ကွ'** ဟူသောစကား၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးမြင့်လှိုင်၏ **'အကြွေးကျေဖို့ဆိုရင် ထမင်းတစ်နပ် လျှော့စား'** ဟူသောစကား၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ **'ဈေး ၂၀၀၀ နဲ့ လောက်အောင်သုံး'** ဟူသောစကား၊ သမဝါယမဝန်ကြီး ဦးကျော်ဆန်း၏ **'ကြွေးတင်ရင် ပြည်သူဆပ်လိမ့်မယ်'** ဟူသော စကား၊ ရေ၊ဝတီတိုင်းဝန်ကြီးချုပ် ဦးသိန်းအောင်၏ **'ဆိုက်ကား သမားလည်း သန်းကြွယ်သူဌေးဖြစ်နိုင်တယ်'** ဆိုသည့်စကား၊ ပြည်ခိုင်ဖြိုးပါတီခေါင်းဆောင် ဦးဌေးဦး၏ **'အိုဘားမား နှစ်ခါသာ တော့ နှစ်ခါအနမ်းခံရတာပေါ့'**စကား၊ နိုင်ငံတော်သမ္မတအကြံပေး ဦးကိုကိုလှိုင်၏ **'မီးပြတ်ရင် ဖယောင်းတိုင်ထွန်းနေပေါ့'** ဟူသော စကားများသည် ပြည်သူလူထု၏စိတ်ကို နာကျင်စေခဲ့ပြီး အစိုးရ အဖွဲ့၏ဂိုဏ်သိက္ခာကိုလည်း ကျဆင်းခဲ့ရသည်။

## (၃) လက်ပံတောင်းတောင်ကိစ္စဖြေရှင်းပုံကို မကြိုက်ပါ

အထက်မြန်မာနိုင်ငံ မုံရွာမြို့ရှိ လက်ပံတောင်းတောင်တွင် ကြေးနီစီမံကိန်းကို တရုတ်ဝမ်ပေါင်ကုမ္ပဏီမှ ဒေသခံတောင်သူ လယ်သမားများ၏ မြေယာများကို သိမ်းဆည်းပြီး ထုတ်လုပ်နေ သည့်ကိစ္စအား အစိုးရအနေဖြင့် ဖြေရှင်းရာတွင် သိက္ခာကျဆင်းစရာ





အများအပြား ဖြစ်ပေါ်ခဲ့သည်။ လက်ပံတောင်းတောင်ရှိ ပြည်သူ များနှင့် ဘုန်းတော်ကြီးများ ဦးဆောင်၍ ဝမ်ပေါင်ကုမ္ပဏီအား ဆန္ဒပြ ရာတွင် အစိုးရအနေဖြင့် ကြားဝင် စေ့စပ်ညှိနှိုင်းပေးခြင်း အားနည်း ခဲ့သလို ရဲတပ်ဖွဲ့အနေဖြင့်လည်း ပေးအပ်ထားသောတာဝန်နှင့် လုပ်ပိုင်ခွင့်ထက်ကျော်လွန်၍ မိမိနိုင်ငံသားများကို နှိမ်နင်းဖြိုခွဲ ခဲ့သည်ဟု တစ်နိုင်ငံလုံးမှ ထင်မြင်ယူဆခဲ့သည်။ အထူးသဖြင့် ဘာသာတရားကိုင်းရှိုင်းသောနယ်မြေတွင် ဆန္ဒပြသံဃာတော် များသည် မီးခိုးပုံးကြောင့် သေလောက်အောင် ဒဏ်ရာအနာတရ ရရှိခဲ့ခြင်းသည် နိုင်ငံသားများနှင့် အစိုးရကြား မကျေလည်မှုများကို စတင်ဖြစ်ပေါ်ရန် မြစ်ဖျားခံခဲ့သည်။ ထို့အပြင် ဒေသခံတောင်သူ အမျိုးသမီး ဒေါ်ခင်ဝင်း ရဲတပ်ဖွဲ့၏ သေနတ်ကျည်ဆန် ထိမှန်ပြီး ကွယ်လွန်ခဲ့ရခြင်းသည် ယခုရွေးကောက်ပွဲတွင် လက်ရှိအစိုးရကို ဆန့်ကျင်ရန် အကြောင်းရင်းဖြစ်ခဲ့သည်။

## (၄) ငြိမ်းစုစီဥပဒေကို မကြိုက်ပါ

လွှတ်တော်အသစ်တွင် ၂၀၁၁ ခုနှစ်၌ **'ငြိမ်းစုစီ'** ဟု ခေါ်သော ဥပဒေပေါ်လာသည်။ ထိုဥပဒေ၏ အဓိပ္ပာယ်မှာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်များ ပါဝင်သော်လည်း ပုဒ်မ (၅) အရ ယင်းအခွင့်အရေးကို မြို့နယ် ရဲတပ်ဖွဲ့မှူးအား ငြင်းပယ်ခွင့်ပေးထားခြင်း ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားများအနေဖြင့် မိမိတို့၏သဘောထားကို လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ရှိကြောင်း ဖော်ပြထားသော်လည်း လက်ရှိအစိုးရ သက်တမ်းအတွင်း ပြဿနာအမျိုးမျိုးအား လွတ်လပ်စွာ ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



စားလှယ်များ ဖြစ်ခဲ့ကြသည့် ထိပ်တန်းဗိုလ်ချုပ်ကြီးများသည် တို့ ပြည်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးများကို ကို တွယ်ဆောင်ရွက်ခဲ့ကြသည်။ မြန်မာ၏နိုင်ငံရေးအပြောင်းအလဲကြေ အမေရိကန်အပါအဝင် နိုင်ငံတကာမှ အားပေးထောက်ခံမှုများရရှိ ကြွေးမြီ အမေရိကန်ဒေါ်လာ ဘီလျံပေါင်းများစွာကိုလည်း လျှေ ပစ်ခဲ့ကြသည်။ အတိုက်အခံနိုင်ငံရေးအင်အားစုများကိုလည်း တရားဝင်နိုင်ငံရေးနယ်နိမိတ်အတွင်းသို့ သွတ်သွင်းနိုင်ခဲ့ကြသည်။ သို့သော် နိုင်ငံတော်အားတိုးတက်စေရန် စီမံခန့်ခွဲရာတွင်အားနည်း လူထုနှင့် ကင်းကွာသော ဗိုလ်ချုပ်ကြီးဟောင်းများသည် ငါးနှ အတွင်း နိုင်ငံသားများ၏ ထောက်ခံမှုကို စိုးစိမ့်မျှမရရှိခဲ့ပေ။ ထို့ကြေ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မရှုမလှ ပြစ်ဒဏ်ခတ် ခြင်းကို ခံခဲ့ရသည်။၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့မတိုင်မီ နိုင်ငံတော်အာဏာကို အနိုင်ရပါတီလက်ထဲသို့ အပ်ခဲ့ရတော့မည် လက်ရှိအစိုးရအား ပြည်သူများမကြိုက်သည့် အချက်(၁၀) ချက်ကို တင်ပြအပ်ပါသည်။

## (၁) သမ္မတ၏မိန့်ခွန်းများကို မကြိုက်ပါ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ၂၀၁၀ ရွေးကောက်ပွဲ တွင် အနိုင်ရရှိပြီး ပြည်ထောင်စုလွှတ်တော်၏ တစ်ညီတစ်ညွတ် တည်း ရွေးချယ်မှုအရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသော သမ္မတကြီး ဦးသိန်းစိန်၏ တိုင်းပြည်သို့လစဉ်ပြောကြားသော မိန့်ခွန်းများသည် အမှန်စစ်စစ် နိုင်ငံသားများကို မဆွဲဆောင်နိုင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် သမ္မတ၏မိန့်ခွန်းများသည် စားဝတ်နေရေး





အတွက် ရုန်းကန်နေရသော ပြည်သူလူထု၏ဘဝကို မထင်ဟပ်နိုင် သောကြောင့်ဖြစ်သည်။ မိန့်ခွန်းပါစကားလုံးများသည် **'စာ'** ဆန်၍ သမ္မတကြီး၏ နှလုံးသားထဲမှ ခံစားနေရသည့် ပကတိအရှိတရား အတိုင်း ပြောကြားသော **'စကား'** များ မဟုတ်သည့်အတွက် လူထု၏စိတ်ဝင်စားမှု ကျဆင်းခဲ့ရခြင်းဖြစ်သည်။ အခြားအကြောင်း ရင်းတစ်ရပ်မှာ သမ္မတ၏မိန့်ခွန်းများတွင် အစိုးရ၏ အောင်မြင်စွာ လုပ်ဆောင်နိုင်သောအကြောင်းများကိုသာ ထပ်တလဲလဲ ပြော ကြားခဲ့ပြီး မအောင်မြင်သောကိစ္စများ၊ အခက်အခဲများကို ပြည်သူ လူထုသို့ ပွင့်ပွင့်လင်းလင်း ချမပြသည့်အတွက် လူထု ၏ယုံကြည်မှု ကျဆင်းခဲ့ရခြင်းဖြစ်သည်။ ဥပမာအားဖြင့် အမေရိကန်သမ္မတ အိုဘားမား၏ တိုင်းပြည်သို့ ပြောကြားသော **'နိုင်ငံတော်အခြေပြ မိန့်ခွန်း'** တစ်ခုတွင် အမေရိကန်ရှိ ကျောင်းသားများ၏ မိဘများ အနေဖြင့် ပညာသင်စရိတ်ကြီးမြင့်မှုကြောင့် ညတိုင်း အိပ်မပျော်နိုင် ဖြစ်နေသည်ကို သမ္မတအနေဖြင့် စာနာနားလည်ကြောင်း ထည့် သွင်းပြောကြားခဲ့သည့်အတွက် မိဘများ၏ အားပေးထောက်ခံမှုကို အပြည့်အဝ ရရှိခဲ့သည်။

## (၂) အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏စကားများကို မကြိုက်ပါ

သမ္မတဦးသိန်းစိန်သည် အားကောင်းသောအစိုးရအဖွဲ့ကို ဖွဲ့စည်းရာတွင် ပညာရှင်များနှင့် အရပ်သားများကို တာဝန်ပေးမှု နည်းပါးခဲ့ပြီး တပ်မတော်အစိုးရလက်ထက်က တာဝန်ယူခဲ့သော စစ်ဗိုလ်ချုပ်ဟောင်းအများစုကိုသာ ဝန်ကြီးနေရာများ ခန့်ထားခဲ့ သည်။ ထိုဝန်ကြီးများသည် ပြည်သူလူထု၏ဘဝနှင့် ခံစားချက်ကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖော်ခဲ့သည့် နိုင်ငံသားများကို ငြိမ်းစုစီဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆို၍ ထောင်ဒဏ်၊ ငွေဒဏ်များကို တရားရုံးများမှ အပြစ်ပေး အရေးယူခဲ့သည့် အမှုပေါင်း အမြောက်အမြားရှိခဲ့သည်။ သို့သော် သက်ဆိုင်ရာနယ်မြေအတွင်း ရဲတပ်ဖွဲ့ထံမှ ခွင့်ပြုချက်ရမှသာ ဆန္ဒပြရမည်ဆိုသော အစိုးရနှင့် နိုင်ငံသားများအကြား ခြားနားသည့်နိုင်ငံရေးအမြင် ဖြစ်သွားခဲ့သည်။

## (၅) မိုးကျရွှေကိုယ်တွေကို မကြိုက်ပါ

ယခုအစိုးရသက်တမ်းအတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍများကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲမည်ဟု ကြွေးကြော်ခဲ့သော်လည်း အစိုးရသည် တပ်မတော်၏ လွှမ်းမိုးမှုကို အံမတုနိုင်ခဲ့ပေ။ ထို့ကြောင့် ဆရာဝန်အများစု တာဝန်ထမ်းရွက်နေသည့် ကျန်းမာရေးဌာနများတွင် တပ်မတော်မှ အရာရှိများကို အုပ်ချုပ်ရေးပိုင်းတွင် ထိပ်တန်းရာထူးများခန့်ရန် 'ပြန်တမ်း'များ ထုတ်ပြန်ခဲ့ပြီးနောက် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက 'ဖဲကြိုးနက်' လှုပ်ရှားမှုများပြုလုပ်ပြီး အစိုးရ၏ လုပ်ရပ်ကို ဆန့်ကျင်ခဲ့ကြသည်။ ထိုနည်းတူ လျှပ်စစ်ဝန်ကြီးဌာနသို့ အစိုးရမှ တပ်မတော်အရာရှိများ စေလွှတ်ခဲ့သည့်အတွက် အင်ဂျင်နီယာများကလည်း 'ဖဲကြိုးပြာ' လှုပ်ရှားမှုများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနသို့ တပ်မတော် အရာရှိများ ခန့်ထားခဲ့သည့်အတွက် ဆရာ၊ ဆရာမများက 'ဖဲကြိုးစိမ်း' လှုပ်ရှားမှုများကိုလည်းကောင်း၊ တရားရေးကဏ္ဍတွင် တပ်မတော်မှ အရာရှိများကို ခန့်ထားခဲ့သည့်အတွက် ရှေ့နေများ၊ တရားသူကြီးများက 'ဖဲကြိုးဝါ' လှုပ်ရှားမှု





များကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြသည်။ ထိုလှုပ်ရှားမှုများကြောင့် ဝန်ထမ်းများအပေါ် အစိုးရ၏ လစာတိုးပေးခဲ့မှုများမှာ ကျေးဇူးတင်မခံရဘဲ အဟောသိကံ ဖြစ်ခဲ့ရပါသည်။

## (၆) မြေသိမ်းယာသိမ်းတွေကို မကြိုက်ပါ

ယခု အစိုးရလက်ထက်တွင် စီးပွားရေးစီမံကိန်းများ၊ စက်ရုံများ၊ တံတားကြီးများ၊ စက်မှုဇုန်သစ်များ ဖော်ထုတ်မှုကြောင့် တားမဦးချ တောင်သူကြီးများ၏ မြေယာများကို သိမ်းဆည်းခဲ့ရသည်။ ထိုသို့သိမ်းဆည်းရာတွင် ယခင်အစိုးရ၏နာမည်ဆိုးများကို မဖျောက်ဖျက်နိုင်ခဲ့ဘဲ လက်ရှိမြေယာလျော်ကြေးများပေးရာတွင် တောင်သူလယ်သမားများနှင့် နှစ်ဦးနှစ်ဖက်ကျေနပ်အောင် မဆောင်ရွက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော လယ်သမားများ၏ မကျေနပ်မှုများကို ရင်ဆိုင်ခဲ့ရသည်။ အထူးသဖြင့် မိမိ၏လယ်မြေ အသိမ်းခံရမှုကြောင့် ကိုယ့်ကိုယ်ကို မီးရှို့သတ်သေမှုလိုမျိုး ပေါ်ပေါက်ခဲ့သည့်အတွက် တစ်နိုင်ငံလုံးမှ လယ်သမားများ၏ အမုန်းကို ရရှိခဲ့သည်။

## (၇) လေးပွင့်ဆိုင်တွေ့ဆုံမှုကို ငြင်းပယ်ခဲ့တာ မကြိုက်ပါ

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးပြဿနာများကို အတူတကွ ပူးပေါင်းဖြေရှင်းနိုင်ရန် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ တောင်းဆိုမှုဖြစ်သော နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုလွှတ်တော်နာယကများ ပါဝင်သော လေးပွင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင် တွေ့ဆုံဆွေးနွေးရေးကို အစိုးရအဖွဲ့ခေါင်းဆောင် နိုင်ငံတော် သမ္မတမှ ဖြည့်ဆည်းမပေးနိုင်ခဲ့ပေ။ လေးပွင့်ဆိုင် တွေ့ဆုံမှုအစား အစိုးရအဖွဲ့အတွင်းမှ ၆ ပွင့်ဆိုင်၊ ၈ ပွင့်ဆိုင်၊ ၁၂ ပွင့်ဆိုင် စသည်ဖြင့် အယူအဆအမျိုးမျိုးကို ထုတ်ဖော်ပြောကြားလာသည့်အတွက် အမျိုးသားညီညွတ်ရေး လေးပွင့်ဆိုင်တွေ့ဆုံမှုမှာ အားပျော့သွားခဲ့ရသည်။ ထိုကိစ္စနှင့်ပတ်သက်၍ နိုင်ငံရေးဝေဖန်အကဲဖြတ်သူများက နိုင်ငံတော်သမ္မတတွင် အဓိကတာဝန်ရှိကြောင်း သုံးသပ်အကဲဖြတ်ခဲ့ကြသည်။

(၈) ယာဉ်ကြောပိတ်ဆို့မှုတွေကို မကြိုက်ပါ

အစိုးရသစ်၏ ပေါ်လစီအရ မော်တော်ကားများကို လွတ်လပ်စွာ တင်သွင်းခွင့်ပေးသည့်အတွက် နိုင်ငံသားများက အဆ ကျေးဇူးတင်မည်ဟု အစိုးရက ယူဆခဲ့သည်။ သို့သော် အကန့် အသတ်မရှိ ကားများတင်သွင်းရာတွင် ကြိုတင်စီမံမှု ညံ့ဖျင်းခြင်း ကြောင့် ရန်ကုန်မြို့တော်တွင် နေ့စဉ် ယာဉ်ကြောပိတ်ဆို့မှုကို လူဦးရေ ၅ သန်းခန့်မှာ ရင်ဆိုင်နေကြရသည်။

မော်တော်ကား ဝယ်ယူသူများအနေဖြင့်လည်း ကားထား စရာ မြေနေရာအလွတ်များမရှိခြင်းကြောင့် လမ်းဘေးတွင် ဖြစ်သလို ထားရသလို ယာဉ်စည်းကမ်း ချိုးဖောက်မှုကြောင့် ကရိန်းကားများ ဖြင့် သိမ်းယူဖမ်းဆီးခြင်းများနှင့်လည်း ရင်ဆိုင်နေကြရသည်။

ထို့ပြင် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်အား အောင်မြင်အောင် မဖော်ဆောင်နိုင်ဘဲ နိုင်ငံသားများမှာ ဟောင်းနွမ်း အိုမင်းနေသော ဘတ်စ်ကားကြီးများအား စီးနင်းရခြင်း၊ ကားအရှိန်ဘာ





နှင့် စပယ်ယာတို့၏ ရိုင်းပျသော ဆက်ဆံရေးများနှင့် ကြုံတွေ့ရခြင်း၊ စီးနင်းလိုသော ပြည်သူနှင့် ကား အစီးရေမမျှတခြင်း၊ အသက် အန္တရာယ်နှင့်နီးကပ်ခြင်း၊ ယာဉ်စီးခပိုမိုတောင်းခံခြင်းများကို နေ့စဉ် ကြုံတွေ့နေရလျက်ရှိခြင်းကြောင့် အစိုးရအပေါ် ယုံကြည်မှုကျဆင်းခဲ့ ခြင်း ဖြစ်သည်။

(၉) လျှပ်စစ်မီးပျက်တာတို့ မကြိုက်ပါ

မြန်မာနိုင်ငံသည် သယံဇာတ ပေါကြွယ်ဝသည့်အတွက် ကမ်းလွန်ပင်လယ်ပြင်ရှိ သဘာဝဓာတ်ငွေ့သိုက်များမှ နှစ်စဉ် ဒေါ်လာဘီလျံနှင့်ချီသော ဓာတ်ငွေ့များကို အိမ်နီးချင်းနိုင်ငံများသို့ ရောင်းချပေးလျက် ရှိသည်။ မြန်မာနိုင်ငံ၏ ကျေးဇူးကြောင့် အိမ်နီးချင်း ထိုင်းနိုင်ငံတွင် လျှပ်စစ်စွမ်းအင်ကို ကောင်းမွန်စွာ အသုံးချ လျက်ရှိသည်။ သို့သော် အစိုးရသစ်တက်ခါစတွင် နိုင်ငံအတွင်း၌ လျှပ်စစ်မီး ပြတ်တောက်မှုမရှိစေရန် နှစ်နှစ် အတွင်း ဆောင်ရွက် မည်ဟု ကြွေးကြော်ခဲ့သော်လည်း ယခုအချိန်အထိ လျှပ်စစ်မီး မကြာ ခဏ ပြတ်တောက်မှုများ ရှိနေဆဲဖြစ်သည်။ မီးပြတ်တောက်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်သူလူထုအား ကျေနပ် လောက်သော အကြောင်းပြချက် မပေးနိုင်ခြင်းသည်လည်း အစိုးရ အတွက် ကျဆုံးမှုတစ်ခုဖြစ်လာခဲ့သည်။

(၁၀) စီးပွားရေးလိုင်စင်များတွင် ပွင့်လင်းမြင်သာမှုနည်းပါးခြင်းကို မကြိုက်ပါ

မြန်မာနိုင်ငံတွင် ယခင် တပ်မတော်အစိုးရလက်ထက်၌



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်၏အရေးပါသော စီးပွားရေးလုပ်ငန်းများ လိုင်စင်မျ ခွင့်ပြုပေးရာတွင် ဗိုလ်ချုပ်ကြီးများက ယင်းတို့နှင့် နီးစပ်သေ လုပ်ငန်းရှင်များကိုသာ ပေးအပ်လေ့ရှိသည်။ ထို့ကြောင့် ယ တပ်မတော်အစိုးရ အုပ်ချုပ်သည့် နှစ် ၂၀ ကျော်ကာလအတွ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းစားသစ်ဖြစ်သော 'ခရိုနီ' ဟူသေ လူတန်းစား ပေါ်ထွက်လာခဲ့သည်။ ၂၀၁၀ ခုနှစ် တွင် ရွေးကော ပွဲမှ ပေါ်ပေါက်လာသော အစိုးရသစ်သည် **'သန့်ရှင်းသောအစိ ကောင်းမွန်သောအုပ်ချုပ် ရေး'** ဟူသော ကြွေးကြော်မှုကြေ လာဘ်ပေးလာဘ်ယူမှုများကို ရှောင်ရှားကာ လွတ်လပ်စွာ ယှဉ်ပြိုင် ရရှိမည်ဟု အများက ထင်မှတ်ခဲ့ကြသည်။ သို့သော် လက်တွေ့တွ အစိုးရအဖွဲ့အရာရှိကြီးများက စီးပွားရေးလုပ်ငန်းများ ခွင့်ပြုပေ ရာတွင် ပွင့်လင်းမြင်သာမှုမရှိဘဲ မိမိနှင့်နီးစပ်သော စီးပွားရေးအသို အဝိုင်းကိုသာ ခွင့်ပြုပေးခဲ့သည့်အတွက် နိုင်ငံတကာစီးပွားရေးသမ များနှင့် ပြည်တွင်းမှ လွတ်လပ်စွာ ယှဉ်ပြိုင်လိုသော စီးပွားရေ သမားများက အစိုးရကို ပြင်းပြင်းထန်ထန် အပြစ်တင်ပြောကြာ သလို တိုင်းပြည်ဘဏ္ဍာငွေ အမြောက်အမြားမှလည်း ယိုစိတ် ရသည်။

ဇော်သက်ထွေ

၁၀-၁၁-၂၀၁


❖ ❖ ❖





www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီး ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်

www.burmeseclassic.com



တိုင်းရင်းသားစည်းလုံး: rejected

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဒေါ်အောင်ဆန်းစုကြည်
တွေ့ဆုံစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com



## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌတို့ တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂

တပ်တော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူလူထု၏ဆန္ဒကို အလေးထား၍ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နှစ်ဖက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။

(မြဝတီ)

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော်ဧည့်ခန်းမဆောင်၌ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။(ယာပုံ)

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ၂၀၁၅ ရွေးကောက်ပွဲ အောင်မြင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၀၁၂ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လွှတ်တော်နိုင်ငံရေးတွင် ပြန် လည် ပါဝင်လာနိုင်စေရန် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပေးခဲ့ ချိန်မှစတင်၍ ဒီမိုကရေစီအသွင် ကူးပြောင်းရေးဆောင်ရွက်မှု၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ





လွတ်လပ်တရားမျှတစွာ ကျင်းပပေးခဲ့မှုများအတွက် နိုင်ငံတော် သမ္မတကြီးအား ကျေးဇူးတင်ရှိသည်ဟု ပြန်ပြောကြားခဲ့သည်။

ထို့အပြင် နောင်ပေါ်ပေါက်လာမည့် အစိုးရကို အေးချမ်း တည်ငြိမ်ချောမွေ့စွာ တာဝန်လွှဲပြောင်းနိုင်ရေး၊ ပြည်သူများအနေ ဖြင့် စိုးရိမ်ပူပန်မှုများ မရှိစေရေး၊ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင် ကူးပြောင်း ရာတွင် ယခင်က အစဉ်အလာမရှိခဲ့သေးသည့် နိုင်ငံတော်အကြီး အကဲတာဝန်များ စနစ်တကျ လွှဲပြောင်းပေးသည့် အစဉ်အလာ ကောင်းတစ်ခု ထူထောင်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်း

နေပြည်တော် ဒီဇင်ဘာ ၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော် သမ္မတ အိမ်တော်၌ တွေ့ဆုံဆွေးနွေးမှုနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ရှင်းလင်းပြောကြားပြီး (ယခုပွဲ) တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပ သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

❖ ❖ ❖

မြရတနာစာပေ



ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

www.burmeseclassic.com

www.burmeseclassic.com



## ဒေါ်အောင်ဆန်းစုကြည်နှင့် ကောင်းမွန်သောဆွေးနွေးမှုရရှိခဲ့ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဆို

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမှုအပြီး ကောင်းမွန်သော ဆွေးနွေးမှုရရှိခဲ့ကြောင်း ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားလိုက်သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ တွေ့ဆုံအပြီး ပြောကြားလိုက်ခြင်း ဖြစ်သည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှာ ဒီဇင်ဘာ ၂ ရက် နေ့လယ် (၂း၀၀) နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံးအတွင်းရှိ ညှိရိပ်သာ၌ နှစ်ဦးတည်း တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ထိုသို့ တွေ့ဆုံရာ၌ ကာကွယ်ရေးဦးစီးချုပ်မှ 'ကောင်းမွန်သော ဆွေးနွေးမှုကို ရခဲ့တယ်' ဟု တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားလိုက်ခြင်း ဖြစ်သည်။ ပြည်သူ့ထု



www.burmeseclassic.com

www.burmeseclassic.com



၏ ဆန္ဒကို အလေးထား၍ တည်ငြိမ်အေးချမ်းရေးနှင့် တရား ဥပဒေ စိုးမိုးရေး၊ စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် နှစ်ဖက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီ ခဲ့ကြောင်း တပ်ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံမှုအပေါ် တပ်မတော်မှ သတင်းထုတ်ပြန်ခဲ့သည်။

**AMA(MMK)**

❖ ❖ ❖





## အာဏာလွှဲပြောင်းပေးရေး ဆွေးနွေးပွဲစတင်ပြီ

ဒီမိုကရေစီ ကူးပြောင်းရေးအတွက် နိုင်ငံတော်အကြီးအကဲ တာဝန်များကို စနစ်တကျ စာရွက်စာတမ်းဖြင့် လွှဲပြောင်းပေးနိုင်သည့် အစဉ်အလာကောင်းတစ်ခုကို ထူထောင်ရန် နှစ်ဖက်ခေါင်းဆောင်များကြား သဘောတူညီခဲ့။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## သမ္မတဦးသိန်းစိန်က အာဏာလွှဲပြောင်းပေးဖို့ သဘောတူကြောင်း သမ္မတအိမ်တော် ၄၅ မိနစ်ခွဲ တွေ့ဆုံပွဲတွင် လူထုခေါင်းဆောင်အား ပြောကြားလိုက်ဟုသိရ

အေးချမ်းစွာ အာဏာလွှဲပြောင်းပေးရန် သဘောတူကြောင်း၊ သမ္မတဦးသိန်းစိန်က ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံစဉ် ပြန်လည်ဆွေးနွေးခဲ့သည်ဟု နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က မီဒီယာသမားများသို့ ပြောကြားလိုက်သည်။ သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ၂ ဦး ဆွေးနွေးရာတွင် နိုင်ငံတော်တည်ငြိမ်ရန်နှင့် အေးချမ်းစွာ အာဏာလွှဲပြောင်းပေးရေးကို ဆွေးနွေးခဲ့ကြောင်း အေးချမ်းစွာအာဏာလွှဲပြောင်းပေးဖို့အရေးကို နှစ်ဖက်ခေါင်းဆောင်များ သဘောတူညီခဲ့ကြောင်း ...

■



## အခန်း ( ၁၄ )

## နိဂုံးချုပ်ဇော်ပြချက်

ဤမှာပင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြောင်း နိဂုံးချုပ်ပါမည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မရွှယ်ဘဲနှင့် စော်ကဲမင်းဖြစ်လာသူဖြစ်၏။ တပ်ထဲဝင်စဉ်က ဘာရည်ရွယ်ချက်မှ ကြီးကြီးမားမား ရှိသူမဟုတ်။ စစ်သား ပေးတဲ့အမိန့်နာခံ၊ ခိုင်းတာလုပ်၊ ရိုးရိုးကုတ်ကုတ်နေခဲ့သူသာ။ မိသားစုကလည်း ရိုးရိုးကုတ်ကုတ်ပါပင်။

သို့ရာတွင် မြန်မာစကားပုံရှိသည်။ အထူးသဖြင့် ကျွန်တော်တို့ အညာသူ အညာသားများက ပြောလေ့ ပြောထရှိတဲ့စကား။ ဘာတဲ့ ...

ခိုးမယ့်သူက ကြောင်ကလေးနဲ့ (ကြောင်ဆိုတာ မျက်လုံးအဖြူထဲမှာ အနက်စက်ကလေးပါတာကို ခေါ်ပါသည်)

ခါးချဉ်ဖွတ်မယ့်သူက ချောင်ကလေးနဲ့ (ချောင်ဆိုတာ သံပုံးကလေးကိုခေါ်တာ။ သံပုံးတွင် ရေထည့်ပြီး ခါးချဉ်ဖွတ်ရပါသည်)



www.burmeseclassic.com

www.burmeseclassic.com



မင်းဖြစ်မယ့်သူက သျှောင်ကလေးနဲ့ (သျှောင်ထုံးထုံးမှ မင်းလုပ်လို့ရတာလေ)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မွေးစက မဲ့စလွယ်ပါလာသည်။ မဲ့စလွယ်ဆိုသည်မှာ ရှေ့ရင်ဘတ်တွင် မဲ့ နောက်ကျောတွင် မဲ့စလွယ် သိုင်းသလိုပါလာသည်ကို ခေါ်ပါသည်။ မဲ့စလွယ်ကား မင်း သို့မဟုတ် အကြီးအကဲ ဖြစ်မည့်သူမှ ပါသည်။ မြန်မာတို့က ယုံကြည်ကြ၏။ မှဲ့အဟောကျမ်းများတွင်လည်း ဒီအတိုင်းပါပဲ ပါပါသည်။

သူ့ကံကြမ္မာအရ အရာရှိငယ်ဘဝတွင် လူကြီးများနှင့် အတူ နေခဲ့ရသည်။ ဗဟိုနိုင်ငံရေးသိပ္ပံတွင် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ကကပြည်တွင် နေခဲ့ဖူးသည်။

ဒါတွေက သူ့အား ဗဟုသုတများ များစွာပေးခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် **Delay Action** သမားဖြစ်သည်။ ခံစားချက်ကို မျိုသိပ်နိုင်သည်။ **Resistance Power** ဖြစ်သည်။ **Endurance** ကောင်းသည်။ ဘာကိုမှ သိပ်ခံစားချက်မထား၊ ရိုးရိုးကုတ်ကုတ် နေသည်။ သူ သိကြောင်း တတ်ကြောင်း ဘယ်တော့မှ မပြောခဲ့။ ထွေလီကာလီတွေလည်း စိတ်မဝင်စား။ စစ်သား အတော်များများကြိုက်သည့် အရက်၊ မိန်းမ စတာတွေနဲ့ ကင်းဝေးသည်။ ပေါ်လွင်တာ **Prominent** ဖြစ်တာတွေ သူ မကြိုက်။ အဝတ်အစားအနေအထိုင် ရိုးသားသည်။ ခံနိုင်ရည်ရှိသည်။ အထက်ကို ဘယ်တော့မှ နှုတ်လှန်မထိုးတတ်။ စစ်တပ် အကြီးအကဲများက ပြန်ပြောတာ မကြိုက်။ သူက အထက်ကို ဘယ်တော့မှ ပြန်မပြောခဲ့။

ဤသို့ဖြင့် တဖြုတ်ဖြုတ် ရာထူးတွေ တက်လာသည်။ မိုင်း





ယောင်းကျ၍ အရေးယူခံရတာတောင် သူ ပြုတ်မသွားခဲ့။ သူ၏အမိန့်နာခံမှုကောင်းခြင်း၊ ရိုးသားခြင်း၊ တစ်ကိုယ်ရေကိုယ်ကျင့်တရားကောင်းခြင်းတွေကြောင့် တပ်မမှူးမှ တိုင်းမှူး တက်ဖြစ်ခဲ့၏။ စစ်ရှုံး၍ ရာထူးမတက်ကြေးသာဆိုရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒီနေရာတောင် ရောက်လာစရာ မရှိပါ။ သူသည် ရိုးရိုးကုတ်ကုတ်နှင့် လွှားလွှား မလုပ်တတ်မှုကြောင့် ရာထူးတွေ တက်ခဲ့ရ၏။ လမ်းစဉ်ပါတီခေတ်က သိပ်ထောင်လွှားလို့ မရ။ ထောင်လွှားသူတွေ ကျဆုံးခဲ့ရ၏။ ထိုစဉ်က ညံ့မှ ကြိုက်သည့်ခေတ် ဖြစ်၏။

ထက်မြက်သည့် ဗိုလ်ချုပ်လှဦးတို့၊ ဗိုလ်ချုပ်မြင့်လွင်တို့ နေရာကောင်း မရခဲ့။ ပါတီပို့ပြီး ချောင်ထိုးခံခဲ့ရသည်။

ဤသို့ဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တိုင်းမှူးမှ ဒုချုပ်ဘဝသို့ **Jump Promotion** ဖြင့် တက်လာခဲ့သည်။

သူ ဒုချုပ်ဘဝတွင် နဝတ အာဏာရလာသည်။ နဝတ ဒုဥက္ကဋ္ဌဘဝတွင် သူ့အထက်က ဗိုလ်ချုပ်မှူးကြီး စောမောင် အနားပေးခံရသောအခါ ထီးလိုမင်းလို သူ ဥက္ကဋ္ဌဖြစ်လာသည်။ ထိုအခါ သူသည် **Plan** ချပြီး နဝတကို ထိန်းနိုင်အောင် လုပ်ခဲ့သည်။ သူ့အား ပခုံးနှင့်ထမ်းတင်ခဲ့သည့် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို သူကောင်းပြုခဲ့သည်။ ဗိုလ်ချုပ်ကြီးခင်ညွန့် အကူအညီနှင့် ခေတ်ပြိုင်ဗိုလ်ချုပ်ကြီး ၁၃ ဦးကို အရာမှ ဖယ်ရှားခဲ့သည်။ အမိန့်နာခံမည့် လူငယ်လူသစ်များကို ဆွဲတင်ခဲ့သည်။ သူ့အား ဝန်းရံထားခဲ့သည်။

၂၀၀၄ ခုနှစ်ရောက်သည့်အခါ သူ့အာဏာအလွန်မြဲနေခဲ့ပြီ။ ထိုအခါ သူ့ကိုကျော်ပြီး အားစမ်းလာသည့် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထောက်လှမ်းရေးအဖွဲ့ကို လက်စတုန်း ချေမှုန်းခဲ့ပြန်၏။ လူငယ်ကာ

www.burmeseclassic.com



မှန်းသည့် ထောက်လှမ်းရေးကို အမှုန့်ကြိတ်သည့်အခါ အားလုံးက Bravo ... Bravo ဟု ဩဘာပေးခဲ့ကြ၏။

သို့ရာတွင် ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးဖြစ်လာတော့ အခြေအနေကို သူ ရိပ်စားမိတယ်။ ထို့ကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းပြီး ရွေးကောက်ပွဲကို တာစူခဲ့သည်။ Road Map ကို ပြည်သူအား ချပြခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲလုပ်တော့ ၂၀၀၈ ဖွဲ့စည်းပုံကို မကျေနပ်သည့် NLD က ရွေးကောက်ပွဲ မဝင်ခဲ့။

၅၉(စ) နှင့် ၄၃၆ အား NLD က မကျေနပ်ခဲ့။ ဒါကလည်း လိုအပ်ချက်အရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထည့်ခဲ့တာလေ။

NLD မဝင်၍ USDP က Land Slide အနိုင်ရခဲ့၏။ အစိုးရ ဖွဲ့နိုင်ခဲ့၏။

လွှတ်တော်သက်တမ်း ၁ နှစ်၊ ၂ နှစ်ကြာမှ ကြားဖြတ်ရွေးကောက်ပွဲတွင် NLD တွေ ဝင်ပြိုင်ကြ၏။ နိုင်သွားကြသည်။ ရာနှုန်းပြည့်နီးပါး။

ထိုအခါ သူက တပည့်များကို ခေါ်ယူ သတိပေးသည်။ ဆုံးမစကားပြောသည်။ ညီညီညွတ်ညွတ် နေကြရန် မှာသည်။ အားကြိုးမာန်တက် အလုပ်လုပ်ကြရန် ပြောသည်။ တပည့်တွေက ပြောစကား ဆိုစကား နားမထောင်ပါလင့်များ။ ထို့ကြောင့် နွားကျွဲကျားကိုက်ဖြစ်ခဲ့ရ၏။ ၂၀၁၅ ရွေးကောက်ပွဲတွင် USDP ခွက်ခွက်လန်ရှုံးခဲ့သည်။ မှန်းချက်နှင့် နှမ်းထွက် မကိုက်ခဲ့။

ယခုအခါတွင်တော့ မကြာမီ လအနည်းငယ်အတွင်းမှာပင် NLD အစိုးရ ဖွဲ့ပေတော့မည်။





ဗိုလ်ချုပ်မှူးကြီးသန်းရွှေက USDP ကို ဘယ်လိုများ ကြိုးပမ်းပေးမှာပါလိမ့်။ ပစ်ထားလိမ့်မည်ဟု တော့ မထင်ပါ။ နောက်တစ်ချီ ၂၀၂၀ အားပြိုင်ပွဲကြီး၌ အောင်မြင်မှုရအောင် လမ်းညွှန်မှုများ ပေးလိမ့်ဦးမည်ဟု ကျွန်တော် ထင်ပါသည်။

USDP အနေဖြင့်လည်း အခိုင်အမာနိုင်ငံရေးပါတီကြီးဖြစ်၍ ဆက်လက်ပြီး ယှဉ်ပြိုင်သွားရလိမ့်မည်။

NLD နှင့် တူတာတွေတွဲလုပ်ပြီးမတူတာတွေ ကိုယ့်အစီအစဉ်နှင့်ကိုယ် လုပ်ကြရန်သာ ဖြစ်ပါသည်။ အရေးကြီးတာ တိုင်းပြည်ကောင်းအောင် လုပ်ကြဖို့ပဲ ဖြစ်ပါသည်။

နိဂုံးချုပ်ပါမည်။

ကျွန်တော်သည် ဤစာအုပ်ကို ရေးရာတွင် သူပြောသူပြောနှင့်ရေးတာ မဟုတ်ပါ။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် တပ်ထဲတွင် နှစ်နှစ်၊ Y.C.D.C တွင် ရှစ်နှစ်နေခဲ့ဖူးသော ကာလများကို အခြေခံပြီး ရေးခဲ့ခြင်းသာ ဖြစ်ပါ၏။

သို့ဖြစ်၍ အမှန်တရားနှင့် နီးစပ်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ဘက်စုံအကုန်ကောင်းသည့် သူတော်ကောင်းကြီးဟုလည်း မဆိုပါ။ သူ့တွင် လူတိုင်း ရှိတတ်သည့် လောဘ၊ ဒေါသ၊ မောဟများ ရှိပါသည်။ သို့ရာတွင် သူသည် တိုင်းပြည်ပေါ်မှာ စေတနာထားပြီး သူလုပ်တတ်သလောက် နိုင်သလောက် လုပ်ခဲ့ခြင်းကိုမူ မျက်ကွယ်ပြု၍ မရပါ။

ဥပမာ –

လမ်းတံတားများ



www.burmeseclassic.com

www.burmeseclassic.com



ဆည်ကြီးများ

နေပြည်တော်မြို့သစ် စသည့် **Infrastructure** များ

**Road Map** အရ ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ဖော်ဆောင်ခဲ့မှုများ

**Open Door Policy**

**Market Economy** စသည့် **Policy** ကိစ္စများ

စသည် စသည်တို့ကား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပြောင်းလဲဖော်ဆောင်ခဲ့မှုများဆိုက မှားမည် မဟုတ်ပါ။

မည်သို့ပင်ဆိုစေကာမူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကား မြန်မာ့တပ်မတော်တွင် သမိုင်းကြောင်းပြောင်းအောင် လုပ်ခဲ့သည့် ခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်သည်ကိုကား ကျွန်တော် အခိုင်အမာ ပြောရဲပါသည် ခင်ဗျား။

နိဂုံးချုပ်အနေဖြင့်

ဤစာအုပ်ကိုဖတ်ပြီး စာရှုသူများ ကျွန်တော်နှင့် လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိကြောင်း ထပ်မံဖော်ပြအပ်ပါသည်ခင်ဗျာ။

ရှင်လန်းချမ်းမြေ့ကြပါစေ

**သောင်းဝေဦး**

၁၈-၁၁-၂၀၁၅





**မှီငြမ်းကိုးကားသည့်စာအုပ်များ**

၁။ တပ်မတော်ခေါင်းဆောင်များသမိုင်း။ မြဝင်း

၂။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၄)။ သောင်းဝေဦး

၃။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၅)။ သောင်းဝေဦး

၄။ ဦးသန်းရွှေ သို့မဟုတ် နေပြည်တော်မင်းသားကြီး။ သန်းဝင်းလှိုင်

၅။ **Unmasking The Burma Tyrant's General Than Shwe, Benedict Roger's**

၆။ ဦးသန်းရွှေနှင့်ယတြာများ။ တင်ညွန့်

၇။ ဒီပဲယင်းလုပ်ကြံမှုအစီရင်ခံစာ။ မြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရ

၈။ ကြပ်ပြေးနန်းတွင်းအရှုပ်တော်ပုံ။ **NDD**

၁၀။ အပတ်စဉ်ထုတ်ဂျာနယ်များ



www.burmeseclassic.com